www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# မြပုလဲခင်

## ချစ်ခြင်းငယ်ပြိုင်

အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၈၁၀၁၂၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၈၂၀၅၁၂
ဖြန့်ချိရေး--အောင်မြင်စာပေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ--ဦးအောင်မြင့်၊
ပထမအကြိမ်၊ဇူလိုင်လ၊၂၀၁၂။
တန်ဖိုး(၁၅၀)

၈၉၅.၈၃

မြပုလဲခင်
ချစ်ခြင်းငယ်ပြုံး/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၂။
၂၇၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်





www.burmeseclassic.com

www.burmeseclassic.com

# [၁]

"ကိုကို"

"ဘာလဲ"

"ကိုကို့ဟာကြီး ခဏပိတ်လိုက်စမ်းပါ"

"ဘာဖြစ်လို့ ပိတ်ရမှာလဲ"

ထွန်းရှုဘုန်းဇော်သည် ဗွီဒီယိုကြည့်နေရာမှ ညီမ သရဖီဘုန်းဇော်အား ပြန်အော်လိုက်သည်။

"ခဏလေးပါကိုကိုရာ. . . တစ်မိနစ်လောက်ပါ"

"အရေးတကြီး ဘာဖြစ်နေရတာလဲ"

ထွန်းရှုဘုန်းဇော်သည် တီဗွီကို ပိတ်ပေးလိုက်သည်။ သူ့





အောက် ရှစ်နှစ်ခန့်ငယ်သော ညီမထွေးလေးဖြစ်သဖြင့် သရဖီဘုန်းဇော်၏ဆန္ဒကို မငြင်းပယ်လိုပေ။

"ဟော"

သရဖီဘုန်းဇော်၏ မျက်လုံးဝိုင်းလေးများသည် ဝင်းလက်သွားပြီး ပြတင်းပေါက်ဆီဘက်သို့ ပြေးသွားသည်။

"ဟာ. . ဘာဖြစ်တာလဲ"

ထွန်းရှုဘုန်းဇော်သည်ညီမအား နားမလည်နိုင်သဖြင့် လှမ်းမေးလိုက်သည်။

"ရှူး. . . နားထောင်ကြည့်လေ ကိုကို"

သရဖီဘုန်းဇော်သည် ပီတိဖြာနေသောမျက်ဝန်းများဖြင့် အစ်ကိုဘက် လှည့်ကာ နှုတ်ခမ်းကို လက်ညှိုးလေးဖြင့် ကန့်လန့်ကာဆီးပြီး ပြောလိုက်သည်။

*စာမရှိလမ်း xxx မြိုင်တန်းသာ xxx သည်မှာဟိုမှာ*
*ငွေခွာကြိုင်နှံ့ဖြာ xx သည်မှာကုံဆန်း xx တန်းဆိုယောင်*
*မြောက်တောင်ဘက်ဆီမှန်း xxx ရွှေသန်းညာမယ် xxx*

ညဥ့်အလွှာကိုဖောက်ထွင်းပျံ့လွင့်လာသော ဂီတသံကို ထွန်းရှုဘုန်းဇော် အာရုံပြုမိသွားသည်။

"ညကြီးအချိန်မတော်"

"ဂီတခံစားမှုဆိုတာ တိတ်ဆိတ်လေ ပိုအာရုံရလေပဲပေါ့ ကိုကိုရာ"

"အံမာ. . အံမာ. . လူလေးကလက်တောက်လောက်နဲ့ စကားကြီး စကားကျယ်တွေနဲ့ပါလား၊ နင့်ပါးစပ်မှ ဆံ့သေးရဲ့လား"

"ကျေးဇူးပြုပြီး တိတ်တိတ်နေပေးပါလားကိုကို၊ ဖီဖီ ကြိုက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထွင့်ဘုန်းဇော်သည် ညီမအနီးသို့ သွားကာ ရပ်လိုက်ပြီး ခေါင်းကို ပုတ်လိုက်သေးသည်။ ထိုမျှ မကသေး၊ ဆံပင်ကိုလည်း ချစ်စနိုး ဖွလိုက်သည်။

သရဖီဘုန်းဇော်သည် ဘာမှပြန်၍ နွဲ့ဆိုး,ဆိုးနွဲ့ခြင်းမပြုဘဲ တိတ်ဆိတ်စွာပင် လရောင်ဆမ်းထားသော ညချမ်း၌ ပျံ့လွင့်လာသည့် ဂီတသံစဉ်များကို လိုက်ဖမ်းကာ ဖန်တီးရှင်ကို ရှာဖွေနေဟန်တူသည်။

ထွင့်ဘုန်းဇော်လည်း ဂီတပျံ့လွင့်လာရာ တစ်ဖက်ခြံရှိ အိမ်သစ်ကြီးဆီသို့ လှမ်းမျှော်ကြည့်မိရက်သား ဖြစ်နေသည်။

*ယိုဆင်းတွေတွေစီးကျ ပြိုင်အိုင်ရေ xxx ကြာ့ဒ္တွင်ငါးမျိုး*
*ဝတ်လျှိုးဝတ်ဆံ xx စုံမြိုင်ယံ မောင်နှံ့ခြိမ့်အိုး xx ရွှေပိတုံး*
*ယူသုံးစားရှာ xxx တမာရွှေကြက်တော xxx*

"အဲဒါ ဘာနဲ့ တီးဆိုတာလဲ"

"စောင်းနဲ့"

"တောက ပြောင်းလာတဲ့ အဘွားကြီးတွေ ထင်တယ်"

သူ့စကားကို သရဖီဘုန်းဇော်က တုံ့ပြန်မှု မပေးဘဲ တိတ်ဆိတ်စွာ နားစွင့်နေလေသည်။

"အင်း. . ဒုက္ခ. . ဒုက္ခ. . ငါ့ညီမလဲ ဘိုးတော်ဘုရားလက်ထက်ကို ခေတ်နောက်ပြန် ပြေးနေပြီ ထင်တယ်၊ အပေါင်းအသင်းတွေဘာတွေ မှားယွင်းနေသလားလို့ မေမေကို ကျောင်းလိုက်ခိုင်းရဦးမယ်"

သရဖီဘုန်းဇော်က မျက်စောင်းထိုးပြီး ဘာမှမပြောသေးဘဲ သီချင်းသံကိုသာ ဆုံးအောင် နားစွင့်နေသဖြင့် ထွင့်ဘုန်းဇော်သည် နောက်ပြန်လှည့်ကာ ဗွီဒီယိုကို ပြန်ဖွင့်လိုက်သောအခါ. . .





သရဖီဘုန်းဇော်က စိတ်ဆိုးသွားသည်။

"ကိုကို အကျင့်ပုပ်တယ်၊ ဖေဖေပြန်လာရင် တိုင်ပြောမယ်"

"ဘာလဲဟ. . . ကိုယ့်လွတ်လပ်ခွင့်နဲ့ ကိုယ်ဟာ၊ ကောင်မလေးနော်. . . ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားမျှော်တေးတွေဘာတွေ စိတ်ဝင်စားနေသလား၊ ဟင်း. . ဘာညာကွိကွ ကြားရင်တော့လား၊ ငါ့ဒေါသက နေရာမရွေးဘူးနော်"

"ကိုကို. . . ဒီလိုမပြောနဲ့၊ သီချင်းကြီး သီချင်းခန့်တွေဟာ ရည်းစားမျှော်တေးတွေကြီးပဲ မဟုတ်ဘူး၊ ဟုတ်ခဲ့တဲ့တိုင်အောင် ကန္တြေသိက္ခာရှိတဲ့ စာသားတွေ မဟုတ်ဘူး. . သိလား၊ ဂီတခံစားမှုဆိုတာ အသက်ငယ်ငယ်ကြီးကြီး မဆိုင်ဘူး သိလား၊ ကိုကိုလို. . ."

"ကောင်မလေးနော်. . . ဒီလောက်တောင် ဖြစ်လှတာ၊ တောနေ လှမ်းနားထောင်မနေနဲ့၊ အဲဒီအိမ်မှာပဲ သွားနားထောင်၊ ပြီးတော့ တစ်သက်လုံး ပြန်မလာဘဲ နေလိုက်. . . ကြားလား"

ဒေါသပါကြသည်လည်း မဟုတ်ပါဘဲလျက် မောင်နှမ နှစ်ယောက် စကားနိုင်လုနေကြသည်။

"နေမယ်. . . ဒါပေမယ့် နောက်မှ အဲဒီအိမ်ကြီးမှာ ကိုကိုပဲ တစ်သက်လုံး နေပါရစေဆိုတာ မဖြစ်ပါစေနဲ့နော်"

ထွင့်ဘုန်းဇော်သည် မချိုမချဉ် မျက်နှာလေးနှင့် ပြောလိုက်သော သရဖီဘုန်းဇော်ကြောင့် စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားကာ. . .

"နေပါဦး. . . ငါက ဘာဖြစ်လို့ အဲ့ဒီအိမ်မှာ နေချင်ရမှာလဲ"

"သိချင်သလား ကိုကို"

"မသိချင်ပါဘူး. . . ရေးကြီးခွင်ကျယ်လုပ်လို့၊ တောက

www.burmeseclassic.com



တရှာလာတဲ့ တောသူဌေးအိမ်ကိုများ"

"အင်းပါ. . . ဒါကတော့ ကိုကို့သဘောပါပဲ၊ ဖိုဖိုက ကိုယ့်အစ်ကိုအတွက် အကောင်းဆုံးသော မင်္ဂလာသတင်းလေး ပေးမလို့ဟာ၊ အခုတော့ ဆောရီးပါပဲ"

ထွန်းဘုန်းဇော် စိတ်ထဲ မရိုးမရွ ဖြစ်သွားသည်။ ညီမ၏ မျက်နှာကလည်း ပြုံးစိစိလေးနှင့် စာကြည့်ခန်းထဲ ဝင်သွားသော အခါ. . သူ မနေသာဘဲ ဗွီဒီယိုကို ပိတ်ကာ ညီမနောက် လိုက်သွားသည်။ တစ်ဖက်ခြံမှ စောင်းသံသည် အဆိုမပါဘဲ အတီးသက်သက် ဖြင့် ငြိမ့်ညောင်းစွာ ထွက်ပေါ်လျက်ရှိရာ. . .

သရဖီဘုန်းဇော်သည် စာမကျက်နိုင်သေးဘဲ စောင်းသံကို မေးကလေး ထောက်ကာ ဈာန်ဝင်စား နားထောင်လျက်ရှိသည်။

"ဒေါက်. . ."

ထွန်းဘုန်းဇော်. . သရဖီဘုန်းဇော်၏ခေါင်းကို ခေါက်လိုက်ပြီး စားပွဲပေါ်၌ တင်ပလ္လင် ထိုင်လိုက်သည်။

"အာ. . ကိုကိုနော်၊ သူများခေါင်းကို အလကားသက်သက် ခေါက်နေတာပဲ"

"အလကားသက်သက် မဟုတ်ဘူး၊ ညည်းက စာမကျက်ဘဲ ဘာဖြစ်လို့ နားစွင့်နေရတာလဲ"

"စာက စာ၊ ဂီတက ဂီတ၊ တစ်ကဏ္ဍစီပါနော် ကိုကို၊ မယုံရင် စောင့်ကြည့်၊ ကိုကို့တုန်းက ဖိုးဒီ၊ ဖိုဖိုအလှည့်ရောက်ရင် အောလ်ဒီ ပါစေရမယ်"

"ကဲပါ. . . ယုံပါတယ် မယ်မင်းကြီးမလေးရယ်၊ ကိုကို့ကို ထူးထူးကဲကဲ သတင်းလေးပေးပါဦး"

"ဒီလိုဆို ကိုကိုက ဖိုဖိုကို ဘာပြန်ဝယ်ပေးမလဲ"





"ဟ. . . သတင်းကို ရောင်းစားပါလား၊ ကြီးပွားဦးတော့ မှာပဲ"

"မလိုချင်ဘူး. . . ကိုကို ပန်းသီးဝယ်ကျွေး"

"တစ်လုံး လေးဆယ် ငါးဆယ်ဟ"

"ငါးဆယ်ဆယ်"

"ဖေဖေ့ဆေးခန်း ဝိုင်းထိုင်တာ ငါ့အတွက် မုန့်ဖိုးကလွဲလို့ ဘာမှရတာမဟုတ်ဘူး၊ စုမိဆောင်းမိ ဘာမှမရှိသေးဘူး"

"ဒါကတော့ ကိုကို့ရည်းစားတွေနဲ့ လျှောက်သုံးပစ်တာကိုး. . . ဘယ်လောက်မလဲ၊ နေပါစေ. . . ကိုယ့်ညီမမှ ကိုယ်မ သဒ္ဒါရင်လဲ မစားတော့ပါဘူး၊ စောင်းသံလဲ တိတ်သွားပြီ၊ စာပဲ ကျက်တော့မယ်"

သရဖီဘုန်းဇော်က သက်သက် အိုက်တင်ခံလိုက်ခြင်း ဖြစ်သည်။ အစ်ကိုထွန်းဘုန်းဇော်သည် စာတော်သည်၊ ဉာဏ် ကောင်းသည်။ အမြဲတမ်းပျော်ရွှင်နေတတ်ကာ လန်းလန်းဆန်းဆန်း နေတတ်သူတစ်ဦးဖြစ်သည်။ အမ်ဘီဘီအက်စ် ဘွဲ့ရပြီး လက် ထောက်ဆရာဝန်အဖြစ် အမှုထမ်းရန် စာမေးပွဲဖြေဆိုရန် ပြင်ဆင် နေသူတစ်ဦးဖြစ်သည်။ တစ်ခါတစ်ရံ ဖခင်၏ဆေးခန်း၌ ကူညီ၍ ထိုင်ပေးတတ်သည်။ တစ်ခါတစ်ရံလည်း ရည်းစားများနှင့် တစ် ယောက်ပြီးတစ်ယောက်တွဲကာ လည်ပတ်နေတတ်သူဖြစ်သည်။

သူ၏လက်သုံးစကားက. . .

"အချစ်ဆိုတာ အသက်ရှည်ဆေးတစ်မျိုးဟ၊ လူမှန်ရင် အချစ်ရှိရမယ်၊ အချစ်ရှိမှ လောကကြီးဟာ ပြည့်စုံတယ်" ဟူ၍ ဖြစ်သည်။

အစ်ကိုဖြစ်သူ၏အထာကို သိနေသဖြင့် သရဖီဘုန်းဇော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခပ်တည်တည်နှင့်ပင် ကျောင်းစာအုပ်များ ဖွင့်ကာ စာကျက်ဟန် ပြင်ဆင်လိုက်သောအခါ ထွန်းဘုန်းဇော်က စာအုပ်များကို ဆွဲယူကာ. . .

"ကိုင်း. . . သုံးလုံးဝယ်ခဲ့ပေးမယ်. . ပြော"

"တကယ်နော် ကိုကို"

"အေး. . . ငါ ဘယ်တုန်းက ညာတတ်လို့လဲ"

"ဒါဖြင့်ရင်. . ."

သရဖီဘုန်းဇော်က ဘောလ်ပင်လေးနှင့် မေးသို့ ထောက်ကာ စဉ်းစားဟန်ပြုလိုက်ရာ ထွန်းဘုန်းဇော်၏လက်က ညီမဖြစ်သူ ခေါင်းကို ခေါက်ပြီးသားဖြစ်သွားသည်။

"ဒေါက်. . ."

"ဟာ. . . လုပ်ပြန်ပြီ၊ သူများဉာဏ်တုံးတော့မှာပဲ၊ ခဏခဏ ခေါက်နေတာပဲ"

"ညည်းက အံကြပ်နေတာကို၊ ကိုင်း. . . ပြောစမ်း၊ ဘာထူးသလဲ"

"ထူးတယ်. . . ဘာထူးသလဲဆိုတာကို သိရအောင် ကိုကို ညကို စောစောအိပ်၊ နေဖင်မထိုးခင်, ထ၊ ကိုကို့ အိပ်ခန်းပြတင်းပေါက် လိုက်ကာကို ဖွင့်ဟပြီး ကြည့်လိုက်ရင် ဖီဖီကို အရမ်းကျေးဇူးတင်သွားလိမ့်မယ်"

"ဘာတွေ့လို့လဲ. . . ဟိုဘက်ခြံမှာ ကောင်မလေးတွေပါလို့ သူတို့ အေရိုးဗစ် ထ,လုပ်ကြတာ ပြမလို့လား၊ ဒါများ ပန်းသီးသုံးလုံး မတန်ဘူး. . . မပေးနိုင်တော့ဘူး"

ထွန်းဘုန်းဇော်သည် ခပ်တည်တည်နှင့် ထွက်သွားလေရာ. . .





"ဟာ. . . ကိုကို အကျင့်မပုပ်နဲ့၊ ပြောပြီးစလစ်. . . မရဘူးနော်၊ မေမေနဲ့ တိုင်ပြောမယ်"

"သက်သေမရှိဘူး. . . ငါတော့ ပြောင်ငြင်းမှာပဲ"

"ကိုကို့ရည်းစားတွေအားလုံးနဲ့ ရှင်ကွဲ,ကွဲပါစေ၊ အရုပ်ဆိုးဆိုးနဲ့ ညား၊ အဲ. . ဒါတော့ မဖြစ်ဘူး၊ ယောင်းမက မလှရင် ကြွားရခက်တယ်၊ မယက,ကြီး ဖြစ်ပါစေ"

"ဟား. . ဟား. . ဟား. . တောင်း. . တောင်း၊ ကြိုက်တဲ့ဆုသာ တောင်းပေတော့"

"ကိုကိုစုတ်ကြီး. . . မခေါ်ဘူး"

ထွန်းဘုန်းဇော်သည် ညီမအား အခန်းဝမှ မျက်စိတစ်ဖက်မှိတ်ပြ၊ ဆလန်ပေးကာ ရယ်ရယ်မောမောနှင့် ထွက်သွားလေသည်။

သရဖီဘုန်းဇော်က မျက်စောင်းထိုးကာ ပွစိပွစိ ပြောရင်း ကျန်ရစ်ခဲ့လေသည်။

တစ်ခဏ တိတ်ဆိတ်သော ညချမ်းကို မြန်မာ့ဂီတသံ တစ်မျိုးကဖြည့်စွက်ကာ မဟူရာအလှကို ဖန်ဆင်းနေတော့သည်။

"ဝါးပတ္တလားသံပါလား"

သရဖီဘုန်းဇော် ရေရွတ်လိုက်သည်။

တစ်ခဏတော့ စာထဲအာရုံဝင်စား၍ ရလိမ့်မည် မဟုတ်ပါ။ သို့သော် စာကျက်ချိန်မှ ဂီတခံစားမှုများအပေါ် ဖွဲ့ပေးလိုက်ရခြင်းအတွက် သရဖီဘုန်းဇော်သည် နှမြောခြင်း အလျဉ်းမဖြစ်မိပါချေ။





www.burmeseclassic.com

www.burmeseclassic.com





[၂]

တိမ်တောင်တိမ်လိပ် ရောင်စုံတို့သည် ကြည်ပြာရောင်ကောင်းကင်အတွင်း ပြေးလွှားဆော့ကစားနေကြသည်။

အေးမြသော လေပြည်လေညင်းလေးက ညင်သာစွာ သူ့အား ပွေ့ဖက်နမ်းရှုံ့သွားသောအခါ သူ့စိတ်အာရုံသည် ကြည်လင်လန်းဆန်းသွားသည်။ နံနက်ခင်း၏အလှကို စိုးမိုးတတ်သော ငှက်ကလေးများက တေးဆိုသောအခါ ကြည်နူးမှုကို ဖြစ်ထွန်းသွားစေသည်။ သူ့အကြည့်ကို မိုးသားထံမှ လွှဲကာ မြေသားဆီသို့ ရွှေ့လိုက်သည်။





အလှမွေး မြက်ခင်းဘေး၌ စံပယ်ပင်များ ပတ်ပတ်လည် စိုက်ထားသည်။ တော်တော် တောကျသည့်အိမ်ဟု သူတွေးလိုက်စဉ် စံပယ်ရနံ့က သူ့အား စိန်ခေါ်လေသည်။ အေးမြသောရနံ့ကို သူ အရှုံးပေးလိုက်သည်။ စကားဝါပင်ကြီးက ခေတ်မီစွာ ဖွဲ့စည်းတည်ဆောက်ထားသော အိမ်အသစ်လေးနှင့်မှ လိုက်လျောညီထွေမရှိစွာ မြင့်မြင့်မားမား ကာရံနေသေးသည်။

ထိုမျှမက ဖွန်ပန်းရုံ၊ ယုဇနပင်၊ သနပ်ခါးပန်းပင်၊ ဆလတ်၊ ဇီဇဝါရုံများနှင့် ပြည့်နေသော ထိုခြံဝန်းတွင် နေထိုင်သူများသည် အဘွားကြီးများသာ ဖြစ်ရမည်ဟု မှန်းဆပြီးသား ဖြစ်သည်။ သို့သော် ထိုခေတ်နောက်ပြန် ပြေးနေသော အဘွားကြီးများ၏အုပ်ထိန်းမှုအောက်မှ ရုန်းထွက်ရန် ကြိုးစားနေရှာမည်ဖြစ်သော မိန်းမပျို ချောချောလှလှလေးတစ်ဦး ရှိလိမ့်မည်။ သို့အတွက် သရဖီက သူ့အား သတင်းပေးခြင်းဖြစ်သည်ဟု တွက်ဆပြီးသားဖြစ်သည်။ ထို့ကြောင့် ညအိပ်ရာအစောကြီးဝင်ကာ မနက်ငါးနာရီခွဲလောက်ကတည်းက အိပ်ရာမှထကာ ပြတင်းပေါက်၌ ခြေသလုံးတောင့်ခံကာ ရပ်နေခြင်း ဖြစ်သည်။

သို့သော် နံနက်အရုဏ်ဦး၏အလှသည် နေထွက်မလာခင်ကတည်းက လင်းရောင်ခြည် ကွန့်မြူးရုံမျှဖြင့် သဘာဝ အလှတရားတို့သည် သစ်လွင်လန်းဆန်းကာ အိပ်ယာ စောစီးစွာ ထသောလူသားများကို သူတို့၏ခံစားမှုများ မျှဝေပေးနေသယောင်ယောင်။

အိပ်မှုန်စုံမွှား ထွန့်ဘုန်းဇော်သည် ကောင်းကင်မိုးသားနှင့် မြေသားပေါ်မှ သစ်ပင်ပန်းမန်တို့ကြောင့် ကြည်လင်လန်းဆန်းသွားသည်။

"ခစ်. . ခစ်. . ခစ်. . သနားပါတယ်၊ အအိပ်ပျက်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ စောင့်ကြည့်ရှာတယ်၊ ကျွတ်. . ကျွတ်. . ကျွတ်"

"ဟော"

ညီမဖြစ်သူအား သူ လှည့်မကြည့်အား။ သူ့မျက်လုံးသည် တိုက်၏နောက်ဖေးဘက်မှ တရွေ့ရွေ့လျှောက်လာသော သဏ္ဌာန် တစ်ခုဆီသို့ အာရုံစိုက်လိုက်သည်။

စကားဝါပင်၏အခက်အလက်ကြောင့် ရှင်းရှင်းလင်းလင်း မမြင်၊ ကတ္တီယ၏အသွင်သဏ္ဌာန်မှန်းတော့ သူသိသည် နုဖတ်သော အဝါနုရောင်အောက်ခံ ထဘီဆင်လေး၏အောက်မှ ကတ္တီပါသဲကြိုး ရှားရောင်လေးနှင့် လိုက်ဖက်စွာ ခြေဖမိုး ဖွေးဖွေးလေးကိုတော့ သူလှမ်းမြင်နေရသည်။

သူ့နံဘေး၌ သရဇီဘုန်းဇော် လာရပ်သည်ကိုပင် သတိမ ထားနိုင်။ အသက်ရှူရန် မေ့လျော့နေသည်။

"ဩော်. . . ဝါသနာ. . ဝါသနာ"

"ဟင်"

"ခစ်. . ခစ်. . ခစ်"

မှန်းချက်နှင့်နှမ်းထွက် မကိုက်ဘဲ ဖြစ်သွားရသည်။ သူ့နဖူး သူ ပြန်ရိုက်ကာ. . .

"သေပါတော့ ငထွဋ်ရယ်၊ ခွေးမလေး. . . နင် ငါ့ကို ချောက်ချတာပေါ့ ဟုတ်လား"

သရဇီဘုန်းဇော်သည် မျက်ရည်များ ထွက်သည်အထိ ရယ် မောကာ လက်ကာပြသည်။ သူမမျက်ဝန်းကလည်း တစ်ဖက်ခြံ၌ စံပယ်ပန်းများကို ခူးဆွတ်ကာ ဇကာလေးထဲ ထည့်နေသော အသက် ငါးဆယ်ကျော်အရွယ် ဖြူဖြူပြည့်ပြည့် ထောင်ထောင် မောင်း မောင်းနှင့် အဘွားကြီးအရွယ်သို့ ရောက်နေပြီဖြစ်သော အမျိုးသမီး





ကြီးတစ်ဦးကို တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်သည်။

"ညည်း ငါ့ကို ချောက်တွန်းတာပေါ့လေ၊ ဟုတ်လား ခွေးဇီ လာမလေး"

"ဒေါက်. . ."

ထွဋ်ဘုန်းဇော်က အမျက်မပါသောဒေါသဖြင့် ညီမဖြစ်သူ ၏ခေါင်းကို ခေါက်လိုက်သည်။ ထိုအခါ. . .

"အား. . လားလား. . ဘယ်ကလာ ချောက်တွန်းရမှာလဲ၊ ကိုကို့ကြောင့် အသွင်ပြောင်းသွားတာ ဖြစ်မယ်"

"ဘာဆိုင်လို့လဲ"

"ဟုတ်တယ်လေ. . . ဇီဇီကြည့်တုန်းက အရမ်းလှတဲ့ မမ တစ်ယောက်ကို မြင်တာ၊ ဘယ်လိုမှန်း မသိဘူး၊ ဥစ္စာစောင့်လားလို့ ဇီတောင် လန့်သွားတာ၊ ခု အဘွားကြီးဆိုတော့ ဧကန္တတော့ ကိုကို့ အကြည့်ရိုင်းတွေကြောင့် တမင်ရုပ်ပြောင်းရုပ်လွဲ လုပ်လိုက်တာ နေမယ်"

"ပေါချာချာနဲ့. . . အိပ်ရေးပျက်တယ်"

"ပြန်အိပ်တော့မလို့လား. . . မအိပ်ပါနဲ့တော့ ကိုကိုရာ၊ ဇီဇီကို ကျူရှင်လိုက်ပို့ပေးပါ။ ဖေဖေမနိုးသေးလို့"

"ရှုပ်လိုက်တာဟာ. . . ခုလား. . သွားသွား"

"ဟင်. . . မျက်နှာမသစ်တော့ဘူးလား"

"နင့်ကို ပို့ပြီး ပြန်လာရင် ပြန်အိပ်ဦးမလို့"

"ဒုက္ခ. . ဝါသနာ. . ဒုက္ခ"

"အေး. . . ငါ့ကို အိပ်ပျက်အောင်လုပ်တဲ့ နင်တော့ ပန်း သီးနဲ့ ဝေးပြီသာမှတ်ပေတော့"

"ရပါတယ် ကိုကိုရာ၊ နောက်တော့မှသာ ဇီဇီကို ပန်းသီး



www.burmeseclassic.com

www.burmeseclassic.com



တွေ စားမကုန်အောင် မဝယ်ပေးနေနဲ့ သိလား၊ နေ့တိုင်း ထကြည့်. . . အကျိုးမယုတ်စေရဘူး"

"ခုထက်ထိ အပြောက မလျှော့သေးပါလား၊ တော်တော့. . . အိပ်ပျက်မခံပါရစေနဲ့၊ ဖိုဖိုပဲစောင့်ကြည့်တော့၊ လာ. . . သွားမယ် အရှုပ်မလေး"

ညီမ၏ပခုံးကို ဖက်ကာ အိပ်ခန်းထဲမှ ထွက်ခဲ့ကြသည်။ အောက်ထပ်အရောက်၌. . .

"ဟာ. . . ကြားသားမိုးကြိုး၊ ကိုလေပွေက စောစောစီးစီး နိုးလို့ပါလား၊ ဘယ်ကိုများ ရွှေစကြာ ဖြန့်တော်မူဦးမှာလဲ"

မိခင် ဒေါ်အေးသက်ကလည်း စောစောနိုးနေသော ထွဋ်ဘုန်းဇော်ကို အငေါ်အတူးလေးနှင့် နှုတ်ခွန်းဆက်လိုက်သည်။

"ပြောမနေနဲ့တော့ မေမေ၊ မေမေ့သမီး ရွှေဖိမင်း ရှုပ်တာနဲ့ နိုးသွားတယ်၊ သားပဲ လိုက်ပို့ပေးလိုက်ဦးမယ်၊ ဖေဖေ နိုးပြီလား"

"နိုးပတော့. . . မင်းလို အိပ်ပုတ်တဲ့သူဆိုလို့ မင်းနဲ့ရွှေဝါပဲ ရှိတာ၊ မင်းလိုက်ပို့ပေးတော့ ဖေဖေ အနားရတာပေ့ါ၊ သွား. . . သွား"

ထွဋ်ဘုန်းဇော်သည် ရယ်ကျဲကျဲဖြင့် ကားသော့ယူကာ အိမ်ပြင်ထွက်ခဲ့သည်။ သားသမီးများကို မည်သည့်အရွယ်ရောက်ရောက် ကလေးဟုသာ မြင်တတ်သော မိဘများ၏သဘောသဘာဝအရ သူတို့သာလျှင် အပင်ပန်းခံတတ်ကြသည်။

သရဖိဘုန်းဇော် ကျူရှင်ရှိသောနေ့များတွင် သူ စောစောထရန် ဆုံးဖြတ်လိုက်သည်။

"မနက်ပိုင်းကျူရှင်က ဘယ်နေ့တွေလဲ"

"တနင်္လာနဲ့အင်္ဂါ. . . ဘာဖြစ်လို့လဲ ကိုကို"

"အဲဒီနေ့တွေ ငါလိုက်ပို့ပေးမယ်"





သရဖိဘုန်းဇော်က ပြုံးလျက်. . .

"စောစောထခြင်းရဲ့အကျိုးတရား ကိုကို မကြာခင် ခံစားရမှာပါ"

"တော်စမ်းပါ ခွေးဖိမ၊ စေတနာပျက်အောင် မလုပ်နဲ့၊ ဖေဖေ ပင်ပန်းမှာစိုးလို့ လိုက်ပို့ပေးတာများ၊ အိုနာကျိုးကန်းကြီးတွေနှင်ပဲ ထိုင်ရှုနေ"

"ဘာပဲပြောပြော ကိုကို မိုးလင်းလာတာနဲ့ ကိုကို့အတွက် အလုပ်တစ်ခု ရှိနေပြီဆိုတာ ဖိဖိ အတပ်ပြောရဲတယ်"

"စကားကြောရှည်လိုက်တာ. . . ကလေးက ကလေးလို နေစမ်း"

ထွဋ်ဘုန်းဇော်သည် ပါးစပ်ကသာ ညီမလုပ်သူကို ဟိန်းဟောက်နေရသည်။ အမှန်တော့ သူမ ပြောတာလည်း မှန်နေသည်ဟု. . .။





www.burmeseclassic.com

www.burmeseclassic.com





# ၊၃၊

"ဘိုဘို. . ."

"ဗျာ"

"ဘယ်က ပြန်လာတာလဲ၊ နောက်ထွက်စရာများ ရှိသေးသလား၊ မရှိရင် ထိုင်ဦး"

"ဟုတ်ကဲ့. . . မရှိတော့ပါဘူး"

ဖခင်ဦးဘုန်းဇော်နှင့် မိခင်ဒေါ်အေးသက်သည် အိမ်ရှေ့ဆက်တီ၌ ယှဉ်တွဲထိုင်ရင်း ဆေးခန်းမှ ရရှိလာသော ငွေများကို ရေတွက်ရာမှ ဖခင်က လှမ်းပြောလိုက်ခြင်းဖြစ်သည်။





"ဘယ်နှစ်နာရီ ရှိပြီလဲ သား"

"ကိုးနာရီပါ"

"တော်သေးတာပေါ့. . . သန်းခေါင်မကျော်သွားလို့"

"ကိုကလည်း. . . ပြောစရာရှိရင် ပြောတာမဟုတ်ဘူး၊ ခွေးမြီးကောက် ကျည်တောက်စွပ်ကိုများ ပြောရတာ မမောဘူးလား"

"အေးက ဘာသိလို့လဲ၊ လည်လွန်းတဲ့ဘီး ချီးသင့်မှာစိုးလို့ ပြောနေတယ်၊ ပညာလေး တော်လို့ ခံသာနေတာ၊ အကျင့်ကတော့ သုံးစားလို့မရဘူး၊ အဖေနဲ့လည်းမတူ အမေနဲ့လည်း မတူ၊ ဘယ်နဲ့ အိုက်ချ်ဖြစ်စေနိုင်တဲ့ ဝါသနာမျိုး ပါနေတယ်မသိပါဘူး"

"ဒီအဆင့်အထိ သား မတွဲပါဘူး ဖေဖေ၊ နားလည်ပါတယ်"

ထွန့်ဘုန်းဇော်က ရယ်ချင်စိတ်ကို မျိုသိပ်ကာ မျက်နှာသေလေးနှင့်ပြောလိုက်ရသည်။

"ဟင်. . . နားလည်ပါတယ်၊ တွဲရုံလောက်ပါနဲ့ ညအချိန်မတော်မှ ပြန်လာ၊ တော်ကြာ သူများသားသမီး ခြေလွန်လက်လွန်ဆိုရင်တော့နော်၊ သူတောင်းစားဖြစ်ပါစေ ယူရမှာပဲ. . . ကြားလား"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ. . . အဲဒီလို အဆင့်အတန်းမရှိတဲ့လူမျိုး ယူလို့ကတော့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းသွားရမယ်. . . ကြားလား"

"ဟုတ်ကဲ့"

"ပြောလိုက်ရင်. . ဟုတ်ကဲ့. . ဟုတ်ကဲ့နဲ့၊ ဘယ်တော့မှ ခံမပြော နားမထောင်နဲ့. . . ကြားလား"

"ဟုတ်ကဲ့. . အဲ. . မဟုတ်ဘူး၊ ဖေဖေပြောစရာရှိသေးလားနဲ့ပြီလား၊ သားသွားအိပ်တော့မယ် မနက်ရောက်ရင် ဖိုးကို ကျူ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပို့ပေးဖို့တာဝန်ကို သား ဦးလည်မသုန် ထမ်းရွက်ဖို့ ဆုံးဖြတ်ထားလို့ စောစောအိပ်မှဖြစ်မယ်"

ထွန်းဘုန်းဇော်က ရယ်ချင်စိတ်ကို ဖုံးမရသဖြင့် ရယ်ကျဲကျဲဖြစ်ကာ ထိုင်ရာမှထလိုက်သည်။ ဒေါ်အေးသက်က ရယ်မောလျက်. . .

"ထိုင်ဦး သား၊ နင့်အဖေပြောချင်တာ ဒါ အဓိက မဟုတ်သေးဘူး"

ဦးဘုန်ဇော်လည်း ရယ်ချင်သွားသည်။ သားကို အချိန်ရတုန်း ဟိန်းဟောက်နေရသည်နှင့် ပြောစရာစကားကို မေ့သွားသည်။ အမှန်တော့ သားနှင့်သူသည် သူငယ်ချင်းပေါင်း ပေါင်းသည်။ သားဖြစ်သူ ရည်းစားများတာကိုလည်း သူသိသည်။ သူ့ဆေးရုံ ဆေးခန်းမှ အမျိုးသမီး ဆရာဝန်ချောချောလေးများ၊ သူနာပြုချောချောလေးများကိုလည်း အလွတ်မပေးတတ်။

"မအိပ်နဲ့ဦး ဘိုဘို. . . ဖေဖေ ပြောစရာရှိသေးတယ်"

သူ့သားသည် ဟိန်းဟောက်မာန်မဲစရာလည်း သိပ်လိုသည် မဟုတ်။ ရည်းစားကို တစ်လတစ်ယောက်မျှ ထားတတ်သည်ကလွဲ၍ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကအစ ပြောစရာမရှိ။ ကျောင်းတက်ရင်းမှ ကားနှင့်အိမ်ကို ဝယ်ရောင်းလုပ်ကာ သူ့ကျောင်းစရိတ်နှင့် သူ့ရည်းစားများအတွက် အကုန်ခံနိုင်ရန် ငွေကြေးအရှာအဖွေ ကောင်းသေးသည်ဆိုတော့ သားဖြစ်သူ၏တာဝန်ကို စာရိတ္တ မယိမ်းယိုင်အောင် မျက်ခြည်မပြတ် ကြည့်ပေးရုံကလွဲ၍ ထိန်းကျောင်းပေးစရာ မလိုချေ။

"ပြောလေ ဖေဖေ၊ သားက ဖေဖေ့ရဲ့အဆူအပူ အကြိမ်းအမောင်းကို ခံချင်နေတာ ကြာပြီ"





"ဟော"

"ဟုတ်တယ် ဖေဖေ၊ ဘာဖြစ်လို့လဲဆိုတော့ အချို့လူငယ်တွေလို အဘိုးကြီး ပွမ်လို့ကွာဆိုတဲ့ စကားလေးဘာလေး သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် ထိုင်တဲ့အခါ ပြောချင်လို့ပါ ဖေဖေ"

"ခွေးမသား. . . ငါက အကောင်းမှတ်လို့"

"ကိုနော်. . . ကြည့်ဆဲ"

ဒေါ်အေးသက်၏မျက်စောင်းဒဏ်ကိုလည်း တဟဲဟဲဖြင့် ခံယူလိုက်ပြီးမှ ဦးဘုန်းဇော်သည် သားဖြစ်သူ၏ကြည်လင် ဝင်းပသော မျက်နှာကို ကြည့်ကာ. . .

"မင်းနယ်ကွာ. . . ဖေဖေပြောရမယ့်ကိစ္စတောင် ဘယ်ရောက်သွားသလဲ မသိဘူး"

"ဖိုဖို့ကိစ္စလေ. . ကို"

ဒေါ်အေးသက်က ဝင်ထောက်ပေးလိုက်သည်။ မိဘနှစ်ပါး၏ တစ်ဦးပေါ်တစ်ဦးချစ်ခင်လေးစား မြတ်နိုးတွယ်တာခြင်း ကပင်လျှင် သားသမီးများ၏ဘဝကို စိမ်းလန်းစိုပြည်စွာ မြှင့်တင်ပေးနိုင်ခြင်းကိုလည်း ဖြစ်စေတတ်သည် ထင်ပါသည်။

"ဖိုဖို ဘာဖြစ်လို့လဲ ဖေဖေ၊ ဒီကောင်မလေး ရည်းစားထားနေပြီလား"

ထွန်းဘုန်းဇော်က အလန့်တကြား မေးလိုက်သည်။ သူ၏အချစ်ဆုံး ညီမလေးအတွက် အမှန်တကယ် စိုးရိမ်သွားသည်။

"ထားတော့ ဘာဖြစ်သလဲ ဘိုဘို၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့၊ နင်တောင်မှ ထည်လဲတွဲနေပြီး"

ဒေါ်အေးသက်က သားဖြစ်သူကို အကဲစမ်းသောစကား ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒါတော့ ဘယ်ဖြစ်[illegible]လဲ မေမေ၊ ယောက်ျားလေးနဲ့ မိန်းကလေး တူပါ့မလား၊ မိန်းက[illegible]တွေရဲ့ဘဝဟာ ပန်းလေးတစ်ပွင့်လို ဘယ်လောက်နူးညံ့သိမ်မွေ့သလဲ၊ ပြစ်မျိုးမှည့်မထင်နေနိုင်မှ ဖြစ်မယ်၊ ဒီတိုင်းဆို မလွယ်ဘူး၊ ဖေဖေက မဆုံးမဘူးလား၊ ဘယ်ကောင်နဲ့လဲ. . . ဘယ်ကလဲ"

ထွန်းဘုန်းဇော်၏ ပြူးတူးပြာတာနှင့် မေးခွန်းများကြောင့် မိဘနှစ်ပါးက သားဖြစ်သူအား သဘောကျသော ကြည်နူးမှုဖြင့် ပြုံးရွှင်စွာဖြင့် သားဖြစ်သူအား ဆက်လက်ကျီစယ်နေကြသည်။ သားသမီးသုံးယောက် ရှိသည့်အနက် သမီးအကြီးဆုံးသည် ဆယ်တန်းကို မအောင်ဘဲ အိမ်ထောင်ပြုသွားပြီး သျှောင်နောက်ဆံထုံးပါသွားသည့်အတွက် ရင်ငွေ့၌ ရှိနေသေးသော သားထွန်းဘုန်းဇော်နှင့် အငယ်ဆုံးသမီးလေး သရဖီဘုန်းဇော်တို့ကိုသာ ကလေးများသဖွယ် ကြည့်မဝ ရှုမဝ ဖြစ်ခဲ့ရသည်။ မောင်နှမ အချင်းချင်းချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိသည်ဆိုတော့လည်း မိဘတို့ နှလုံးစိတ်ဝမ်း၌ အေးချမ်းရလေသည်မှာ မမွှတာပင်ဖြစ်သည်။

မိဘနှစ်ပါး၏အပြုံးကြောင့် သူ့အား စ,နေမှန်း ထွန်းဘုန်းဇော် ရိပ်မိလိုက်သဖြင့်. . .

"ရည်းစားထားတာ သိရင် မြန်မြန်သာ ပေးစားလိုက်တော့မေမေ၊ ကျူရှင်အကြိုအပို့ လုပ်ပေးရ သက်သာတယ်"

"အလကား စနေတာ၊ နှင့်ညီမလား စိတ်ဝင်စားမှာ၊ စာနဲ့ဂီတနဲ့တင် သူ့မှာ အချိန်တွေ မလောက်နိုင်ဘူး ဖြစ်နေတာ"

"ဒါဖြင့် ဘာဖြစ်လို့လဲ "

"ဘာဖြစ်ရမှာလဲ. . . အဲဒီဂီတအတွက် အချိန်ပေးရတော့မယ်လေ"





"အို. . . စကားကလဲ ရှင်းရှင်းပြောရင် ရရဲ့သားနဲ့၊ ဒီလိုသားရဲ့၊ နှင့်ညီမက မြန်မာ့ယဉ်ကျေးမှု ဆို-က-ရေး-တီး ပြိုင်ပွဲကိုဝင်ချင်လို့တဲ့၊ အဲဒါ ဟိုဘက်အိမ်က ဆရာမဆီမှာ ညည သီချင်းသွားတက်ချင်တယ်ဆိုတာနဲ့ ဖေဖေနဲ့မေမေလဲ သွားဆွေးနွေးပြီး အပ်နှံပြီးပြီ"

"ဟင်. . . စာဘက်တော့ လျော့တော့မှာပဲ"

"တစ်ကဏ္ဍစီပါကွာ. . . မင်းလဲ ဝါသနာပါတဲ့ ဦးစားပေးထားတဲ့ အလုပ်ကြားကတောင် အမ်ဘီဘီအက်စ်ဘွဲ့ကို ရှာရှာရှုရှု ရလာသေးတယ် မဟုတ်လား၊ သမီးလဲ ဂီတတစ်ဖက်၊ ကျောင်းစာတစ်ဖက် ကြားက မင်းအမှတ်ထက် သာစေရမယ်ကွာ၊ မင်းဘာပြောမလဲ"

"ဘာမှ မပြောတော့ပါဘူး၊ သုံးမဲတစ်မဲဆိုတော့ အရှုံးပေးပါတယ်၊ အဲဒါ သားက ဘယ်လို တာဝန်ထမ်းဆောင်ရမှာလဲဖေဖေ"

"ကြိုပေးရုံပါပဲ"

"ဟိုဘက်ခြံနဲ့ဒီဘက်ခြံများ ကြိုပေးပို့ပေးရမယ်လို့ မလွယ်တံခါးပေါက်ကလဲ ရှိရက်သားနဲ့ ဖေဖေရာ၊ အလုပ်မရှိ ကြောင်ကိုရေချိုးပေးခိုင်းနေတာလား"

"မပို့ခိုင်းပါဘူး. . . ကြိုရုံတင်ပဲ၊ လင်းလင်းထင်းထင်း အချိန်မဟုတ်လို့ မင်းကို ခခယယပြောနေရတာပေါ့၊ ငါက မကောင်းတတ်လို့"

"ဘာမကောင်းတတ်တာလဲ ဖေဖေ"

"ဟ. . . အပျိုကြီးပဲ နေတဲ့အိမ်ကို ငါသွားလို့ သင့်တော်ပါ့မလားဆိုတာ မင်းစဉ်းစားကြည့်လေ၊ သင့်တော်တယ် ထင်ရင်တော့ ငါပဲ သွားကြိုပေးမယ်၊ ကြိုရမယ့်အချိန်က ညဆယ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ညကြီး၊ ဖိဖိက ညကြီး သွားသင်မယ် ဟုတ်လား၊ နေ့ခင်းမသင်ဘဲနဲ့ သူ့အိမ်လဲ သွားသင်ရဦးမယ်၊ ကြီးကြီးကျယ်ကျယ် ဖေဖေရာ၊ ဒီအဘွားကြီးတွေက မာနတယ်ကြီးပါလား၊ အိမ်ခေါ်သင်လို့ရတဲ့ဆရာမ ငှားသင်ပေါ့"

"မင်း ဘာမှမသိဘဲ စွတ်စွတ်ပြောမနေနဲ့၊ အခကြေးငွေလဲ အသပြာတစ်ပြားတစ်ချပ်မှ မယူဘဲ စေတနာ ဝါသနာအရ သင်ပေးမှာ၊ ညသင်ပေးရတာကလဲ ညဘက်မှသူက အားရုံဝင်စားပြီး သင်ပေးချင်လို့တဲ့၊ ဖိဖိလဲ တစ်နေ့စာအားလုံးကို ရှစ်နာရီခွဲမှာ အဆုံးသတ်ပြီး သွားသင်မယ်၊ ခေါင်းရှင်းရာ ရောက်တာပေါ့"

"ဖေဖေတို့က အလကားရလို့ သင်ခိုင်းတာလား၊ ဒီလိုဆိုသားပဲ အိတ်စိုက်ပြီး ဆရာငှားပေးမယ်၊ အိမ်မှာပဲ သင်ခိုင်းပါ ဖေဖေရာ၊ အိမ်က လူတွေအားလုံး တစ်ယောက်မှ မအားရတဲ့အလုပ်ကို နည်းနည်းတော့ထပ်မံစဉ်းစားရင် ကောင်းလိမ့်မယ်ထင်တယ်"

"တော်စမ်း ဘိုဘို၊ မိကျောင်းမင်း ရေခင်းမပြနေနဲ့၊ ခုကိုးနာရီခွဲတော့မယ်၊ ဆယ်နာရီတိတိမှာ ရောက်အောင် သွားကြိုပေတော့"

"ပြဿနာပဲ"

ထွန်းဘုန်းဇော်သည် ငြင်းဆန်၍ရတော့မည် မဟုတ်မှန်းသိ၍ ဆံပင်ကို ဖွပြီး ထမင်းစားခန်းဘက် ထွက်ခဲ့လေသည်။

ရေခဲသေတ္တာ ဖွင့်၍ သရဖီဘုန်းဇော်အတွက် သူဝယ်ပေးထားသော ပန်းသီးများမှ တစ်လုံးယူစားလိုက်သည်။

"ဘိုဘိုရေ. . . စိတ်ချထားမယ်နော်၊ မေမေတို့ ဘုရားဝတ်တက်တော့မလို့"





"ဟုတ်ကဲ့"

ပန်းသီး ပလုတ်ပလောင်းနှင့် သူဖြေလိုက်သည်။ တစ်ဆက်တည်း သူ့အိပ်ခန်းသို့ ပြေးတက်ခဲ့သည်။ ရေချိုးရပေဦးမည်။

မိဘစကားမှန်သမျှ မပယ်တတ်သော ညာဉ်ကောင်းလေး သူ့၌ ရှိနေခြင်းကပင်လျှင် မိဘနှစ်ပါး၏ချစ်ခင်အားထားခြင်းကို ခံနေရခြင်းဖြစ်သည်။

သူ့အိပ်ခန်းဘက်သို့ ရောက်ရှိလာမှ ပတ္တလားသံသည် တစ်ချက်တစ်ချက် ပျံ့လွင့်လာသည်။ တီးလုံး ထံတျာတေရှင်ကို အစပျိုးနေသည် ထင်ပါသည်။

"ဖိဖို့ဝါသနာကလဲ ဘယ်လိုပါလိမ့်"

ဟု ညီမဖြစ်သူကိုပင် အံ့ဩရသည်။

"ဘိုဘိုရေ"

"ဗျာ. . . သွားပြီ ဖေဖေ"

သူ့အိပ်ခန်းထဲမှ ပြေးထွက်ခဲ့လေသည်။ တာဝန်ဝတ္တရားတို့ကို သူ မကြောက်တတ်သော်လည်း ယခုတာဝန်က သူ့အတွက် ခပ်ကြောင်ကြောင်ဖြစ်နေသည်။

အင်မတန် ဇီဇာကြောင်ပုံရသော အပျိုကြီးများအိမ်သို့ သွားရမည်ဆိုတော့. . .





www.burmeseclassic.com

www.burmeseclassic.com





[၄]

"ခင်ဗျား ဘယ်သူလဲ"

ခြံစောင့်ဖြစ်ဟန်တူသည့် လူငယ်တစ်ဦးက သူ့အား မေးလိုက်သည်။

"ကျွန်တော် ဟိုဘက်ခြံက ဘိုဘိုပါ၊ ဖီဖီ. . . အဲ. . . ဒီမှာ ဂီတလာသင်တဲ့ ကျွန်တော့်ညီမလေးကို လာကြိုတာပါ"

သူက ကောင်းမွန်စွာပင် အဖြေပေးလိုက်သည်။

"ဪ. . . ဟုတ်ကဲ့ အစ်ကို. . . သွားပါ၊ ကျွန်တော် မသိလို့ မေးမိတာ ခွင့်လွှတ်နော်"





"ရပါတယ်ကွာ မသိရင်မေး၊ မစင်ရင် ဆေးရမှာပဲပေါ့ကွာ"

သူသည် ကျိုးနွံသောခြံစောင့်၏ပခုံးကို ပုတ်ကာ ပြောလိုက်သည်။ လူတန်းစား မခွဲခြားတတ်သော ရင်းနှီးမှုက သူ့အား ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်ပြန့်စေသည် ထင်ပါသည်။

မာကျူရီမီးများ ထွန်းထားသော လမ်းအတိုင်း သူလျှောက်ခဲ့သည်။ ပန်းပေါင်းစုံ၏သင်းရနံ့သည် သူ့ရင်ကို ငြိမ်းချမ်းစေသည်။

သူ အိမ်ရှေ့ပေါ်တီကိုအရောက်တွင် တိုင်ကပ်နာရီမှ ဒေါင်ဒင်သံ ဆယ်ချက် ထွက်ပေါ်လာသည်။ အချိန်အတိအကျ ရောက်ခြင်းအတွက် သူကျေနပ်သွားသည်။

"ကိုင်း. . . ဒီနေ့အတွက်တော့ ဒီလောက်နဲ့ပဲ တော်ပြီ သရဖီ၊ ပြန်ရောက်ရင် ဘာမှမစဉ်းစားဘဲ အိပ်လိုက်တော့. . . ဟုတ်လား"

"ဟုတ်ကဲ့ မမ"

ဆွဲလွဲသံလား၊ စမ်းရေစီးသံလေလား၊ သစ်ရွက်ကြွေသံ လေလား မသိအောင် အေးချမ်းကြည်လင်သော အသံရှင်ကို သူမြင်လိုက်ရသည်နှင့် မျက်လုံးအပြူးသား ဖြစ်သွားလောက်အောင် အံ့အားသင့်ရသည်။ သူမြင်ဖူးခဲ့သမျှ မိန်းမလှတွေထက် သာလွန်သော လှနတ်သမီးကို တွေ့ရှိလိုက်ရခြင်းကြောင့် သူ့ရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်အထိ အံ့အားသင့်ရသည်။

"လာကြိုတဲ့လူရောက်ရင် ပြန်တော့နော်"

"ဟုတ်ကဲ့"

ကျောခိုင်းထားသော သရဖီဘုန်းဇော်က သူ့အား မမြင်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ အိမ်ဝ၌ ရပ်နေသော သူ့အား မျက်နှာချင်း မြင်နေရသည့် သူမသည် လောကဝတ္တရားအရ အိမ်ရှင်ပီပီ. . . လာပါ. . ထိုင်ပါဟု ပျူငှာစွာ ဆိုသင့်သည်။

လှုဂုဏ်ကိုးကာ မာနတံခွန် လွင့်နေသော မိန်းမစားမျိုးထင်ပါသည်။ မည်သို့ဆိုစေကာမူ လှသော မိန်းမသားများ၏အပြစ်ဟူသမျှတို့ကို တဒင်္ဂနှင့် လွှတ်တတ်သည်မှာ သူ့ဝါသနာဖြစ်သည့် အလျောက် သူခွင့်လွှတ်ကာ ဧည့်ခန်းထဲသို့ ဖိတ်ခေါ်သူ မရှိသည့်ကြားက လှမ်းဝင်ခဲ့သည်။

"ကြိုသူလာပြီ"

သူမနှုတ်ခမ်းနှစ်လွှာမှ မပြုံး၏သို့ ပြုံး၏သို့နှင့် မပွင့်တပွင့်လေး ထွက်ပေါ်လာမှုကို သူ အသည်းယားသွားသည်။

ဖိဖိက ဆတ်ခနဲ လှည့်ကြည့်ကာ. . .

"ဩော်. . ကိုကို. . . လာပါဦး"

ဝမ်းသာအားရခေါ်ကာ သူ့အား မျက်စိတစ်ဖက် လှစ်ခနဲ မှိတ်ပြခြင်းအပေါ်၌ သူနားမလည်နိုင်။

ကော်ဇောခင်းထားသော ကွပ်ပျစ်ပေါ်၌ ပုဆစ်ဒူးတုပ်ထိုင်နေသော မြစိမ်းရောင်မင်းသမီးလေး၏အလှတရားသည် သူ၏နေ့ အတော်များများကို ဖွဲ့ယူတော့မည်ဟု သူ၏တဒိတ်ဒိတ် ခုန်နေသော ရင်အစုံက အဆုံးအဖြတ် ပေးနေသည်။

"မမနွယ်. . . ဖိဖို့အစ်ကို ထွန်းရှုဘုန်းဇော် လာကြိုနေပါတယ်"

"မမနွယ် သိပါတယ်၊ ပြန်လိုက်သွားတော့ သရဖီ"

အေးအေးလေးနှင့် စူးရှသောအသံသည် သူ့နှလုံးသားကို အချစ်မြား စူးစေပြီဟု သူသိလိုက်၏။ သို့သော် မာနရှင်က မျက်လွှာ





ချလျက် စောင်းကြိုးညှိနေသောအခါ သူ့မှာ မခံချိမခံသာဖြင့် နှုတ်ဆက်ရန် စကားလုံးတို့ကို ရွေးချယ်လိုက်သည်။

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး ဆရာမ"

"ကောင်းပြီ"

လေသံက အထက်စီးမှုနိုင်လှသည်။ လူကို အရေးလုပ်၍ပင် လှမ်းမကြည့်၊ ဣန္ဒြေရှင်လား၊ မာနရှင်လေလားတော့ မသိ။

ဘဝင်မကျစွာ ကျောခိုင်းလိုက်သည်။

အိမ်ပြန်ရောက်သည်နှင့် မအောင့်အည်းနိုင်သော ဝေဒနာရပ်တို့ဖြင့်. . .

"ဖိဖိ"

"ဘာလဲ ကိုကို"

"နင့်ကို စောင်းတီးသင်ပေးတာ သူလား"

"စောင်းမဟုတ်ပါဘူး. . . ပတ္တလားတီးပါ ကိုကို၊ ဟုတ်တယ်. . . သူပဲ"

"အဘွားကြီးတွေကော"

"အပေါ်ထပ် တက်သွားကြတယ်"

"လှလိုက်တာဟာ. . . ရက်ရက်စက်စက်ပဲ"

"ဘာလဲ. . . ကိုကို ခိုက်သွားပြီမှတ်လား"

"မာနကြီးပုံရတယ်"

ညီမဖြစ်သူကို ဝန်ခံစကားမဆိုချင်သဖြင့် စကားလွှဲ လိုက်သည်။

"ငါ့ကို အရေးတောင် မစိုက်ဘူး၊ မတူမတန်သလို ဆက်ဆံသွားတာကို သူ့အလှကြောင့် ငါခွင့်လွှတ်လိုက်တယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါထက် နှစ်ခါဆိုရင် ခွင့်မလွှတ်နိုင်ဘူးလို့ ဆရာမကို ပြောထားလိုက်”

“မပြောရဲပါဘူး. . . သတ္တိရှိရင် ကိုကို့ဘာသာကိုကို ပြော”

“အေးပေါ့. . . တစ်နေ့တော့ ပြောခွင့်ကြုံရဦးမှာပေါ့ဟာ၊ ဒါထက် သူ့နာမည်က. . .”

“အား. . . မွှေးလိုက်တာ၊ ခဏလေး ကိုကို”

သရဖီဘုန်းဖော်က ဆိတ်ဖလူးပွင့်ကြွေလေး တစ်ပွင့်စ နှစ်ပွင့်စကို ကောက်လိုက်သည်။ ထိုစဉ် ခြံစောင့်က. . .

“ပြန်တော့မလား အစ်ကို”

“အေး”

ခြံစောင့်ကလည်း သူ့ထက် ငယ်လှ သုံးလေးနှစ်ဆိုတော့ လူငယ်ယောကျာ်းရှိသော အိမ်ခြံအတွင်း ဖိဖိ သွားလာမှုကို မျက်ခြည်မပြတ် အကဲခတ်ရန် လိုအပ်သည်။ မိဘများကိုလည်း သတိပေးထားမှ ဖြစ်ပေမည်။

မိမိတို့ခြံဘက်သို့ ပြန်ရောက်သည်နှင့် တံခါးကို ပိတ်လိုက်သည်။

“အသွားက နင့်ကို ဘယ်သူလိုက်ပို့သလဲ ဖိဖိ”

“မေမေ”

“အေး. . . တစ်ယောက်ထဲ ဘယ်တော့မှ မသွားနဲ့”

“အိမ်ချင်း နီးနီးလေးဟာ၊ လျှပ်စစ်မီးရောင်တွေလည်း ထိန်ထိန်ငြီးနေတဲ့ဟာ၊ ဘာကြောက်စရာ ရှိသလဲ”

“ဟ. . . ခွေးမလေးရ၊ မီးပျက်သွားရင် ဘယ်လိုလုပ်မလဲ”

သူကလည်း လက်မြန်သည်။ ညီမခေါင်းကို ခေါက်ရန် ရည်ရွယ်ပြီး ဖြစ်သွားသည်။ သရဖီကလည်း ခေါင်းရှောင်ပြီး ဖြစ်





သွားသည်။

ထိုအချိန်၌ ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော စောင်းသံသည် သူတို့နောက်ပါးမှ ကပ်ငြိလိုက်ပါလာသည်။

“အား. . . အရမ်းကောင်းတာပဲ ကိုကိုရာ၊ ဂီတပြိုင်ပွဲ ဝင်လိုက်ရင် ပထမရမှာ ကျိန်းသေတယ်နော်”

“အင်း”

ပုဂ္ဂိုလ်ခင်တော့ တရားမင်သွားလေပြီ။ သူမ၏စောင်းသံကို နတ်စောင်းသံအလား ထင်မှတ်လာသည်။

“သူ့နာမည်က”

“ကိုကို သိပ်သိချင်လား”

“ဈေးကိုင်ပြန်ပြီ”

“ပန်းသီးဝယ်ပေး”

“နင် ရေခဲသေတ္တာ ဖွင့်ကြည့်ပြီးပြီလား”

“ဟင့်အင်း”

“ငါတောင် အခုပဲ ပန်းသီးစားလာသေးတယ်၊ တရုတ်ပန်းသီးကော၊ အင်္ဂလန်ပန်းသီးကော တစ်ထောင်ဖိုး ထည့်ထားပါတယ် ခွေးဖီမရယ်”

အိမ်နားရောက်လာပြီဖြစ်သဖြင့် စောင်းသံသည် အနည်းငယ်တိုးတိတ်ကျန်ရစ်ခဲ့လေသည်။

“ပြောလေ”

“ဘာလဲ”

“နာမည်”

သရဖီက နှာခေါင်းပိတ်လိုက်သည်။ ထိုအခါ သူက လက်သီးရွယ်၍ ထုဟန်ပြင်သောအခါ သရဖီသည် လှစ်ခနဲ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်သွားလေရာ. . .

"ခွေးဖီမလေး"

သူသည် ပြေးလိုက်ခဲ့ရသည်။

"ဟဲ့. . ဟဲ့. . ဘယ်လိုဖြစ်တာလဲ ဆရာဝန်ကြီးရဲ့"

"မေမေ့သမီး"

မိခင်က ရယ်မောလျက်. . .

"သမီးက ဘာလုပ်လို့လဲ"

ရေခဲသေတ္တာဖွင့်ကာ ပန်းသီးတစ်လုံး ယူစားနေသော သရဖီဘုန်းဇော်က. . .

"ဘာမှမဟုတ်ပါဘူး မေမေ၊ ကိုကို့ကို စပြေးတာ"

ဟု ပြောပြီး အိမ်ပေါ် တက်သွားရာ သူလည်း လိုက်တက်ခဲ့သည်။

လှေခါးဝတွင် ရပ်စောင့်နေသော သရဖီက. . .

"ပန်းသီးက ချိုတယ်၊ အရင့်မှန်တယ်. . . ကျေးဇူးပဲ၊ ကိုကို ဝယ်တာလား၊ မေမေ ဝယ်တာလား"

"ငါဝယ်တာပေါ့"

"ဒါဖြင့် ကျေးဇူးတင်တဲ့အနေနဲ့ ကိုကို့ကို ကျေးဇူးဆပ်မယ်"

"ကြီးကြီးကျယ်ကျယ်. . . ခွေးမလေး"

"မသိချင်တော့ဘူးပေါ့"

"သိချင်တာပေါ့ ခွေးဖီမရဲ့"

"ဒီမောင်နှမက ကြိတ်ကြိတ်နဲ့ ဘာဖြစ်လာကြတာလဲ"

သရဖီဘုန်းဇော်က နှုတ်ခမ်းဝ၌ လက်ညှိုးလေး ထောင်ကာ ရှူးခနဲ လုပ်ပြပြီး. . .

"မေမေကြားသွားမယ် ကိုကို. . . နန်းကျွန္ဒာနွယ်တဲ့"





"နန်းကျွန္ဒာနွယ်"

ထွဋ်ဘုန်းဇော် ရင်ထဲ တစ်မျိုးလေး ဖြစ်သွားသည်။ အေးမြ ခြင်းလော၊ ပူလောင်ခြင်းလော မသိနိုင်သော ခံစားမှုတစ်ရပ် ဖြစ်ထွန်းသွားသည်။

"မေမေ့ရှေ့မှာ ဆရာမအကြောင်း သိပ်မပြောမိစေနဲ့နော် ကိုကို၊ ဖီဖီ အိပ်တော့မယ်. . . ဂွတ်နိုက်"

သရဖီဘုန်းဇော်က သူမအိပ်ခန်းထဲသို့ ဝင်ရောက်သွားသောအခါ သူ၌ ပဟေဠိများ ပွေ့ပိုက်ရင်း ကျန်ရစ်ခဲ့လေသည်။

'နန်းကျွန္ဒာနွယ်' မဟာဆန်လွန်းသော သူမနှင့် ဆက်သွယ်မှုအပေါ် မေမေက ဘာဖြစ်၍မကြိုက်ရမှာနည်း။

မည်သို့ဆိုစေ ထိုည သူ ကောင်းစွာအိပ်မပျော်တော့ချေ။





www.burmeseclassic.com

www.burmeseclassic.com





# [၅]

"ကိုကို"

"ဒေါက်. . . ဒေါက်"

"ကိုကို"

"ဟေ. . အေး. . နိုးပြီ"

သူ့၌ တာဝန်တစ်ရပ် ရှိနေသေးသည်။ ထွဋ်ဗုန်းဇော် လူးလဲထလိုက်သည်။

"လာမယ်. . . လာမယ်"

"တံခါးအရင်ဖွင့် ကိုကို"





"နားကြီမလေးကတော့ စောစောစီးစီး လုပ်ပြီ"

ထွဋ်ဗုန်းဇော် တံခါးကို အရင်ဖွင့်ပေးလိုက်ရသည်။

"နင်က ဘာမှမပြင်သေးဘူးလား"

"ဘာကို ပြင်ရမှာလဲ ကိုကိုကလဲ"

"ကျူရှင်မသွားဘူးလား"

ညအိပ်အကျီနှင့်ညီမအား နားမလည်စွာကြည့်ရင်း အိပ်မှုန်စုံမွှားနှင့် မေးလိုက်သည်။

သရဖီဘုန်းဇော်က သူ့အိပ်ခန်းထဲ တောက်လျှောက်ဝင်လာပြီး ပြတင်းပေါက်၌ သွားရပ်လိုက်သည်။ ပြီးတော့ လက်ယပ်ခေါ်လိုက်သည်။

"သြော်"

သူ ယခုမှ သဘောပေါက်သည်။ ညက မြစိမ်းရောင် မင်းသမီး၏ဖမ်းစားမှုကြောင့် ဘယ်ပြောင်းညာလူးနှင့် အိပ်မရခဲ့သမျှတို့သည် သန်းခေါင်းယံကို လွန်မြောက်ပြီး အတန်ကြာမှ အိပ်စက်သွားခဲ့သည်ဖြစ်ရာ ယခုမှပင် အိပ်ခါစ ရှိသေးသည်။ သရဖီ လာနှိုးသဖြင့် နိုးရလေပြီ။

မှန်တံခါးကို ဖွင့်လိုက်သည်နှင့် အိပ်ရာထလာသူတို့အား နံနက်ခင်း၏လေခြည်နုထွေးတို့၏ ပွတ်သပ်ကျီစယ်မှုကို ခံလိုက်ရပြီး လန်းဆန်းသွားသည်။

ထိုမှ. . .

"ဟင်"

"အလှပဆုံးသော နံနက်ခင်း၏ပန်ချီကားတစ်ချပ်ကို မြင်တွေ့လိုက်ရပြီ မဟုတ်လား ကိုကို"

သရဖီဘုန်းဇော်၏စကားတို့သည် သူ့နားတွင်းသို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာတော့ချေ။

သူ၏အာရုံသည် တစ်ဖက်ခြံရှိ စံပယ်ပင်ရုံနံဘေး၌ စံပယ်ပွင့်လေးများကို ခူးဆွတ်ခြွေကာ ကြိမ်ခြင်းလေးထဲသို့ ထည့်နေသည်က အနုအရွနိုင်လှသည်။

အစိမ်းရောင် တော်တော်ကြိုက်သည့် မြစိမ်းရောင် မင်းသမီးဖြစ်သည်။ ညက ဖက်ဖူးစိမ်းလေး ဝတ်ဆင်ထားသည်။

ယခု အစိမ်းနုလေးပေါ်၌ အဖြူစပေါ့လေးများ ပါသောဝမ်းဆက်လေး ဝတ်ဆင်ထားသည်။ ဆံပင်ဖားလျား အမြဲချထားတတ်သည်။ စကားစိမ်းပွင့်လေးတစ်ပွင့် ပန်ဆင်ထားတတ်ခြင်းကို ညက အမှုမဲ့အမှတ်မဲ့ တွေ့မြင်ရပြီး ယခုတစ်ဖန် တွေ့မြင်ရခြင်းကြောင့် နှစ်သက်စွာ ပန်ဆင်ခြင်းဖြစ်သည်ဟု သူ သဘောပေါက်လိုက်သည်။

အစိမ်းရောင် နှစ်သက်ခြင်းရှိသော ထိုမိန်းမလှလေး၏ အသည်းနှ၌ အစိမ်းရောင်များပါ ထင်ဟပ်နေလျှင်တော့ သူတော့ အခက်တွေ့ရလိမ့်မည်ထင့်။

"ကိုကို"

"လှတယ်နော်"

"အင်း. . . ဘုံကြိုးပြတ်တဲ့ မိုးနတ်ဝတီ ဆိုတာမျိုးပေါ့"

"အစိမ်းရောင် အမြဲဝတ်တယ် ကိုကို"

"စိမ်းကားခြင်းအသွင်ကို မဆောင်ဘဲ စိမ်းလန်းစိုပြည်ခြင်းဆိုတဲ့အသွင်ကိုသာ ဆောင်တဲ့သဘော ဖြစ်ပါစေလို့ ဆုတောင်းရမလို ဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ ကိုကို"

"ဘာဖြစ်လို့လဲဆိုတော့ ငါ ဆုံးဖြတ်ချက်တစ်ခုကို ချပြီး





ဖြစ်နေလို့"

"ဘာဆုံးဖြတ်ချက်လဲ ကိုကို၊ ဖီဖီ သိခွင့်ရှိသလား"

စံပယ်ခြင်းလေးကို ဆွဲကာ အိမ်ဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းသွားသော သူမ၏နောက်ကျောပြင်ကို ကြည့်လိုက်မိသည့် ကာလအတွင်း သူ့ရင်ထဲ ကောက်ချက်ချလိုက်မိသည်။

'ပြစ်မျိုးမဲ့မထင် အလှမျိုး' ဟူ၍ဖြစ်သည်။

"ဟင်လို့ဆို ကိုကို၊ ဖီဖီ မသိရဘူးလား"

"ဘာကိုလဲ"

"ကိုကို့ဆုံးဖြတ်ချက်"

"သိရမှာပေါ့. . . ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ နင်ကအဓိက ဇာတ်ပို့ ဖြစ်လိမ့်မယ်"

"ဟုတ်တယ် ဖီဖီ၊ နင် ငါနဲ့သူ နီးစပ်အောင် ဘေးတီးပေးရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ငါ ကြိုက်သွားပြီး ရအောင်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ ဖြစ်တဲ့အတွက်ကြောင့်ပဲ"

သရဖီဘုန်းဇော်က သူ့အား အံ့အားသင့်သလို မျက်လုံးဝိုင်းဖြင့် ကြည့်လေသည်။

"အပျော်သဘောလား ကိုကို"

"ရာသက်ပန်အတွက်လို့ ထင်တာပဲ၊ ခုအချိန်အထိတော့ တစ်သက်နဲ့တစ်ကိုယ် မခံခဲ့ရဖူးတဲ့ ဝေဒနာသစ် တစ်ရပ်နဲ့ သူ့ကို ငါ စိတ်ဝင်စားနေပြီ ဖီဖီ"

"ခစ်. . . ခစ်. . . ခစ်"

မြစိမ်းရောင်မင်းသမီးလေးဟု ရင်တွင်း၌ သူ တိတ်တခိုးတင်စားထားသော နန်းကြွေနှာနွယ်သည် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် သူ့ရင်ထဲ လှစ်ဟာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံခြင်းဟူသော ခံစားမှုလည်း ဖြစ်ထွန်းလာလေသည်။

"ဘာရယ်တာလဲ"

"ကိုကို့ကို ရယ်ချင်လို့"

"ငါ့ကို"

"ဟုတ်တယ် . . . ကိုကိုဟာ ရည်းစားများများ ထားခဲ့ပြီး လူကဲခတ် ညံ့တာကို ဖီဖီရယ်ချင်လို့"

"ဟာ . . . ငါက ဘာညံ့လို့လဲ"

"ကိုကို မမနွယ်ကို ဘယ်လိုမြင်သလဲ၊ ဘာထူးခြားချက်ရှိသလဲ"

"ဟ . . . ဘယ်လိုမြင်ရမှာလဲ၊ သိပ်လှတဲ့မိန်းကလေး၊ မဟာဆန်တဲ့ ကျက်သရေရှိသောအလှရှိတဲ့ မိန်းကလေးအဖြစ် ငါမြင်တယ်၊ ဘာထူးခြားလို့လဲ၊ အဲ . . . မာနကြီးမယ်ဆိုတာတော့ တင်းနေအောင် စေ့ထားတဲ့ နှုတ်ခမ်းနှစ်လွှာနဲ့ မကားပေမယ့် ခိုင်မာတဲ့မေးရိုး ရှိတဲ့အတွက် ငါ သူ့အချစ်ကို ရဖို့ အရမ်းကြိုးစားရမယ်ဆိုတာတော့ ငါ အလိုလို သိနေတယ်၊ ဒါပေမယ့် ရယူလိုမှုတစ်ခုတည်းအတွက် ခက်ခဲသောကျော်လွှားမှုကတော့ ရှိမှာပေါ့လေ၊ ညရောက်ရင် ကိုကို နည်းနည်းစောစောလာပြီး ထိုင်ကြည့်နေမယ် နော်"

"ဟာ . . . ဖီဖီကိုပါ ပတ္တလားတီးမသင်ပေးဘဲနေအောင် ကိုကိုမလုပ်နဲ့နော်"

"အေးပါ . . . စိတ်ချ၊ ဒီလောက်တော့ နည်းဗျူဟာတွေ ကျွမ်းပါတယ်ဟ"

"ဖီဖီ စာကျက်တော့မယ်"





"ကျူရှင် မရှိဘူးလား"

"မရှိဘူး . . . မနက်ဖြန်မှလေ"

သရဖီဘုန်းဇော် ထွက်သွားသည်။ သူ ရေချိုးခန်းဝင်ခဲ့ပြီးမှ ဖီဖီအား နန်းကန္တာနွယ်နှင့် ဆက်ဆံမှုအပေါ်၌ မိခင်မလိုလားခြင်းမှာ အဘယ်ကြောင့်နည်းဆိုသည်ကို မမေးလိုက်မိသည်ကို သတိရလိုက်မိသည်။

ကန္တြေရှင် မိန်းမသားတစ်ဦး၏နှလုံးသား ကြွေမွသွားမှာကို မိန်းမချင်း ကိုယ်ချင်းစာနာခြင်းကြောင့် ဖြစ်မည်ထင်သည်။

အခြားမိန်းမများအပေါ် ချစ်ခြင်းနှင့် မတူသော ချစ်ခြင်းသည် နန်းကန္တာနွယ်အပေါ်၌ ချစ်မိခြင်းဖြစ်ကြောင်းကို မိခင်သိလျှင် . . .

*"မဟာဆန်သူရေ xxx"*

ရင်တွင်း တစ်ပိုင်းတစ်စ ပေါ်ထွက်လာသော ခင်မောင်တိုး၏တေးသွားကို ညည်းတွားလိုက်မိလေသည်။





www.burmeseclassic.com

www.burmeseclassic.com





[၆]

*xx နတ်မိုယ်းဆွေကြွန္ဓာ မြင်ဘဲခုသာ x ဝေယန်ညာလေး သုဘုန်းမိုမို xxx ရွှေကိုယ်တော်ရေး xx သိခင်း မျှော်ယင်း ဖန်ဆင်း x မောင်မယ် ပူဝန်ပြင်း x မြူခြေငွေနှင်း လေသွင်းဆော်လျှံချီ x ရီရီပြာပြာ ညိုမှောင်တောင်ဆိုး x ချယ်လယ်အုံ x လွှမ်းပုံသွယ်သွယ် ဖြေတယ် ပြေဇော့နိုင် တွေးမှိုင်တွေဆိုင် ဟောဝန်နတ်နန်းမြိုင် xx*

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ထွင့်ရှုဘုန်းဇော်သည် လက်ခုပ်ကို အားပါးတရ တီးလိုက်မိသည်။





ဆွတ်ပျံ့လွမ်းမောဖွယ်ရာ တီးခတ်သီဆိုသူ၏မျက်ဝန်းမှ မျက်ရည်ရောင် တောက်ပမှုကို သူ မကြည့်ရက်။

စောင်းသံနှင့်အတူ တေးသံပါ တိတ်သွားသောအခါ သူ၏ ရင်ထဲရှိ နှလုံးသားသည် သူမထံသို့ ကပ်ငြိပါသွားလေသလား ထင်မှတ်ရလောက်အောင် လစ်ဟာသွားသည်။

ကြွန္ဓြေရှင်၏အပြုံးမျိုးလေလော မသိသောနှုတ်ခမ်းနှစ်လွှာမပွင့်ဘဲ တွန့်ရုံ ပြုံးသော သူမအပြုံးကို သူ မျက်တောင် မခတ်တမ်း ငေးနေမိသည်။ မဲ့ခြင်းနှင့်ပြုံးခြင်းကို ရောထွေးနေသော 'မိုနာလီဇာ၏အပြုံးမျိုး ' ဆိုသည်မှာ နန်းကြွန္ဓာနွယ်၏အပြုံးသာ ဖြစ်မည်ဟု သူ ကောက်ချက်ချလိုက်သည်။

သူမက မျက်နှာအချင်း၌ သူ့အကြည့်ရှိုင်းသွားပြီဟု သိကာ မျက်နှာလွှဲလျက်. . .

"နန်းနွယ်ရဲ့. . . အဲ. . . မနန်းကြွန္ဓာနွယ်ရဲ့လက်သံဟာ ကျွန်တော်တောင် တပည့်ခံချင်စိတ် ပေါက်အောင် ဆွဲဆောင်နိုင်တယ်လို့ ဆိုရမယ်၊ လေးစားပါတယ် ဆရာမ"

"ဒီလောက်တောင်လဲ မဟုတ်ပါဘူး ကိုထွင့်ရှုဘုန်းဇော်"

တိုးတိတ်ညင်သာသော အသံလေးက သူ့ရင်ထဲ တစိမ့်စိမ့် ဝင်ရောက်ကာ နှလုံးသား၌ နက်ရှိုင်းစွာ စိုက်ဝင်ပြီးဖြစ်ကြောင်းကို သူမကတော့ သိလိမ့်မည်မထင်ပါ။

မျက်လွှာချကာစကားပြောတတ်သော သူမကို သူမည်ကဲ့သို့ သွေးဆောင်ရမည်နည်း။

"ဒီလောက်တောင်မကပါဘူး မနန်းကြွန္ဓာနွယ်၊ ကျွန်တော်ဟာ အနုပညာစာပေ အင်္ဂါရပ်တို့ကို ကျွမ်းကျင်စွာမနှံ့စပ်လေတော့ ဒီလောက်ပဲပြောတတ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်"

မပွင့်တပွင့်ဖွင့်ဟဆိုတတ်သော နှင်းဆီငုံဖူးလေးနှင့် တူသော နှုတ်ခမ်းလေးသည်လည်း စွဲမက်စရာဟု သူတွေးမိစဉ်. . .

ဆယ်နာရီထိုးပြီဖြစ်ကြောင်း နာရီမှ အချက်ပေးလိုက်သောအခါ သူသည် မချင့်မရဲ ဖြစ်သွားသည်။

သရဖီဘုန်းဇော်က အစ်ကိုဖြစ်သူအား လှောင်ပြုံးနှင့် ပြုံးပြသည်။

"ဖီဖီ ပြန်ရတော့မလား မမနွယ်"

"ပြန်တော့ ဖီဖီ၊ အားတဲ့အချိန်မှာ လေ့ကျင့်ဖို့ ပတ္တလား တစ်လုံး ဝယ်ပေးထားပြီဆို"

"ဟုတ်"

"တစ်နေ့စာတစ်နေ့ ကျောင်းစာတွေပြီးမှ ပတ္တလား ကိုင်ရမယ်ဆိုတဲ့ကတိ မမနွယ်ကို အရင်ပေးရမယ်"

"ဟုတ်ကဲ့. . . ပေးပါတယ် မမနွယ်၊ ဖေဖေနဲ့မေမေကလဲ အဲဒီကတိစကားရမှ ဝယ်ပေးတာပါ၊ မနက် ကျောင်းက ပြန်လာပြီး ထမင်းစား ခဏတစ်ဖြုတ် နားပြီး ရေချိုးပြီး သုံးနာရီကနေ ငါးနာရီအထိ စာတွေလုပ်ပြီး မေမေ့ဆီမှာ စာပြန်ရတယ်၊ ရမှ ပတ္တလား ကိုင်ခွင့်ရတယ်"

"ဒီလိုဆိုရင်တော့ စိတ်ချရပါတယ်၊ မမနွယ်က သရဖီ စာဘက်မှာ လျော့ပါးသွားမှာ စိုးရိမ်လို့ပါ"

"မစိုးရိမ်ပါနဲ့ မမနွယ်၊ ဒီအပတ်လဲ ဖီဖီ ပထမ ရပါတယ်"

"တော်လိုက်တာ ကလေးရယ်"

သူမမျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်နေမိသော ထွဋ်ဘုန်းဇော်၏ရင်၌ တစ်မျိုးဖြစ်လာသည်။ သံသယဆူး ဝင်လာသည်။





"ကဲ. . သွား. . သွား၊ အန်တီတို့ မျှော်နေကြလိမ့်မယ်"

"ဟုတ်"

သရဖီဘုန်းဇော်က ကွပ်ပျစ်လေးပေါ်မှ ဆင်းလိုက်သဖြင့် ထွဋ်ဘုန်းဇော်လည်း မခွာချင်ခွာချင်ဖြင့် တင်ပလွဲတင်ထိုင်ထားသော ကွပ်ပျစ်ပေါ်မှ ထလိုက်ရသည်။

သနပ်ခါးနံ့နှင့် နံ့သာဖြူနံ့ သင်းထုံနေသော နန်းကြက္ခာနွယ် အပါးမှ သူခွဲခွာသွားရမှာကို နှမြောတသ ဖြစ်နေသည်။

"ခွင့်ပြုပါဦး မနန်းကြက္ခာနွယ်"

"ဟုတ်ကဲ့ ကိုထွဋ်ဘုန်းဇော်"

"မမောဘူးလားဟင်"

"ဘာကိုလဲ"

"အဲဒီ ကိုထွဋ်ဘုန်းဇော်ဆိုတဲ့ အခေါ်အဝေါ်ကိုပါ"

"သူကောပဲ"

"ကျွန်တော်က နန်းနွယ်လို့ ခေါ်ချင်နေတာ၊ ခွင့်ပြုမယ်ဆိုရင်. . ."

"ခွင့်မပြုနိုင်စရာအကြောင်း မရှိပါဘူး"

သူမသည် ကွပ်ပျစ်ပေါ်မှ လိုက်ဆင်းကာ တရွေ့ရွေ့ လျှောက်လှမ်းပုံကအစ ညင်သာသိမ်မွေ့ကာ ကဗျာဆန်လှသည်။

"သွားမယ်နော် မမနွယ်"

"ကောင်းပြီ"

"မင်္ဂလာရှိစွာ အိပ်စက်နိုင်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

သရဖီဘုန်းဇော်က ရယ်ချင်သောပါးစပ်ကို လက်နှင့်ပိတ်ကာ အစ်ကိုဖြစ်သူအား လှောင်ပြုံးနှင့် ကြည့်သည်။ ထွဋ်ဘုန်းဇော်



www.burmeseclassic.com

www.burmeseclassic.com



က ဥပေက္ခာပြုလိုက်သည်။

သူတို့မောင်နှမ ပြန်လာချိန်၌ ပေါ်တီကိုအောက်ဝယ် နွဲ့နွဲ့ကလေး ရပ်ကာ ကျန်ရစ်ခဲ့သော သူမသည် လရောင်ကိုပဲ မော့ကြည့်နေလေသလား။ လရောင်ဆမ်းထားသော ပင်ရိပ်ကလေးများကိုပဲ ကြည့်နေလေသလား မတွေးတတ်ပေ။









[၇]

"ဟော. . . ကိုကို နိုးပြီ"

"အင်း. . . နင်ပြီးရင် ကားထုတ်ထားနှင့်"

"ကိုကို ဘယ်သွားမလို့လဲ"

"ဟိုဘက်ခြံ"

သူသည် အိမ်အနောက်ဘက် ကြောင်အိမ်လှေကားပေါ်မှ တစ်ဆင့် ပြေးဆင်းခဲ့သည်။

မိန်းမသားတစ်ဦး၏အလှသည် အိပ်ရာထစဉ်၌ ပို၍သိသာထင်ရှားသည်။



www.burmeseclassic.com

www.burmeseclassic.com



လှပဲ လှရက်နိုင်လွန်းသော မြစိမ်းရောင် မင်းသမီးလေး ရှေ့တော်မှောက် အခစားဝင်ချင်သည်မှာ သူ၏အလွန် မထင်ပါ။

"ကိုထွဋ်ရှ ထင်တယ်"

"ဟင်"

ကျောခိုင်းထားသော သူမထံမှ ထွက်ပေါ်လာသော အသံကြောင့် သူ အံ့အားသင့်သွားသည်။

"အတော်ပဲ ကိုထွဋ်ရှရယ်၊ ဇီဇဝါတွေ လှိုင်လှိုင်ပွင့်နေပြီ မဟုတ်လား၊ ဘုရားတင်ချင်လို့ ခူးပေးပါလားဟင်၊ ဪ. . . အဖူး နှစ်ဖူး ပါရင် မခူးနဲ့နော်၊ တစ်ဖူးလောက်ဆိုရင်တော့ ခူးပါ"

ချစ်သူက ပေးအပ်လာသော တာဝန်ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ချင်သည်မှာ သူတို့ကဲ့သို့သော ယောကျ်ားရင့်မကြီးတို့၏စိတ်ထား ထင်ပါသည်။

"နန်းနွယ် ပြပေးပါလား၊ ကျွန်တော်က ပန်းခူးတတ်တာ မဟုတ်ဘူး"

"ရှင်"

နန်းကြွန္တာနွယ်က တအံ့တဩ သူ့အား ကြည့်လိုက်သည်။

သူကလည်း သူ့အားကြည့်နေသော နန်းကြွန္တာနွယ်၏ မျက်နှာကို စူးစိုက်ကြည့်မိသည်။

ထိုအခါ အံ့ဩစရာကောင်းလောက်အောင်ပင် သူမ မျက်ဝန်း၌ မျက်ရည်များ ပြည့်လျှံလာပြီး သူမသည် သူ့အား ကျောခိုင်းကာ ထွက်ပြေးသွားလေသည်။

အိမ်ကြီးဆီသို့ ပြေးဝင်သွားရာ လမ်းတစ်လျှောက်၌ သူမ၏ကြိမ်ခြင်းကလေးထဲမှ ဘောင်ဘင်ခတ်မှုကြောင့် လွင့်စင် ကျန်ရစ်ခဲ့သော စံပယ်ပန်းလေးများက သူမ၏မျက်ရည်စက်များအလား





ထင်မှတ်ရလေသည်။

သူ ရင်နာခြင်းများစွာဖြင့် ကျောက်ရုပ်သဖွယ် ကျန်ရစ်နေရာသို့။

"ကိုကိုရေ. . ကိုကို. . ကိုကို"

သရဖီဘုန်းဇော်၏အသံ ပျံ့လွင့်လာသဖြင့် သူ ပြန်လှည့်ခဲ့ရသည်။ စိတ်သည် ခန္ဓာကိုယ်၌ ကပ်ငြိပါမလာတော့ချေ။

"ဘာဖြစ်လာတာလဲ ကိုကို"

"မသိဘူး"

"ဟင်. . . မသိဘဲနဲ့"

"ငါ့ကို ဇီဇဝါပန်း ခူးခိုင်းတယ်၊ နင်သိတဲ့အတိုင်း ငါက ပန်းနဲ့တူတဲ့ မိန်းကလေးတွေကိုသာ စိတ်ဝင်စားတတ်ပေမယ့် တကယ့် သဘာဝပန်းကို စိတ်ဝင်စားတတ်သူ မဟုတ်တော့ သူ ခူးခိုင်းတဲ့ ဇီဇဝါပန်းဆိုတာ ဘယ်ပန်းမှန်း သိတာမဟုတ်ဘူး၊ အဖူး နှစ်ခု ပါရင် မခူးနဲ့ဆိုတော့ ဆလတ်နဲ့ ဇီဇဝါ မှားခူးမိမှာစိုးလို့ နန်းနွယ်ပြပေးတဲ့ပန်းခိုင်ကို ခူးပေးမယ်ဆိုတာနဲ့ ရှင် ဆိုပြီး မျက်ရည်တွေ လျှံလာပြီး ထွက်ပြေးသွားတော့တာပဲ"

"ဟင်း"

သရဖီဘုန်းဇော်သည် ကားတံခါး ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်သည်။

"ဖယ်လေ. . . ငါမောင်းမယ်"

"နေပါစေတော့. . . ဖိုးဖိုးပဲ မောင်းတော့မယ်၊ ကိုကို့ကို မောင်းခိုင်းလို့ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုကို့ကို ဖိုးဖိုးပြောမယ့်စကားကြောင့် ကိုကို့စိတ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲမှုတွေ ဖြစ်ပေါ်သွားလိမ့်မယ်၊ ဒါကြောင့် ကိုကို့ကို မမောင်းခိုင်းတော့တာ”

“ဆင့်ဖင်. . . ငါ့ကိုများ နင်က ဘာပြောမှာမို့လို့လဲ”

စကားကြီးစကားကျယ် ပြောတတ်သော ညီမဖြစ်သူ၏ ခေါင်းကို ပုတ်ပြီး သူ့မျက်ဝန်း၌ မထွက်နိုင်သော နန်းကြွန္ဒာနွယ်၏ အပြုအမူကို ဖြေဖျောက်ရန် ကြိုးစားကြည့်သည်။ သို့သော် သူ့ရင်၌ ထိထိရှရှကလေး နာကျင်နေဆဲဖြစ်သည်။

“ကိုကိုဟာ. . . ဆရာဝန်ဖြစ်ပြီး လူကဲခတ် တော်တော်ညံ့သေးတာပဲ”

“ရောဂါဝေဒနာကို အကဲခတ် ကျွမ်းကျင်ဖို့ဟာ အဓိကပဲ ခွေးဖိ၊ နင်ဟာလေ. . . ဘာဖြစ်မယ်တော့ မသိဘူး၊ ပြောလိုက်တဲ့ စကားတွေက ပါးစပ်နဲ့ကိုမဆံ့ဘူး”

“ဘာဖြစ်ရမှာလဲ ကိုကိုကလဲ၊ ဆရာဝန်ကြီးနဲ့ အလုပ်မလုပ်တော့ပြီဖြစ်တဲ့ စစ္စတာရဲ့သမီး၊ ဆရာဝန်ရဲ့ညီမဟာ ဆရာဝန်ပဲ ဖြစ်ရမှာပေ့ါ. . . မဟုတ်ဘူးလား”

“ကဲပါ. . . မိကျောင်းမလေး ပြောစမ်းပါဦး၊ နန်းနွယ် ဘာဖြစ်သွားတာလဲဆိုတာ နင်သိရမယ်”

“သိတယ်”

သူ စိတ်ဝင်စားသွားသည်။ သူသည် မိန်းမသားများ အရေပြားပေါ်မှ အလှတရားများကိုသာ မြင်တတ် ချစ်တတ်သည်။ နှလုံးသား၌ ကိန်းဝပ်နေတတ်သော ခံစားချက်တို့ မတွေ့မြင်တတ်သေးပါလား။

“လူတစ်ယောက်ဟာ သူ့ရဲ့အားနည်းချက်ကို ထုတ်ဖော်ခံလိုက်ရရင် မျက်ရည်ကျလောက်အောင် စိတ်ထိခိုက်သွားတာပေ့ါ





ကိုကို”

“သူ့ရဲ့အားနည်းချက်”

“ဟုတ်တယ် ကိုကို၊ မမနွယ်ဟာ မျက်စိမမြင်ရှာဘူး”

“ဘာ. . ဟာကွာ”

လုံးမမထင်မှတ်သောစကားကြောင့် သူသည် ဆောက်တည်ရာမဲ့စွာ ခံစားလိုက်ရသည်။

ကားကူရှင်ကို လျော့ရဲစွာ မှီချလိုက်သည်။ ဒါကြောင့် သူမကို စူးစူးစိုက်စိုက် ကြည့်မိတိုင်း သူမအလှ၌ တစ်စုံတစ်ခု လိုအပ်နေသလိုလို ခံစားနေရသော ခံစားချက်သည် ယခုမှ ရှင်းလင်းစွာ သိရှိခံစားလိုက်ရသည်။

“ဖြစ်ရလေတယ် နန်းနွယ်ရယ်”

ရင်တွင်း၌ နှမြောတသ ဝေဒနာရပ်ဖြင့် မချိတင်ကဲ ညည်းညူလိုက်မိသည်။

“ကိုကို. . . မမနွယ်ကို ရာသက်ပန်အတွက် ရည်စူးပြီး ယူလိုက်ဦးမှာလား”

သရဖီဘုန်းဇော်၏အမေးစကားကို သူ မဖြေနိုင်တော့ချေ။

သရဖီဘုန်းဇော်က သူမ ကျူရှင်တက်ရမည့်နေရာသို့ အရောက်တွင် ကားကိုရပ်လိုက်ပြီး မဆင်းသေးဘဲ သူ့ထံမှ စကားသံကို ငံ့လင့်နေသည်။

သူ မည်သို့ ဖြေရမည်နည်း။

ဒုက္ခိတ တစ်ဦးအား ရာသက်ပန် လက်တွဲသွားနိုင်သော ချစ်ခြင်းမေတ္တာတရားသည် သူမအပေါ်၌ ထားရှိနိုင်ပါ့မည်လား။

“အဟင်းဟင်း. . . ကိုကို မဖြေနိုင်တော့ဘူး မှတ်လား ဘယ်ဖြေနိုင်ပါ့မလဲ ကိုကို၊ ယောကျ်ားတွေရဲ့ အချစ်ဆိုတာ၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့အလှတရားပေါ်မှာ မျှားစွာတည်နေတတ်တာကိုး၊ သွားတော့မယ် ကိုကိုရာ၊ စိတ်ရှုပ်နေရင် ကားလျှောက်မမောင်းနဲ့ ကိုကို၊ ဟိုနားက လက်ဖက်ရည်ဆိုင်မှာပဲ ထိုင်စောင့်နေတော့"

ညီမက ဆရာလုပ်သွားသည်ကိုလည်း တုံ့ပြန်ပြောရန် စိတ်မပါတော့ပါချေ။

သူ့ရင်တွင်း၌ ခံရခက်သော ဝေဒနာရပ်ကြောင့်. . .







[၈]

"ဟင်. . . နင်မသွားသေးဘူးလား"

"မသွားတော့ဘူး"

"ဘာဖြစ်လို့လဲ"

"မထွေးခင် လာပြောလို့"

"မထွေးခင်"

ထွန်းဘုန်းဇော်သည် ညရှစ်နာရီခွဲခန့် အိမ်ပြန်ရောက်ချိန်၌ သရဖီဘုန်းဇော်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်စွာ မေးလိုက်ခြင်းဖြစ်သည်။

"မထွေးခင်. . . ဘယ်က မထွေးခင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အိမ်က မမနွယ်ရဲ့ဆွေမျိုးနီးစပ်တော်တဲ့ အဖော် အစ်မကို ပြောတာ"

"ဪ. . . ဘာလာပြောတယ်"

"ဒီနေ့ မမနွယ် နေမကောင်းလို့ လာမသင်ပါနဲ့ဦးတဲ့"

"ဟင်"

"ဒီနေ့တစ်နေ့ထဲပါ"

ထွဋ်ဘုန်းဇော် သက်ပြင်းချလိုက်မိသည်။ သူ့ရင်ထဲ၌ တင်းကျပ်နေသည်။ သူ ယခင်ကလို လန်းလန်းဆန်းဆန်းနှင့် နောက်ပြောင်ခြင်းတို့ကို မပြုလုပ်ချင်တော့ပါ။

"ဟော. . . ဘိုဘို ပြန်လာပြီလား၊ ထမင်းစားပြီးပြီလား သား"

"ဟင့်အင်း"

"အတော်ပဲ. . . မေမေ သားအကြိုက် ဝက်သားနီချက် ချက်ထားတယ်. . . စားတော့မလား"

"သား မဆာသေးဘူး မေမေ"

"အေး. . အေး. . စားချင်ရင် ကြောင်အိမ်ထဲမှာ အဆင်သင့် ရှိတယ်နော်"

"ဟုတ်ကဲ့ မေမေ"

မိခင်က ပြောဆိုပြီး မီးဖိုဘက် ဝင်သွားချိန်၌ သရဖီဘုန်းဇော်ဘက်သို့ ပြန်လှည့်ကာ. . .

"နင် သတင်းသွားမမေးဘူးလား"

"ဘယ်နေမလဲ. . . မေမေနဲ့ ညနေက လျှောက်သွားပြီး"

"တွေ့ခဲ့လား"

"တွေ့ခဲ့ပါတယ်. . . ခေါင်းကိုက်ရုံလောက်ပါပဲတဲ့"





"ဪ"

သရဖီဘုန်းဇော်က ဘိုင်အိုစာအုပ်ကို ဖွင့်လိုက်သည်။ ရသမှုအချိန်များ၌ စာအုပ်နှင့်မျက်နှာ မခွာတမ်းရှိတတ်သော သူမသည် ကိုးတန်းကို ရှောရှောရှူရှူ အောင်မြင်နိုင်ပြီး ဆယ်တန်း၌လည်း ဘာသာစုံဂုဏ်ထူး ထွက်လိမ့်မည်ကို သူလက်ခံနိုင်လေသည်။

သို့သော်. . .

သရဖီဘုန်းဇော် မျက်နှာသည် ရှင်းရှင်းလင်းလင်း မကြည်သာချေ။ သူ့အပေါ်၌ စိတ်ခုနေခြင်းဖြစ်မည်လား၊ အခြားအကြောင်းများ ရှိနေသလားကို သူဝေခွဲ၍မရ။

"ဖီဖီ"

"ဘာပြောစရာရှိလို့လဲ ကိုကို"

"နင်ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"အီးမှုန်ထားတဲ့ မျက်နှာကြီးနဲ့"

"မကျေနပ်နေတာ"

"ဘာကိုလဲ"

"ကိုကို့ကို. ."

ဖီဖီက အိပ်ခန်းပြင်ဘက်သို့ လှမ်းကြည့်ပြီးမှ ပြောလိုက်သည်။ သူက မချိပြုံးနှင့် ရယ်မောကာ. . .

"ဘာအတွက် မကျေနပ်တာလဲဆိုတာ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောမှပေါ့"

"ယောကျာ်းတွေဟာ အပေါ်ယံအလှကိုပဲ ချစ်မြတ်နိုးတတ်ကြတယ်. . . အလကားပဲ၊ ကိုကို အခု မမနွယ်ကို မချစ်ရဲတော့ဘူး မှတ်လား၊ ဖီဖီ ဘေးတီးပေးဖို့ မလိုတော့ဘူး မှတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ နင်ပဲ စဉ်းစားကြည့် ဖိုဖို၊ အရှည်ကို စဉ်းစားကြည့်လေ၊ ဒုက္ခိတ တစ်ယောက်ကို ဇနီးမယားတော်ဖို့ဆိုတာ"

"ကိုကို သတ္တိမရှိဘူးမှတ်လား"

"ကိုကိုဟာ အချစ်မျက်ကန်းတစ္ဆေ မဟုတ်ဘူး ဖိုဖို"

"ကောင်းပါတယ်. . . ကိုကိုဟာ အချစ်ကို အလှနဲ့ တည်ဆောက်သလို အိမ်ထောင်ရေးကိုလဲ ဦးနှောက်နဲ့တည်ဆောက်လိမ့်မယ်ဆိုတာ ဖိုဖိုနားလည်ပါတယ်၊ ဒါပေမယ့် နှလုံးသားက ပေါက်ဖွားလာတဲ့ မေတ္တာတရားကိုများ ကိုကို တန်ဖိုးထားတတ်သလားလို့ပါ"

"ဖိုဖိုက ကိုကိုနဲ့သူ့ကို သဘောတူတယ်လား"

"ဖိုဖို့ဆန္ဒထက် ကိုကို့ဆန္ဒဟာ အဓိကပါလေ၊ ဖိုဖိုကတော့ မမနွယ်ကို ဆရာတစ်ဆူအနေနဲ့ လေးစားချစ်ခင်ပြီး ကရုဏာသက်နေတာတော့ အသေအချာပဲ"

ထွဋ်ဘုန်းဇော် တွေဝေရသည်။ သူ၏ညီမသည် အင်မတန် စာဖတ်၊ အင်မတန် စကားကြွယ်သော မိန်းကလေးဖြစ်သည်။

သူမကို နိုင်အောင် မပြောနိုင်တော့ချေ။

မနိုင်ခြင်းအပေါ်၌ သူ၏တွေဝေခြင်းတို့ များစွာပါဝင်နေသည်လည်း ပါသည်။ သူ့စိတ်ကိုသူဆုံးမလျက် ဦးနှောက်နှင့်ဆုံးဖြတ်ခြင်းက နန်းကြွန္နာနွယ်ကို သူ မချစ်မိစေရန် ဖြစ်သည်။

သို့သော် ထိုဆုံးဖြတ်ချက်ချပြီးနောက်ပိုင်း၌ ကပ်ငြိပါလာသော ဝေဒနာရပ်သည် သူ စိတ်မပျော်ရွှင်တော့ခြင်းပင်ဖြစ်သည်။









[၉]

နံနက်ခင်း၏အလှကို မှေးမှိန်စေလောက်အောင် လှပလွန်းသော နန်းကြွန္နာနွယ်ကို သူ ငေးကြည့်မိသည်။

စံပယ်ပွင့်လေးများကို ခူးဆွတ်သော သူမလက်များ၏ လှုပ်ရှားမှုသည် သာမန် အကောင်းပကတိ လူသားများနှင့် မတူညီခြင်းကို သူ ယခုမှသတိပြုမိသည်။

ရွှရွှကလေးစမ်းပြီးမှ ပွင့်အာနေသော ပန်းကလေး၏ ထိတွေ့မှု ရရှိလေသည့်အခါမှ ခူးဆွတ်ခြင်းသည် နူးညံ့သိမ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

မသိသူများက သူကဲ့သို့ပင် သူမ၏အားနည်းချက်ကို သိမြင်လိမ့်မည်မဟုတ်။

နှမြောစွာဖြင့် သူငေးကြည့်နေမိသည်။ စကားဝါပင်အောက်၌ ထိုင်သော စကားဝါပွင့်ကြွေလေးများကို ကောက်ယူရန် စမ်းစမ်း,စမ်းစမ်းနှင့် ရှိနေသောအခါ၌ သူ မနေသာတော့။

သူ့ခြေထောက်တို့သည် သူမ ရှိရာ နံဘေးသို့ အလိုလို သယ်ဆောင်သွားပြီဖြစ်လေသည်။

"နန်းနွယ်"

"ဩော်. . . ကိုထွဋ်"

အကြားအာရုံ အနံ့အာရုံတို့သည် သာမန်လူကောင်းများထက် ပို၍ စွမ်းနေသည် ထင်ပါသည်။ သူ၏ခြေသံကြားရုံမျှဖြင့် သူလာမှန်း သိသည်။

"စကားဝါလေးတွေ ပွင့်နေတယ်ထင်တယ် ကိုထွဋ်. . . အနံ့ရတယ်"

"ဟုတ်တယ်. . တစ်ပွင့်စနှစ်ပွင့်စ ပွင့်နေတယ်၊ အောက်မှာတော့ အကြွေမရှိဘူး"

"ဩော်. . . နွယ်က အကြွေရှိတယ်မှတ်လို့"

"ကျွန်တော် ခူးပေးမယ်လေ"

"နေပါစေ ကိုထွဋ်၊ ကြွေချိန်မတန်ဘဲ မကြွေတဲ့ပန်းကို နွယ်မယူရက်ပါဘူး"

"ဒါဖြင့် နွယ်ခူးတဲ့ စံပယ်လေးတွေက. . . "

"ကြွေချိန်တန်နေတဲ့ စံပယ်လေ ကိုထွဋ်၊ သူတို့က နွယ်လက်နဲ့ ထိလိုက်ရုံနဲ့ ကြွေသွားတာဆိုတော့ အချိန်တန်နေပြီ၊ အချိန်





တန်တဲ့ စံပယ်လေးတွေကိုမှ အလဟဿ မဖြစ်ရအောင် ယူငင်ပြီး ရေဆေးပြီး ဘုရားကပ်တာပါ၊ ကိုထွဋ်က နွယ်ခူးတယ်လို့ ထင်နေတာကိုး"

"ဟုတ်လား. . . ကိုယ်က မသိဘူး နန်းနွယ်၊ ပန်းခူးတယ်ပဲ ထင်နေတာ၊ ဒါဖြင့် စိတ်မဆိုးနဲ့နော်၊ ကိုယ် တစ်ခုမေးဦးမယ်"

"နွယ် စိတ်မဆိုးတတ်ပါဘူး"

"နန်းနွယ်ခေါင်းက ပန်းကကော အကြွေပန်းပေပဲလား"

"ဟင်း. . ဟင်း. . ဟင်း. . ဒါတော့ ချွင်းချက်ပဲ ကိုထွဋ်၊ ဒီပန်းကို နွယ်မုန်းတယ်၊ ဒါကြောင့် မိုးလင်းလာရင် တစ်ပွင့်လောက်ခူးပန်ခြင်းအားဖြင့် ညှိုးနွမ်းစေတဲ့ အပြစ်ဒဏ်ကို ပေးလိုက်တာလေ"

"ဟောဗျာ. . . နန်းနွယ်အဘိဓာန်ကလဲ တစ်မျိုးပါပဲလား၊ ပန်းချင်းတူတူတောင် အချစ်အမုန်းကို ခွဲခြားပါလား၊ ပန်းတိုင်းဟာ သူ့သဘာဝနဲ့သူ အပြစ်ကင်းစင်တယ် မဟုတ်ဘူးလား"

သူ့အမေးကို နန်းကြွေနွယ်က နှုတ်ခမ်းနှစ်လွှာ တွန့်ရုံပြုံးလိုက်ပြီး စကားစိမ်းပန်းပင်ရှိရာသို့ မျှော်ငေးလိုက်ပြီး. . .

"စူးရှတဲ့ရနံ့ဟာ နွယ့်နှလုံးသားအထိ ဝင်ရောက်ထားနိုင်ခြင်းကို မုန်းတီးတဲ့အပြစ်ပဲ ကိုထွဋ်"

ထွဋ်ဘုန်းဇော်သည် နန်းကြွေနွယ်၏ဖွေ့ဥနေသော မျက်နှာလေးကို ငေးစိုက်ရင်း အဖြေရှာနေမိသည်။

အစိမ်းရောင်မှလွဲ၍ ဘာကိုမှ မဝတ်ဆင်သော သူမက အစိမ်းရောင်ရှိသော စကားစိမ်းပန်းလေးကိုတော့ မုန်းတီး၍ ညှိုးနွမ်းသွားအောင် ပန်ဆင်ပါသည်ဆိုခြင်းအပေါ်၌ စိတ္တဇ ဆန်နေသည်။

"နန်းနွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ကိုထွန်း၊ နွယ် တစ်ခုမေတ္တာရပ်ခံထားချင်တယ်"

"ပြောပါ နန်းနွယ်"

"နွယ်ဟာ လောကကြီးမှာ နေတတ်အောင် နေနေရသူဆိုတော့ နွယ့်ရဲ့ဝေဒနာနဲ့ ပတ်သက်ပြီး အဟောင်းတို့ကို အသစ်အဖြစ် မခံစားချင်တဲ့အတွက် မေ့ပျောက်ထားပါတယ်၊ ဒီအတွက် ကိုထွန်းအနေနဲ့ နန်းနွယ်ရဲ့ဝေဒနာအပေါ် စူးစမ်းမေးမြန်းခြင်း သည်းခံပါလို့ မေတ္တာရပ်ခံပါရစေ"

ထွန်းဘုန်းဇော်၏မေးခွန်းကို ကြိုတင်သိနေပုံရသော နန်းဣန္ဒာနွယ်ကို သူ လက်မြှောက်လိုက်သည်။ သူမ၏မျက်လုံးသည် မွေးရာပါလော၊ ရောဂါကြောင့်လော၊ အက်ဆိဒ် တစ်ခုခုကြောင့်လောဟူ၍ သူသိချင်နေသည်။ အနာသိလျှင် ဆေးရှိရမည် ဖြစ်သည်။ သို့သော် သူမ၏စကားကြောင့် လောလောဆယ်တော့ သူ လက်လျှော့လိုက်သည်။ နောင်များ အခွင့်သာမှပဲ။

"ကိုထွန်း"

"ပြောပါ နန်းနွယ်"

"သရဖီလေးဟာ ဥာဏ်သိပ်ကောင်းတယ်နော်၊ သီချင်းတစ်ပုဒ်ကို သုံးရက်တက်ပေးရင် ရတယ်၊ အခြေခံကလဲ တီးတတ်ပြီးသားဆိုတော့ တတ်မြန်တယ်"

"ဟုတ်တယ်. . . မနှစ်ကရှစ်တန်းနှစ်မှာ ကျောင်းရဲ့ အနုပညာအသင်းဆရာဆီမှာ ပတ္တလားအတီးကို ရအောင်သင်ယူခဲ့တယ်လေ"

"ဝါသနာအရင်းခံပြီး ဖွဲ့ရှိရင် ဘယ်အရာမဆို တတ်လွယ်အောင်မြင်လွယ်တာပေါ့"





နန်းဣန္ဒာနွယ်က စကားပြောရင်း စကားဝါပင် ခြေရင်းကို ဝိုင်းဖွဲ့တည်ဆောက်ထားသော ကွပ်ပျစ်ပေါ်၌ ထိုင်လိုက်သောအခါ သူလည်း. . .

"ထိုင်ခွင့်ပြုမလား"

"ရပါတယ် ကိုထွန်း၊ နွယ်က အိမ်ရှင်အနေနဲ့ ထိုင်ပါဦးလို့တောင် ပြောရမှာပါ၊ ဒါပေမယ့် တစ်ခါတစ်ရံ နွယ်ဟာ သီးခြားကမ္ဘာထဲမှာ နေနေရသူတစ်ဦးအနေနဲ့ လောကဝတ္တရားတွေ ပျက်ကွက်နေမိတာ အမှန်ပဲ"

"နန်းနွယ်ဟာ သီးခြားကမ္ဘာထဲမှာ မဟုတ်ပါဘူး၊ နန်းနွယ်ဟာ ကိုယ်တို့လို လူသားကမ္ဘာမှာပဲ ရှိနေတာပဲ၊ နန်းနွယ်ဘေးမှာ နန်းနွယ်အဒေါ်လဲ ရှိတယ်၊ သရဖီလဲ ရှိတယ်၊ ကိုယ်တို့မိသားစုလဲ ရှိတာပဲ၊ အားမငယ်ပါနဲ့ နန်းနွယ်၊ ကံကြမ္မာက မျက်နှာသာပေးဦးမယ်ဆိုရင် နန်းနွယ်ဟာတစ်နေ့တော့. . ."

"ကံကြမ္မာဆိုတာ လူတွေရဲ့ဖန်တီးချက်တစ်မျိုးပဲ နွယ်တော့ ယူဆထားတယ် ကိုထွန်း"

နန်းဣန္ဒာနွယ်သည် သိရခက်သော မိန်းမသားတစ်ဦး ဖြစ်သည်ဟု ထွန်းဘုန်းဇော် အကဲခတ်လိုက်မိသည်။

"ကိုထွန်း"

"နန်းနွယ်"

"ကောင်းကင်ဟာ ဘာအရောင် ယှက်သန်းနေသလဲဟင်၊ နေရောင်ကော ထွက်လာပြီလား၊ နေရောင်ခြည် ယှက်သန်းမှုအောက်မှာ ဩကာသလောကကြီးက ဘယ်လိုများ လှပနေသလဲဟင်၊ နွယ့်ကို ပြောပြနိုင်မလား"

ဖူးညက်စင်နေသော လှထွန်းခေါင်တင် မြသုန်းရှင်၏



www.burmeseclassic.com

www.burmeseclassic.com



အလိုဆန္ဒကို စိတ်ရှည်လက်ရှည်ဖြင့် သူ ရှင်းပြမိလေသည်။

"နေလုံးကိုမမြင်တွေ့ရပေမယ့် ကောင်းကင်မှာ အဖြူများတဲ့ ကြည်ပြာရောင် ပြေးနေပြီး အလင်းဓာတ်က ကွန့်မြူးနေပြီ နန်းနွယ်၊ အဲဒီနောက်ခံ ကောင်းကင်သားအပေါ်မှာ ဝါဂွမ်းဆိုင်လိုလို၊ ကလေးတွေစားတဲ့ ငှက်သိုက်မုန့်လိုလို၊ အဖြူရောင်တိမ်သား အဆုပ်ဆုပ်လေးတွေဟာ တရွေ့ရွေ့ သွားလာနေတယ်၊ ကမ္ဘလာ မြရောင် သစ်ရွက်စိမ်းစိမ်းလေးတွေအပေါ်မှာ မြူနှင်းလေလား ဆောင်းနှင်းလေလား မသိတဲ့ စိုထပ်ထပ် အရာလေးတွေကို နေရောင်က ကူပံ့ပေးလိုက်တော့ တလက်လက် တောက်ပနေတယ် နန်းနွယ်"

ဝင်းစိုလာသော သူမ၏မျက်လုံးအိမ်၌ ကြည်နူးခြင်း၊ ကြေကွဲခြင်းကို ရောထွေးခံစားနေရပုံရသည်။

"နန်းနွယ်. . . ကိုယ် ဆေးကုမစားရင် ဖြစ်ပြီမှတ်လား"

"ဘာဖြစ်လို့လဲ"

"စာရေးစားတော့မလို့"

"အို"

'အို' ဟု နှုတ်ခမ်းလေး မပွင့်တပွင့်နှင့် ပြုံးရယ်လိုက်သော အခါ ပုလဲလုံးလေးများ သီကုံးထားသည့် သွားကလေးများ အစီအရီ ထွက်ပေါ်လာမှုက ဝန်းကျင်အလှတရားများကို မှေးမှိန်သွားစေသည်ထင့်။

'လှလိုက်တာ နန်းနွယ်ရယ်' ဟု ရင်တွင်း၌ ကျူးရင့်ရင်း သူမ၏ဝေဒနာ ပျောက်ကင်းရေးအတွက် အစွမ်းကုန် ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"လုပ်စားလို့ရပြီ မှတ်လား နန်းနွယ်၊ မင်း ကိုယ့်ရဲ့ နှုတ်ပန်း





ချီ ခြယ်မှုန်းမှုကို မင်း ကွက်ကွက်ကွင်းကွင်း မြင်လာပြီမှတ်လား"

"ဟုတ်တယ် ကိုထွဋ်၊ နွယ် မြင်နေရပြီ"

"မြင်ပလောကကြီးဟာ ကိုယ်ပြောနေတာတွေထက် ပိုလှတယ် နန်းနွယ်၊ အစိမ်းရောင် မြက်ခင်းစိမ်းစိမ်းလေးတွေရဲ့အပေါ်မှာ ရိုးတံနီနီပွင့်ဖတ် အဖြူလေးနဲ့ သင်းရနံ့ထုံနေတဲ့ ပန်းပွင့်လေးတွေဟာ၊ ဟိုတစ်ပွင့်ဒီတစ်ပွင့် ကျဲပြန့်နေတယ်၊ အဲဒါ ဘာပန်းလေးတွေလဲဆိုတော့ ကိုယ်မသိဘူး၊ နန်းနွယ်များ ပြောပြနိုင်မလား"

"အဲဒါ ဆိတ်ဖလူးပန်းလေးတွေပါ ကိုထွဋ်"

"ဟုတ်လား. . . သူလဲ အကြွေပန်းပေါ့နော်"

"ဟုတ်တယ်လေ"

"အဲဒီပန်းလေးတွေကိုတော့ နန်းနွယ် ဘာဖြစ်လို့ မကောက်သလဲ"

"နန်းနွယ် ကောက်ချင်တယ်၊ ဒါပေမယ့် အဲဒီပန်းကို အနံ့ပြင်းလွန်းလို့ဆိုပြီး မကြိုက်တဲ့သူက ရှိတော့ အိမ်ထဲ မသွင်းတော့ဘူး၊ အားလုံးကြိုက်တဲ့ စံပယ်လေးတွေကိုပဲ ဘုရားမှာ လင်ပန်းလေးနဲ့ကပ်လှူတာ အလေ့အကျင့် ဖြစ်နေလို့ပါ"

"ဩော်. . . လူတစ်ကိုယ် အကြိုက်တစ်မျိုးစီပဲပေါ့"

"ကိုထွဋ်က အဲဒီဆိတ်ဖလူးပန်းကလေးတွေကို ကြိုက်လို့လား"

"ရနံ့လေးကို ကြိုက်တယ်"

"အတော်ပဲ ကိုထွဋ်ရယ်၊ ဒီလိုဆို သူကလေးတွေကို နန်းနွယ် ကောက်ပေးမယ်၊ ကိုထွဋ်တို့ ဘုရားစင်မှာ ကပ်ပေးနော်"

"နန်းနွယ် ပင်ပန်းနေမှာပေါ့"

"နန်းနွယ်က အလုပ်ရှာနေတဲ့သူပဲ ကိုထွဋ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . ဟုတ်သားပဲ၊ ဒါဖြင့် ယနေ့ပဲ စပြီး အတည်ပြု လိုက်ကြရအောင်"

နန်းကွန္ဒာနွယ်က ဆိတ်ဖလူးပင် ရှိရာသို့ လျှောက်လှမ်း လိုက်ရင်း. . .

"ထွေးခင်ရေ"

"ရှင်"

"ဇကာတစ်ခုလောက် ယူခဲ့ပါ"

"ဟုတ်"

သြဇာသံရှိသည်ကိုလည်း သူ သတိပြုမိလိုက်သည်။ မကြာခင် ရွက်ကြမ်းရေကြိုရှိသော သူတို့နှင့်ရွယ်တူဟု ခန့်မှန်းနိုင်သည့် မိန်းမတစ်ဦးသည် ပလတ်စတစ် ဇကာလေး ယူ၍ ထွက်လာသည်။

"ထွေးခင်. . . စံပယ်တွေ အန်တီ့ကို ပေးလိုက်တော့"

"ဟုတ်"

ခြေသံနှင့်အနံ့ကို ခန့်မှန်းကာ လူသားများနှင့် အဆက်အသွယ်ပြုနေသော သူမ၏အာရုံသည် သာမန်လူထက် ထက်မြက်နေပုံရသည်။

ဆိတ်ဖလူးပန်းလေးများကို တဖွဖွလေး မှန်းဆ ကောက်ယူပုံမှာ မြန်ဆန်လှသည်။ သူ့ရင်ထဲ၌ မချိတင်ကဲ ဝေဒနာရပ်လေး ဖြစ်ပေါ်လာသည်။

"နန်းနွယ်"

"ပြောလေ. . . နားထောင်နေတယ်"

"ကိုယ့်ကို ပန်းမကောက်ပေးပါနဲ့တော့"

"ဘာဖြစ်လို့လဲ"





"မကြည့်ရက်လို့"

"ဟင်း. . ဟင်း. . ဟင်း"

သူမက သဘောကျစွာ မပွင့်တပွင့်လေး ရယ်မောလိုက်သည်။

သို့သော် ရယ်နေသော သူမမျက်ဝန်း၌ မျက်ရည်များ လျှံတက်လာသည်ကို သူ စိတ်မကောင်းစွာ တွေ့မြင်ရသည်။

"ကျေးဇူးတင်ပါတယ် ကိုထွဋ်၊ နန်းနွယ်ကို ခွင့်ပြုပါဦး၊ ကိုထွဋ် ဘုရားပန်းကပ်ပြီးသွားရင် ဇကာလေးကို စကားဝါပင်အောက်က ခုံပေါ်မှာသာ တင်ထားလိုက်ပါ"

ပြောပြောဆိုဆို ဆိတ်ဖလူးပန်းလေးကို သူ့အား ကမ်းပေးပြီး အိမ်ဆီသို့ ကွန်ကရစ် လောင်းထားသော လမ်းကလေးအတိုင်း တရွေ့ရွေ့ ထွက်ခွာသွားလေသည်။

သူသည် ကျောက်ဆစ်ရုပ်သဖွယ် ရပ်တည်ကျန်ခဲ့သည်။

စကားစိမ်းပန်းကို မုန်းတီး၍ အမြန်နွမ်းအောင် တမင်ပန်ခြင်းဖြစ်သည်ဆိုသော ထိုမိန်းမသားနှင့် ဝေးအောင် သူနေနိုင်ပါမည်လား။





www.burmeseclassic.com

www.burmeseclassic.com





## [၁၀]

"နန်းနွယ်"

"ရှင်"

"တစ်ခါတစ်ရံ ပျော်စရာကောင်းတဲ့ သီချင်းတစ်ပုဒ်လောက် တီးပြပါလား"

"ဝမ်းနည်းပါတယ် ကိုထွဋ်၊ နွယ်ဟာ ကိုထွဋ်တို့ကို မျှဝေပေးနိုင်မယ့် ပျော်ရွှင်ခြင်းဆိုတဲ့ ခံစားမှုမရှိလို့ပါ"

ထွဋ်ဘုန်းဇော်တို့မောင်နှမသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။ အနည်းငယ် တင်းမာသွားသယော





ခဲ့သော်လည်း နှုတ်ခမ်းနှစ်လွှာက တွန့်ရုံကလေး ပြုံးလိုက်သောအခါသူ့မျက်နှာသည် မာန်ပါသော အလှတရားတို့နှင့် ဝံ့ထည်သွားပြန်လေသည်။

အသားဖြူသည်။ မြန်မာအမျိုးသမီးထဲတွင် ရှားပါးလှသော ငါးပေခြောက်လက်မ ဟူသည့်အရပ်ကို ပိုင်ဆိုင်ထားသည့် အပြင် (၃၄)လက်မ၊ (၂၃)လက်မ၊ (၃၆)လက်မ ဟူသော အလှတရားတို့ကြောင့် နွဲ့နှောင်းကာမဟာဆန်လွန်းလှသည်။ ပိတုံးရောင်ကေသာအား ဖြန့်ချထားပြီး လက်ဝဲဘက်၌ စကားစိမ်းပန်းလေး အမြဲပန်ဆင်ထားတတ်ခြင်းကပင်လျှင် မရိုးသော အလှတရား ဖြစ်နေသည်။

"ပြန်တော့မလား မောင်ကိုထွဋ်"

"ဟုတ်ကဲ့ အန်တီ"

"ဖေဖေ့ကိုပြောလိုက်ပါ၊ အခုမှပဲ ဆေးလိုက်တော့တယ်ဆင်တယ်၊ အန်တီခေါင်းကိုက်တာ အတော်သက်သာလာပြီလို့"

"ဟုတ်ကဲ့"

သူ့ဖခင်သည် ဘယ်တုန်းကများ မြစိမ်းရောင်ဂေဟာ၏ မိသားစုဆရာဝန် ဖြစ်သွားရပါလိမ့်။

"ဖိဖိ သွားတော့မယ်နော် အန်တီ"

"အေး. . အေး၊ ဪ. . မနက်ဖြန် ကျောင်းပြန်လာရင် အလက်ဖက်သုပ်လေး လာစားဦးနော်"

"ဟုတ်ကဲ့ပါ အန်တီ၊ ထမင်းချိုင့်ဆွဲပြီး တစ်ခါတည်း တန်းလာခဲ့မယ်"

"အမလေးဟယ်. . . ချိုင့်မယူရပါဘူး၊ ကျောင်းက ပြန်လာတာနဲ့ အိမ်ကိုပဲအရင်ပို့ခိုင်းလိုက်တော့"

www.burmeseclassic.com



"ပွတာပဲ"

သရဖီဘုန်းဇော်နှင့် နန်းကန္တာနွယ်၏အဒေါ် ဒေါ်တင်တင်ကြီး၏ရင်းနှီးမှုက မိသားစုသဖွယ် ဖြစ်နေတော့သည်။ ဒေါ်တင်တင်ကြီးသည်လည်း 'က' ကြီး နဖူးနှင့် နောက်တွဲဆံထုံး၌ စံပယ်ပန်းကုံး အမြဲပန်ထားတတ်သည်။ နုသောအရောင်လေးများကို အမြဲဝတ်ဆင်တတ်သည်မှအပ ကျက်သရေရှိကာ အမြဲတမ်း ပြုံးရွှင်နေတတ်သည်။ ရွှေ-စိန်ကျောက်ပွဲစား ဒေါ်တင်တင်ကြီးသည် နာမည်ကြီးဟု မေမေကပြောပြသဖြင့် ထွဋ်ဘုန်းဇော် သိထားသည်။

"ခွင့်ပြုပါဦး အန်တီ၊ သွားမယ်နော် နန်းနွယ်၊ မင်္ဂလာညချမ်း ဖြစ်ပါစေ"

"နေ့ညမသိသူအတွက်တော့ အဲဒီဆုမျိုးကို ပြည့်ဝဖို့ ဆုတောင်းနေရမှာပေါ့ ကိုထွဋ်"

"ကူဆုတောင်းပေးပါ့မယ်"

မခွဲချင်မခွာချင်ဖြင့် မြစိမ်းရောင်ဂေဟာကြီးကို ကျော ခိုင်းလိုက်သောအခါ သူ့ရင်အစုံသည် ဟင်းလင်းပြင်အဖြစ် ရောက်ရှိသွားသယောင်ယောင် ခံစားလိုက်ရသည်။

လ,ရောင်ဆမ်းထားသော လမ်းကလေးအား လျှော လှမ်းလာသည့်အခါ. . .

"မီးမပျက်ဘဲနဲ့ လမ်းမီးတွေ မလင်းပါလား"

သတိပြုမိချက်ကို သရဖီအား ပြောသလိုလိုနှင့် သူ ညည်း တွားလိုက်သည်။

"လ,ရောင်ရဲ့အရသာကို တမင်ခံစားချင်လို့တဲ့၊ အန်တီ လပြည့်ခါနီး တစ်ရက်နှစ်ရက်ရယ်၊ လပြည့်ပြီး တစ်ရက်နှစ်ရက် လောက်ရယ်အထိ ခြံထဲ လျှပ်စစ်မီးကို ပိတ်ခိုင်းထားတတ်တယ်





ကိုကို"

"ဟင်း. . ဟင်း. . ဟင်း. . အန်တီက တော်တော် စိတ်ကူး ယဉ်ဆန်တာပဲ"

"လူတွေဟာ သဘာဝရဲ့အလှတရားကို ခံစားတတ်ကြမှ လူ့လောကကြီးမှာ နေထိုင်ရတာ အဓိပ္ပါယ်ရှိတယ် ကိုကို"

"ဆင့်ဖင်မလေး"

ထွဋ်ဘုန်းဇော်က ညီမ၏ခေါင်းကို ချစ်စနိုး ပုတ်လိုက်လေသည်။

ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သောအခါ ရွှန်းရွှန်းမြမြ သာနေသော လမင်းကြီးက သူ့အား မိန့်မိန့်ကြီး ပြုံးပြလျက်ရှိသည်။

"ဟုတ်တယ်. . . သဘာဝရဲ့အလှတရားလေးတွေဟာ နှစ်စရာကောင်းတယ်၊ အဲဒီအထဲမှာ လူသားမလေး မြစိမ်းနွယ်ဟာ အလှဆုံးပဲ"

"အဲဒီအလှတရားကို ကိုကို နှစ်သက်တတ်နေပြီလား"

"ကိုကို သတ္တိမရှိတာ မဟုတ်ဘူး၊ ဒါပေမယ့် ရောဂါသိရင် ဆေးရှိရမှာပေါ့၊ သူ့ရဲ့ဝေဒနာပျောက်ရေးကို ကိုကို အရင်ကြိုးပမ်း မယ်"

"အချစ်ရဲ့အကြောင်းအရာမှာ ရောဂါတွေ၊ ဝေဒနာတွေ၊ အဖြစ်တွေလဲ ပါဝင်နေတာပေါ့နော ကိုကို"

"ခနဲ့တာလား"

"မသိလို့ မေးတာပါ၊ ဒါပေမယ့် ကိုကို အစကတည်းက ရှိရင်လဲ ဝေဒနာသည်အပေါ် ဝေဒနာတွေ ထပ်ဆင့်မပေးမိ စေနဲ့ ကိုကို၊ မမနွယ် ကိုကို့ကြောင့် ခံစားရမှာကို ဖီဖီ စိုးရိမ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နန်းနွယ်မှာ ကိုကိုနဲ့ ပတ်သက်ပြီး ခံစားနေရတဲ့ အရိပ်အ ယောင်တွေ တွေ့မြင်နေရလို့လား"

"ဒါတွေ ဖိဖိ နားမလည်သေးဘူး၊ နားလည်အောင်လဲ မကြိုးစားချင်ပါဘူး ကိုကို၊ သိတာက မမနွယ်ကို သနားတယ်၊ ကိုကို့ ကြောင့် ခံစားရမှာကိုစိုးရိမ်တယ်၊ ဒီတစ်ခုပါပဲ ကိုကို"

"ဒါဖြင့် ကိုကို့ဘက်ကကော ထည့်မတွေးတော့ဘူးလား"

"ဘာတွေးစရာလိုသလဲ. . . ရည်းစား သက်စေ့ထားတဲ့ လူတစ်ယောက်မှာ အချစ်ဝေဒနာ ရလိမ့်မယ်ဆိုတာ လုံးဝမရှိနိုင် ဘူးလို့ ဖိဖိထင်တာပဲ"

ထွန်းဘုန်းဇော် သက်ပြင်းချလိုက်မိသည်။

သူ့ရင်ထဲ၌ ဝေခွဲမရသော ဝေဒနာရပ်ဖြင့် သောကဖြစ်နေ ရကြောင်းကို မည်သူမှ သိလိမ့်မည် မထင်ပါ။

"ဒီမောင်နှမနှစ်ယောက် ကြာလှချည်လား၊ ဆယ်နာရီ တောင် ခွဲသွားပြီ"

မိဘနှစ်ပါးစလုံး မအိပ်သေးဘဲ အိမ်ရှေ့၌ တီဗွီကြည့်နေ ရာမှ မိခင်ကလှမ်းမေးလိုက်သည်။

"အန်တီနဲ့ စကားကောင်းနေလို့ပါ"

"အန်တီက သူ ခေါင်းကိုက်ဝေဒနာ သက်သာသွားပြီဆို အကြောင်းလဲ ပြောနေသေးတယ် ဖေဖေ"

မောင်နှမနှစ်ယောက်စလုံး၌ ဆင်ခြေအပြည့်ရှိနေသည်။

"မေမေ ထမင်းသုပ် စားချင်တယ်. . . သုပ်ပေး"

"ဒီကောင်မလေးဟာ. . . ညနေက ထမင်းကော ကောင်း မစားဘဲနဲ့ အခု ဆာပြီမဟုတ်လား. . . လာခဲ့"

သမီးနှင့်အမေ ထွက်သွားကြသည်။





ထိုအခါ ထွန်းဘုန်းဇော်က ဖခင်နှင့် ဘေးလွတ်သွားသော မိခင်နေရာ၌ ဝင်ထိုင်လိုက်ပြီး. . .

"ဖေဖေတို့နဲ့ ဟိုဘက်အိမ် မိသားစုနဲ့ ရင်းနှီးနေပြီလား"

"ရင်းနှီးတာပေါ့. . . သမီးကို သွားပို့ရင်း တင်တင်ကြီးနဲ့ စကားစမြည်ပြောရင်းနဲ့ သူ ခေါင်းကိုက်တယ်၊ အကြောတက်တယ် ဆိုလို့ ဖေဖေက ဆေးပေးပြီး ကုပေးတယ်. . . ဒီလောက်ပါပဲ၊ စိန် ပွဲစားက စိန်တွေကျောက်တွေ အကဲဖြတ်ပေးရင်းနဲ့ ဇက်ကြော တက်နေတာလဲပါတယ်၊ ဒါကြောင့် တစ်ပတ်လောက် စိန်ကဲကျောက် ကဲ ခတ်တဲ့အလုပ်လဲ နားထားလိုက်ပါဦးလို့လဲ ပြောထား တာလေ၊ ဒါကြောင့် တင်တင်ကြီးကို တွေ့နေရတာ"

ထွန်းဘုန်းဇော် စိတ်ညစ်သွားသည်။ သူသိချင်သည်က ဒေါ်တင်တင်ကြီးအကြောင်း မဟုတ်။

အသားလို၍ အရိုးတောင်းသည့် စကားမျိုး ပြောရမည်။ ဘယ်ကဘယ်လို စပြောရမှန်းမသိ။

"နန်းကြွေ့နွာမျက်စိကကော ဖေဖေ. . . မွေးရာပါလား"

"အေး. . . ဒီအကြောင်းတွေ ဖေဖေလည်း စိတ်ဝင်စား တယ်၊ ဒါပေမယ့် သူ့တူမက ရှိနေတော့ တင်တင်ကြီးဟာ လက် ဟန်ခြေဟန် ပြပြီး မပြောရဲဘူးတဲ့၊ စိတ်ထိခိုက်သွားမှာစိုးပုံရတယ်၊ တမင်မေ့ထားကြပုံ ရတယ်၊ တစ်နေ့တော့ အခွင့်သာမှ တင်တင်ကြီး ကို ထပ်မေးကြည့်ရဦးမယ်"

"ခွဲစိတ်ကုသမှု ဘယ်နှစ်ကြိမ်လောက်များ လုပ်ကြည့်ခဲ့ ပြီးပြီလဲ မသိဘူး"

"အနာရွတ်တော့ မတွေ့ဘူး၊ တစ်ကြိမ်မှ လုပ်ပြီးပုံ မရဘူး၊ မျက်ကြည်လွှာထိခိုက်လို့ မျက်လုံးအစားထိုးရတဲ့ ဝေဒနာမျိုး ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကောင်မလေး ကံကောင်းလိမ့်မယ်”

သူ သက်ပြင်းချကာ ရင်တွင်း၌ တိတ်တခိုး ဆုတောင်းလိုက်မိသည်။

“နန်းနွယ် ကံကောင်းပါစေ”









## [၁၁]

“နန်းနွယ်က အစိမ်းရောင် ကြိုက်တယ်နော်”

“မကြိုက်ဘူး”

“ဟင်”

လောက၏အလင်းရောင်ကို မတွေ့မြင်ရသော နန်းကြွနွယ်အတွက် စိတ်ရောဂါဝေဒနာများ ဖြစ်နေသလားဟုပင် ထွန်းဘုန်းဇော် မထင်ရက်ထင်လိုက်မိသည်။

“မကြိုက်ရင် ဘာဖြစ်လို့ အစိမ်းရောင်ကြီးပဲ ဝတ်နေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တရ ရှိနေအောင်လို့ပါ"

"အမှတ်တရ. . . ဟုတ်လား"

"ဟုတ်တယ်. . . ပတ်ဝန်းကျင်ကိုလည်း စိမ်းလန်းနေစေခြင်းအားဖြင့် မေးလိုက်တဲ့အခါ စိမ်းဆိုတဲ့စကား ကြားရမယ်၊ 'စိမ်း' ဆိုတဲ့စကားကို မိုးလင်းလာတာနဲ့ ကြားသိနေအောင် နွယ့်ကို အစိမ်းတွေပဲ စိုးမိုးနေအောင် တမင်ဖန်တီးထားတာ"

"ဪ. . . ဒါဖြင့် နန်းနွယ်ဘဝမှာ စိမ်းကားခြင်းဆိုတဲ့ လွှမ်းမိုးမှုကိုများ"

"ဟင်း. . ဟင်း. . ဟင်း. . ကိုထွဋ် လုပ်စားလို့ ရသွားပြန်ပြီ"

"ဘာကိုလဲ"

"စာရေးတဲ့အလုပ်လေ. . . ဘာဖြစ်လို့လဲဆိုတော့ အစိမ်းကို တမင်ဖန်တီးထားပါတယ်ဆိုတာနဲ့ စိမ်းကားမှုရဲ့လွှမ်းမိုးခြင်းခံလိုက်ရလို့လားလို့ ကောက်ချက်ကို ချနိုင်တယ်ဆိုတော့ ဇာတ်လမ်းဖန်တီးလို့ရပြီ၊ ဒါကြောင့် စာရေးစားတော့ ကိုထွဋ်"

"နို့. . . မဟုတ်ဘူးလား"

"မျက်စိနှစ်ကွင်း အလင်းမရတဲ့သူတစ်ယောက်ရဲ့ဘဝဟာ သေသူနဲ့ မခြားပါဘူး ကိုထွဋ်"

"သာမန်လူတွေထက် ထူးချွန်တဲ့မျက်မမြင်တွေဟာ ကမ္ဘာမှာ ဒုနဲ့ဒေးပါ"

"ဟုတ်တယ်. . . နွယ်ဟာဘဝမသေဘူး၊ ထာဝရ ရှင်သန်စိမ်းလန်းနေရမယ်ဆိုတဲ့ အသိလေးဝင်အောင် စိမ်းလန်းခြင်းတွေကို တမင်ဖန်တီးထားတယ်ဆိုရင်ကော"

"နန်းနွယ် စိတ်ချမ်းသာဖို့ ကိုယ်ယုံကြည်လိုက်တော့မယ်"





နန်းကြွရာနွယ်က ပြုံးကာ စကားပင်အောက်သို့ ထွက်သွားလေသည်။

ဆိတ်ဖလူး ဇကာလေးသည် သူမ၏လက်၌ ပါသွားသည်။

"သားရေ. . . ဘိုဘို"

မိခင်ဒေါ်အေးသက်၏အသံ ထွက်ပေါ်လာသောအခါ ထွဋ်ဘုန်းဇော်၏လည်,သည် သူ၏ခြံဘက်ဆီသို့ သမင်လည်ပြန် ကြည့်လိုက်သည်။

မိခင်နှင့်အတူ ရပ်နေသူက ခိုင်ဇင်စိုး။

သူ စိတ်ညစ်သွားသည်။

"မနွယ် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် လာချင်လို့တဲ့"

မိခင်စကားကို သူ မတုံ့ပြန်နိုင်မီ နန်းကြွရာနွယ်က. . .

"ဘယ်သူက လာချင်တာလဲ"

"ကိုယ့်သူငယ်ချင်းတစ်ယောက်"

"လာပါစေ ကိုထွဋ်၊ နန်းနွယ်အတွက်က စကားပြောဖော်ဆိုတာ အမြဲလိုအပ်နေတာပဲ"

သူမ၏ခွင့်ပြုချက် ရသွားသောအခါ သူက မိခင်အား လက်လှမ်းပြလိုက်သည်။

"လာခဲ့လေ"

နန်းကြွရာနွယ်ကို ထားခဲ့ပြီး သွားရမှာကို စိုးရိမ်သည်။

သူမ အားငယ်သွားမှာ စိုးထိတ်သည်။ သူမကို လူအများစုနှင့် ထိတွေ့ဆက်ဆံစေချင်သည်။

ခိုင်ဇင်စိုးသည် သူတို့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

"ပေါ်တော်မူကို လာဖမ်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆို. . ဘာကိတ်"

မိခင်က အိမ်ဘက်ဆိုပြီး လှည့်ပြန်သွားသဖြင့် ခိုင်ဇင်စိုး တစ်ယောက်တည်းသာ သူတို့အပါးသို့ ရောက်ရှိလာသည်။ ခိုင်ဇင်စိုးအပြုံးက မထိတထိနှင့်. . .

"ကိစ္စရှိမှ လာရမယ့်သူတွေလား ကိုဇော်"

ထွဋ်ဘုန်းဇော် အကြီးအကျယ် စိတ်ညစ်သွားသည်။

"ခိုင်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဖိဖို့ဆရာမ နန်းကုဏ္ဍာနွယ်တဲ့၊ နန်းနွယ်. . . ကိုယ့်သူငယ်ချင်း ခိုင်ဇင်စိုး ရောက်လာတယ်၊ ကိုယ်နဲ့ စိမ်းဘက်ချုပဲ"

"အန်တီပြောပြလို့ မနန်းကုဏ္ဍာနွယ်ရဲ့အကြောင်း ကျွန်မ သိပြီးသားပါ၊ ဒါကြောင့် တွေ့ချင်လို့ တမင်လိုက်လာတာ၊ ကျွန်မ ထင်ထားတာထက် ပိုချောနေတာပဲ၊ ဒါပေမယ့်. . ."

ခိုင်ဇင်စိုးက အောင်နိုင်သူ၏အပြုံးနှင့် သူ့အား ပြုံးကြည့်လိုက်သည်။

နန်းကုဏ္ဍာနွယ်က ခပ်တည်တည်ဖြင့်. . .

"ရှုံသွင်းပြလောက်အောင်တော့ မထူးဆန်းဘူး ထင်ပါတယ်နော် ဒေါက်တာ"

ခိုင်ဇင်စိုးက ရှုတ်တရက် ကြောင်သွားပုံရသည်။ သူ ခိုင်ဇင်စိုးကို ဒေါသတကြီး ကြည့်လိုက်မိပြီး လက်ညှိုးဖြင့် နှုတ်ခမ်းကို ကပ်ကာ ပါးစပ်ပိတ်ထားဟူသော သဘောမျိုး လုပ်ပြ၍ ဟန့်တားလိုက်သည်။

သို့သော်. . .

"သာမန်လူသားတွေထက်တော့ ထူးခြားနေတာ အမှန်ပဲ ဒေါ်နန်းနွယ်"





"ကျွန်မနာမည် နန်းကုဏ္ဍာနွယ်ပါ"

"ကိုဇော် ခေါ်သလို ကျွန်မလည်း ခင်မင်ရင်းနှီးလို့မှုနဲ့ ခေါ်မိတာ"

"ဝမ်းနည်းပါတယ်. . . ကျွန်မက လူတိုင်းကို မခင်မင်တတ်ဘူး. . . ခွင့်ပြုပါဦး"

နန်းကုဏ္ဍာနွယ်သည် သူတို့အား ကျောခိုင်းသွားသည်။ အိမ်၏အနောက်ဘက်မှ လျင်မြန်စွာ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ခိုင်ဇင်စိုးက ပခုံးတွန့်ကာ. . .

"ကိုဇော့်မှာ စဉ်းစားတတ်တဲ့ဦးနှောက်ရှိရင်တော့ ဘယ်သူက လွန်တယ်ဆိုတာ ဆုံးဖြတ်တတ်ပါလိမ့်မယ်နော်"

"ကိုယ် ဘာမှမစဉ်းစားချင်ဘူး၊ အဲ. . . ပြောချင်တာ တစ်ခုတော့ ရှိနေတယ်၊ အဲဒါ ဘာလဲဆိုတော့ မင်းကို ပေးထားမိတဲ့ ကိုယ့်အချစ်ကို ပြန်ရုပ်သိမ်းလိုက်ပြီဆိုတာပဲ"

ထွဋ်ဘုန်းဇော်သည် ချစ်သူရည်းစားများနှင့်ပတ်သက်၍ ခံစားတတ်သောနှလုံးသား မရှိတော့ချေ။

ခိုင်ဇင်စိုးကလည်း ပခုံးကို ထပ်မံတွန့်လျက်. . .

"ဝမ်းသာပါတယ်. . . ခိုင်တို့ကလဲ ဒုက္ခိတနဲ့ ယှဉ်ပြိုင်မခံနိုင်လို့ ကိုဇော်ပြောသလိုပြောမလို့ လာခဲ့တာပဲ၊ ကိုဇော်က ဦးသွားတာကိုး၊ ဘာပဲဖြစ်ဖြစ် ပွဲသိမ်းသွားပြီပေါ့နော်. . . အဟင်းဟင်း"

ထွဋ်ဘုန်းဇော်သည် သူ့အား ကျောခိုင်း၍ထွက်သွားသော မိန်းမသားနှစ်ဦးစလုံး၏သဘောကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

သို့သော် ခိုင်ဇင်စိုး၏နောက်သို့ ခြေလှမ်းကျဲဖြင့် အမီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

"ဆိုးသင့်ခဲ့. . . ခိုင်၊ တကယ်လို့ နောက်များ ကိုယ်တို့တစ်တွေ တစ်နေရာရာမှာ ပြန်ဆုံကြဦးမယ်ဆိုရင် သူငယ်ချင်းလိုပဲ ဆက်၍တော့ ခေါ်နိုင်ပါစေ ခိုင်"

ခိုင်ဇင်စိုးက မျက်ထောင့်နီနှင့် ကြည့်ကာ. . .

"ဆောရီးပဲ. . . ဦးနှောက်မရှိတဲ့လူကို သူငယ်ချင်းအဖြစ်တောင် အသိအမှတ်မပြုနိုင်ဘူး. . . သွားမယ်"

သူမ၏တီကိုကားကလေးပေါ်သို့တက်ကာ တံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်ပြီး ဆောင့်ထွက်သွားလေသည်။

သူက ပခုံးတွန့်ကာ မဲ့ပြုံးလိုက်သည်။ ပေါ်တီကိုအောက်မှ ရပ်နေသော ဒေါ်အေးသက်က. . .

"ဟဲ့. . ဟဲ့. . ဘယ်လိုတွေ ဖြစ်သွားကြတာလဲ"

"တစ်ပွဲသိမ်းသွားပြန်ပြီလေ မေမေ"

"ဟဲ့. . ခိုင်ဇင်စိုးဟာ. . ."

"သဝန်တိုတယ်ဆိုတာ အချစ်ရဲ့သင်္ကေတလို့ ဆိုပေမယ့် သည်းခံနိုင်ခြင်းရဲ့ဘောင်လွန်သွားရင် သဘောထားသေးရာကျလွန်းတယ်၊ သဘောထားသေးခြင်းဟာ အိမ်ထောင်ရေး တစ်ခုအတွက် အကြီးမားဆုံးသော အနှောင့်အယှက်ဖြစ်တတ်တယ်ဆိုတာ မေမေ သဘောပေါက်မှာပါ"

"ဘိုဘို. . . နင်ကတော့လေ အချစ်ကို ကစားစရာအမှတ်နဲ့ ကစားနေတုန်းပါပဲလား၊ ခိုင်ဇင်စိုးဆိုတာ မိဘချင်းကလဲ ရင်းနှီး၊ မျိုးကောင်းရိုးကောင်းလဲဖြစ်၊ ပညာကလဲ တန်းတူဆိုတော့ မေမေတို့က အမှတ်ရာနှုန်းပြည့်ပေးထားတာ"

"ဒါပေမယ့် ဘိုဘို့ဆီမှာ တစ်မှတ်မှ မကျန်တော့ခြင်းဟာ





အဓိကဖြစ်နေတယ်လေ မေမေ"

"ပြောလိုက်ရင် ဒီလိုချည်းပဲ၊ နင်တော့ ဝဋ်လည်ဦးမှာ ကျိန်းသေတယ်"

"ဘိုဘို့အသည်း ခွဲနိုင်မယ့်မိန်းမရှိရင် ခွဲစမ်းပါစေ မေမေရာ၊ ဒီလိုဝဋ်မျိုးတော့ ဘိုဘိုက ဆယ်ခါပြန်မကဘူး အပြန်တစ်ရာမက ခံရဲတယ်၊ ဟတ်. . . ဟား"

"ဗူးဂိုဒေါင်လေး၊ သွား. . . ရေချိုးပြီးရင် ငါ့ကို ဈေးလိုက်ပို့"

"ဒရိုင်ဘာ မရောက်သေးဘူးလား"

"သူ့ကလေး နေမကောင်းလို့တဲ့. . . ခွင့်ယူထားတယ်၊ နင့်အဖေကတောင် ကားပေးလိုက်ပြီး ကလေးဆေးရုံ သွားခိုင်းထားတယ်၊ ဒီနေ့ နင့်ကားပဲ မေမေသုံးမယ်"

"ပြဿနာပဲ. . . ဒီနေ့ မေဖူးပွင့်နဲ့ ချိန်းထားလို့"

"အဲဒီကောင်မလေးနဲ့ကော ဘယ်တော့ ပွဲသိမ်းမလဲ"

"ဘိုဘို့ဆီမှာ အမှတ်မကျန်တော့တဲ့နေ့"

"ကိုယ့်မှာလဲ ညီမနဲ့နော် ဘိုဘို၊ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ် ကျရတဲ့အဖြစ်မျိုး ဘယ်တော့မှမဖြစ်စေနဲ့"

"သားက ချစ်တတ်တာကလွဲလို့ မယုတ်မာဘူးဆိုတာ သူတို့ သိကြပါတယ် မေမေ၊ သူတို့လဲ သားကဲ့သို့ ခိုင်မာတဲ့အသည်း ရှိကြတယ်ထင်တယ်၊ သားကြောင့် မျက်ရည်တွေလွဲနဲ့ ငိုပွဲဆင်ကြသူရယ်လို့ မကြားဖူးသေးဘူး၊ သားတောင် နောက်တစ်ယောက် မစဉ်းစားရသေးခင် သူတို့က နောက်တစ်ဦးနဲ့ တွဲပြီး ဖြစ်နေတတ်တယ်၊ သူတို့က ပိုပြီးသွက်တယ် မေမေ. . . ထူးဆန်းတယ်နော်"

"မပြောချင်တော့ဘူး ဘိုဘို၊ သွား. . . ကော်ဖီ သောက်



www.burmeseclassic.com

www.burmeseclassic.com



တော့"

"ဖိဖိကော"

"နင့်အဖေ သွားပို့တယ်"

"ဩော်"

နန်းကြွန္ဒာနွယ်ထံသို့ နံနက်ပိုင်း အခစားဝင်နေရသော သူသည် မိသားစုအရေးကိုပင် မေ့လျော့နေတတ်သည်။

ယခု နန်းကြွန္ဒာနွယ်သည် မည်သို့သော ခံစားမှုမျိုးများ ဖြစ်ပေါ်ခံစားနေရပါလိမ့်ဟုလည်း. . .

သူ့ရင်တွင်း၌ စိုးတထင့်ထင့် ဝေဒနာရပ်များသည် နန်းကြွန္ဒာနွယ်အတွက်ကြောင့် ဆိုသည်ကိုတော့. . .









# [၁၂]

"ဘဝဆိုတာ ဘာလဲ ကိုထွဋ်ရှ"

"ဗျာ. . ."

"ကိုထွဋ်ရှ မဖြေနိုင်တဲ့မေးခွန်း မဟုတ်ပါဘူးနော်"

နန်းကြွန္ဒာနွယ်သည် အသက်အားဖြင့် သူ့ထက် ငယ်နိုင်သည်။ သို့မဟုတ် ရွယ်တူဖြစ်နိုင်သည်။

သို့သော် သူ မမေးရဲ။ သူမ၏မျက်နှာ ညှိုးနွမ်းသွားမှု ရှိမ်သည်။ သူမမျက်ဝန်း၌ မျက်ရည်ကြည်များ လျှံတက်သွားမှုကို ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သိသလို နန်းနွယ်လဲ သိမှာပါ"

"နွယ်အသိနဲ့ ကိုထွဋ်အသိ တူချင်မှတူမယ်လေ၊ နွယ့်အသိအရဆိုရင် ဘဝဆိုတာ မှောင်မှောင်မည်းမည်းကြီးပဲလို့ ပြောရမလိုဖြစ်နေတယ်"

သူ့ရင်ထဲ နင့်ခနဲဖြစ်သွားသည်။

"အဲဒါ လက်ရှိ ရင်ဆိုင်နေရတဲ့ကာလပါ၊ ဘဝ မဟုတ်ဘူး၊ ဘဝဆိုတာ မွေးဖွားလာခြင်းကနေ သေဆုံးခြင်းဆိုတဲ့ မှတ်တိုင်အထိ လျှောက်လှမ်းရတဲ့ ခရီးလမ်းတစ်လျှောက်မှာ ကြုံတွေ့ရင်ဆိုင်ခဲ့ရသမျှသော အဆိုးအကောင်း၊ ဟူသမျှတို့ဟာ လူ့ရဲ့ဘဝပဲ နန်းနွယ်၊ နန်းနွယ်ဘဝဟာ အမြဲတမ်း အမှောင်ကြီးပဲ မဖြစ်စေရပါဘူး"

"တယ်ဟုတ်ပါလား. . . ကိုထွဋ်က အကြားအမြင်ပညာလဲ တတ်ပုံရတယ်နော်"

"လူတွေဟာ ကိုယ့်အနာဂတ်ကို ကိုယ်ဖန်တီးကြတာပါ နန်းနွယ်၊ နန်းနွယ် မျက်စိကုသရင်. . . "

"တော်ပါတော့ ကိုထွဋ်၊ ကုသမှု မအောင်မြင်ဘဲ အနာရွတ်တွေ မျက်နှာပြင်တစ်ဝိုက် ကျန်ခဲ့မယ်ဆိုရင်ကော မြေပါလဲဆုံး သားလဲဆုံးရမယ့်အဖြစ်"

"သမားတော်ကြီးတွေဟာ အရမ်းကာရော မခွဲစိတ်ပါဘူး၊ စမ်းသပ်ပြီး အောင်မြင်နိုင်မယ်လို့ ရာခိုင်နှုန်းများများ ယူဆမှသာလျှင် ခွဲစိတ်တာပါ၊ အခု မြန်မာပြည်မှာ ခွဲစိတ်ကုသမှုတောင် သမိုင်းမှတ်တိုင်သစ် စိုက်ထူနေနိုင်တာ နန်းနွယ်လဲ ကြားမှာပါ၊ ကိုယ့်အနေနဲ့ကတော့ နန်းနွယ်ကို မျက်စိအထူးကုဆရာဝန်ကြီးတွေနဲ့ သေသေချာချာဆွေးနွေးပြီး စမ်းသပ်စေချင်တာပဲ"





"ကျေးဇူးတင်ပါတယ် ကိုထွဋ်၊ နွယ့်အပေါ် ထားရှိတဲ့ ကိုထွဋ်ရဲ့စေတနာအပေါ် နွယ်အသိအမှတ် ပြုချင်ပါတယ်၊ ဒါပေမယ့် မျက်စိမမြင်တဲ့နွယ် မျက်စိမြင်လာတဲ့နွယ် တစ်ဦးတစ်ယောက်တည်းပဲ ရှိတယ်၊ ဒီအတွက် ပြောင်းလွဲမှု ရှိနိုင်သလား"

ထွဋ်ဘုန်းဇော် တွေဝေသွားသည်။ သူမ ကောက်ပေးထားသော ဆိတ်ဖလူးပန်း၏ ရနံ့စူးစူးက သူ့နှလုံးသားကို ပြင်းပြင်းထန်ထန် ထိုးဆွလျက်ရှိသည်။

မျက်မမြင် နွယ့်ကို ချစ်မိသည်။ သို့သော် မျက်မမြင်ကို ယူရဲသောသတ္တိ သူ့၌မရှိ။

မျက်စိမြင်သော နွယ်သာဖြစ်ပါက သူ ချက်ချင်း လက်ထပ်ဖို့အရေး ကြိုးပမ်းပေးလိမ့်မည် ထင်ပါသည်။

သူမကလည်း လူ့မနောများကို ကြိုတင်သိနေပုံရသည်။

"နေ့လယ်နေ့ခင်း နန်းနွယ် ဘာလုပ်နေသလဲ"

"စာဖတ်တယ်"

"ဟင်"

"ဟုတ်တယ်. . . နွယ်တို့အတွက် သီးသန့်ရှိတဲ့စာအုပ်တွေ ကို ဖတ်တယ်၊ များသောအားဖြင့် အင်္ဂလိပ်ဝတ္ထုတွေပေါ့ ကိုထွဋ် ရယ်၊ တစ်ခါတလေတော့လဲ မြန်မာဝတ္ထုတွေ ဖတ်ချင်တယ်၊ မြန်မာ ဝတ္ထုစာအုပ်တွေဟာ နွယ်တို့လို ဒုက္ခိတတွေအတွက် သီးခြားစာအုပ် တွေ မရှိဘူးနော်၊ ထွေးခင်ဖြစ်ဖြစ် အန်တီဖြစ်ဖြစ် အားတဲ့အခါမှ ... ဗင်းဝတ္ထုတွေ ဖတ်ခိုင်းရတယ်"

သူ့ရင်တွင်း ကရုဏာအိုင်လေး ဖြစ်ထွန်းသွားသည်။

"နန်းနွယ်က. . ."

"မျက်မမြင်ကျောင်းကနေ ဘီအေဘွဲ့ကို အင်္ဂလိပ်စာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ပြီးပြီ"

"ဪ"

လောကကို အရှုံးမပေးဘဲ စိတ်ခတ်ကြံ့ခိုင်သော မိန်းမ သားတစ်ဦးအဖြစ် သူ လေးစားမိသည်။ နန်းနွယ်ကို သူ ချစ်ရက်နဲ့ ဘာဖြစ်လို့ လက်မတွဲနိုင်ရမည်နည်း။

"မနေ့က ခိုင်ဇင်စိုးနဲ့ ပတ်သက်ပြီး နွယ့်ကြောင့် ကိုထွဋ် အနှောင့်အယှက်ဖြစ်သွားရင် နွယ့်ကို ခွင့်လွှတ်ပါလို့"

"ဟာ. . . မဖြစ်ပါဘူး၊ ဘာဆိုင်လို့ ဖြစ်ရမှာလဲ"

"ဆိုင်တယ် မဆိုင်ဘူးဆိုတာ ကိုထွဋ်သာလျှင် အသိဆုံး ဖြစ်မှာပါလေ"

သူ နှုတ်ဆိတ်နေလိုက်သည်။ နန်းကြူနွာနွယ်၏အနီးကပ် ကြုံတွေ့နေရသော အလှတရားတို့က ရင်ခုန်စရာ ကောင်းလွန်းလှ သည်။

သူမနား၌ ကြာရှည်စွာ နေရခြင်းသည် သူ့နှလုံးတို့ ပေါက် ကွဲ လွင့်စင်ထွက်ကာ ချစ်စကားတို့ကို ဖွင့်ဟ ဝန်ခံလိမ့်မည် ထင်ပါ သည်။ ထွေးခင် ရောက်လာသည်။

"မမနွယ်. . . တယ်လီဖုန်း လာတယ်"

"ဪ. . . ဘယ်ကတဲ့လဲ"

"ဘဘကြီးတို့ဆီကပါ"

"လာမယ်. . . အန်တီ ပြောနေနှင့်ပါစေ"

"အန်တီ ပြောနေပါတယ်"

ထိုအခါကျမှ သူမသည် ကွပ်ပျစ်ပေါ်က အသာအယာ ထလိုက်သည်။

"သွားမယ်"





"ကို. . . နေ့လယ် အိမ်ထဲလာလည်လို့ ရမလား"

"ရပါတယ်. . . ဘာဖြစ်လို့လဲ"

"ဪ. . . နန်းနွယ်ကို မြန်မာ့ဝတ္ထုကောင်းကောင်းတွေ လာဖတ်ပြမလို့လေ၊ ဘာဖတ်ချင်သလဲ"

"ဒေါ်ခင်နှင်းယုရဲ့ မွေး ဖတ်ချင်တယ်"

"ကောင်းပြီ. . . ကိုယ်ရအောင်ရှာပေးမယ်"

"ကျေးဇူး"

တရွေ့ရွေ့ ထွက်ခွာသွားသော သူမကျောပြင်ကို အိမ်တွင်း ဝင်ရောက် ပျောက်ကွယ်သွားသည်အထိ သူ ငေးကြည့်နေမိသည်။

ဆိတ်ဖလူးပန်းတို့က လေသင့်ရာ မွှေးကာ ကလူကျီစယ် လိုက်သောအခါမှ. . .

သူမ ကောက်ပေးထားသော ပန်းကလေးများကို ဘုရား တင်ရန် သတိရလိုက်သည်။

ပန်းတင်ရင် သူမရဲ့ဒုက္ခိတဘဝမှ လွတ်မြောက်စေရေးကို ဆုတောင်းပေးရပေဦးတော့မည်။

သူ အိမ်ဆီသို့ ပြန်ခဲ့သည်။

"မွေးလိုက်တာသားရယ်၊ ကလေးမလေးတော့ နောင်ဘဝ ဒီထက်မက လှဦးတော့မှာပဲ၊ ငါ့သားလဲ အခုမှပဲ ဘုရားမှန်း တရား မှန်း သိတတ်တော့တယ်"

"အဲဒါ မကောင်းဘူးလား မေမေ"

"ကောင်းပါ့ရှင်. . . ကောင်းပါ့"

မိခင်သည် နန်းကြူနွာနွယ်နှင့် သူ၏ဆက်ဆံမှုအပေါ် ဝယ် လုံးဝဟန့်မတားခဲ့။ ဘာဖြစ်၍များ သရဖီ မိခင်သိမှာ စိုးကြောက်နေ ရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဖလူးပွင့်လေးများကို ရေဇလုံးထဲ ရေထည့်ပြီး ဖွဖွကလေး ဆေးလိုက်သည်။ ပြီးသည်နှင့် ဇကာထဲ စစ်လိုက်ပြီးမှ ကြွေပန်းကန် ပက်ပက်ကို ယူကာ ပန်းများကို မောက်မောက်ကလေး တင်လိုက်သည်။

ထမင်းကြော်ကို ညက်ညက်ဝါးရင်း သတင်းစာဖတ်နေသော ဖခင်ဦးဘုန်းဇော်ကလည်း ပြုံးပြုံးကြီး ကြည့်ကာ. . .

"ငါ့သားတော့ ခြေအတော်ငြိမ်ရုံမကဘူး အိမ်အလုပ်တွေပါ စိတ်ဝင်စားတာကို ဖေဖေက သာခုခေါ် သင့်ပြီလားဟေ့"

"ခေါ်ရင်လဲ ရပြီထင်တယ်၊ ဖေဖေ၊ လူလတ်ပိုင်းကို ရောက်လာပြီး မကြာခင် အလုပ်ဝင်တော့မယ့် လူတစ်ယောက်အတွက် ဒီလောက်တော့ လိမ္မာရေးခြား ရှိသင့်ပြီလို့ကော ဖေဖေ မထင်ဘူးလား"

"ခွေးမသား. . သူက မေးခွန်းပြန်ထုတ်နေသေးတယ်၊ ဒါပေမယ့် ဖေဖေ တစ်ခုတော့ သတိပေးချင်တယ် သား၊ သာမန်မိန်းမသားတစ်ဦးနဲ့မတူတဲ့ ဒုက္ခိတမိန်းမသားတစ်ဦးကိုတော့ ဒုက္ခသွားမပေးမိစေနဲ့နော်၊ ပေးမိသွားရင် မင်းဟာ ယောကျ်ားတစ်ဦး မဟုတ်တော့ဘူးဆိုတာကိုတော့ ခေါင်းထဲမှာ မြဲမြဲမြံမြံ သွင်းထားလိုက်နော် ဘိုဘို"

သူ၏နားသယ်မွေးများ ထောင်ထသွားအောင် ကျောထဲ စိမ့်တက်သွားသည်။ ပန်း,ပန်းကန်လေးကို ဟန်မပျက် မ,ယူရင်း. . .

"သား. . ယောကျ်ားပါ ဖေဖေ"

"အေးပါ. . . ဖေဖေ ယုံကြည်ပါတယ်၊ ပညာရှိ သတိဖြစ်ခဲ့ဆိုသလို ဖြစ်နေမှာစိုးလို့"





သားကို မြှောက်ပင့်ပြောလိုက် ခြိမ်းခြောက်လိုက်၊ ချော့မော့လိုက်နှင့် လမ်းညွှန်ပေးတတ်သော ဖခင်ကို ထွန်းဘုန်းဇော်သည် လေးစားချစ်နှင့် ချစ်သည်။ နန်းကြူနွှာနွယ်နှင့် ပတ်သက်၍ ဝေဖန်သမှု မပြုသော်လည်း စဉ်းစားနိုင်အောင်တော့ စကားဆိုတတ်သည်။

မျက်မမြင်သည်မှအပ သူများနည်းတူ ဘွဲ့တစ်ခု ရသည်။ ဂီတ၌ ကျွမ်းကျင်သည်။ သူ့ခြေသူ့လက်နှင့် ဝတ်နိုင်နေနိုင်၊ စားနိုင်သွားလာနိုင်သည်။ သို့သော် လူကြားထဲတော့ တစ်ယောက်တည်း သွားလာ၍ ရမည်မဟုတ်။

ဆိတ်ဖလူးပန်း ပန်းကန်ကို ဖယ်ရှားလိုက်ပြီး ပန်း,ပန်းကန် အသစ်ကို ကပ်လှူလိုက်သည်။

ဘုရား၌လည်း ဆုတောင်းလိုက်သည်။

ဤပန်းကို ကောက်ပေးသော ဘုရားသမီးတော် နန်းကြူနွှာနွယ်သည် မျက်စိနှစ်ကွင်း အမြန်ဆုံး အလင်းရောင် ရ,ရပါလို၏ အရှင်ဘုရားဟု. . .။





www.burmeseclassic.com

www.burmeseclassic.com





## [၁၃]

"အနုပညာရသဆိုတာ လူတိုင်း ခံစားသင့်တယ်နော် ကိုထွဋ်"

"နန်းနွယ်"

"ကြည့်ပါဦး မမနွယ်၊ လိပ်ပြာလေးတွေ ပျံနေတာ ကဗျာဆန်လိုက်တာ၊ ဘာငှက်ကလေးလဲ မသိဘူး၊ အပြာရောင်လေးနဲ့ အတောင်ကလဲ ရှည်ရှည်လေးနဲ့"

သရဖီဘုန်းဇော်က အမှုမဲ့အမှတ်မဲ့ ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် နန်းကြွနှာနွယ်က အပြုံးမပျက်ဘဲ. .





"ဟုတ်တယ်. . . သိပ်လှတာပဲ၊ စိတ်ကူးယဉ် အိပ်မက်ထဲက ပန်းဥယျာဉ်လေးတစ်ခုကို ရောက်နေသလိုပဲ နော်. . . ဟင်းဟင်း"

ပျော်ရွှင်မှုကို ရာကြဲယူနေရသော နန်းကြွနှာနွယ်ကို သူ ငေးမောကြည့်နေမိသည်။ သူ့မျက်ဝန်း၌ တကယ်ပင် ဘုံကြီးပြတ်သော မိုးနတ်ဒေဝီ ကိုယ်ထင်ပြသည့်အလား ရှိနေလေသည်။

အနက်ပေါ်၌ အစိမ်းရောင်ပွင့်လေးများ ပါသော ပိုးသားပျော့အစကို အထက်အောက်ဆင်တူ လက်တိုကလေး ချုပ်ဝတ်ထားသောအခါ ဆင်စွယ်ရောင် အသားအရည်နှင့် နို့နှစ်ရောင်ပြေးနေသော သူမ၏အလှသည် ယှဉ်ပြိုင်သူ မရှိအောင် လှလျက်ရှိသည်။

"ဖိဖိ စာသွားကျက်တော့မယ် မမနွယ်"

"အေး. . အေး"

သရဖီဘုန်းဇော်သည် ဘာစိတ်ကူးပေါက်သည် မသိ။ မပြောမဆိုနှင့် နှုတ်ဆက်လိုက်သည်။ ထွဋ်ဘုန်းဇော်ကို မျက်စိတစ်ဖက်မှိတ်ပြပြီးမှ လှစ်ခနဲ ပြန်သွားလေသည်။

ညီမ၏မျက်စိမှိတ်ပြခြင်း အဓိပ္ပာယ်ကို သူနားမလည်ချေ။ တိုက်တွန်းခြင်းလော။ တိုက်တွန်းခြင်း၏အဓိပ္ပာယ်တွင် သူနှင့် နန်းကြွနှာနွယ်ကို သဘောတူညီနေခြင်း ပါဝင်ပေမည်။

ချစ်ခြင်း၌ အနစ်နာခံခြင်းတို့ ပါဝင်ရပေမည်။ သို့သော် နန်းကြွနှာနွယ်၏အလှတွင် ယစ်မူးနေခြင်း ပါဝင်သည်။ လက်ထပ်မည့်အရေး၌. . .

"နန်းနွယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နန်းနွယ်ရုပ်ကို နန်းနွယ် မြင်ဖူးခဲ့သလား"

"ငယ်စဉ်တောင်ကျေး ကလေးဘဝက နှပ်ချေးတွဲလောင်း ရုပ်ကို မှန်ထဲမှာ မြင်ဖူးခဲ့တယ်. . . ဘာဖြစ်လို့လဲဟင်"

"ဩော်. . . စောစောက ဖိဖိပြောသွားတဲ့အလှတရားတွေ အားလုံးဟာ နန်းနွယ်ရဲ့အလှကို ခြေဖျားတောင် မမီတူးလို့ ပြောမလို့"

"အို. . . နွယ် ဒီလောက်တောင် လှသလား၊ အလှဆိုတာ ဘာလဲဟင်၊ နှာခေါင်းချွန်မှလား၊ မျက်ခုံးကောင်းမှလား၊ အသားဖြူမှလား၊ နွယ် ရယ်ချင်လိုက်တာ၊ လိပ်ပြာလေးတွေလဲ သူ့ဟာသူ လှကြမှာပါပဲ၊ ပန်းလေးတွေလဲ လှကြမှာပါ၊ သူတို့အလှတရားကိုမှ မမြင်တွေ့ ခံစားခွင့်မရှိတဲ့ နွယ်ဟာ အလှတရားနဲ့ ပြည့်စုံခြင်းမှ ရှိပါ့မလား"

ညနေလေးနာရီဟူသော ကာလသည် အပင်ကြီး အပင်ရိပ် များရှိသော နန်းကြက္ခာနွယ်တို့၏ခြံ၌ လမ်းလျှောက်၍ ကောင်းရုံ မျှပင် နေပြောက်များ ထိုးပေးလျက်ရှိသည်။

"ဘာဖြစ်လို့ မရှိရမှာလဲ. . . သိပ်ရှိတာပေါ့၊ ဘယ်သူ့မေးမေး နန်းနွယ်ကို သိပ်လှတာပဲလို့ ဖြေမှာပဲ"

"အကြောင်းမသိတဲ့လူတွေသာ ဖြေမှာ မဟုတ်လား၊ အကြောင်းသိတဲ့လူတွေကတော့ ကျီးအာသီးကို ရွံရှာသလို ရွံရှာသွားမှာပါ"

"ဟာ. . . မဆိုင်လိုက်တာ နန်းနွယ်၊ နန်းနွယ်စိတ်ထဲမှာ ဒီလောက်ထင်နေရင် ဘာဖြစ်လို့ အစမ်းသပ်မခံသလဲ၊ ကိုယ် ဆရာဝန်ကြီးတွေနဲ့ လိုက်ပြပေးမယ်လေ"

"တော်ပါ ကိုထွဋ်၊ ဘာလဲ နွယ် ဒီအတိုင်းပဲ နေသွားမယ်





နွယ့်ကို မျက်မမြင်ဖြစ်လို့ မခင်ချင်လဲရတယ်"

နန်းကြက္ခာနွယ်၏ရင်တွင်းခံစားချက်ကို သူ မသိမြင်နိုင်ချေ။

သို့သော် အဖျားခတ် တုန်လှုပ်သွားမှန်း သိလိုက်ရသည်။

တစ်ဆက်တည်း ချာခနဲ လှည့်ထွက်သွားသော သူမကို ပျောက်ဆုံးသွားမှာ စိုးကြောက်သည့်အလား သူ ကမန်းကတန်း တားဆီးလိုက်သည်။

နန်းကြက္ခာနွယ်၏အိထွေးနူးညံ့သော လက်မောင်းသားလေး၏အထိအတွေ့သည် သူ၏ညာလက်မှတဆင့် သူ့တစ်ကိုယ်လုံးရှိ သွေးကြောများကို ပျံ့နှံ့သွားစေသည်။

"အို. . ."

မထင်မှတ်ထားမှုကြောင့် နန်းကြက္ခာနွယ်၏ကိုယ်ကလေးသည် သူ့ရင်ထဲ လဲပြိုလာသည်။

သတိတရားသည် ထွဋ်ဘုန်းဇော်၏ခန္ဓာကိုယ်အတွင်းမှ ကင်းကွာသွားလေသည်။ ထွေးထွေးအိအိ ခန္ဓာကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်မိပြီး သနပ်ခါးရနံ့လေး သင်းနေသော ပါးပြင်လေး၌ သူ၏နှာခေါင်း နစ်ဝင်သွားသည်။

"အို. . လွှတ်"

တာဒင်္ဂပါ။ စက္ကန့်ပိုင်းမျှသာ ဖြစ်လိမ့်မည်ထင်။ သတိဝင်သွားသော နန်းကြက္ခာနွယ်က ရုန်းကန်လိုက်သဖြင့် သူလွှတ်ပေးလိုက်စဉ်. . .

"ရှင်. . လူယုတ်မာ"

'ဖြန်းခနဲ' မြည်သံနှင့်အတူ သူ့မျက်လုံး၌ ရောင်စုံကြယ်စဉ်တန်းလေး မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်းတယ်"

နှလုံးသည်းပွတ်ကြားက စိမ့်ထွက်လာသော နာကြည်းစွာ ရေရွတ်သံနှင့်အဆုံး သူမ ထွက်အပြေး၌ သူသည် အံ့အားသင့်ပြီး ငေးကျန်ခဲ့သည်။

သို့သော် . . .

ဒေါသစိတ်ဖြင့် ပြေးထွက်သွားသော နန်းကြွနွယ်သည် လူကောင်းမဟုတ်။

လမ်းကြောင်းများကာ ရွက်လှပန်းအိုးများကို ဝင်တိုးမိကာ လဲပြိုသွားသည်။

"ဟာ. . . နန်းနွယ်"

သူသည် မည်ကဲ့သို့ ပြေးလွှားသွားမိသည်မသိ။ နန်းကြွနွယ်နား ရောက်သွားသည်။

ပွေ့ယူရန် ကြိုးစားရင်းမှ ပန်းအိုးပိနေသော ခြေထောက်ကြောင့် ပန်းအိုးကို ဖယ်ရှားစဉ်. . .

"ဟင်. ."

သူ့မျက်ဝန်းသည် အဆမတန် ပြူးကျယ်သွားသည်။ တစ်ဆက်တည်း ရင်မှာ တဒိတ်ဒိတ် ခုန်နေမှုကား ပတ်ဝန်းကျင်၌သာ လူများ ရှိနေလျှင် ကြားသိနိုင်ပေသည်။

"အား. . ကျွတ်. . ကျွတ်. . ကျွတ်"

သူမ၏ညည်းညူသံသည် သူ၏အသိတရားကို ပုတ်ခတ်နှိုးလိုက်သည်။ ဘယ်ဘက် ခြေသလုံး ဝင်းဝင်းလေး၌ အမှတ်အသား သဖွယ် ဖြစ်နေသော အနာရွတ်သည် သူ၏နှလုံးသားကို လှောင်ပြုံးနှင့် ပြုံးပြနေသည်။

ပန်းအိုးကြားမှ နန်းကြွနွယ်ကို ဆွဲယူမ,လိုက်သည်။





"အား. . . ခြေထောက်နာတယ်"

သူ စဉ်းစားမနေတော့ဘဲ သူမအား ကလေးတစ်ဦးသဖွယ် ပွေ့ချီလိုက်သည်။

မျက်ရည်များဖြင့် စိုလက်ကာ မျက်နှာပြင်တစ်ပြင်လုံး အုံ့မှိုင်းဖွဲ့နေသော မျက်နှာဖူးဖူးလေး၏အသွင်သဏ္ဌာန်သည် ငယ်ရုပ်ဆင်လျက် ရှိလာသည်။

"ပုံ့ပုံ့"

"ဟင်"

ရင်ခွင်ထဲမှ သူမသည် မျက်စိသူငယ်နားသူငယ်နှင့် ရှိသော သမင်ပျိုမလေးနှယ် ရှိချေသည်။

"ပုံ့ပုံ့. . . ကိုယ်လေ. . . ဘိုဘိုပါ၊ နင့်သူငယ်ချင်း ဘိုဘိုပါ"

"ဘိုဘို"

"ဟုတ်တယ်. . . တောင်ငူမှာတုန်းက တွေ့ခဲ့တဲ့ ဘိုဘိုလေ . . . မှတ်မိလား"

"ဟင်. . လွှတ်၊ ဘိုဘို ငါ့ကိုလွှတ်၊ နင့်ကြောင့် ငါမျက်စိကန်းခဲ့ရတာ၊ အခုလဲ နင့်ကြောင့်ခြေထောက်နာရပါပြီ"

အမျက်လျော့နည်းသွားသော စကားသံများဟု သိလိုက်ရသည်။

"ွေးခင်ရေ"

မ်ထဲသို့ ရောက်သည်နှင့် သူသည် နန်းကြွနွယ်အား ဆက်ကတီပေါ်သို့ ညင်သာစွာ ချလိုက်သည်နှင့် သူမက ထွေးခင်အား လှမ်း၍ခေါ်လိုက်သည်။

"ခြေပွတ်တိုင် လည်သွားတယ်၊ ကိုယ် ခါပေးမယ်"

"မခါနဲ့. . . နင့်ကူသမှု ငါမခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘာလုပ်ပေးရမလဲ မမနွယ်"

"လေးလေးကို ဖုန်းဆက်၊ ခြေထောက်နာနေတယ်၊ ဆရာဝန် ခေါ်ခဲ့ပေးလို့"

"ဟုတ်"

"မဆက်နဲ့ထွေးခင်၊ ကျွန်တော့်ကြောင့်ဖြစ်တာ၊ ကျွန်တော်ပဲ ကုပေးမယ်"

"ဘိုဘို. . . ခုထက်ထိ ဗိုလ်ကျချင်တုန်းပဲလား"

"ထင်ချင်သလိုထင်တော့ ပုံ့ပုံ့၊ ခုလောလောဆယ်တော့ မင်းခြေထောက်ကို ဆွဲခါရလိမ့်မယ်"

ထွေးခင်က သူနှင့်နန်းကဿာနွယ်အကြားတွင် ဘာမှ မပြောဆိုသာဘဲ ကြောင်တောင်တောင်နှင့် ရပ်နေသည်။

"ထွေးခင်. . . ဖုန်းဆက်ဆို"

"မဆက်နဲ့. . . လုပ်စရာရှိတာ သွားလုပ်ချည်"

"နင် ငါ့ကို လာမထိနဲ့နော် ဘိုဘို"

ငယ်ရုပ်နှင့် ငယ်စိတ်အသွင်သဏ္ဍာန်တို့သည် နန်းကဿာနွယ်၌ ပြန်လည်မွေးဖွားလာသည်။ သူကလည်း အရေးမစိုက်။ ငယ်စိတ်ဖြင့် ရှင်သန်တက်ကြွစွာ သူမ၏ဘယ်ခြေထောက်ကို ဆွဲခါပေးလိုက်သည်။

"အား. . . နာတယ်"

"ပျောက်ပြီ. . . နင်းကြည့်"

"ဟင်း"

မကျေမချမ်းဖြင့် ထရပ်သည်။ ရသွားလေပြီ။

ထွေးခင်က မီးဖိုဘက်မှ ဟင်းအိုးနံ့ ထွက်လာသဖြင့် ဆီသတ်ခဲ့သည်ကို သတိရကာ. . .





"ဟောတော်. . . ကုန်ပါပြီ"

ဟု ဆိုပြီး ပြေးဝင် ပျောက်ကွယ်သွားသည်။

"ပုံ့ပုံ့"

ထွန်းဘုန်းဇော် လှိုက်လှဲဝမ်းသာစွာ ခေါ်လိုက်သည်။ ဘာဖြစ်၍များ သူသည် နန်းကဿာနွယ်ကို ပုံ့ပုံ့အဖြစ် မရိပ်မိခဲ့ရပါလိမ့်။

ငယ်စဉ်ကဝဝပုံ့ပုံ့နှင့် ယခု မြင့်မြင့်လှလှ ယဉ်စစနှင့် နန်းကဿာနွယ်သည် ဘယ်လိုမှ ဆက်စပ်၍ မရခဲ့သည်မှာ သူ့အလွန်မဟုတ်။ ယခင်က ပုံ့ပုံ့နာမည်ကလည်း အေးငြိမ်းသူ ဖြစ်သည်။ ထိုအကြောင်းများကြောင့် သူသည် ပုံ့ပုံ့ကို မေ့လျော့ခဲ့ခြင်းဖြစ်သည်။

"ဘာပုံ့ပုံ့လဲ. . . သွား၊ နင် လူယုတ်မာ၊ ငါ့သူငယ်ချင်း မဟုတ်ဘူး၊ ငါ့သူငယ်ချင်းဘိုဘိုက ဗိုလ်ကျတာကလွဲရင် နင့်လို မယုတ်မာဘူး"

"ကိုယ် ဘာယုတ်မာလို့လဲ"

ထွန်းဘုန်းဇော်သည် ငယ်စဉ်ကကဲ့သို့ 'နင်' 'ငါ' ဟူ၍ပင် မသုံးချင်တော့။ သူငယ်ချင်းဘဝက ကျော်လွန်နေပြီ။

ပုံ့ပုံ့မှန်း မသိခင်ကတည်းက စွဲစွဲလမ်းလမ်း ဖြစ်ရသော သူ့အပေါ် သူငယ်ချင်းချစ်ထက် ပိုလေပြီဖြစ်ခြင်းကြောင့် သူငယ်ချင်းသုံး မသုံးချင်တော့။

"ဘာမသိချင်ဟန် ဆောင်နေတာလဲ၊ နင် စောစောက ငါ့ကိုဘာလုပ်သလဲ"

"ခြေထောက်ခါပေးတယ်လေ. . . ပျောက်စေချင်တဲ့ စေတနာနဲ့ပါ၊ ယုတ်မာတာ မဟုတ်ဘူး"

ထွန်းဘုန်းဇော်သည် သိလျက်နှင့် တမင်ကလိနေခြင်း ဖြစ်သည်။ သူ့စိတ်၌ ဘယ်အရာမှ လွမ်းမိုးချုပ်ကိုင်ခြင်း မရှိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . နင် မညစ်နဲ့နော်"

"ဩော်. . ဩော်. . သိပြီ၊ နန်းနွယ်ကို ပွေ့ချီခဲ့တာလား"

"ဦးထွဋ်ဘုန်းဇော်. . . ရှင်ပြန်တော့၊ ကျွန်မဆီ ဘယ်သော အခါမှ မလာနဲ့တော့"

"ဟင်း. ဟင်း. ဟင်း. . နန်းနွယ်ရယ်၊ ကိုယ် စ,တာပါ၊ နန်းနွယ်ကို ပွံ့ပွံ့မှန်း သိလိုက်ရတဲ့နောက် နန်းနွယ်နှင်လဲ ကိုယ်လာမှာပဲ၊ နန်းနွယ် ရိုက်လဲ ကိုယ်လာမယ်၊ စောစောက ဖြစ်ပျက်သွားတဲ့ အနမ်းဟာ ယုတ်မာလို့ ဖြစ်ပျက်တာ မဟုတ်ဘူး၊ ချစ်လို့ နမ်းမိတဲ့ အနမ်းပါ၊ မကျေနပ်ရင် လူကြီးတွေနဲ့ တိုင်ပြောလိုက်လေ"

နန်းကြွဒ္ဒါနွယ်က ဧည့်ခန်းထောင့် တစ်နေရာရှိ စန္ဒရား ဆီသို့ လျှောက်သွားပြီး အဖုံးကို ဖွင့်ကာ ခလုတ်များကို သံစဉ်မဲ့ လျှောက်တီးနေသည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်"

"နန်းနွယ်"

". . . . . ."

သူက လိုက်သွားပြီး သူမပခုံးကို ဆွဲလှည့်လိုက်သည်။

"နင့်ကို ငါလက်ထပ်မယ် ပွံ့ပွံ့"

ထိုအခါ သူမပါးပြင်ထက်သို့ မျက်ရည်များ လျှံကျလာ သည်။

"ဟာ. . . မငိုနဲ့ နန်းနွယ်၊ ကိုယ်တကယ်ပြောတာ၊ ကိုယ် လက်ထပ်ချင်တယ်၊ အမြန်ဆုံး လက်ထပ်ချင်တယ်၊ ဖေဖေတို့ကို ဖွင့်ပြောလိုက်ပြီး အမြန်ဆုံးတောင်းခိုင်းမယ် ဘယ်နဲ့ သဘောရသ လဲ"

"မျက်မမြင်ဒုက္ခိတလေးက ငါ့လိုလူကို ဘယ်ငြင်းလိမ့်မလဲ





လို့ အပိုင်ချည် ပြောလိုက်တာလား ဘိုဘို"

"ဟာ. . . မဟုတ်ပါဘူး ပွံ့ပွံ့ရာ၊ နင့်ကို ငါ တကယ်ချစ်တာ ပါ၊ စောစောကလဲ ကိုထွဋ်ဟာ နန်းနွယ်ကို ချစ်တဲ့စိတ်နဲ့ နမ်းမိသွား တာပါ၊ ဒီအတွက် ငါဖြေရှင်းချိန် မရလိုက်ဘူး"

"ဟုတ်ရဲ့လား ဦးထွဋ်ဘုန်းဇော်ရယ်၊ မျက်စိကို အရင်ကုသ ပြီး ကောင်းသွားမှ ချစ်ရေးဆိုမယ်လို့ ဆုံးဖြတ်ထားတာ မဟုတ်ဘူး လား"

သူ့စိတ်ကို ဖောက်ထွင်းမြင်ရသည့်အလား သူမက ပြော လိုက်အခါ ထွဋ်ဘုန်းဇော် တုန်လှုပ်သွားသည်။ သူမ မျက်စိမမြင့် ခြင်းက သူ၏ကြွေမြေပျက်ယွင်းသွားမှုကို တွေ့မြင်ခွင့် မရသွားပါ။ သို့အတွက် သူ အနည်းငယ် အနေချောင်သွားရသည်။

"ဒီလိုထင်ထားရင် ကိုယ် ဝမ်းနည်းပါတယ်၊ အခု ကိုယ် မင်းကို လက်ထပ်ရဲတယ်လေ နန်းနွယ်"

"ပွံ့ပွံ့ ဖြစ်နေခြင်းကြောင့်လား"

"ဒါလဲ တစ်စိတ်တစ်ဒေသ ပါတယ်လို့ ကိုယ် ဝန်ခံပါတယ်"

"ထားပါတော့လေ. . . ငါက နင့်ကို လက်ထပ်လိမ့်မယ်လို့ နင်ယူဆလိုက်ပြီလား"

"ယူဆလိုက်ပြီ ဆိုရင်ကော"

"နင် ရူးသေးတာပဲလို့ ငါပြောရမှာပဲ"

"ပြောလေ နန်းနွယ်၊ ကြိုက်သလို ပြောနိုင်တယ်၊ ကိုယ်က နန်းနွယ်ဆီက အချစ်ကိုရဖို့နဲ့ လက်ထပ်ခွင့်ရဖို့အတွက် နည်းမျိုးစုံ ကြိုးစားရတော့မှာပဲ၊ ဒီအတွက်တော့ နန်းနွယ် ဘာပဲပြောပြော ကိုယ်ခံရမှာပဲ"

"ငါ့ဘဝ ပျက်သုဉ်းအောင် လုပ်ခဲ့တဲ့နင့်ကို ငါက ပြန်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမယ်၊ လက်ထပ်ရဦးမယ် ဟုတ်လား ဘိုဘို"

"ဟုတ်တယ်. . . ငါ့ကြောင့် ဘဝပျက်သုဉ်းသွားရတဲ့ နင့်ကို ငါက လက်ထပ်ရမယ်၊ ထာဝရ ချစ်သွားရမယ်၊ ဒါဟာ ငါ့ရဲ့အကြီးမားဆုံးသော ဆန္ဒတစ်ရပ်ဖြစ်သွားပြီ ပုံ့ပုံ့"

'ကိုယ်' ဟု သုံးလိုက်၊ 'နင်' 'ငါ' သုံးလိုက်နှင့် သူ့ရင်၌ ပျော်ရွှင်ခြင်းနှင့်အတူ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ ကံကြမ္မာသည် ချားရဟတ်ကဲ့သို့ပင် လည်ပတ်နေသည် ထင်ပါသည်။

"ကောင်းပြီလေ. . . နင်လဲ နင့်ဆန္ဒတစ်ရပ်ကို ရအောင် အကောင်အထည် ဖော်ပေါ့၊ ငါလဲ ငါ့ဆန္ဒတစ်ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်တော့မယ်"

"ပုံ့ပုံ့ဆန္ဒက ဘာလဲ"

"နင့်ကို ပြောလို့ဖြစ်မလား၊ နင်က ငါ့ရဲ့ဆန္ဒကို သိသွားရင် ကြိုတင်ကာကွယ်မှုတွေ ဖြစ်သွားမှာပေါ့"

"ကောင်းပြီလေ. . . နန်းနွယ် စိတ်ချမ်းသာသလို နေပါ၊ ဒါပေမယ့် ကိုယ်တစ်ခုတော့ တောင်းဆိုပါရစေ"

"ဘာလဲ. . . သရဖိုကိုတော့ ပတ္တလားတီး ဆက်သင်ပေးဖို့ ပဲ မဟုတ်လား၊ စိတ်ချပါ. . . ကိုယ်ရေးကိုယ်တာကိစ္စ တစ်ခုတည်းနဲ့တော့ ကိုယ့်အပေါ် ယုံကြည်အားကိုးနေတဲ့ တပည့်တစ်ဦးရဲ့ရည်မှန်းချက်ကို မပျက်စီးစေရပါဘူး၊ သူလာပါစေ၊ နင်လဲ လာကြိုနိုင်ပါတယ် ဘိုဘို၊ ဒါပေမယ့် ငါ့ကို နောက်ထပ် ပုံ့ပုံ့လို့ မခေါ်နဲ့တော့၊ အကြောင်းထူးကိစ္စ မရှိဘဲနဲ့လဲ အပ်ကြောင်းထပ်စေမယ့်စကားတွေ ထပ်မပြောနဲ့တော့၊ ငါ နင့်ကို လက်ထပ်တော့မယ်လို့ ဆုံးဖြတ်တဲ့နေ့မှာ ငါ ချစ်သမျှကိုပတ်ပျိုး တီးပြမယ်၊ နင် စောင့်မျှော်ပေတော့၊ ဟုတ်လား ဘိုဘို"





"ကောင်းပြီလေ. . . နန်းနွယ်ဆီက အဖြေရပြီးရင် ကိုယ် အမြန်ဆုံး လက်ထပ်ဖို့ ကြိုးစားမယ်၊ အခုလဲပဲ. . ."

"ငါ့ဆီက သီချင်းသံကြားမှ နင်ဖွင့်ပြောရမယ်နော်၊ အဲ. . . ငါ့ဆီက ခွင့်ပြုချက် မရဘဲ ကြိုးစားရင်တော့ ငါ ဘယ်သူ့မျက်နှာကိုမှ ထောက်ထားလိမ့်မှာ မဟုတ်ဘူးဆိုတာတော့ နင့်ခေါင်းထဲမှာ ထည့်ထားလိုက်ပါ ဘိုဘို"

"ကောင်းပြီ နန်းနွယ်၊ ငါတော့ ယုံကြည်တယ်လေ၊ မေတ္တာဆိုတာ အပြန်အလှန် သက်ရောက်မှု ရှိတဲ့အတွက် နင် ငါ့အပေါ်မှာ ဘယ်နည်းနဲ့မှ မစိမ်းကားနိုင်ပါဘူးလို့လေ၊ မဟုတ်ဘူးလား နန်းနွယ်"

"ကိုယ်ထင်ရင် ခုတင်ရွှေနန်းပေါ့လေ၊ ကျွန်မနားချင်ပြီ. . . ရှင်ပြန်တော့"

"နားပါ. . . ကိုယ် ဝမ်းသာရမယ့်အဖြေအတွက် သိပ်စဉ်းစားမနေနဲ့နော်၊ ပြည့်ပြည့်ဝဝ အနားယူလိုက်. . . သိလား"

"စိတ်ချ. . . ကျွန်မ ရှင့်ကို ဘယ်လိုဒုက္ခပေးရမလဲဆိုတဲ့ စဉ်းစားမှုကို အနားယူချိန်မှာတော့ ထည့်သွင်း မစဉ်းစားပါဘူး"

"ပုံ့ပုံ့ရယ်"

"ကျွန်မနာမည် နန်းကန္တာပါ"

ဟု ပြောပြီး လှေကားအတိုင်း ဖြောင့်တန်းစွာ တက်သွားသည်။

"ကိုယ် သီချင်းသံကို စောင့်မျှော်နေမယ်နော် နန်းနွယ်"

မျှော်လင့်ခြင်းဟူသော စကားစုကိုတော့ သူမရင်တွင်း ၌နေစေရေးကိုတော့ သူကြိုးပမ်းရတော့မည်။ သူ အိမ်ထဲမှ ပြန်ထွက်ခဲ့သည်။

နှလုံးသား၏တောင်းဆိုချက်ကို ဦးနှောက်ကပါ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှောလိုက်သောအခါ သူသည် နန်းကန္ဒာနွယ်ကို အမြန်ဆုံး ချစ်ေ
ဆိုမိသွားခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ပုံ့ပုံ့သည် သူ တာဝန်အယူသ
ဆုံးသော ငယ်ကျွမ်းဆွေဖြစ်နေခြင်းကြောင့်ပင်။





www.burmeseclassic.com





# [၁၄]

"ဘိုဘို. . ငဘိုစုတ်. . ထတော့လေဟာ၊ ငါ့ကို စက်ဘီးစီး
သင်ပေးမယ်ဆို ကောင်စုတ်ရဲ့. . . ထ"

"ဟွဲ့. . . ဟွဲ့"

စောင်ကိုဆွဲကာ သူ့နားဝ၌ ငှက်ဆိုးထိုးသံအလား ကျယ်လောင်စွာ မြည်ဟည်းလာသောအသံကြောင့် စောင်ကို ပြန်လုရုန်းကြိုးစားရင်း. . .

"နိုးပြီဟဲ့ ခွေးပုံ့ရဲ့. . . အရမ်းမဆွဲနဲ့၊ ငါ ဘောင်းဘီ ဝတ်=





ထားဘူး၊ ဖင်ပေါ်ကုန်တော့မှာပဲ"

ငါးနှစ်အရွယ် သူငယ်တန်း ကလေးဘဝ၌ သန့်စင်သော ချစ်ခြင်းများနှင့်ချစ်ရသော သူငယ်ချင်းဘဝတွင်. . . အရှက်အကြောက်တို့လည်း ကင်းစင်လျက်ရှိသည်။

"ဟင်. . . ဒါဖြင့် နင်က ကိုယ်တုံးလုံးကြီး အိပ်တယ်ပေါ့"

"ဘယ်ဟုတ်မလဲ. . . ပုဆိုးဝတ်အိပ်တာ"

"အံမယ်. . . လူကြီးကျနေတာပဲ၊ ဝတ်လဲ မဝတ်တတ်ဘဲနဲ့"

"ဝတ်တတ်ပါပြီဟ. . နေပါဦး. . . မိုးတောင် မလင်းသေးဘဲ နင်က ကျီးကန်းလို တအားအားနဲ့ ဘာဖြစ်နေရတာလဲ"

"ကောင်စုတ်. . . နင်ပဲ ငါ့ကို စက်ဘီးစီး သင်ပေးမယ်ဆို မေ့နေပြီလား"

ဘိုဘို သတိရသွားသည်။ အအိပ်မက်သော ဘိုဘိုနှင့် စောစောထတတ်သော ပုံ့ပုံ့သည် နံနက်ခင်းတိုင်း စကားရည်လုပွဲ ကျင်းပမြဲဖြစ်သည်။

ပုဆိုးကို လူကြီးသဖွယ် ဝတ်ပြီး. . .

"အေး. . သတိရပြီ၊ နင့်ကို လိုက်တွန်းပေးရဦးမှာလား"

"တွန်းပေးဦးပေါ့. . . ငါက တစ်ရက်ထဲနဲ့ ဘယ်တတ်ဦးမှာလဲ"

"စိတ်ညစ်ပါတယ်. . . ညာဏ်ထိုင်းလိုက်တာလဲ လွန်ရော"

"သေလိုက်ပါလား"

"ဟိုကလေးနှစ်ယောက်. . . လာ၊ ကောက်ညှင်းပေါင်းနဲ့ ငါးကြော် စားသွားကြဦး၊ ဘိုဘို မျက်နှာသစ်တော့လေ"

"ဟုတ်ကဲ့ မေမေ"

ဘိုဘို ရေချိုးခန်းထဲ ဝင်သွားမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"လာ. . . သမီး၊ ကောက်ညှင်းပေါင်း စားနှင့်ရအောင်"

"ဟင့်အင်း အန်တီ၊ ပုံ့ပုံ့ ကောက်ညှင်းပေါင်း မစားတော့ဘူး"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"ကောက်ညှင်းပေါင်း စားရင် ဝမ်းချုပ်တယ်တဲ့၊ ဝမ်းချုပ်ရင် ကျီးကန်းပါးစပ်တို့ အဖုအပိန့် အနာတွေ ထွက်ပြီး ရုပ်ဆိုးသွားမှာပေါ့"

ဒေါက်တာဘုန်းဇော်က သဘောကျစွာ ရယ်မောလိုက်သည်။

"ရုပ်ဆိုးသွားရင် ပုံ့ပုံ့ ရုပ်ရှင်မင်းသမီး လုပ်လို့မရတော့ဘူးပေါ့"

"ပုံ့ပုံ့က ရုပ်ရှင်မင်းသမီး ဖြစ်ချင်တယ်လား"

"ဖြစ်ချင်တယ် အန်ကယ်လ်"

"ဘာဖြစ်လို့လဲ"

"လှလို့"

"ဩော်. . . ပုံ့ပုံ့လေးလဲ လှပါတယ် ရုပ်ရှင်မင်းသမီးဖြစ်မှာ သေချာတယ်၊ ကောက်ညှင်းပေါင်းလဲ စားပါ. . . ဝမ်းမချုပ်ပါဘူး၊ သမီးတို့က ဆော့ကစားနေတဲ့အရွယ်ဆိုတော့ အစာကြေသွားမှာပါ။ ကဲ. . . အေးရေ၊ ကလေးကို ကျွေးလိုက်ပါဦး"

"ဒါဖြင့် ပုံ့ပုံ့စားမယ်နော်၊ အဲ့ဒီငချိတ်မဲမဲကြီး မစားချင်ဘူး. . . အသားမဲသွားမှာစိုးလို့"

"ငချိတ်စားလို့ အသားမမဲပါဘူး သမီးရဲ့၊ ဒါဖြင့် အဖြူပဲစား"

ဒေါ်အေးသက်က ပုံ့ပုံ့ကို သားကဲ့သို့ပင် ချစ်ခင်ယုယ အလို





လိုက်သည်။ ပုံ့ပုံ့က မောင်နှမများသည်။ အဖေက စစ်မှုထမ်းဖြစ်သည်။ မောင်နှမလေးယောက်နှင့် မိခင်က မိဘတွေ ရှိရာတောင်ငူ၌သာ နေထိုင်ပြီး ဖခင်ရှေ့တန်းက ပြန်လာချိန်၌သာ တပ်သို့ ခဏတစ်ဖြုတ် လိုက်နေတတ်သည်။

ဒေါက်တာဘုန်းဇော် တောင်ငူဆေးရုံ၌ တာဝန်ကျစဉ် ငှားရမ်းနေထိုင်သောအိမ်နှင့် ပုံ့ပုံ့တို့ အဘိုးအဘွားအိမ်မှာ ခြံချင်းကပ်လျက်ဖြစ်သဖြင့် ခင်မင်သွားကြသည်။ ကလေးချင်း ခင်မင်မှု ပိုလေသည်။

ပုံ့ပုံ့အောက်၌ အငယ်နှစ်ယောက် ရှိသေးသဖြင့် ပုံ့ပုံ့မိခင်ကလည်း ပုံ့ပုံ့ကို ဂရုမစိုက်အား။ ထို့ကြောင့် ပုံ့ပုံ့သည် ဒေါက်တာဘုန်းဇော်တို့အိမ်၌သာ အချိန်ကုန်နေရသည်က များသည်။ သူငယ်တန်းကျောင်း စနေတော့လည်း သူတို့နှစ်ယောက်သည် တစ်ခန်းတည်းဖြစ်ပြီး တစ်ခုံထဲ၌ပင် အတူထိုင်သည်။ ခွဲထားလျှင် ပုံ့ပုံ့သည် အာခေါင်ခြစ်၍ ငိုကြွေးတတ်သဖြင့် အတန်းပိုင်ဆရာမကလည်း ကလေးများ၏ စိတ်ချမ်းသာမှုကို လိုက်လျောရလေသည်။

"စားလေ သမီး"

"ဇွန်းပေး အန်တီ"

"ဟောတော့. . . လက်နဲ့ စားပါလား သမီးရဲ့"

"ဟင့်အင်း. . . ပုံ့ပုံ့ လက်ပေသွားမှာပေါ့"

အသန့်အပြန့်ကြိုက်သော ပုံ့ပုံ့ကို ဆရာဝန်လင်မယားသက်မြောက် အရှုံးပေးရလေသည်။ ဒေါ်အေးသက်က ငါးကြော်အရိုးထွင်ပေးကာ ပုံ့ပုံ့ပန်းကန်ထဲသို့ ပုံပေးရသည်။

ပုံ့ပုံ့က ဇွန်းကလေးဖြင့် ခပ်စားလျက်ရှိသည်။ ဂျပန်ဆံထောက်ခေါ် ဆံပင်ကုတ်ကလေးနှင့် မျက်လုံးမျက်ဖန် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မျက်ခုံးလှလှ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းလေးရဲရဲ ပါးစုံ့ကြီး နှစ်ဖက်နှင့် အသားဖြူဖြူ ဝဝတစ်တစ်တွင် ကလေးမကို သူတို့သား ဘိုဘိုက ချစ်သကဲ့သို့ သူတို့ကလည်း သံယောဇဉ်ဖြစ်နေရသည်။

"ငါ့ဖို့ ကျန်သေးရဲ့လား ပုံ့ပုံ့"

"မကျန်တော့ဘူး. . . ငါစားပစ်လိုက်ပြီ"

"ဟုတ်လား .မေမေ"

"ဒီမှာ မငတွေ့ဘူးလား"

ဒေါ်အေးသက်က ကောက်ညှင်းပေါင်း ထည့်ထားသော ထမင်းအုပ်လေးကို ဖွင့်ပြလိုက်သည်။ အငွေ့လှိုင်နေသော ကောက်ညှင်းငချိတ်ပေါင်းရော အဖြူပါ သူ့အတွက် ထည့်ပေးလိုက်သည်။

"မိညာမလေး"

ပုံ့ပုံ့က သဘောကျစွာ ရယ်မောလျက်. .

"တို့ပြောလို့ ယုံယုံ"

တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်နေသော ကလေး နှစ်ဦးကို လင်မယားနှစ်ဦးက ပြုံးကြည့်နေသည်။

ဘိုဘိုက ကောက်ညှင်းပေါင်းကို နှမ်းထောင်းနှင့် နယ်ကာ အားပါးတရ စားသောက်လေသည်။

ပုံ့ပုံ့က လှုပ်စိလှုပ်စိဖြင့် အစာကို ကြေညက်အောင် ဝါးနေ သည်။

"အစားပုတ်လိုက်တာ. . . နောက်မှစားတဲ့ ငါတောင် ပြီး ပြီ"

"အံမာ. . . ငါက နင့်လို မဝါးဘဲ မျိုချတာ မဟုတ်ဘူး အစာကို ကြေညက်အောင် ဝါးနေလို့၊ ပြီးပြီ. . . သွားမယ်"

"ဟဲ့. . . ကုန်အောင်စားသွားဦးလေ ပုံ့ပုံ့"





"ဟင့်အင်း. . . ကစားတော့မယ်"

ကလေးနှစ်ဦးသည် ထမင်းစားခန်းမှ ပြေးထွက်ခဲ့ကြလေ သည်။

ကလေးများအတွက် အရေးအကြီးဆုံးအချိန်သည် ကစား ချိန်သာလျှင် ဖြစ်ချေသည်။





www.burmeseclassic.com

www.burmeseclassic.com





## (၁၅)

"အား"

"ဟာ. . . ပုံ့ပုံ့"

ပုံ့ပုံ့က ရပြီဟုဆိုသဖြင့် သူသည် ပုံ့ပုံ့နောက်ကို ပြေးမလိုက်တော့ဘဲ လွှတ်ပေးခဲ့လိုက်သည်။ တစ်ခါလွှတ် တစ်ခါဖြစ်လေသည်။

ပုံ့ပုံ့က စက်ဘီးကိုအကွေ့၌ လဲကျသွားလေသည်။ စက်ဘီးရောလူပါ ဘိုင်းခနဲ လဲမှု၊ သည်တွင် သူလည်း အပြေးအလွှား ရောက်သွားရသည်။





ပုံ့ပုံ့ အာခေါင်ခြစ်၍ ငိုလေတော့သည်။

"နာတယ်. . . နာတယ်. . . ဟီးအီး. . . သွေးတွေနဲ့"

ကလေးတွေက ခြံကျယ်၏ထောင့်တစ်နေရာ၌ စက်ဘီးစီးနေခြင်းဖြစ်၍ လူကြီးများကလည်း မတွေ့ကြ မကြားနိုင်ကြချေ။

"ဟာ. . . ဟုတ်တယ် သွေးဥ့စူးသွားပြီ"

"နာတယ်. . . ဟီး. . . နာတယ်"

သူက ပုံ့ပုံ့ကို မနိုင်မနင်း ထူမ,သည်။ မရ။ ငယ်စဉ်၌ မိန်းကလေးများသည် ယောကျာ်းလေးများထက် ပို၍ထွားကျိုင်းကြသည်။

"ငါ ဖေဖေ့ကို သွားခေါ်မယ်"

"ဟင့်အင်း. . . ငါတစ်ယောက်တည်း မထားနဲ့. . . နာတယ်"

ဘိုဘို ခေါင်းကုတ်လိုက်သည်။ အင်မတန် ကပ်တီးကပ်ဖဲ့နိုင်သော သူ့သူငယ်ချင်းမလေးကြောင့် စိတ်ညစ်ရသည်။

"ဖေဖေရေ. . . ဖေဖေ"

သူ ကုန်းအော်ရသည်။ ပုံ့ပုံ့အနာကိုလည်း သူ့စွပ်ကျယ်လေး ချွတ်ကာ ငုတ်ညှောင့်အပေါ် အရှိန်ဖြင့် ပစ်ကျသဖြင့် နက်ရှိုင်းစွာ စိုက်ဝင်သွားခဲ့သည့် ပုံ့ပုံ့၏ဘယ်ခြေသလုံး ဒဏ်ရာလေးကို ပတ်ပေးလိုက်သည်။

"အား. . နာတယ်. . ဟီး"

"ဖွ. . ဖွ. . ဖွ. . ဖေဖေရေ. . ဖေဖေ. . မေမေရေ. . လာပါဦး . . ဒီမှာ ပုံ့ပုံ့ လဲလို့"

ပုံ့ပုံ့ကို ခြေမကိုင်မိ လက်မကိုင်မိနှင့် သူ့မျက်နှာလေးပေါ်ရှိ တွေရင်း မျက်ရည်များ ရစ်ဝဲလျက်မှ လှမ်းအော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ. . . မြန်မြန်လာပါ၊ ဒီမှာ သေတော့မယ်"

ဒေါက်တာဘုန်းဇော်ကော ဒေါ်အေးသက်ပါ ပြေးလာကြသည်။

"ဟဲ့. . ဟဲ့. . ဘာဖြစ်ကြတာလဲ"

"အို. . သမီးလေးလဲ ငိုလို့ပါလား၊ ဘို. . နင် ဘာဗိုလ်ကျပြန်ပြီလဲ"

"ဟီးဟီး. . နာတယ် အန့်တီ"

"လာ. . လာ. . သမီး၊ အန်ကယ် ကုပေးမယ်. . . တိတ်တိတ်"

ဒေါက်တာဘုန်းဇော်က ပုံ့ပုံ့ကိုပွေ့ချီလျက် အိမ်ထဲသို့ ခေါ်ခဲ့သည်။

ဘိုဘိုက စက်ဘီးကိုတွန်းလျက် မိခင်အား လူကြီးသဖွယ် အကျိုးအကြောင်း ရှင်းပြပြီး လိုက်ပါခဲ့လေသည်။

ထိုစဉ် လေးချက်မျှချုပ်လိုက်ရသော ပုံ့ပုံ့၏ဒဏ်ရာလေးသည် အမှတ်သဖွယ် အနာရွတ်အဖြစ် ထင်ကျန်ရစ်ခဲ့လေသည်ကို ဘိုဘို အမှတ်ရနေသည်။

ပုံ့ပုံ့သည် ထိုနေ့မှစ၍ စက်ဘီးကို လုံးဝမစီးတော့ပါချေ။







[၁၆]

"ပုံ့ပုံ့ရေ. . . ပုံ့ပုံ့. . . လာဦး"

သူငယ်တန်းကို အောင်မြင်ကြပြီး ပထမတန်း၌ တက်ရောက်ရန် ဖတ်စာအုပ်သစ်လေးများ မိခင်က ဝယ်ပေးလိုက်သောအခါ ပုံ့ပုံ့သည် စာအုပ်များ ပိုက်လျက် ဘိုဘိုတို့ အိမ်ဘက်ဆီသို့ ပြေးလာသည်။

ဘိုဘို့အမေက သူမစာအုပ်အား အဖုံးလှလှလေးများ ဖြင့်ဖုံးပေးတတ်သောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆီသို့ မဝင်ခင် သူတို့ ကစားနေကျ မရမ်းပင်ကြီး အောက်ရှိ ကွပ်ပျစ်ကြီးပေါ်တွင် ဘိုဘိုက လှမ်းခေါ်လိုက်သည်။

"နေဦး . . . ငါ အန်တီ့ကို စာအုပ်တွေ သွားပေးလိုက်ဦး မယ်"

"မြန်မြန်လာ . . . ငါ နင့်ကို ပြစရာရှိတယ်"

"အေး"

ဘိုဘိုက လက်ကို နောက်ပစ်ထားသဖြင့် တစ်စုံတစ်ခုကို ဖွက်ထားကြောင်း ပွံ့ပွံ့ ကြိုသိနေသည်။

"ပွံ့ပွံ့ မြန်မြန်လာနော်"

"အေးပါ"

ပွံ့ပွံ့ အိမ်ထဲ ပြေးဝင်ခဲ့သည်။

"အန်တီ . . အန်တီ"

"ဘာလဲ ပွံ့လေးရေ"

"ဒီမှာ သမီးကို မေမေက တစ်တန်းဖတ်စာအုပ်တွေ ဝယ် လာပေးတယ်၊ ဘိုဘို့အတွက်ပါ ပါတယ်၊ အဖုံး,ဖုံးပေးနော် အန်တီ"

"အေး . . အေး . . လှလှလေး ဖုံးပေးမယ်၊ ပေး . . ပေး . . သမီး"

"ဘိုမပုံ လှလှလေးတွေနဲ့ ပန်းလေးတွေ လိပ်ပြာလေးတွေ ပါတဲ့ပုံ ဖုံးပေးနော် အန်တီ"

"စိတ်ချ . . . စိတ်ချ၊ သမီးကို အလှစားတွေ ဖုံးပေးပြီး ဟိုကောင့်ကို အစုတ်အပြတ်တွေ ဖုံးပေးမယ်"

"ဒါကြောင့် အန်တီ့ကို သမီးချစ်တာ"

ပွံ့ပွံ့က ဒေါ်အေးသက်ကို ဖက်ကာ ပါးကို နမ်းရှုပ်ပြီး ပြေး ထွက်သွားလေသည်။





ဒေါ်အေးသက်က ကလေး၏ညာတုတ်မှုကိုသိသော်လည်း ကျေနပ်ပြုံးနှင့် ကျန်ရစ်ခဲ့သည်။ သမီးကြီးနှင့်သားငယ်သည် ခြောက်နှစ်ခြားပြီးမှ ရသည်။ ထို့ကြောင့် သားဘိုဘို၌ အဖော်မဲ့ နေသည်။ အစ်မကြီးကလည်း သူ့မောင်အပေါ် စိတ်မရှည်တတ်။ ဘိုဘိုကလည်း အစ်မကိုဆိုလျှင် အနိုင်ကျင့် ဗိုလ်ကျတတ်သည်။ ပွံ့ပွံ့လေးနှင့် တွေ့မှ သူတို့ ကစားဖော် ရသွားကာ ပျော်ရွှင်နေကြ တော့လေသည်။

"ဘိုဘိုရေ"

ဘိုဘို ပုန်းနေသည်။ ပွံ့ပွံ့ကို သူကြွားစရာရှိသည်။ စ,နေကျ အတိုင်းလည်း ပုန်းအောင်းလိုက်သေးသည်။

"ဘိုဘို"

". . ."

"ဘိုဘို . . . နင်ထွက်လာရင် ထွက်လာနော်၊ ထွက်မလာ ရင် ငါငိုလိုက်မှာ"

ပွံ့ပွံ့သည် အပင်ပန်းခံ၍ ဘယ်တော့မှမရှာ။ ကွပ်ပျစ်ကြီး ပေါ်သို့ တက်ကာ အကျအန ပုဆစ်ဒူးတုတ် ထိုင်နေလိုက်သည်။

ဘိုဘိုသည် ပုဏ္ဏားရိပ်အုံကွယ်မှ ချောင်းကြည့်ရင်း အသည်း ယားနေသည်။ သူသည် အိမ်မှာသာ ဗိုလ်ကျ၍ရသည်။ ပွံ့ပွံ့နှင့်ကျ လျှင် အမြဲအလျှော့ပေးရသည်။

"ဘိုဘို"

"တူ"

သူ အသံပြုကြည့်သည်။ တုတ်တုတ်မျှ မလှုပ်။ ဂျပန်ရုပ် ကလေးကို ချထားသည့်အတိုင်းပင်။ ဆာမူရိုင်း ဆံပင်ပုံလေးနှင့် ကီမိုနိုဝတ် ဂျပန်မရုပ်ကလေးကို သူကြည့်လိုက်သည်။ သူ လာမေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



အောင်သည်ဟု ဆိုသဖြင့် သူ့ဦးလေးသည် သူ့အတွက် ဂျပန်မှ ပို့ပေးလိုက်သောအရုပ်လေးဖြစ်သည်။

ထိုအရုပ်လေးသည် ကြည့်ရင်းကြည့်ရင်းနှင့် ပုံ့ပုံ့နှင့် တူလာသည်။ ထို့ကြောင့် ထိုအရုပ်ကလေးကို သူမြတ်နိုးလာသည်။

"ဘိုကို့. . . နင်တကယ်မလာဘူးနော်၊ ငါငိုလိုက်မှာ"

ပြောရင်းဖြင့် မျက်ရည်များ ရစ်ဝဲလာသော ပုံ့ပုံ့ကို သူ အရှုံးပေးလိုက်သည်။

"ပုံ့ပုံ့"

ငိုနေသော မျက်လုံးလေးသည် ပြုံးရောင်သန်းသွားသည်၊

"ဟဲ့. . နင်မနေနိုင်ဘူးမှတ်လား၊ ငါက ငိုချင်ဟန်ဆောင်တာ နင် တကယ်ယုံသွားတယ်မှတ်လား"

"အင်း"

"ငါက ကြီးလာရင် ရုပ်ရှင်မင်းသမီး လုပ်မှာဆိုတော့ အခုထဲက အိုက်တင်ကျင့်နေတာ"

ဘိုဘိုက ပခုံးတွန့်ပြလိုက်သည်။

ထို့နောက် ကွပ်ပျစ်ပေါ် သို့ ခုန်တက်လိုက်ပြီး ပုံ့ပုံ့ဘေးနားသို့ သွားထိုင်သည်။ နှစ်ယောက်အိပ် ခုတင်ထက်ပင် ကြီးမား ကျယ်ဝန်းသော ဆယ်ပေပတ်လည် ကွပ်ပျစ်ပေါ်၌ သူတို့ ဆော့ကစားနေကျ ဖြစ်သည်။ တစ်ခါတစ်ရံ ပုံ့ပုံ့ ကရာဇာတ်ခုံဖြစ်လေသည်။ တစ်ခါတစ်ရံလည်း သူတို့၏ စာကြည့်ခန်းလေး။ တစ်ခါတစ်ရံလည်း သူတို့ ဇယ်တောက်ရာ နေရာလေး။ တစ်ခါတစ်ရံလည်း ပုံ့ပုံ့နှင့်သူ အိုးပုတ်တန်း ကစားရာ နေရာကလေး။ တစ်ခါတစ်ရံလည်း ဘိုဘို၏ ဆေးကုခန်းလေး ဖြစ်နေတတ်သည်။

"ဘာလဲ ဘိုဘို. . . ပြလေ"





"ဘာပြရမှာလဲ"

"နင့်လက်ထဲကဟာ"

လက်နောက်ပစ် ဖွက်ထားသော ဘိုဘိုအား မေးလိုက်သည်။ တစ်တောင်သာသာ ရှိသော အရုပ်ကလေးသည် ဘိုဘို၏ နောက်ကျောဝယ် ပုန်းအောင်းလျက်ရှိသည်။

"နင်တွေ့သွားရင် အံ့သြသွားမှာ"

"ဘာ. . ပြလေဟယ်"

"ဒီမှာကြည့်"

"ဟယ်. . လှလိုက်တာ. . ငါ့ကိုပေး"

ပုံ့ပုံ့ သည် အရုပ်ကလေးကို ကြည့်ကာ လိုချင်နေသည်။ ဘိုဘိုကလည်း နှမြောသည်။

"နင်နဲ့ မတူဘူးလား ပုံ့ပုံ့"

"အင်းနော်. . . ငါ့ကိုပေးဟယ်"

"မလုပ်ပါနဲ့. . . ငါချစ်လို့"

"အံမယ်. . . ယောကျ်ားလေးနဲ့ အရုပ်မနဲ့ ဘာဆိုင်လို့လဲ၊ ငါ့ကိုပေး"

"မပေးဘူး"

ဘိုဘိုသည် နှမြောတတ်သူမဟုတ်။ ယခင်ကလည်း ပုံ့ပုံ့ကို ဆိုလျှင် သူ့ကစားစရာများလည်း ပေးနေကျဖြစ်သည်။ ယခုအရုပ်လေးကိုတော့ သူနှမြောသည်။

"ဟင့်အင်း. . . နင်ယူသွားမှာပေါ့၊ မပေးနိုင်ဘူး"

"ဟင်"

ပုံ့ပုံ့ မျက်နှာပျက်သွားသည်။ ထိုအခါ သူ ကမန်းကတန်း ပြောလိုက်သည်။ ပုံ့ပုံ့အနားမှ အမြန်ဆုံး ခွာမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့ အာခေါင်ခြစ်၍ အော်ငိုလိုက်လျှင် ဖေဖေနှင့်မေမေ
က သူ့အရုပ်ကို ပုံ့ပုံ့အား ပေးခိုင်းပေတော့မည်။

"နင့်ကို မပေးဘူး၊ ဒီအရုပ်ကို ငါချစ်တယ်"

"ငါလိုချင်တယ်၊ ပေးမလား . . မပေးဘူးလား"

ပုံ့ပုံ့ကလည်း လိုက်ထသည်။ သူ့ထံမှ အရုပ်ကို လုယူရန်
ကြိုးပမ်းသည်။ သူကလည်း မမိစေရန် ရှန်းကန်ပြီး ကွပ်ပျစ်ပေါ်မှ
ခုန်ဆင်းပြေးခဲ့သည်။

"ဘေဘို"

ပုံ့ပုံ့က ပြေးအလိုက် ဂါဝန်ရှည်ကို နင်းမိကာ ကွပ်ပျစ်ပေါ်မှ
မှောက်ခုန်ကျသွားသည်။

"အား"

ပုံ့ပုံ့၏ငယ်သံပါအောင် ဟစ်လိုက်သော အသံကြီးသည်
ဝန်းကျင်တစ်ခုလုံးကို ဟိန်းထွက်သွားလေသည်။

ဘိုဘိုသည် နောက်သို့ လှည့်ကြည့်ကာ ပြူးကြောင်ကြောင်
လေး ဖြစ်သွားသည်။

ပုံ့ပုံ့သည် ကွပ်ပျစ်အောက်နား၌ မှောက်ခုံကလေး လဲကာ
ငြိမ်သက်လျက် ရှိချေတော့သည်။









(၁၅)

"သွား . . မလာနဲ့၊ နင့်ကို မုန်းတယ်၊ မုန်းတယ် . . မုန်း
တယ် . . . သွား"

မျက်လုံးကို ပတ်တီးအထပ်ထပ်နှင့် ပိတ်ဆို့ စည်းနှောင်
ထားခြင်း ခံရသော ပုံ့ပုံ့ကို ကြည့်ကာ ဘိုဘို၌လည်း မျက်ရည်များ
စီးစနေသည်။

"ပုံ့ပုံ့ မျက်စိကန်းသွားပြီတဲ့" ဟူသော အသိတရားက သူ့
ကို ခြောက်လှန့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါသွားမှာပါ. . . နင့်ကို ဒီအရုပ်ကလေး လာပေးတာ

ဘိုဘိုက ပုံ့ပုံ့ခုတင်နား ကပ်ကာ ပုံ့ပုံ့လက်ထဲသို့ ဂျပန်

အရုပ်ကလေး ထည့်ပေးလိုက်သည်။

"သွား. . . မယူဘူး၊ ဘာလုပ်ရတော့မှာလဲ၊ ဟီး. . သွား

နင့်ကို တစ်သက်မကျေဘူး. . . ဟီး"

အရုပ်ကို ဆွဲယူလွှင့်ပစ်လိုက်သည်။

ဘိုဘိုလည်း ငိုသည်။

"သား. . လာ. . လာ၊ သမီးငိုအောင် မလုပ်နဲ့. . . ပြ

ပြန်"

ဒေါက်တာဘုန်းဇော်က သားကို ချော့မော့ကာ လွှတ်လို

ရသည်။ သား ဘိုဘိုသည်လည်း သူ့သူငယ်ချင်းမလေး မျက်နှာ

မြေကြီးကပ်အကျဉ်ဖြစ် မြေမြှုပ်အုတ်ခဲ၏အစွန်းထွက်နှင့် မျက်

ထိကာ အမြင်အာရုံ ဆုံးရှုံးသွားရှာသော ပုံ့ပုံ့လေးအတွက် ငိုရှိ

ဆုံး။ မစားနိုင်မသောက်နိုင်နှင့် ဖျားရသည်အထိ ဖြစ်ရှာသည

ပုံ့ပုံ့ လွှင့်ပစ်လိုက်သော အခန်းထောင့်မှ အရုပ်ကလေး

ကောက်ကာ ရှိုက်ငိုပြီး မိခင်ဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားေ

သည်။

ကံကြမ္မာသည် သူတို့ကလေးနှစ်ဦး၏ချစ်ခြင်းတရား

ဖြိုခွဲပြီးရင်း ဖြိုခွဲလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ဒေါက်တာဘုန်းဇော်သည်

ကော်ဆေးရုံသို့ ပြောင်းရွှေ့အမှုထမ်းရမည် ဖြစ်သောကြော

သည်။

ဘိုဘိုအား ပုံ့ပုံ့သည် ပြောင်းရွှေ့ဖို့ နှုတ်ဆက်ထွက်

သည့်နေ့အထိ အတွေ့မခံဘဲ နာကြည်းမှု စကားလက်နက်နှင့်





ပစ်လွှတ်နှုင်ထုတ်ခဲ့လေသတည်း။

"နင့်ကို မုန်းတယ်. . . သွား၊ ကမ္ဘာပေါ်မှာ ငါအမုန်းဆုံး

လူသားဟာဘိုဘိုပဲ. . . သွား"



www.burmeseclassic.com

www.burmeseclassic.com






[၁၈]

"သား. . ဘိုဘို"

"ဗျာ. . ."

"တယ်ဟုတ်ပါလား. . . ဒီနေ့ ဘယ်ကိုမှ မသွားဘူးလား"

"ဟုတ်ကဲ့"

"မျက်နှာမကောင်းပါလား"

မိဘများသည် သားသမီးများအား အရိပ်တကြည့်ကြည့်နှင့် အမြဲရှိနေတတ်သည်ဖြစ်ရာ သူ ဂနာမငြိမ်၊ မျက်နှာမကောင်းခြင်း၊ စဉ်းစားတွေဝေခြင်းတို့အတွက် မိခင်က ရိပ်မိနေလေပြီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး၊ မေမေ စိတ်ထင်လို့ပါ"

"ဟုတ်ရဲ့လား သား၊ မေမေ့စိတ်အထင်တော့ သား မေဖူးပွင့်နဲ့များ မပြေလည်ဖြစ်နေပြန်ပြီလား"

"ဟာ. . . ဟုတ်ပါရဲ့၊ မေမေပြောမှ သတိရတယ်၊ အချစ်လက်ကျန်ရှင်းတမ်းတွေ လုပ်ဦးမှ"'

ထွဋ်ဘုန်းဇော် ယခုမှ သတိရသည်။ တယ်လီဖုန်းရှိရာ သူလျှောက်သွားလိုက်သည်။

"ဟဲ့. . . ပြောကာမှ ဘာဖြစ်ရပြန်သတုန်း"

"မေမေပြောမှ မေဖူးပွင့်ကို သတိရလို့ ဖုန်းဆက်တာ"

"ဖြစ်ရမယ်. . . မှားပါတယ်ဆိုသလို ဖြစ်နေပြီ"

ဒေါ်အေးသက်က သားဖြစ်သူအား ပြောလိုက်ပြီး ဆိုဖာထက်၌ ထိုင်ကာ မဂ္ဂဇင်းတစ်အုပ်ကို ကောက်ကိုင်လိုက်သည်။

"မေဖူးပွင့်ကို ကျေးဇူးပြုပါ"

"ဟုတ်ကဲ့. . . ခဏနော်"

ချိန်ဘာဆင်းနေသော မေဖူးပွင့်ကို ဖေဖေ၏ဆေးတိုက်သို့ သွားထိုင်ပေးရင်း တွေ့ခဲ့သည်။ ချိန်ဘာကုတ် အနက်ကလေးနှင့် ဖိုင်တွဲပိုက်၊ ဆလင်းဘက်လေး လွယ်လျက် ဆံထုံးလှလှလေးနှင့် သစ်ခွပန်းလေးများကို အမြဲပန်ထားတတ်သော မေဖူးပွင့်အလှကို သူ စိတ်ဝင်စားသွားကာ ဆေးခန်းကိုပစ်ပြီး ကောက်ကောက်ပါအောင် လိုက်သွားမိသည်။

တစ်ရက်၊ နှစ်ရက်၊ တစ်ပတ်၊ နှစ်ပတ်၊ တစ်လအကြာ၌ မေဖူးပွင့်၏အချစ်ကို သူရခဲ့သည်။

အချစ်ရခဲ့ပြီး ချစ်သူဘဝဖြင့် ရုပ်ရှင်ကြည့်၊ ဟိုတယ်၌ ထမင်းစား၊ ပိုလ်ချုပ်ဈေးကို ပတ်၍ တရားရုံးသို့ လိုက်ကြိုပေးသည်။





ချစ်သူသက်တမ်းက နှစ်လပင် မပြည့်တတ်သေးချေ။

"ဟဲလို"

"ဖူးဖူးလား"

"အော်. . . ကိုကို၊ မေဖူးတောင် အခုပဲ ပြန်ရောက်တယ်၊ ကိုကို လာမလားလို့တောင် စောင့်နေသေးတယ်"

"ဆောရီးပဲ မေဖူးပွင့်၊ ကိုယ့်မှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးအတွက် အချိန်တွေပေးနေရလို့၊ နောက်ဆိုရင်လဲ ယူ့အတွက် လုံးဝတောင် အချိန်ပေးနိုင်တော့မှာ မဟုတ်ဘူး ထင်တယ်"

"ဘာ. . ဘာပြောလိုက်တယ် ကိုကို"

"ရှင်းပါတယ် မေဖူးပွင့်၊ ကိုယ့်မှာ အရေးကြီးပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်လာလို့ ယူ့အတွက် အချိန်ပေးနိုင်တော့မှာ မဟုတ်ဘူးလို့ ဆိုလိုတာပါ၊ ကိုယ့်စကားရဲ့ဆိုလိုရင်းကို ဥပဒေ အကျိုးဆောင်တစ်ဦးဖြစ်တဲ့ ယူက ပိုပြီးတော့တောင် သဘောပေါက်လွယ်လိမ့်မယ် ထင်ပါတယ်"

"ဟုတ်ကဲ့. . . ကျွန်မ သဘောပေါက်ပါတယ်၊ ကျေးဇူးတင်ပါတယ် ဦးထွဋ်ဘုန်းဇော်၊ ကျွန်မကို သင်ခန်းစာပေးလိုက်နိုင်ခြင်းအတွက် ကျွန်မကျေးဇူးတင်ပါတယ်"

"ဘာသင်ခန်းစာလဲ"

"အော်. . . ယောကျ်ားတွေရဲ့မာယာဟာ မိန်းမတွေထက်တောင် ဟန်ဆောင်ပိရိတတ်ပါလားဆိုတဲ့ သင်ခန်းစာပါ၊ ဒါပဲနော်. . . ဂွတ်ဘိုင်"

"ဂျလောက်"

သူ ဖုန်းမချမီ တစ်ဖက်မှ ဖုန်းအရင်ချသွားသည်။ သူ ပခုံးတွန့်ကာ ဖုန်းချလိုက်သည်။ ပညာတတ်ပြီး ကိုယ့်မြှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကိုယ် ရပ်တည်နေတတ်သော မိန်းမသားအချို့သည် မာနကြီးကြသည်။ အချစ်၌ ဘယ်သောအခါမှ အောက်ကျမခံတတ်ကြပေ။

ကောင်းပါသည်။ သူ ငဲ့ညှာစရာ မလိုတော့ပေ။

"ပြတ်သွားပြန်ပြီလား တစ်ယောက်"

ဒေါ်အေးသက်က ထွေလုံးလေးဖြင့် မေးလိုက်သည်။ ထွဋ်ဘုန်းဇော် ရယ်မောကာ. . .

"ဒါပေါ့ မေမေ"

"နေပါဦး. . . သားမှာ အရေးကြီးတဲ့ ပုဂ္ဂိုလ်က"

ထွဋ်ဘုန်းဇော် မျက်နှာပြင်၌ တည်ငြိမ်သွားသည်။ သို့သော် သူ့နှလုံးသား၌မူ လှိုင်းထန်သွားသည်။ နန်းဣန္ဒာနွယ်ဆီက အဖြေ မရသေးဘဲနှင့် မိဘများကို အသိမပေးသေးခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

"သက်သက်မဲ့ပျင်းလို့ ဖြတ်လိုက်တာပါ မေမေရာ"

"ဒါဖြင့် ဖေဖေ့ဆေးခန်းကို ဒီညနေ လိုက်သိမ်းလိုက်ပါလား"

"မဖြစ်သေးဘူး မေမေ၊ သား ရှစ်မိုင်က မြေတစ်ကွက် ကိုင်ထားတာ ဒီနေ့ ပွဲစားတွေ အကြောင်းပြန်ဖို့ ရှိနေတာ စောင့်နေရဦးမယ်၊ နောက်ပြီး. . ."

"တော်ပါတော့ ကိုထွဋ်ဘုန်းဇော်ရယ်၊ သားမှာ ဆင်ခြေ အပြည့် ရှိနေလိမ့်မယ်ဆိုတာ မေမေ သိနေတယ်၊ သားများ အပြောင်းအလဲ ဖြစ်မလားလို့"

"သားက ဘာတွေဖြစ်နေလို့လဲ"

"ဘာတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ သားကိုယ်သား အသိဆုံးပဲ ဖြစ်လိမ့်မယ်၊ မေမေ့အမြင်နဲ့ အထင်အရဆိုရင် သားဟာ





တွေးနေတယ်၊ မျှော်လင့်ချက်တစ်ရပ် အောင်မြင်ဖို့အတွက် သား စိတ်လှုပ်ရှားနေတယ်လို့ မေမေ မြင်တယ်၊ မဟုတ်ဘူးလား သား"

"မဟုတ်ပါဘူး. . . မေမေ ထင်လို့ပါ"

မိဘများကို သားသမီးများ လိမ်ညာ၍ ရနိုင်လိမ့်မည် မဟုတ်ပါ။

မိခင်သည် သူ့စိတ်ကို ဖောက်ထွင်းမြင်ရသည့်အလား ပြောနေနိုင်သည်။ သူဘာဖြစ်နေသည်ကို တိတိကျကျ မပြောသည်မှအပ သိနေပုံရသည်။

မျှော်လင့်ခြင်းများစွာဖြင့် 'ချစ်သမျှကို' သီချင်းသံကို နားစွင့်နေခြင်းဖြစ်ကြောင်း မိခင်အား ဖွင့်ပြောလိုက်ရမည်လား။

"ဖိဖိကို ကျောင်းသွားကြိုလိုက်ပါဦး သား"

သူ စိတ်ညစ်သွားသည်။ ခေါင်းရှောင်၍ ကောင်းမည့်ကိစ္စ မဟုတ်။ ထို့ကြောင့်. . .

"ဘယ်အချိန်လဲ"

"ဟောတော်. . . ဘိုဘို ဘယ်လိုဖြစ်နေသလဲ၊ ကျောင်းချိန် မသိရလောက်အောင် ဘာလမိုင်းတွေ ကပ်နေသလဲ"

"အချစ်လမိုင်းလေ မေမေ"

ဟု ရွှတ်နောက်သလိုလိုနှင့် အတည်ပေါက် ပြောပြီး သူ ကားသော့ယူကာ ထွက်ခဲ့လေသည်။

ကားပေါ်တက်ရင်းမှ သူ စိတ်မချနိုင်အောင် ဖြစ်လာသည်။ ထို့ကြောင့် သူသည်. . .





www.burmeseclassic.com

www.burmeseclassic.com





[၁၉]

"ဩော်. . ဆရာ"

"ထွေးခင်. . နင့်မမနွယ်ကော"

"အပေါ်ထပ်မှာ စာဖတ်နေတယ်"

"ဒါဖြင့် သွားပြောလိုက်"

သူ စဉ်းစားလိုက်သည်။ မည်ကဲ့သို့ ပြောရမည်နည်း။

"ကျွန်မ ဘာပြောရမှာလဲ ဆရာ"

"ဟာ. . . နင်ပြောတတ်မှာ မဟုတ်ဘူး၊ ငါ အိမ်ပေါ်ပဲ သွားတော့မယ်၊ နင်လိုက်ခဲ့"





"ဟုတ်. . . ဟုတ်"

ထွေးခင် မျက်လုံးပြူးသွားသည်။ မဟုတ်၍လည်း မရ။ ဒေါက်တာ ထွဋ်ဘုန်းဇော်ကို သူ မပြောရဲပါ။ သို့ကြောင့် နောက်မှ ခပ်ကုပ်ကုပ်လေး လိုက်ခဲ့ရသည်။

အိပ်ခန်းထဲမှာသာဆိုလျှင် ဒုက္ခဟု တွေးမိစဉ် အပေါ်ထပ်သို့ ရောက်သောအခါမှ သက်ပြင်းချလိုက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အပေါ်ထပ်ဧည့်ခန်း၌ နန်းနွယ် ရှိနေသည်။

"အလောတကြီးနဲ့. . . ကိုထွဋ် ထင်တယ်"

"ဟုတ်တယ်. . . ကိုယ် ဖိဖိုကို ကျောင်းသွားကြိုမလို့၊ နာရီဝက်ဖြစ်ဖြစ် လေးဆယ့်ငါးမိနစ်ဖြစ်ဖြစ် ကြာမယ်၊ ဒီကြားထဲ နန်းနွယ် စောင်းမတီးနဲ့နော်"

"အိုး. . . တီးမိရင်ကော"

"ဟာ. . . ကိုယ်တောင်းပန်ပါတယ်၊ နန်းနွယ်ရဲ့မေတ္တာရွှေစောင်းသံဟာ ကိုယ့်အတွက် အသက်တမျှ အရေးကြီးနေတယ်ဆိုတာ နန်းနွယ် ယုံကြည်ထားပါ သွားမယ်နော်၊ ဟိုကောင်မလေးကားမတွေ့ရင် ယောင်လည်လည်နဲ့ ရှာနေဦးမယ်"

"ဒီကြားထဲ တီးမိရင်တော့ ကျွန်မတာဝန် ကုန်ဆုံးသွားပြီနော်၊ ဟင်း. . . ဟင်း"

"မညစ်နဲ့ကွာ. . . ခဏလေးပါ"

ထွေးခင် ဘာမှနားမလည်၊ ဆက်ရပ်ရနိုး မရပ်ရနိုးနှင့် စိတ်ရှုပ်နေသည်။

သို့သော် သူ ဘာမှမဆုံးဖြတ်နိုင်ချိန်၌ ဒေါက်တာထွဋ်ဘုန်းဇော်သည် ပြန်ဆင်းပြေးသွားသည်။

"ထွေးခင်"

www.burmeseclassic.com



"ရှင်"

"သူ့ကို ဘာဖြစ်လို့ အိမ်ပေါ် တက်ခွင့်ပေးလိုက်ရတာလဲ"

"ကျွန်မ မတားရသေးခင် သူ့ဘာသာသူ တက်သွားတာ"

"ဟုတ်တယ်. . . သူ့ဘာသာသူ မတက်လို့ ညည်းက ချီပိုးပြီး ပို့ပေးရဦးမှာလဲ၊ ဘယ်တော့မှ စိတ်မချရဘူး၊ အိမ်တံခါး ဖွင့်မပေးနဲ့ပေါ့"

"ဟုတ်"

"ပြောလိုက်ရင် ဟုတ်. . ဟုတ်နဲ့. . . ဘာမှ စိတ်မချရဘူး . . . သွား"

နန်းကြာနွယ်က စိတ်တိုစွာ အော်လိုက်သည်။ ယနေ့ သူ့စိတ်သည် လှုပ်ရှားနေသည်။

မျှော်လင့်ခြင်းဟူသောလမ်းကို လျှောက်လှမ်းခဲ့သည်မှ ယခုမှ အောင်မြင်ခြင်းဟူသော တံခါးဝသို့ ရောက်ရှိနေသည်။

သည့်အတွက် သူသည် ကျေနပ်ရမည်လား၊ အံ့သြဝမ်းသာရမည်လား၊ ကြေကွဲရမည်လားတို့ကို ဝေခွဲမရစိတ်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

တစ်မျက်နှာမှ မဖတ်ဖြစ်သေးသော စာအုပ်ကို စာအုပ်စင်၌ ပြန်တင်လိုက်သည်။ မှတ်ဖြစ်တာ ကြာပြီဖြစ်သော စောင်းကြိုးကို ကောက်ညှိကာ သံစဉ်ရှာလိုက်သည်။

*xxxချစ်သမျှကို x မြင်းမိုရ်ရွှေတောင်လုံးသာပလေး xxx လေးဆူဒီပါ x သီတာရေ xxx မြေဆုံးစေတော့လေးxxx*



☺ အောင်မြင်စာပေ ☺





# [၂၀]

ထွန်းဘုန်းဇော်သည် သရဖီဘုန်းဇော်ကို လိုက်ပို့ပေးရင်း. . .

"ဖိုဖို"

"ဘာလဲ ကိုကို"

"နင့်မမနွယ်ကို သီချင်းတစ်ပုဒ်လောက် ပူဆာပြီး တီးခိုင်းပါလား"

"ဘာသီချင်းမို့လို့လဲ ကိုကို. . . ထူးထူးဆန်းဆန်းပါလား၊ မြန်မာ့ဂီတတွေဘာတွေ ခံစားတတ်လာပါလား"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေ့ါ. . . မုဆိုးနားနီးမုဆိုး တံငါနားနီးတံငါပဲ၊ နင်တို့နား နီးတော့"

"ပိန္နဲပင်ဆွဲမထည့်ပါနဲ့၊ မမနွယ်နားနီးတော့ မမနွယ် အကြိုက်တွေကိုပါ လိုက်လျောလာချင်တဲ့သဘောပြောပါ ကိုကိုရာ၊ မောင်နှမချင်းပဲ. . . ပွင့်ပွင့်လင်းလင်းပေါ့၊ ဘာမှ လျှိုစရာမလိုပါဘူး၊ ကဲ. . . ဘာသီချင်းဆိုခိုင်းရမလဲ"

တကယ်တမ်းကျတော့ သူပြောရမှာ ဝန်လေးသွားသည်။ သရဖီပူဆာတိုင်း နန်းကြွနွယ်က ဆိုပြပါ့မည်လား။ ပူဆာ၍ အလိုလိုက်ကာ ဆိုပြသည်ထား၊ သူ့အတွက် နှလုံးသည်းပွတ်ကြားက ထွက်ပေါ်လာသော ဂီတသံစဉ်တွေမှ ဖြစ်နိုင်ပါ့မလား။

"ပြောလေ"

"ဘာမှမဟုတ်ပါဘူး. . . ငါ သီချင်းကြီးနာမည်တွေလဲ မသိပါဘူး၊ သူဆိုချင်တာဆို ပျော်စရာကောင်းတဲ့သီချင်း ဖြစ်ရင်ပြီးတာပါပဲ"

သူ စိတ်လှုပ်ရှားနေခြင်းကို ညီမဖြစ်သူ ရိပ်မိမှာလည်း စိုးသည်။

"အိမ်ထဲ ဝင်ဦးမလို့လား"

"ရှူး. . . ခဏလေး"

သူမမျက်နှာလေး မြင်ရရုံဖြင့် သူ့ဘဝင်၌ အေးငြိမ်းသွားတတ်သည်။ အစိမ်းရောင်နုနုလေးနှင့် စကားစိမ်းပွင့်လေး ပန်ထားသော နန်းကြွနွယ်ကို မဝနိုင်သော ကြည့်ခြင်းဖြင့်ကြည့်ပြီးမှ သူ လှည့်ပြန်ခဲ့သည်။

လက်ခတ်နှင့် ဝါးခြမ်းလေးများကို ထိတွေ့လိုက်သော ပတ္တလားသံသည် သူ့ရင်ကို လှုပ်ခတ်စေသည့်အလား ခံစားနေရသည်။





သူသည် ပန်းတောမှ ပြန်လာသည်။ ပန်းရနံ့ သင်းထုံလျက်ရှိသည်။

"ဆရာ. . . ပြန်တော့မလား"

"အင်း. . . နောက်မှ လာကြိုမယ်"

"စူးစူးရှရှနဲ့ ဘာနံ့လဲကွ"

နောက်မှ အရွက်စိမ်းများနှင့် ရောနှောနေသော စကားစိမ်းပန်းပင်ကို သူတွေ့လိုက်ရသည်။

"စကားစိမ်းလေ ဆရာ၊ အားကြီးမုန်းဖို့ကောင်းတဲ့အနံ့. . . စူးစူးရှရှ နိုင်လိုက်တာလွန်ရော"

"အင်း. . . စိမ်းရွှေရွှေနဲ့ မင်းတို့အစ်မက ဘာများ ကြိုက်တယ် မသိဘူး"

"အစ်မက ထူးထူးဆန်းဆန်း မှန်သမျှကို ကြိုက်တတ်တယ်ဆရာ၊ ဒါကလဲ လူကောင်းတွေလို မြင်တွေ့ခွင့်မှ မရဘဲ၊ လောကကြီးကို အမှောင်မိုက်ပဲ မြင်နေရတော့ ဘုဂလန့်လဲ ဆန်နေတာဖြစ်မယ် ဆရာ"

ထွန်းရှိဘုန်းဇော်ရင်ထဲ နင့်ခနဲဖြစ်သွားသည်။ နန်းကြွနွယ်အပေါ် သူမ၏အလုပ်သမားက ဝေဖန်ခြင်းကိုပင် သူရင်ထဲ လက်မခံချင်။

"လူတစ်ကိုယ် အကြိုက်တစ်မျိုးစီပဲကွ၊ မင်းအစ်မကို မင်းပြောတာတွေ ငါတိုင်ပြောလိုက်ရမလား"

"အာ. . . မလုပ်ပါနဲ့ ဆရာ. . . ရှိခိုးပါရဲ့၊ အစ်မလေးကိုကြောက်လွန်းလို့ပါ၊ အစ်မမျက်နှာညိုရင် ကျွန်တော်တို့ကို အန်တီကြီးက အလုပ်ထုတ်ပစ်မှာ. . . မပြောပါနဲ့ဗျာ"

"အေး. . . ဒီတစ်ကြိမ်တော့ ငါခွင့်လွှတ်လိုက်မယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကိုယ့်ကို ထမင်းကျွေးထားတဲ့ ထမင်းရှင်အကြောင်း ကွယ်ရာမှာ ဘယ်သူစိမ်းကိုမှ မပြောမိစေနဲ့၊ ပြောမိရင် ကျေးဇူးကန်းရာ ရောက်တယ်. . . မှတ်ထား"

"ဟုတ် . . ဟုတ်ကဲ့"

"ဒါဖြင့် ငါသွားမယ်၊ ခြံကို သတိဝီရိယနဲ့ စောင့်ရှောက်နော်. . . ကြားလား"

"ဟုတ်ကဲ့ ဆရာ"

သူတို့ခြံမှ အိမ်သားများ အလုပ်သမားမိသားစုများ၏ ကျန်းမာရေးကိုပါ တာဝန်ယူပြီး ဆေးဖိုးဝါးခ မယူဘဲ စောင့်ရှောက်ပေးနေသဖြင့် ထွန်းဘုန်းဇော်၏ဩဇာသည် နန်းကြွန္တာနွယ်တို့၏ အလုပ်သမားများအပေါ် တည်လျက်ရှိပါသည်။

သူတို့ နှစ်အိမ့်တစ်အိမ်အဖြစ် ကူးသန်းရန် ဖောက်ထားသော ဝင်းတံခါးနား ရောက်မှ. . .

"ဩော်. . . မောင်စိုးဝင်း"

"ဗျာ. . . ဆရာ"

"နေ့လယ် မွန်းတည့်ချိန်လောက်မှာ မင်းတို့သခင်မလေး စောင်းတီးသေးသလား"

"တီးတယ်"

"ဘာသီချင်းလဲ"

"မသိဘူး ဆရာ၊ အဆိုမပါ အတီးသက်သက်ဆိုတော့ ဘာသီချင်းမှန်း ကျွန်တော်မသိဘူး"

"မင်းနှယ်ကွာ. . . ညံ့လိုက်တာ"

"ဟုတ်ကဲ့. . . ကျွန်တော် နားမလည်လို့ပါ ဆရာ"

"ကောင်းကွာ"





သူ့ခြံဘက် ပြန်ကူးခဲ့သည်။ ရွှန်းရွှန်းမြမြ လရောင်အောက်၌ အေးဆေးစွာ လမ်းလျှောက်ရင်း သူ စဉ်းစားနေမိသည်။

သူကိုယ်တိုင်ကော အဆိုမပါ အတီးသက်သက်ဆိုလျှင် သိနိုင်ပါ့မလား။ သူ အိမ်ထဲသို့ ကမန်းကတန်း ပြေးဝင်ခဲ့သည်။

ထိုစဉ် ဆေးခန်းသိမ်းပြီး ပြန်လာသော မိခင်နှင့်ဖခင်၏ကားနှင့် ပေါ်တီကို အောက်၌ ဆုံမိသည်။

"သုတ်သီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်နေတာလဲ သား"

"ဖေဖေ့မှာ သီချင်းကြီးစာအုပ်တွေ ရှိသလား"

"ထူးထူးဆန်းဆန်း. . . . ဘာလုပ်မလို့လဲ"

မိခင်က မယုံသင်္ကာသော မျက်လုံးနှင့် ကြည့်ကာ မေးလိုက်သည်။

ဖခင်ကတော့ ဟာသဖွဲ့လိုက်သည်။

"ညီမက တီးတော့ အားကျမခံ သူက ဆိုချင်လို့ဖြစ်မှာပေါ့"

"ဟုတ်လိမ့်မယ်. . . ပို့စတင်ရင်လဲ မြန်မြန်ထွက်မှပဲ ထင်တယ် ကို၊ ဒီတိုင်းသာဆိုရင် ကမ္ဘာပေါ်မှာ ရှိရှိသမျှလုပ်ငန်းတွေဟာ ဘိုဘို့အလုပ် ဖြစ်ကုန်မယ်"

"ဟုတ်တယ်. . . ဟုတ်တယ်၊ အေး ပြောတာ မှန်တယ်"

တော်တော် အတိုင်အဖောက်ညီသည့် လင်မယား ဖြစ်သည်။ သူ့အား လှောင်ပြောင်ပြီး အိမ်ထဲ ဝင်သွားကြသည်။

"မကူညီချင် နေပါ မေမေ. . . မခနဲ့ပါနဲ့၊ သားက စိတ်ဝင်စားလို့ မေးတာ"

"သားစိတ်ဝင်စားတာ ဂီတကိုလား၊ ဂီတသံရှင်ကိုလားဆိုတာ အရင်စဉ်းစားလိုက်ဦး သား"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်က သူ့အား ပြောပြီး အပေါ်ထပ်သို့ သွက်လက်စွာ ပြေးတက်သွားသည်။

ရေချိုးပြီးမှ ညစာထမင်းဟင်းကို စားဖြစ်ကြပေတော့မည်။

မိခင်က ဖြည်းညင်းစွာ လိုက်တက်သွားရင်း. . .

"ဩော်. . . သားရေ"

လှေကားတစ်ထစ်ချိုး ရောက်မှ ရပ်ကာ လှည့်ကြည့်ပြီး အသံပြုလိုက်သည်။

"ဗျာ. . . မေမေ"

"သားညီမဆီမှာတော့ သီချင်းကြီးစာအုပ်တွေ ရှိမှာပေါ့ သူက ဝါသနာပါတော့ စုဆောင်းထားမှာပေါ့"

သူ လက်ဖျောက်တစ်ချက်တီးလိုက်သည်။ဟုတ်ပေသားပဲ ဘာဖြစ်၍များ သူသည် အတွေးခေါင်ကာ အရာရာကို သတိမမူ ဖြစ်နေရပါသနည်း။

တစ်ဖက်ခြမ်းမှ ပေါ်ထွက်လာသော ဂီတသံ ပြတ်တောင်း ပြတ်တောင်းကို နားစွင့်ရင်း ညီမဖြစ်သူ အိပ်ခန်းထဲ ဝင်ရောက်ကာ စာကြည့်စားပွဲ၌ မွှေနှောက်လိုက်သည်။

သီချင်းစာအုပ်နှင့် ပတ်သက်၍ ဘာဆိုဘာမှ မတွေ့ပါ ချေ။ သူ စိတ်ပျက်လက်ပျက် သက်ပြင်းချကာ ဖီဖီ၏ခုတင်ထက်၌ လဲလျောင်းလိုက်သည်။

နန်းကြွန္တာနွယ်၏လက်သံနှင့်အတူ ဖီဖီ၏ပတ္တလားသံကို နားစွင့်ရင်းဖြင့်. . .







# [၂၁]

"ကိုကို. . . ကိုကို. . . ထလေ၊ ဖိုဖို့အိပ်ရာတော့ ညစ်ပတ်ကုန်ပြီ"

"အင်. . . ဖီဖီ"

သူ အိပ်ရာမှ နိုးလာသည်။ ဖီဖီကို အိမ်မှုန်စုံမွှားကြား၌ တွေ့မြင်လိုက်ရသည်။

"နင့်ကို ဘယ်သူ လာကြိုသလဲ"

"ဘယ်သူကြိုရမှာလဲ ဖေဖေနဲ့ မေမေပေါ့"

"ရှူး. . တိုးတိုး. . . စောင်းသံထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခုန်သံသည် အဆမတန် ကျယ်လောင်လာသည်။

"ဟုတ်တယ်"

အဆိုမပါ အတီးသက်သက်ကို သူနားထောင်၍မရ။ မောင်စိုးဝင်းကို ဟောက်ခဲ့သမျှ သူ ဝင့်လည်ပြီ ထင်ပါသည်။

"ဘာသီချင်းဆိုနေတာလဲ"

"မသိဘူး. . . အဲဒီသီချင်း ဖိဖိကို မသင်ရသေးဘူး"

သရဖီ၏မျက်နှာသည် မှင်သေသေနှင့် ရှိသဖြင့် မယုံချင် ယုံချင်ဖြင့် မကျေမနပ် ယုံလိုက်ရသည်။

"နင် ညာတာလား"

"ကိုကိုထင်ချင်သလို ထင်လေ၊ ဖိဖိ အဲဒီသီချင်း မတက်ရ သေးလို့ မသိဘူး၊ ကဲ. . . ဖယ်ပါ၊ ဖိဖိ သီချင်းနားထောင်ရင်း အိပ်တော့မယ်"

"ရှုပ်လိုက်တာ. . . အိပ်ပျက်တယ်"

ညီမဖြစ်သူ၏ခေါင်းကို ဖွပြီး သူ အိပ်ခန်းထဲမှထွက်ခဲ့သည်။

စောင်းသံက ပျံ့လွင့်လျက်ရှိသည်။

သူ မိဘများကို ရှာလိုက်သည်။ လေသာဆောင်၌ ထိုင်ကာ လရောင်၏အရသာကို ခံစားနေကြပုံရသည်။

လရောင်အောက်၌ ချစ်သူနှင့်အတူ ရှိနေခြင်းသည် လောက၏စည်းစိမ်ကို အပြည့်အဝ ခံစားခြင်းဟုများ အဓိပ္ပာယ် သက်ရောက်နေရောသလား မသိနိုင်။ မြေးနှစ်ယောက်ရှိသော ဒေါက်တာဦးဘုန်းဇော်နှင့် ဇနီးဒေါ်အေးသက်တို့မျက်နှာသည် ချစ်ရည် ဆမ်းကာ ကြည်လင်လန်းဆန်းနေကြသည်။

"လာ. . ဘိုဘို"

"ထိုင်. . သား"





"မထိုင်တော့ဘူး"

"ထိုင်စမ်းပါ. . . လရောင်ရဲ့အရသာနဲ့ စောင်းသံဟာ ဘယ်လောက် ပဏာရလိုက်သလဲဆိုတာ၊ ငါ့သား ဆယ်မိနစ် လောက်ပဲ ခံစားကြည့်စမ်း"

သူ ဝင်ထိုင်လိုက်သည်။

ထွန်းဘုန်းဇော်ရင်ထဲ အဘယ်မျှ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေ သည်ကို မိဘနှစ်ပါးကတော့ သိမည်မထင်။

"လရောင်အောက်မှာ ချစ်သူရှာရတယ်ဆိုတဲ့စကား ရှိ တယ် ငါ့သား၊ လရောင်အောက်မှာ ချစ်သူရှာဖူးသလား"

"ဖေဖေ. . . ခု နန်းကြွနှာနွယ် တီးနေတာ ဘာသီချင်းလဲ ဆိုတာ သိသလားဟင်"

ဖခင်၏ စကားသည် သူ့နားသို့ မဝင်ဘဲ သူမေးချင်ရာကို သာ စွတ်ရွတ်မေးလိုက်သည်။

"နေဦးကွ. . . ဖေဖေ ကြားဖူးသလိုပဲ"

အချိန်သိပ်မဆွဲနေတော့ဘဲ မိဘနှစ်ပါးနားမှ ရုတ်ခြည်း ထကာ. . .

"ခဏ. . . ခဏနော်. . . သားပြန်လာခဲ့မယ်"

ထွန်းဘုန်းဇော်၊ သရဖီဘုန်းဇော် အိပ်ခန်းသို့ ပြေးသွား လိုက်သည်။

စေ့ထားသော တံခါးကို တွန်းဖွင့်လိုက်သည်။

"ဖိဖိ"

စောင်းသံကို ခံစားနေပုံရသော သရဖီဘုန်းဇော်က. . .

"ဘာလဲ ကိုကို"

"ဘာသံလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပျက်ပါတယ်. . . အနုပညာကို မခံစားတတ်တဲ့ ကိုကိုတို့လို လူတွေကြောင့် ခက်ပါတယ်"

"လျှာရှည်လိုက်တာ. . . မေးတာဖြေစမ်းဟာ"

သရဖီက မျက်စောင်းထိုးလိုက်ပြီး. . .

"စောင်းသံပေါ့"

"သေတော့မှာပဲ. . . စောင်းသံမှန်းတော့ ငါသိတာပေါ့ ဘာသီချင်း တီးနေတာလဲလို့"

"မသိဘူး"

သရဖီက ခပ်တည်တည် ဖြေလိုက်သည်။

ထွန်းဘုန်းဇော် ဒေါကန်သွားသည်။ သရဖီ သက်သက် ညစ်နေခြင်းဖြစ်နိုင်သည်။

"ဖီဖီ. . . နင်မညာနဲ့နော်၊ နင်သိရမယ်၊ နင် ဘာလိုချင် သလဲ ပြော၊ ငါဝယ်ပေးမယ်"

"တကယ်"

သရဖီဘုန်းဇော်က ဝမ်းသာအားရ အိပ်နေရာမှ ထလိုက် သည်။

ထွန်းဘုန်းဇော်က ညီမကို ဆွဲထူရင်း. . .

"တကယ်ပါ ဖီဖီ၊ ကိုကိုအတွက် သီချင်းခေါင်းစဉ်ဟာ အရေးကြီးနေတယ်၊ ဘယ်လောက်အထိ အရေးကြီးသလဲဆိုရင် ဘဝတစ်ခုလုံးအတွက်ပါပဲ"

"အိုး. . . ဒါဖြင့် ဖီဖီ့ကို ဘဝတစ်သက်တာ အရေးကြီးတဲ့ အဖြေအတွက် ဖီဖီ့တစ်သက်တာ အမှတ်တရ ဖြစ်စေမယ့် စောင်း တစ်လက်ဝယ်ပေးရမယ်"

"ဒါများကွယ်၊ အိုကေ. . မနက်ဖြန် ဝယ်ပေးမယ်၊ ပြောပါ





မြန်မြန်"

"ဖီဖီ လိုက်ဆိုပြမယ်"

သရဖီဘုန်းဇော်သည် စောင်းသံစဉ်ကို နားစွင့်လိုက်ပြီး မှ. . .

သံသာလေကမ်းတိုင် × တူပြိုင်လေကူးမယ် × ဆုထူးငယ် ပန်ရွယ်ညွှန်း × ပြန့်မွှန်းမွှေး လှိုင်လေတည့်မှ × သုံးလူ ထွန်းမှံကူ မတူလေပြိုင်နှုန်းကင်း × ခြောက်ဖြာစုံရောင်မျိုး ငယ်လင်း ×

"ဖီဖီ"

ညီမ၏ပခုံးကို ဆုပ်ကိုင်လှုပ်ရင်း စိတ်လှုပ်ရှားမှုများစွာဖြင့် ထွန်းဘုန်းဇော် မေးလိုက်သည်။

"အဲ. . အဲဒီသီချင်းဟာ ချစ်သမျှကိုလား"

"ဟား. . . ကိုကို အရမ်းတော်လာပြီပဲ၊ ဟုတ်တယ်. . . ချစ်သမျှကို ပတ်ပျိုးပါ ကိုကို၊ ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်း အဏ္ဏဝါက၊ ပြန်မလာပဲ ယွင်းစေဝသုန်၊ ငွေသော်တာယုန်သို့ ကမ္ဘာကုန်ကျယ် သရွေ့ဝယ်ကို၊ ဘယ်မေ့လိမ့်မလဲ"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ထွန်းဘုန်းဇော်က လက်ခုပ်သြဘာပေးကာ ပျော်ရွှင်မှုကို လှစ်ဟလိုက်သည်။

"ခွေးဖီလေး အရမ်းအသံကောင်းတယ်၊ စောင်းသံနဲ့အဆို ဟပ်နေတာပဲ၊ လိုက်ခဲ့ ဖီဖီ၊ ဖေဖေတို့ လေသာဆောင်မှာ ရှိတယ်"

"အိပ်တော့မယ်"

"လာစမ်းပါ. . . အရေးကြီးတဲ့ သတင်းထူးကို နင် ဦးဦး ဖျားဖျား မကြားချင်ဘူးလား"

"ဘာသတင်းထူးလဲ. . . မနက်ဖြန် စောင်းလိုက်ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နော်"

"စိတ်ချစမ်းပါ. . . နင်လိုချင်တာ အကုန်ဝယ်ပေးမယ်"

ထွေဋ္ဌဘုန်းဇော်သည် ညီမပခုံးကို တွဲဖက်ကာ လေသာဆောင်ဆီသို့ ခေါ်ခဲ့သည်။

တစ်ဖက် အိမ်ကြီးဆီသို့ လှမ်းကြည့်သောအခါ မီးများမှိတ်နေသည်။

နန်းဣန္ဒာနွယ် အိပ်ချင်မှ အိပ်မည်၊ သူ့အတွက် အလင်းအမှောင်သည် အကြောင်းမှ မထူးပေဘဲ။

"ဘာဖြစ်လာတာလဲ ဒီမောင်နှမ၊ မျက်နှာတွေက မှိုရတဲ့ မျက်နှာတွေနဲ့ပါလား"









[၂၂]

"ဖိုဖိုကတော့ စောင်းဝယ်ပေးမယ်ဆိုလို့ မှိုရလာတာနဲ့ တူတူပဲ မေမေ၊ ကိုကိုမှိုကသာ ဘာမှိုမှန်း မသိသေးတာ"

မိခင်အမေးကို သရဇီဘုန်းဇော်က ဖြေလိုက်ပြီး မိဘနှစ်ဦးကြားတွင် တိုးဝှေ့ကာ ဝင်ထိုင်လိုက်သည်။

ဖခင်က သူမ ပခုံးကို ဖက်လျက်. . .

"သမီးဆီ သူ သီချင်းခေါင်းစဉ် လာမေးတာလား"

"ဟုတ်တယ် ဖေဖေ"

"ဘိုးဘွားစဉ်ဆက် အသည်းစွဲခဲ့တဲ့ သီချင်းသံတိုမှ မသိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူကို ဘာဖြစ်လို့ ပြောပြလိုက်ရတာလဲ"

"စောင်းဝယ်ပေးမယ်ဆိုလို့ သနားသဖြင့် ပြောပြလိုက်တာပါ ဖေဖေ"

ထွန်းဘုန်းဇော်သည် လှုပ်ရှားနေသောရင်ကို ငြိမ်းချမ်းသွားစေရန် ကြိုးပမ်းလိုက်ပြီးမှ မိမိ၏မျက်နှာအရိပ်အကဲများကို အကဲခတ်နေသော မိဘများကို ကြည့်ကာ. . .

"ဖေဖေ"

"ဘာလဲ. . ဆို"

"မေမေ"

"ဟောတော်. . . တစ်ယောက်ခေါ်ရင်လဲ တူတူပါပဲ"

"ဟို. . ဖေဖေ တောင်ငူမှာ တာဝန်ကျတုန်းက အကြောင်းကို မှတ်မိသေးလား"

"ခွေးမသား. . . အဲဒီအရွယ်တုန်းက နင့်လို သူငယ်နှပ်စားအရွယ် မှတ်နေလို့ ငါက မမှတ်မိရမှာလား"

"ကိုနော်. . . ကို့သားများ"

သူ့အား ချစ်စနိုးဖြင့် ကျီစယ်နေကြသော မိဘနှစ်ပါး၏ စကားကို သူ မခံစားနိုင်ဘဲ. . .

"အဲဒီမှာ နေတုန်းက သားတို့အိမ်ဘေးနားအိမ်က ပုံပုံဆိုတဲ့ သားသူငယ်ချင်းလေးကို ဖေဖေတို့ မှတ်မိသေးလား"

"မှတ်မိပါတယ်. . . သားနဲ့ဆော့ကစားရင်း မျက်စိထိခိုက်သွားရှာတဲ့ ကောင်မလေးလေ"

"ရုပ်ရှင်မင်းသမီးရှုးလေးလေ"

"ဟုတ်တယ် မေမေ၊ သူ့ကို ပြန်တွေ့ပြီဆိုရင်. . ."

"အို. . . ဟုတ်လား၊ ဘယ်မှာ တွေ့တာလဲ၊ သားလိုပဲ ဆရာ





ဝန် ဖြစ်နေပြီလား၊ ဒါမှမဟုတ် ရုပ်ရှင်မင်းသမီးပဲလား၊ ဘယ်သူတဲ့လဲ. . . ဘာဖြစ်နေသလဲ"

မိခင်က အားတက်သရော မေးလိုက်သည်။ မိခင်၏မေးခွန်းကို ကြားမှ သူသည် ရင်မှာနင့်ခနဲ ဖြစ်သွားသည်။ စူးစူးရှရှ နာကျင်လျက် လည်ချောင်းဝတွင် တစ်ဆို့သွားသော သောကထုထည်ကို တံတွေးမျိုချခြင်းနည်းဖြင့် ဖြေရှင်းလိုက်ရသည်။

ငယ်စဉ်ကတည်းက စွဲစွဲမြဲမြဲ ရှိခဲ့သော ဝါသနာနှင့် ရည်မှန်းချက်ကလေးသည် သူ့ကြောင့် သူမဘဝ၌ ကွယ်ပျောက်ခဲ့ရခြင်းကို သူ့နှလုံးသားနှင့် လဲလှယ်ခွင့် ကြုံရလေပြီ။

"သား သူ့ကို လက်ထပ်ချင်တယ် မေမေ"

"ဟာ. . . ဒီကောင် သွက်လှချည်လား၊ ဖေဖေတို့လဲ ပုံပုံလေးနဲ့ တွေ့ချင်တယ်၊ ခေါ်ခဲ့ပါဦးလေ. . . စီစဉ်ပေးရမှာပေါ့၊ ဘယ်တုန်းက တွေ့တာလဲ၊ ဖေဖေတို့တော့ ဒီတစ်ကွက် အစားခံလိုက်ရပြီ၊ ဘာမှ မသိလိုက်ပါလား"

"ဟုတ်ပ ကိုရယ်၊ အေးတောင် လုံးဝမရိပ်မိဘူး၊ ကဲ. . . ပြောပါဦး သား၊ ငယ်ငယ်ကလိုပဲ ချောချောလှလှလေးပဲလား၊ တွေ့ပုံလေးဘာလေး လုပ်စမ်းပါဦး၊ ဖူးစာမှန်တဲ့ ချစ်ပုံပြင်လေးအကြောင်း အိပ်ရာဝင် ပုံပြင်တစ်ပုဒ်အဖြစ် မေမေတို့ပါပျော်ရအောင် မျှဝေပေးစမ်းပါဦး သား"

မိဘနှစ်ပါး၏စကားများကို ကြားရလေလေ၊ သူ့မျက်နှာ ညှက်ရလေလေဖြစ်သည်။ မိဘများကတော့ ပုံပုံ၏မျက်လုံးသည် ပျောက်ကုသပြီး အောင်မြင်သွားလိမ့်မည်ဟု ယုံကြည်မိယူထားကြပုံ ရလေသည်။

သရဖီဘုန်းဇော်ကတော့ ဘာမှနားမလည်ရှာဘဲ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားစွာ နားစွင့်လျက်ရှိသည်။

"ပွံ့ပွံ့နဲ့ဆိုရင် ဖေဖေတို့ သဘောတူမှာလား"

"အိမ်ထောင်ရေးမှာ ချစ်ခြင်းကအဓိက ဆိုရင်တော့ သဘောတူရမှာပေါ့ သားရာ"

ဒေါက်တာဘုန်းဇော်က သားဖြစ်သူ၏ထူးခြားသော မျက်ဝန်းအနေအထားကို ရိပ်မိသဖြင့် တွေးတွေးဆဆလေး ဖြေလိုက်သည်။

"ရှုပ်ရှင်မင်းသမီးကို ယူမယ်ဆိုရင်တော့ သားသဘောထားကြီးဖို့ လိုလိမ့်မယ်နော်"

မိခင်ဒေါ်အေးသက်ကလည်း သူမအတွေးနှင့်သူမ မှန်းဆပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သား ပွံ့ပွံ့ကိုပဲ ယူမယ်၊ ဖေဖေတို့ အမြန်စီစဉ်ပေးပါ"

"ဟ. . . အခုလား မနက်ဖြန်လား၊ ဘယ်ကို သွားတောင်းပေးရမှာလဲ ပြော"

"မနက်ဖြန်"

"မြန်လှချည်လား. . . ဘယ်ကို သွားရမလဲ၊ ဘယ်မှာ နေသလဲ၊ သူ့မိဘများကော ရန်ကုန်မှာ တာဝန်ပြန်ကျနေသလား"

"မသိဘူး ဖေဖေ"

"ဟေ"

"သားသိတာ ပွံ့ပွံ့တစ်ယောက်တည်း ရှိတယ်၊ သူက ဘက်ခြံက နန်းကြွနွှာနွယ်ပါ ဖေဖေ"

"ဟာ"

"ဟင်"





ဖခင်က ထရပ်မိရက်သား ဖြစ်သွားသည်။ မိခင်က သားဖြစ်သူအား ပြူးကြောင်ကြောင်လေး ကြည့်ပြီး စိတ်ထိခိုက်သွားသည်။

"ဘယ့်နှဲ့လဲ ဖေဖေ. . . တောင်းပေးမယ်မှတ်လား"

"စဉ်းစားပြီးပြီလား သား၊ ပွံ့ပွံ့ဆိုတာ သေချာလား"

"သေချာတယ် ဖေဖေ၊ သူကိုယ်တိုင် ဝန်ခံပြီးပြီ၊ သားဘာမှစဉ်းစားစရာ မလိုတော့ဘူး၊ သားကြောင့် ဘဝတစ်ခုလုံးအမှောင်ကျသွားတဲ့ ပွံ့ပွံ့ကိုမှ လက်မထပ်ရင် သားဟာ လူမဟုတ်တော့ဘူး ဖေဖေ၊ သား ပွံ့ပွံ့ကိုပဲ လက်ထပ်ချင်တယ်၊ အမြန်ဆုံးစီစဉ်ပေးပါ ဖေဖေ"

မိဘနှစ်ပါး၏မျက်နှာအရိပ်အကဲ ပြောင်းလဲသွားမှုကိုထွဋ်ဘုန်းဇော် အားမရပါချေ။ လှိုက်လှိုက်လှဲလှဲ ဖြစ်သင့်သည်ဟု သူထင်သည်။ သို့သော်. . .

"ဆော့ကစားရင်း သူ့ဖာသာသူ လဲကျပြီး ဖြစ်သွားတာကို သားကြောင့်ဆိုတဲ့ ဥပါဒါန်တော့ မထားသင့်ဘူး ထင်တယ် သား၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ရတာမျိုး ဖြစ်နေပါဦးမယ်"

"မဟုတ်ဘူး. . . သားကြောင့် ဖြစ်ရတာ၊ သားသာ သူလိုချင်တဲ့ အရုပ်ကလေးကို ပေးခဲ့လို့ရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ မေမေတို့ သဘောမတူဘူးလား. . . ရှင်းရှင်းပြောပါ၊ မေမေတို့ သိပ်ချစ်ပါတယ်ဆိုတဲ့ ပွံ့ပွံ့လေးကို မျက်မမြင် ဒုက္ခိတဘဝ ရောက်နေလို့သဘောမတူနိုင်တော့ဘူးလို့သာ ရှင်းရှင်းပြောလိုက်ပါ မေမေ၊ မေမေ့မှာလဲ သမီးတွေနဲ့ပါ။ သမီးချင်း စာနာပါလို့ သား တောင်းပန်ပါတယ်"

မိဘကို ဘယ်တုန်းကမှ အသံမာမာ မပြောခဲ့ဖူးသော ထွဋ်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဇော်သည် အချစ်စိတ်မွှန်နေသောအခါ အသိပညာများနှင့် ကင်းကွာလျက် သတိလက်လွတ် ပြောဆိုနေမိသည်။

ဒေါက်တာဘုန်းဇော်က သက်ပြင်းတစ်ချက် ချကာ ဆို့တက်သွားသော သောကကို သက်ပြင်းချစေသောနည်းဖြင့် ဖြေရှင်းလိုက်ပြီးမှ. . .

"ဖေဖေတို့ သွားတောင်းပေးရင် ပုံ့ပုံ့က လက်ခံမှာလား"

ထွဋ်မှုံဘုန်းဇော် အားတက်သွားသဖြင့် အားတက်သရော ပြုံးကာ. . .

"လက်ခံပါတယ် ဖေဖေ၊ သား ဆွေးနွေးပြီးပါပြီ"

"မျက်စိခွဲစိတ်ကုသပြီးတဲ့အထိ ဆိုင်းထားဖို့ မကောင်းဘူးလား သား"

"သားရဲ့ချစ်ခြင်းက မျက်စိမြင်ခြင်းနဲ့ မဆိုင်ပါဘူး မေမေ၊ သားစိတ်ထဲမှာ နန်းနွယ်ကို ချစ်မိသလို ပုံ့ပုံ့မှန်း သိလိုက်ရတာနဲ့ အမြန်ဆုံးကို လက်ထပ်ချင်တာပါ"

"ပုံ့ပုံ့ကကော သားအပေါ် ခွင့်လွှတ်နေတယ်လား"

"ဘာကို မေးတာလဲ မေမေ"

"သြော်. . . သူ့မျက်စိကန်းရတာ သားကြောင့်လို့ မယူဆဘူးပေါ့"

"မေမေ ယူဆသလိုမျိုး ယူဆမှာပါ၊ ဒါကြောင့်သာ သားကို လက်ခံတာပေါ့ မေမေ"

ထွဋ်မှုံဘုန်းဇော်၏တဇွတ်ထိုးစိတ်ကို သိနေသော မိဘနှစ်ပါး၏ရင်တွင်း၌ ဖြစ်ပေါ်လာသော 'သောက' စိတ်ကို မျိုသိပ်လိုက်ရသည်။ လင်မယားနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကိုယ်စီ သက်ပြင်းချလိုက်ကြသည်။





သရဖီဘုန်းဇော်ကတော့ တွေးနေသည်။ ပုံ့ပုံ့ဆိုတာနှင့် ကိုကိုတို့ ဘယ်လိုပတ်သက်ခဲ့သလဲ။ သူမ မမွေးဖွားခင်က ဖြစ်ခဲ့သော အတိတ်ပုံပြင်လေးတစ်ပုဒ်ကို အေးအေးဆေးဆေးဖြစ်မှ ကိုကို့အား မေးရဦးမည်ဟု တေးထားလိုက်သည်။

မည်သို့ဖြစ်စေကာမူ သရဖီ လေးစားရသော မမနွယ်ကို ယောင်းမတော်ရမည်ဆိုတော့ သရဖီ ကျေနပ်ပျော်ရွှင်သွားသည်။

"အေးပေါ့ သားရယ်၊ သားက ဆန္ဒသိပ်ပြင်းပြနေတယ်ဆိုတော့လည်း ဖေဖေတို့ ဝတ္တရားရှိတဲ့အတိုင်း စီစဉ်ပေးရမှာပေါ့"

ထွဋ်မှုံဘုန်းဇော် ရင်ထဲမှ စိုးထင့်မှုအလုံးကြီး လျှောခနဲ ကျသွားသည်။

"မေမေ့ရင်ထဲတော့ တစ်မျိုးပဲ သားရယ်၊ သားမှာ ပေးဆပ်ရာတွေကြီးပဲ ရှိလိမ့်မယ်ဆိုတာ သဘောပေါက်ရဲ့လား"

"သား အဆုံးစွန်ဆုံး စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ မေမေ"

အမှန်တော့ တဒင်္ဂအတွင်း ဖြစ်ပေါ်လာသော ဆုံးဖြတ်ချက်ဖြစ်သည်ကိုတော့ သူ လျှို့ဝှက်ထားလိုက်ကာ အကောင်းဆုံး ဖြစ်သည်။ နန်းက္ကန္ဒာနွယ်၏ဆုံးဖြတ်ချက်ကလည်း မယုံကြည်နိုင်အောင် မြန်ဆန်လွန်းလှသည်။

"ကိုင်း. . . ဖေဖေ အိပ်တော့မယ်၊ ဂွတ်နိုက် သားနဲ့သမီး"

"မေမေလဲ အိပ်တော့မယ်"

မိဘနှစ်ပါးစလုံး ကျောခိုင်းထွက်ခွာသွားတော့လည်း သူ့ရင်ထဲ တစ်မျိုးကြီး ဖြစ်ကျန်ခဲ့သည်။ ရင်၌ လှစ်ဟာကာ မတင်မကျကြီး ဖြစ်ကျန်ခဲ့သည်။

လိုက်လှဲပျော်ရွှင်မှု မရှိဘဲ သားကျေနပ်ရုံ စီစဉ်ပေးရမည့် ဒွန်ရားဆန်ဆန် ပြုမူမှုအတွက် သူ့ရင်ထဲ နားမလည်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်။

ငယ်စဉ်တုန်းက 'ပုံ့ပုံ့' လေးဟု အချစ်ပိုခဲ့သော လင်မယား နှစ်ဦးသည် ယခုတော့လည်း မကြင်နာနိုင်၊ မကြည်ဖြူနိုင်ကြပါလား။

မိဘများ၏သဘောထားကို သူနားမလည်အောင် ဖြစ်နေသည်။

အင်းလေ. . . မိဘတွေ၏စိတ်သဘောထားကို ကိုယ်တိုင် မိဘ,ဘဝကို ရောက်မှပဲ နားလည်နိုင်လိမ့်မည် ထင်ပါသည်။

ယခုတော့ သူသည် သားသမီးဘဝမှာသာ ရှိသေးသည်ပဲ။

"ကိုကို"

"ဘာလဲ ဖိဖိ"

"ကိုကိုတို့ရဲ့ ငယ်ချစ်ဟောင်းရဲ့ ပုံပြင်လေး ပြောပြပါဦး"

"စောစော မထနိုင်ဘဲ နေမယ်. . . အိပ်တော့"

"မနက်ဖြန် ကျူရှင်ကော ကျောင်းကော မရှိဘူးလေ ကိုကို ရဲ့"

"ငါ ပုံ့ပုံ့ကို ယူသင့်တယ်လို့ ထင်တယ်၊ ဘာဖြစ်လို့လဲဆို တော့ ပုံ့ပုံ့ကို ငယ်စိတ်နဲ့ ချစ်ခဲ့သလို နန်းနွယ်ကိုလဲ ချစ်ခဲ့မိလို့ပဲ အချစ်နှစ်မျိုးနဲ့ ချစ်မိနေတဲ့ မိန်းမတစ်ဦးကို ငါ့အိမ်ထောင်ဘက် အဖြစ် မရွေးချယ်လို့ ငါဘယ်သူ့ကို ရွေးချယ်ရမလဲ၊ ဒီလို. . ဖိဖိ ဖိဖိ မမွေးခင် ဖေဖေတောင်ငူဆေးရုံမှာ တာဝန်ကျတုန်းကပေါ့ ကိုကိုနဲ့ပုံ့ပုံ့ဟာ အိမ်နီးချင်း ကစားဖော်ကစားဖက်အဖြစ် သိပ်ခင်မင် ခဲ့ကြတယ်"









# [၂၃]

"ကိုကို့ဆံဖြတ်ချက် မှန်တယ်၊ ကွန်ဂရက်ကျူလေးရှင်း ကိုကို"

သရဖိဘုန်းဇော်က အစ်ကို၏လက်ကို ထ,ဆွဲ ချီးကျူးဂုဏ်ပြုနေတော့သည်။

ထွန်းရှိဘုန်းဇော် ကျေနပ်သွားသည်။

"ကိုကို သိမ်းထားတဲ့ ဂျပန်မရုပ်ကလေးကို ဖိဖိ သိကြတယ် မှတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ဖူးတယ်. . . ကိုကို့ဗီရိုထဲက ကတ်ထူဘူးတစ်ဘူးထဲမှာလေ"

"ဟုတ်တယ်. . . အဲ့ဒီအရုပ်ကလေးနဲ့ ပတ်သက်ပြီး ကိုကို့ရင်မှာ စူးနင့်ခြင်းနဲ့အတူ ပုံ့ပုံ့ဟာ အမြဲကြီးစိုးနေခဲ့တယ်"

"ဒါနဲ့များ ကိုကိုက မြင့်မြင့်ချင်း မမှတ်မိဘူးလား"

"ဘယ်မှတ်မိမှာလဲ. . . နန်းနွယ်နာမည်ကို ပုံ့ပုံ့လို့ ဘယ်သူမှ မခေါ်ကြသလို ပုံ့ပုံ့နာမည်က ကျောင်းနာမည်မှာ အေးငြိမ်းသူ ဖြစ်နေလို့ပဲ"

"ထားပါတော့လေ. . . ကိုကိုက သူ့ရဲ့အပြောင်းအလဲကြောင့် မသိပေမယ့် မမနွယ်က ကိုကို့ရဲ့မပြောင်းမလွဲဘဲ ရှိနေတဲ့ နာမည်နဲ့ ဖေဖေတို့နာမည်ကို မမှတ်မိတော့ဘူးတဲ့လား"

"ဒါကတော့ ခြောက်နှစ်အရွယ် ကလေးတစ်ဦးရဲ့မှတ်ဉာဏ်ဟာ အမြဲတစေ အနီးကပ် မရှိတဲ့သူတွေရဲ့အမည်ကို မှတ်ချင်မှ မှတ်မိနိုင်မယ်၊ ဒါပေမယ့် ဘိုဘိုဆိုတော့ သူ ချက်ချင်းမှတ်မိတယ်"

"ဟုတ်လား"

"ဟုတ်တယ်. . . မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်တယ်ဆိုတာ သိပ်မှန်တာပဲ၊ ငါက စွဲစွဲလမ်းလမ်းဖြစ်နေသလို သူလဲ ငါ့လိုပဲ နေမှာပါ"

"ကိုကိုလား စွဲစွဲလမ်းလမ်း၊ ရည်းစားပေါင်း သောင်းခြောက်ထောင်နဲ့ လူကများ"

"ရည်းစားများတာနဲ့ စွဲလမ်းခြင်းဟာ တစ်ကဏ္ဍစီပါဖိဖိရာ၊ ကိုင်း. . . သွားအိပ်တော့၊ ငါလဲ စောစောထပြီး အစောဝင်ရဦးမယ်"





"ကိုကိုတော့ အောက်သွားတွေ ကုန်သွားမှာ မြင်ယောင်သေး"

"ခွေးမလေး"

သရဖီဘုန်းဇော်က အစ်ကိုဖြစ်သူကို ကျီစယ်ပြီး ထွက်ပြေးသွားသည်။

သူသည်သာ လေသာဆောင်၌ ထီးတည်း ကျန်ရစ်ခဲ့သည်။

လရောင်သည် တိမ်ညိုကြားမှ ရှင်းလင်းစွာ ထွက်ပေါ်လျက် သူ့အား ဝင်းပစွာ ပြုံးပြနေလေသည်။

တိတ်ဆိတ်စွာ အိပ်မောကျနေသော မြစိမ်းရောင်ဂေဟာဘက်သို့ သူ့မျက်လုံးများကို ရွေ့လျားလိုက်သည်။

"ဟင်"

ဝရန်တာ၌ နွဲ့နှောင်းစွာ ရပ်နေသော သဏ္ဌာန်တစ်ခုကို သူ တွေ့လိုက်ရသည်။

ရုတ်ခြည်း သူ ဝမ်းသာအားရစိတ်ဖြင့် လက်မြှောက်ပြလိုက်သည်။

တဒင်္ဂအတွင်း အခြေအနေအရပ်ရပ်ကို သုံးသပ်မိလိုက်တာ သူ့ရင်ထဲ ရှုတတလေး ဖြစ်သွားသည်။

လရောင်၏ရွှန်းရွှန်းမြမြ တောက်ပမှု၊ လရောင်ဆမ်းထားမှုအောက်၌ ပျော်ရွှင်စွာ ကြည်မွေ့တောက်ပနေသော သစ်ပင်ပန်းမန်တို့၏အလှတရား၊ တိမ်ဆိုင်တိမ်လိပ်တို့၏ရွေ့လျားမှု၊ လရောင်ဆမ်းထားသော လမ်းကလေး၌ ချစ်သူနှင့်အတူ လျှောက်လှမ်းချင်သော ခံစားမှုတို့နှင့် ကင်းဝေးနေရှာသော ချစ်သူ၏ကံကြမ္မာဆိုး၏ အပြုံးထားခံရမှုကို သတိရလိုက်သောအခါ ဝမ်းနည်းကြေကွဲသွားသည်။ တစ်ဆက်တည်း ချစ်စိတ်သည် တိုး၍တိုး၍ ဆင့်ကဲလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

လရောင်၏အလှတရားကြောင့် ချစ်သူ၏သဏ္ဍာန်ကို သူ မမှိတ်မသုန် ငေးနေမိသည်။

သူမ သိအောင် သူ တုံ့ပြန်ချင်သည်။ အိပ်ခန်းထဲသို့ ကမန်းကတန်း ပြေးဝင်ကာ ဂီတာကို သွားယူလိုက်သည်။

သူမနှင့် အနီးဆုံး ဝရန်တာစွန်း၌ ထိုင်ကာ ဂီတာကြိုးကို ညှိလိုက်ကာ သံစဉ်ရှာနေချိန်၌ သူမသည် အိမ်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

သူသည် သံစဉ်မဲ့ တီးခတ်နေလိုက်သည်။

သူ့ရင်ထဲ၌ ခံစားချက်တို့ ယောက်ယက်ခတ်လျက်ရှိသည်၊

မနက်ဖြန်သို့ များစွာမျှော်လင့်လျက် . . .။









# ၂၅

“ဟင်”

ဆိတ်ဖလူးပန်းတို့နှင့် ပြည့်နှက်နေသော ဆိတ်ဖလူးဇကာလေးကို စကားဝါပင်အောက်မှ ကွပ်ပျစ်ဝိုင်းလေးတွင် တွေ့လိုက်ရသည်မှအပ ပန်းတို့၏သခင်မ၏အရိပ်အယောင်သည် ပျောက်ဆုံးလျက်ရှိသည်။ ထွဋ်ဘုန်းဇော်သည် ဘာလုပ်ရမှန်းမသိ၊ သူ အိပ်ရာထ,လည်း နောက်မကျဘူးဟု ထင်ပါသည်။

သူ အိမ်ရှေ့ဘက်သို့ လျှောက်သွားလိုက်သည်။

“အတော်ပဲ ဆရာလေး၊ အန်တီ သားကို တွေ့ချင်နေတာလေ”



www.burmeseclassic.com

www.burmeseclassic.com



"နန်းနွယ်ကော"

"တစ်ညလုံး မအိပ်ဘူးလေ၊ ဒါနဲ့ မိုးလင်းခါနီးကျတော့ သူ ကော်ဖီသောက်ချင်တယ်ဆိုလို့ အန်တီလဲ ဆရာဝန် ညွှန်ထားတဲ့ ဆေးတစ်ပြား ထည့်ပြီး တိုက်လိုက်တာ ခုနကမှ အိပ်ပျော်သွားတယ်၊ ဒါတောင် မင်းအတွက် ပန်းသွားကောက်ထားသေးတယ်"

"လာ. . ထိုင်. . သား"

ဒေါ်တင်တင်ကြီးသည် ငါးဆယ်ကျော် အသက်အရွယ်ဟု ပြော၍ မယုံကြည်နိုင်အောင် နုပျိုလှသည်။

"သားတို့ချင်း ဘာဖြစ်ကြသလဲ"

"အန်တီ့ကို သူဘာပြောပြထားပါသလဲ"

သူသည် ထိုင်လိုက်ရင်း မေးလိုက်သည်။ ဒေါ်တင်တင်ကြီးက သက်ပြင်းချလိုက်ပြီး . . .

"အန်တီဟာ အန်တီ့အစ်ကိုရဲ့သမီးလေး မျက်မမြင် ဒုက္ခိတ ဖြစ်သွားတယ်ဆိုတော့ အဖေက ရှေ့တန်း၊ အမေကလဲ ကလေးတွေ အများကြီးနဲ့ဆိုတော့ ပုံ့ပုံ့လေးအတွက် အန်တီတို့ ညီအစ်မကပဲ တာဝန်ယူစောင့်ရှောက်ခဲ့တာ၊ ပုံ့ပုံ့မျက်စိ ထိခိုက်ပြီးပြီးချင်း မကြာခင် ခေါ်ပြီး ပိုးမွေးသလို မွေးခဲ့တာဆိုတော့ သူ့မျက်နှာရိပ် မျက်နှာ ပျက်ယွင်းရုံနဲ့ သိလိုက်တယ်ဆိုပါတော့ ဆရာလေးရယ်၊ နွယ်လေးရဲ့ မျက်နှာအညိုကို မခံချင်ဘူး၊ ရန်ကုန်ကို ပြောင်းလာချင်တယ်ဆို တော့လဲ မန္တလေးမှာပဲ မွေးဖွား၊ မန္တလေးမှာပဲ ကြီးပြင်းပြီး မန္တလေး မှာပဲ စီးပွားရေး အောင်မြင်နေတာကို သူ့အလိုကျ ဒီမှာ လိုက်နေ ပေးရတာ၊ မမကြီးက ဟိုမှာတစ်ယောက်တည်းရယ်၊ နွယ်လေးကို စိတ်ချရတဲ့သူရဲ့လက်ထဲ အပ်နှံပြီးရင်တော့ အန်တီလဲ ကိုယ့်အစ်မနဲ့ အတူ ဇာတိမြေမှာပဲ ခေါင်းချဖို့ ဆုံးဖြတ်ပြီးသားပါ"





သူ ရင်ခုန်လာသည်။ လောကကြီး၌ တစ်ခါတစ်ရံ ထင် မှတ်မထားသောအရာများသည် လွယ်လင့်တကူ ဆိုက်ရောက်လာ တတ်သည်။

"ညက သူ အိပ်မပျော်လွန်းလို့ အန်တီက မေးကြည့်တယ်"

သူသည် မျက်တောင်ခတ်ရန်ပင် မေ့လျော့ပြီး ဒေါ်တင် တင်ကြီးကို ငေးမောလျက် ရင်တို့သည် တဒိတ်ဒိတ် ခုန်လျက် ရှိနေ ရာ နှလုံးသွေးတို့၏လည်ပတ်မှုက မြန်ဆန်လာသည်။

"သားက သူ့ကို လက်ထပ်ခွင့် တောင်းထားတယ်လို့ အန် တီ့ကို ပြောပြတယ်၊ ဟုတ်သလား သား"

"ဟုတ်ပါတယ် အန်တီ"

သူ မဆိုင်းမတွပင် အဖြေပေးလိုက်သည့် တစ်ဆက်တည်း ရှက်စိတ်ဖြင့် ထူပူလာသည်။

အချစ်ခုံရုံး၌ သူသည် အစစ်ဆေးခံနေရလေပြီ။ သူ တုန် လှုပ်ခြင်းတော့ အလျဉ်းမဖြစ်မိပါ။ အဘယ်ကြောင့်ဆိုသော် သူ့ နှလုံးသားသည် မှတ်ကျောက်အတင်ခံနိုင်သော နှလုံးသား ဖြစ်နေ သောကြောင့်ဖြစ်သည်။

"နွယ်လေးရဲ့ဒုက္ခိတဘဝကို ထာဝရ သည်းခံသွားနိုင်ပါ့ မလား၊ အချစ်မဝင်တော့တဲ့အခါ အပြစ်မြင်သွားမှာ အန်တီ စိုးရိမ် တယ် သား"

"ကျွန်တော် နန်းနွယ်ကို အဆုံးစွန်ဆုံးသော ချစ်ခြင်းနဲ့ ချစ်မိတဲ့အတွက် လက်ထပ်ဖို့ ဆုံးဖြတ်တာပါ"

"သား အသိုင်းအဝိုင်းကကော"

"ကြည်ဖြူကြပါတယ်. . . ဖေဖေတို့တောင် ဒီနေ့ပဲ အန်တီ နဲ့ လာဆွေးနွေးပါလိမ့်မယ်၊ နန်းနွယ်ကကော ဘာပြောသလဲ



www.burmeseclassic.com

www.burmeseclassic.com



အန်တီ"

"သူကတော့ အန်တီ့ကို တစ်ခွန်းထဲပဲ ပြောပါတယ်၊ ဒါတောင် စောစောက ပန်းကောက်ပေးပြီးမှ ပြောတာ"

"ဘာ. . ဘာတဲ့လဲ အန်တီ"

"လက်ခံလိုက်ပါတဲ့"

"ဟား"

သူ ပျော်ရွှင်သွားသည်။ အန်တီလေးနေရာ၌ နန်းနွယ်သာ ရှိနေလျှင် ပွေ့ချီကာ လှည့်ပတ်မွှေနှောက်ပစ်မိပေလိမ့်မည်။

ယခုတော့ သူသည် လူကြီးရှေ့၌ ကြွေ့နွေ့ရရ ထိုင်ရင်း မနေတတ် မထိုင်တတ်ဖြင့် လက်နှစ်ဖက်ကို ပွတ်ကာ. . .

"ကျွန်တော် ဖေဖေတို့ကို သွားပြော. ."

"ရပါတယ် သား၊ သူတို့လာပါလိမ့်မယ်၊ အန်တီက တစ်ခုပဲ စိတ်ပူတယ်၊ လက်ထပ်ပြီးရင် မန္တလေးကို အန်တီပြန်မှာ ဆိုတော့ . . ."

"ဒီမှာ ဘာဖြစ်လို့လဲ အန်တီ၊ စီးပွားရေးကော အဆင်ပြေရဲ့သားနဲ့"

"အစ်မကြီးတစ်ယောက်တည်း ထားခဲ့ရတာကို စိတ်မချနိုင်ဘူး၊ မန္တလေးလောက်လဲ ဒီမှာ ရောင်းဝယ်ရတာ သိပ်မကောင်းလှဘူး၊ ဒီမှာ ဘယ်လောက်ပဲ ကောင်းတယ်ပြောပြောကွယ်၊ ဆွေဝေးမျိုးဝေးနဲ့ မပျော်ပါဘူး၊ ဇာတိမြေမှာပဲ ကိုယ့်အသိုင်းအဝိုင်းနဲ့ ကိုယ်ပျော်တယ်၊ ဒီမှာ ဧည့်သည်လိုပဲ၊ တစ်ခု စိုးရိမ်နေတယ်၊ အန်တီကတော့ မကြာခဏ လာမှာပါ၊ ဒါပေမယ့် ဒီမှာတော့ မနေပေးနိုင်ဘူး၊ သားကသာ နွယ်လေးအပေါ် ဂရုတစိုက် ကြင်ကြင်နာနာနဲ့ ဖေးဖေးမမ လက်တွဲသွားပါ၊ နွယ်လေးရဲ့သည်းညည်းကို မခံနိုင်





တော့ဘူးဆိုရင် အန်တီ့လက်ထဲကို အချိန်မရွေး ပြန်အပ်နိုင်ပါတယ်၊ ဒါပဲ မှာချင်တယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ သား သူ့ဘဝအတွက် အလင်းပြန်မြင်ရေးကိုလဲ ကြိုးစားသွားမှာပါ"

"ဝမ်းသာပါတယ်. . . အင်မတန် အလုပ်ကြိုးကြိုက်ပြီး အင်မတန် ခေါင်းမာတဲ့ မိန်းကလေး၊ မျက်ကြည်လွှာ အစားထိုးခွင့်ကြုံလို့ ဒဏ်ရာဒဏ်ချက်မရဘဲ ခွဲခွင့်ကြုံခြင်းကလွဲလို့ အခြားစမ်းသပ် နည်းများနဲ့ဆိုရင် မလုပ်ဘူးတဲ့၊ မျက်နှာအလှပျက်မှာ သိပ်စိုးရိမ်ရှာတယ်၊ ငယ်ငယ်ကများဆိုရင်လေ. . . စကားတတ်တဲ့ အရွယ်ကတည်းက ကြီးလာရင် ရုပ်ရှင်မင်းသမီး လုပ်မယ်ဆိုတဲ့ စကားကို မပြောင်းမလွဲ ပြောတတ်တဲ့ကလေး"

ဒေါ်တင်တင်ကြီးသည် ပုံ့ပုံ့နှင့် ဘိုဘိုတို့၏အဖြစ်အပျက်ကို သိပုံမရခဲ့ပါချေ။

"အင်းလေ. . . သူ့ရဲ့ကံကြမ္မာက မပေးတော့လဲ"

သူ့ရင်ထဲ၌ ဆွေးဆွေးမြွေမြွေလေး ဖြစ်သွားရသည်။

ထိုစဉ် အိမ်ရှေ့တံခါးမကြီးဆီမှ လူရိပ်လူစများကို တွေ့လိုက်ရသည်။ သူ၏မိဘနှစ်ပါးနှင့် သရဖီ။ သူဝမ်းသာစွာထလိုက်သည်။ ဒေါ်တင်တင်ကြီးကလည်း ထိုနည်းတူစွာပင်။

သူ့မိဘများ သား၏စိတ်ချမ်းသာရေးအတွက် အစွမ်းကုန်သော လိုက်လျောမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်းကိုတော့ ထွန့်ဘုန်းဇော်သာလျှင် အသိဆုံး ဖြစ်ချေသည်။





www.burmeseclassic.com

www.burmeseclassic.com








## (၂၅)

ချစ်သမျှကို xxx မြင်းမိုရ် xxx ရွှေတောင်လုံးသာပလေး
လေးဆူဒီပါ xxx သီတာရေမြေ ဆုံးစေတော့လေး အို . . ဘယ်မ
မှန်းပါတော့နိုင် xxx တပ်လုံး၊ ဆုံးတိုင်တိုင် x ရှုံးညာပိုင်အုံး လှိုင်ဘွာ
ကြွေမှလှလေ x ကြိုးမည် နောင်ခါ xx ကမ္ဘာ xx ဤမြေရွှေ့စေ
တော့လေး x မှန်သရွေ့ ကိုလ ဖန်စေ့ ငယ် ရေ့ . ရေ xxx ကိုး
ကော်ရှင် ဂူတော်ငွေ xxx တူမသွေပါစေ မယ်နှင့်သာ xxx လှစ်ကြွ
မြက်ကြား ဝှက်မထား xxx မြတ်ရှင်ပင် တန်ခိုးအား xxx မခြားသိ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



*စေကြောင်း xxx ပန်ထွာတည့် ခဝပ်ညောင်း x တူပြိုင် ဂူလိုဏ်*
*နှစ်ပါးသစ္စာတိုင် xxx သံသာလေကမ်းတိုင် x တူပြိုင်လေကူးမယ်*
*x ဆုထူးငယ် ပန်ရွယ်ညွှန်း xxx ချစ်လို့ရယ်တဲ့မကုန် x ဝသုန်ဤမြေ*
*x သိကြားစေ သက်သေညွှန်း xxx ပြန့်မွှန်း မွှေးလှိုင်ကြူလေတည့်မှ*
*xx သုံးလူ့ထွဋ်မှန်ကူ x မတူလေပြိုင် နှုန်းကင်း x ခြောက်ဖြာစုံ*
*ရောင် မျိုးငယ်လင်း x x*

*ချစ်ချင်းငယ်ပြိုင် xx မြစ်မင်းပိုင်အဏ္ဏဝါက xxx ပြန်မ*
*သာဘဲ x ယွင်းစေဝသုန် xxx ငွေ့ဝန်းသော်လာယုန်သို့ ကမ္ဘာကုန်*
*ကျယ်သရွေ့ ငယ်ကို xxx ဘယ်မေ့လိမ့်လဲ xxxx*

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံများသည် မြစိမ်းရောင်ဂေဟာကြီးကို ဟိန်းညံသွားစေသည်။ နှစ်ဖက်သောမိဘများ၏သဘောတူညီမှုဖြင့် တရားသူကြီးများနှင့် အရင်းနှီးဆုံးသော နှစ်ဖက်ပုဂ္ဂိုလ် လူကြီးလူကောင်းဆယ်စုံတွဲမျှလောက်နှင့် ထွဋ်ဘုန်းဇော်၏သူငယ်ချင်းများလောက်နှင့်သာ မင်္ဂလာလက်ထပ်ပွဲကို အကျဉ်းရုံး စီစဉ်လိုက်သည်။

ဤသည်ကလည်း နန်းကြက္ခာနွယ်၏ဆန္ဒအတိုင်း အားလုံးက လုပ်ဆောင်ပေးခြင်းဖြစ်သည်။

ဧည့်သည်များကို ညစာထမင်းဟင်းလျာများနှင့် ဧည့်ခံကျွေးမွေးပြီး အားလုံးပြန်သွားချိန်၌ သရဖီ ဘုန်းဇော်၏တောင်းဆိုမှုဖြင့် နန်းကြက္ခာနွယ်က စောင်းတီးပြီး သရဖီက သီချင်းဆိုသည်။

သီချင်းဆုံးတော့ နန်းကြက္ခာနွယ်၏မျက်ဝန်း၌ မျက်ရည်များ လျှံဝေလာသည်။

သရဖီဘုန်းဇော်နှင့် ဒေါ်တင်တင်ကြီးလည်း ထိုနည်းတူစွာပင်။





"ကွန်ဂရက်ကျူလေးရှင်း မမနွယ်၊ ဘဝတစ်သက်တာအတွက် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစွာဖြင့် ကိုကိုနဲ့ ထာဝရ လက်တွဲသွားနိုင်ပါစေလို့ ဖီဖီ ဆုတောင်းပေးမယ်နော်၊ ခွင့်ပြုပါ. . . ကိုကို့ထက် ဦးပါရစေ"

"အို"

သရဖီဘုန်းဇော်၏နှာခေါင်းချွန်ချွန်လေးသည် သူမ၏ပါးပြင်မို့မို့၌ နစ်ဝင်သွားခြင်းတွင် နန်းကြက္ခာနွယ် ရင်၌ လှုပ်ရှားသွားသည်။

"ကျေးဇူး" ဟု မပွင့်တပွင့်လေး ဆိုလိုက်သည်။

ထွဋ်ဘုန်းဇော်က လူကြီးများရှိနေ၍သာ ညီမဖြစ်သူအား မကျေမနပ် အပြုအမူများကို ပြသခွင့်မပြုနိုင်သော်လည်း ရင်တွင်းနှမြောတသ,သကဲ့သို့ ခံစားလိုက်ရကာ ညီမကိုပင် စိတ်ဆိုးသွားသည်။

"ကိုင်း. . . နွယ်လေး၊ လူကြီးမိဘတွေကို ကန်တော့ရအောင်"

ထွဋ်ဘုန်းဇော်က နန်းကြက္ခာနွယ်ကို တွဲရန် ကွပ်ပျစ်ဆီသို့ လျှောက်သွားလိုက်သည်။

"ရပါတယ် ကိုထွဋ်၊ နွယ် သွားနေကျပါ"

သူမက ခြေသံကို ကောင်းစွာသိရှိနေသဖြင့် သူ့အား ကြိုတင်တားဆီးလိုက်နိုင်သည်။

နန်းကြက္ခာနွယ်၏မိဘနှစ်ပါး၊ အဒေါ်နှစ်ယောက်နှင့် သူ၏မိဘနှစ်ပါးတို့ကို ယှဉ်တွဲကာ လိုက်ကန်တော့ရင်း သူ့ရင်ထဲ၌ အသည်မဖော်နိုင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

မပြည့်စုံခြင်းကို သူခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းကြွန္နာနွယ်ကို ငဲ့စောင်းကြည့်လိုက်သောအခါ၌လည်း မျက်ရည်များ ရစ်ဝဲနေဆဲဖြစ်သည်။ မင်္ဂလာဦးည၌ သတို့သမီးများ၏မျက်ရည်ကျတတ်ခြင်းသည် ဘာကြောင့်များတော့ သူ မသိနိုင်၊ ဝမ်းသာခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ဝမ်းနည်းခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

လူကြီးများက ဆုပေး မင်္ဂလာဦးလက်ဖွဲ့များအနေဖြင့် ကောင်းပေ့ဟူသော လက်ဝတ်ရတနာများကို ပေးသော်လည်း နန်းကြွန္နာနွယ်က သူ့ကိုသာ ယူစေကာ. . .

"နွယ် မမြင်ဘူး၊ မမြင်နိုင်တဲ့ပစ္စည်းတွေကို ကိုင်တွယ်ကြည့်ရှုံနှင့် မမှန်းဆပါရစေနဲ့၊ ကိုထွဋ်ပဲ သိမ်းထားလိုက်ပါ"

နန်းကြွန္နာနွယ်အလိုကျ လိုက်လျောရပြန်သည်။

ဒုက္ခိတဘဝ ရောက်နေခြင်းကပင်လျှင် သူမ၏ဆန္ဒ အာလုံးကို ပြည့်ဝစေသည် ထင်ပါသည်။ ဤသည်လည်း ကုသိုလ်တစ်မျိုးကောင်းတာပါပဲဟု သူက ကြံဖန်၍ တွေးမိလေသည်။

သမီးကြီးအိမ်မှာပဲ ပြန်နေမည်ဟူသော နန်းကြွန္နာနွယ်၏ မိဘနှစ်ပါး။ ကလေးတွေ အနားယူပါစေဟု ပြောပြီး ပြန်သွားကြသော ဒေါက်တာဘုန်းဇော်တို့ လင်မယားနှစ်ယောက်၊ သရ ဘုန်းဇော်တို့ ပြန်သွားကြသည်နှင့် အိမ်ကြီးသည် ခြောက်သွေ့သွား သည်။

"နွယ်လေး"

"ရှင်. . . အန်တီ"

ဒေါ်တင်တင်ကြီး မျက်ရည်စများကို အသာသုတ်ပြီး. . .

"မနက်ဖြန် သမီးအန်တီကြီး ပြန်တော့မယ်၊ အန်တီ လိုက် သွားရမယ်လား"





"လိုက်သွားပါ အန်တီ၊ ဘာမှနောက်ဆံတင်းမနေပါနဲ့၊ နွယ် ရွေးချယ်ထားတဲ့လမ်းကို နွယ် ကျေကျေနပ်နပ် လျှောက်ရပါတယ်"

နန်းကြွန္နာနွယ်က ပြတ်သားစွာ အဖြေပေးလိုက်သည်။

ထွဋ်ဘုန်းဇော်သည် အခြားမိန်းကလေးများနှင့် မတူသော ချစ်သူဇနီးကို ကြည့်ကာ အံ့သြရသည်။ အားငယ်ခြင်း၊ တုန်လှုပ်ခြင်းတို့ အလျဉ်းမရှိပါလား။

"ဒါပေါ့ သမီး၊ အန်တီကြီးက ဒီလိုမှ သဘောကျတာ၊ ကိုယ့်ဘဝအဖော်မွန် ရှိနေပြီပဲ၊ သူနဲ့တွဲပြီး လောကဓံကို ကြံ့ကြံ့ခံနိုင်ရမယ်၊ လိုအပ်ရင်တော့ ဖုန်းဆက်ခေါ်လိုက်၊ ချက်ချင်းလာခဲ့မယ်၊ မကြာမကြာလဲ ဖုန်းဆက်မယ်၊ လိုအပ်တာ တိုင်ပင်စရာရှိလဲ ဖုန်းဆက်ပါ၊ သားလဲ နွယ်လေး မလိမ္မာတာရှိရင် အန်တီတို့ကို လှမ်းတိုင်ဖို့ မမေ့နဲ့နော်"

"နန်းနွယ်က အမြဲလိမ္မာနေမှာပါလို့ ကျွန်တော်ယုံ ကြည်ပါတယ်"

နန်းကြွန္နာနွယ်ဘက်က ရှေ့နေအဖြစ် အလိုအလျောက်ဖြစ်သွားလေသည်။

"ကဲ. . ကဲ. . သွားကြတော့၊ အနားယူကြချေ"

အဒေါ်နှစ်ဦးကို ကျောခိုင်းလိုက်စဉ် နန်းကြွန္နာနွယ်ထံမှ မျက်ရည်စများ ကြွေလွင့်သွားခြင်းကို သူ သတိပြုမိလိုက်သည်။

"ကိုယ်တွဲမယ် နန်းနွယ်"

"ရတယ်. . . သွားနေကျပဲ၊ အပိုမလုပ်ပါနဲ့"

သူ ရှက်သွားသည်။ အဒေါ်နှစ်ယောက်ကိုလဲ ရှက်သွားသည်။

"နွယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

အဒေါ်နှစ်ယောက် သံပြိုင်ဟန့်တားသံ ပေါ်ထွက်လာသည်။

"နွယ် ကိုယ့်အားကိုယ်ကိုးပါရစေ၊ အချောင်မခိုချင်လို့ပါ ဆောရီးနော် ကိုထွဋ်"

သူမ မည်သို့ စိတ်ဆိုးရက်ပါမည်နည်း။ သူမ ဘာတွေပြော ပြော ဘာတွေလုပ်လုပ် ခွင့်လွှတ်ခြင်းဟူသော မေတ္တာတရားဖြင့် သာ သူ အရှုံးပေးသွားရန် ဆုံးဖြတ်ပြီးသား ဖြစ်နေသည်။

အပေါ်ထပ်သို့ ရောက်သည်နှင့် . . . .

"ငါ နင်နဲ့ အေးအေးဆေးဆေး စကားပြောချင်တယ် ဘိုဘို"

လက်ထပ်ပြီးကာမှ နင် ငါ ဟူသော အသုံးအနှုန်းသည် သူ့ရင်ကို နာကျင်စေသည်။ သို့သော် . . .

"ပြောလေ"

"ဒီအပေါ်ထပ်မှာ အိပ်ခန်းသုံးခန်း ရှိတယ်၊ တစ်ခန်းက ဘုရားခန်းနားမှာ၊ အရင်တုန်းကတော့ အန်တီ အိပ်တယ်"

သူမ ဘာကို ဆိုလိုသနည်း။ သူ မသိနိုင်သေးချေ။

"အဲဒီအခန်းနဲ့ ကပ်လျက်က ငါ့အခန်းပဲ၊ ဒီဘက် အခန်း ကျယ်ကြီးက နင်နဲ့ငါနဲ့အတွက် မင်္ဂလာဦးအခန်းအဖြစ် အန်တီ စိတ်တိုင်းကျ ပြင်ပေးထားတဲ့အခန်းလေ၊ ဟင်း . . ဟင်း . . ဟင်း . . နင် ဘယ်အခန်းကြိုက်သလဲဆိုတာရွေး"

သူ လုံးဝမ နားမလည်နိုင်။ မာကျောသော မျက်နှာအနေ အကြောင်းများနှင့် နန်းကြွနွယ်ကို တအံ့တဩ ကြည့်မိသည်။

"နန်းနွယ် ဘာကိုဆိုလိုတာလဲ"





"ယောက်ျားကို ဦးစားပေးတဲ့ မြန်မာမိန်းမတွေရဲ့ထုံးစံအရ ဦးစားပေးနေတာပါ ဘိုဘို၊ နင်ကြိုက်တဲ့အခန်းကို နင်ရွေးလေ"

"ငါ နားမလည်ဘူး၊ လင်မယားဘဝဖြစ်လာတဲ့ နင်နဲ့ငါဟာ ငါတို့အတွက် သတ်မှတ်ထားတဲ့ မင်္ဂလာဦးအခန်းကလွဲရင် ငါက ဘယ်လိုရွေးချယ်ရမှာလဲ"

သူလည်း ဒေါသဖြစ်လာသည်။ သည်းခံနိုင်သော အတိုင်းအတာထက် ကျော်လွန်သွားပြီ ဖြစ်သဖြင့် သူ စိတ်ဆိုးလာသည်။

"ကောင်းပြီ . . . နင် အဲဒီအခန်း ရွေးရင် ငါက ငါ အပျိုတုန်းက အခန်းပဲ ပြန်နေမယ်"

"ဘာ . . ."

"ဟင်း . . ဟင်း . . ဟင်း၊ နင် အံ့အားသင့်နေသလား ဘိုဘို၊ နင် နည်းနည်းလေးမှကော မရိပ်မိဘူးလား"

"ဘာကို ရိပ်မိရမှာလဲ"

နန်းကြွနွယ်က သူ့ခေါင်းထဲမှ စကားစိမ်း ပန်းခက်ကလေးကို ဖြုတ်ကာ သူ့အား ကမ်းပေးလိုက်သည်။

ထွဋ်ဘုန်းဇော် ပန်းနှင့်အတူ သူမ၏လက်ကိုပါ ဆုပ်ကိုင်လိုက်သောအခါ သူမ၏ကျန်လက်တစ်ဖက်သည် မြှောက်ကာ သူ့ပါးပြင်ဆီသို့ ချိန်ဆလိုက်သည်။ သို့သော် လမ်းခုလတ်၌ပင် ရပ်တန့်သွားသည်။

"နင် ငါ့လက်ကို လွှတ်စမ်း၊ ငါ့ကို ဒုက္ခိတမို့လို့ အနိုင်ကျင့်နေတာလား"

"ဘာ . . . ပုံ့ပုံ့၊ နင် . . ."

"ဟုတ်တယ် . . . ငါ ပုံ့ပုံ့လေ၊ နင့်ကို အင်မတန်မှ မုန်းပါ တယ်ဆိုတဲ့ ပုံ့ပုံ့ဆိုတာ နင် အမှတ်မရဘူးလား ဘိုဘို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

သူ့နားထဲ မိုးကြိုးပစ်ခွင်းလိုက်ရလေသည်။

"ပုံပုံ ဘယ်လောက်အထိ ဘိုဘိုကို မုန်းသလဲဆိုရင်လေ ခင်ထွေးနဲ့ စိုးဝင်းကို လက်သပ်မွေးပြီးတော့ ဆရာဝန်ကြီး ဦးဘုန်းဇော်ရဲ့ပြောင်းသွားတဲ့ နေရာအဆင့်ဆင့်ကို လိုက်ရှာခိုင်းပြီး ဦးဘုန်းဇော်ရဲ့အိမ်အနီးက အိမ်ကိုမှ အဆမတန်ဈေးနဲ့ ပေးဝယ်ပြီး ဘိုဘိုဆိုတဲ့ ပုံပုံ့အမုန်းဆုံး လူသားကို ပုံပုံ့ရဲ့ညွတ်ကွင်းထဲ သက်ဆင်းစေခဲ့တာပဲ"

"ဟာ. . . ပုံပုံ့ရယ်"

သူ ယူကျုံးမရစိတ်ဖြင့် နန်းကြွန္တာနွယ်၏အစိမ်းရောင်တောက်နေသော မျက်နှာဖူးဖူးလေးကို တအံ့တသြ ငေးကြည့်မိသည်။

သူမလက်ထဲမှ စကားစိမ်း ပန်းပွင့်လေးကို နမ်းရှိုက်လိုက်ရင်း. . .

"ရှင့်ကို ကျွန်မ စကားစိမ်းစိမ်းများကို အမြဲဆိုတော့မယ်လေ၊ ဒီပန်းရနံ့လေး ရတိုင်း ရှင့်ရဲ့ရက်စက်မှုကို သတိရစေဖို့အတွက် ကျွန်မ အမြဲပန်ခဲ့တာပဲ"

"ကိုယ့်ရဲ့ရက်စက်မှု ဟုတ်လား နန်းနွယ်၊ မတော်တဆဖြစ်သွားမှုမှာ ကိုယ့်လက်နဲ့တောင် နန်းနွယ်ကို ထိခဲ့သလားဆိုတာ ပြန်စဉ်းစားစမ်းပါ နန်းနွယ်"

"မလိုပါဘူး. . . ငါ အင်မတန် ဖြစ်ချင်ခဲ့တဲ့ ရည်ရွယ်ချက်ဟာ နင့်ရဲ့မသက်ညှာမှုကြောင့် ပျက်စီးခဲ့ရတယ်၊ နင့်ကို ငါ တင်သက်မကျေဘူး၊ နင့်ကို ငါသိပ်မုန်းတယ်၊ ဘိုဘို့ကို ပုံပုံ သိပ်မုန်းတယ်၊ ပုံပုံ့ဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲခဲ့ရသလို ဘိုဘိုလဲ စိတ်ဆင်းရဲရ





မယ့်အလုပ်မျိုးကို ပုံပုံ့က ရွေးချယ်ပြီးသားပဲ"

"ဆိုစမ်းပါဦး. . . ကိုယ်စိတ်ဆင်းရဲစေမယ့်အလုပ်က"

"အဟင်း. . . ဘိုဘိုဟာ ပုံပုံ့ဘဝကို တစ်သက်လုံး လုပ်ကျွေးပြုစုစောင့်ရှောက်သွားရမယ်၊ ဒါပေမယ့် ပုံပုံ့ဆီက မယားဝတ္တရားတွေ လုံးဝရရှိခံစားရမှာ မဟုတ်ဘူးလေ၊ ဟင်း. . ဟင်း. . ရှင်းရှင်းပြောမယ် ဘိုဘို၊ နင် ငါ့ကို လက်ဖျားနဲ့တောင် မတို့ရဘူး. . ဒါပဲ"

မေးချိုကာ ပြောလိုက်သော နန်းကြွန္တာနွယ်ကို သူ ဒေါသဖြစ်သွားသည်။ မခံချင်စိတ်တို့ နိုးထလာသည်။

"နင်နဲ့ငါ. တရားဝင် လင်မယားပဲ၊ ကာမပိုင် လင်ယောကျ်ားဆိုတဲ့ အဓိပ္ပာယ်ကိုကော နင်နားလည်ရဲ့လား"

"နားလည်တယ်. . . ဒါပေမယ့် မယားဖြစ်သူက အလိုမတူရင်. . အဟင်း. . ဟင်း၊ အင်းလေ. . . ဒုက္ခိတ မယားတစ်ယောက်ကို အလိုမတူဘဲ အဓမ္မ ပြုကျင့်လောက်အောင်တော့ နင် မယုတ်မာနိုင်ဘူးလို့ ငါထင်တယ်"

"တော်. . တော်တော့ ပုံပုံ၊ နင် ဘာရည်ရွယ်ချက်တွေထားသလဲ၊ ဘာဖြစ်ချင်သလဲပြော၊ ငါလိုက်နာနိုင်သမျှ လိုက်နာမယ်၊ ဒါကလဲ ငါဟာ နွားကျတဲ့ ငပေါကြီးတစ်ယောက်အနေနဲ့ လိုက်နာခြင်း မဟုတ်ဘူး၊ နင့်ရဲ့ဘဝဆုံးရှုံးရခြင်းဟာ ငါ့ကြောင့်လို့ နင်ယူဆသလို၊ ငါကလည်း တိုက်ရိုက်မဟုတ်တာတောင် သွယ်ဝိုက်သောနည်းကြောင့်လို့ ယူဆထားတဲ့အတွက် ငါ နင့်ကို အကြွေးပေးဆပ်နေတာ၊ အဟင်း. . . ရာဇဝင်ကြွေး ပေးဆပ်နေတာလို့ ငါမှတ်ယူထားပြီး နင်စိတ်ကျေနပ်သရွေ့ ငါ့ကို နှိပ်စက်နိုင်တယ်၊ ကဲ. . . ပြော"

"ကောင်းပြီ. . . ဒီလိုပဲ ဖြစ်ရမှာပေါ့ ဘိုဘို၊ ငါမောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ ဘိုဘို၊ ငါ့ကို တစ်ခုခု ယူပေးပါလား"

အပေါ်ထပ် ဧည့်ခန်း ဆက်တီပေါ်၌ ထိုင်ချလိုက်ပြီး နန်းကြွနွာနွယ်က သူ့အား မချိုမချဉ်အပြုံးနှင့် ပြောလိုက်သည်။

"ငါ့ကို ခိုင်းနေတာလား"

"ထင်ချင်သလို ထင်လေ၊ ငါမောနေတယ်၊ တစ်ခုခု. . . ဆဲဗင်းအပ်ဖြစ်ဖြစ်၊ ပက်ပ်စီဖြစ်ဖြစ် သောက်ချင်တာတော့ အမှန်ပဲ၊ နင်မယူပေးနိုင်ရင်လဲ နေလေ၊ ငါ့ဖာသာငါ ယူမယ်"

"ထိုင်နေ. . . ငါယူပေးမယ်၊ အဲ. . . ငါယူပေးခြင်းဟာ နင့်ရဲ့ခိုင်းစေမှုကို လိုက်လျောခြင်း မဟုတ်ဘူး၊ နင့်ကို သနားလို့ ငါယူပေးမှာ"

"ဘာ"

နန်းကြွနွာနွယ်က ရုတ်တရက် ပြန်ထလိုက်သည်။

ထွဋ်ဘုန်းဇော်က ခြောက်ကပ်စွာ ရယ်မောလျက်. . .

"ဟတ်. . ဟား. . ဟား၊ သိပ်လဲ ဒေါသတွေ ကြီးမနေပါနဲ့ ပုံ့ပုံ့ရယ်၊ ဒေါသကြီးတဲ့သူဟာ အသက်တိုတတ်တယ်တဲ့"

"တိုပါစေ. . . မြန်မြန်သေသွားလဲ အေးတာပဲ၊ ဒုက္ခတဘဝက လွတ်မြောက်သွားတာပေါ့"

နန်းကြွနွာနွယ်၌ မျက်ရည်စများ ရစ်ဝဲလာသည်။ ထွဋ်ဘုန်းဇော်က သက်ပြင်းချလိုက်သည်။ သို့သော် ရေခဲသေတ္တာဘက် လျှောက်သွားရင်းမှ. . .

"မသေချင်နဲ့ဦး. . . ပုံ့ပုံ့ရဲ့ယောက်ျား ထွဋ်ဘုန်းဇော် ဘယ်လောက်ချောသလဲဆိုတာ ကြည့်သွားဦး"

"တောက်. . . နင် ငါ့ကို ဘာမှ ပျော်တော်ဆက်စရာ မလိုဘူး၊ ဘာမှမပြောနဲ့၊ မကြားချင်ဘူး၊ နင်. . နင် ငါ့ယောက်ျား မဟုတ်





ဘူး၊ နင်. . နင်. . နင့်ကို ငါအနိုင်ယူနေတာ၊ ငါ့ဘဝ အမှောင်ကျသလို နင်လဲ အမှောင်ကျရမယ်"

ထွဋ်ဘုန်းဇော် ဦးနှောက်ခြောက်ချင်လာသည်။ နန်းကြွနွာနွယ်၌ သာမန်ဦးနှောက် မရှိတော့ဘူးလား။

ဆန်းကစ်ဘူးလေးကို ဖောက်လိုက်ပြီး ဖန်ခွက်ထဲသို့ ထည့်ပေးကာ သူမထံ ပြန်လျှောက်ခဲ့သည်။

"ငါအမှောင်ကျအောင် ငါ့မျက်လုံးကို ထိုးဖောက်ရမှာလား နန်းနွယ်"

"မဟုတ်ဘူး"

"ဒါဖြင့် နင့်ဟာ ဘာအဓိပ္ပာယ်ရှိသလဲ၊ ယောက်ျားတစ်ယောက်ကို မိန်းမတစ်ယောက်က လက်ထပ်လိုက်ပြီဆို[illegible]ည်းက ဘယ်သူနစ်နာသလဲဆိုတာ နင်သိရဲ့လား၊ ဆူးကျလဲဖက်၊ ဖ[illegible]ျလဲဖက်တဲ့၊ နင်တို့မိန်းမတွေပဲ နစ်နာပါတယ်၊ ငါတို့ယောက်ျားတွေက အိမ်လှေကား သုံးထစ်ဆင်းလိုက်တာနဲ့ လူပျိုဖြစ်သွားတာပဲ၊ နင် မကြားဖူးဘူးလား"

"နင် ဘာမှပြောစရာမလိုဘူး၊ နင် လှေကားသုံးထစ် မပြောနဲ့၊ တစ်ထစ်တောင် မဆင်းရသေးဘူး၊ အိမ်ထဲက အိမ်ပြင်တောင် ငါမပါဘဲ မထွက်ရဘူး၊ နင် ငါ့စကားကို အမြဲနားထောင်ရမယ်"

ငိုအားထက် ရယ်အားသန်ရမည့်အဖြစ်မျိုး သူကြုံနေရလေပြီ။ ငယ်ကျွမ်းချစ်သူလေးကို ကရုဏာသက်စွာ သူငေးကြည့်နေရာမှ. . .

"ရော့. . . ပုံ့ပုံ့၊ မောရင် ဆန်းကစ်ပဲ သောက်လိုက်နော်"

"မလိုချင်ဘူး. . . ဆဲဗင်းအပ်ပဲ ပေး"

"ဟောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နန်းကြူနွာနွယ်သည် သူ့အား ပညာပြနေပြီဟု သူ သိလိုက်သည်။ လူတွေနဲ့ ကင်းကွာပြီး အမှောင်ကိုသာ အဖော်ပြုနေရသော မျက်မမြင်တစ်ဦး၏ စိတ္တဇဝေဒနာကို သူ ခွင့်လွှတ်ရပေမည်။ သည့်ထက်မက ခွင့်လွှတ်ရမည်က သူ့ရင်တွင်း၌ ရှိနေသော မေတ္တာတရားကြောင့်ပင်ဖြစ်သည်။

"ရပါတယ်. . . သင့်တော်မယ် ထင်တာ တိုက်တာ၊ မသောက်တော့လဲ သောက်ချင်ရာပေါ့"

သူသည် စိတ်ညစ်တတ်သူ မဟုတ်ကြောင်းကို ပွံ့ပွံ့လေး မမှတ်မိတော့ဘူး ထင်ပါသည်။

ငယ်စဉ်ကတည်းက သူမအပေါ် စိတ်ရှည်လက်ရှည်ဖြင့် အလိုလိုက်ခဲ့သူတစ်ဦးဖြစ်ကြောင်း သူမ မေ့ပြီထင်ပါသည်။

"ရော့"

"ပေး"

"ကဲ. . . ငါ့ကို နင် ထိထိရောက်ရောက် ကလဲစားချေတဲ့ စီစဉ်မှုလေးတွေ ပြောပြပါဦး၊ ငါ့စိတ်နှလုံး ချုံးချုံးကျသွားအောင်လေ"

"ဘိုဘို"

နန်းကြူနွာနွယ် မျက်ရည်များ ရစ်ဝဲလာသည်။ ဖွေးဥနေသော သူမ မျက်နှာလေး ရဲတွတ်လာသည်။ အသားများ တဆတ်ဆတ် တုန်ခါလာသည်။ မှန်းချက်နှင့်နှမ်းထွက် မကိုက်ညီခြင်းကို သူမ ခံစားနေရလေသလား။

"ဆောရီးပဲ နန်းနွယ်၊ ကိုယ်ဟာ ယောကျ်ားပါ၊ မင်းတို့ မိန်းမသားတွေလို စိတ်မပျော့ညံ့တဲ့အတွက် မင်းပေးတဲ့ အပြစ်ဒဏ်တွေဟာ ရယ်စရာကောင်းနေသလားလို့ပါ၊ ပြီးတော့ ကိုယ် ရှင်း





ဘူး"

"ရှင်းပါတယ်. . . ငါပြောမယ်၊ နင် သေသေချာချာ နားထောင်"

"အိုကေ. . . ပြော"

ဆန်းကစ်ဖျော်ရည်ကို သူသောက်ရင်း နန်းကြူနွာနွယ်၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်မိသည်။

"နင်နဲ့ငါဟာ လက်ထပ်ခဲ့တာ မှန်ပေမယ့် နင့်ကို ငါပိုင်တယ်၊ ဒါပေမယ့် ငါ့ကို နင်မပိုင်ဘူး၊ လက်ဖျားနဲ့တောင် မတို့ရဘူး"

"ဖြစ်ပါတယ်. . . ငါ့ရဲ့သွေးသားဆန္ဒကြောင့် နင့်ကို လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ"

"တော်. . . နင် ငါ့ကို ဘာမှပြန်မပြောနဲ့"

"ကောင်းပြီ"

သူ ပြုံးနေမိသည်။ အသည်းယားစရာ ကောင်းလောက်အောင် မိန်းမသားတစ်ဦး အနီးအနား၌ ရှိနေရသော ယောကျ်ားတစ်ဦး၏စိတ်လှုပ်ရှားမှုသည် အဘယ်မျှ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခံစားနေရကြောင်းကိုတော့ သူမ သိနိုင်လိမ့်မည် မဟုတ်ချေ။

"နင် အလုပ်မလုပ်ရဘူး"

"ငါက စာမေးပွဲ ဖြေပြီးပြီ နန်းနွယ်၊ ဖေဖေ့လိုပဲ ပြည်သူတွေရဲ့ဆရာဝန်ကောင်းတစ်ဦးဖြစ်ဖို့ ငါရည်ရွယ်ထားတယ်လေ"

"ဟင်း. . ဟင်း. . ဟင်း. . နင့်ရည်ရွယ်ချက်ကို နင် ပျက်စီးမှာ စိုးရိမ်သလား"

"ဘယ့်နှယ် မေးလိုက်တာလဲ. . . စိုးရိမ်တာပေါ့"

"ဒါဖြင့် ငါ သိပ်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်ဟာ နင့်ကြောင့် ဖြစ်ခဲ့ရတဲ့အတွက် ငါ ဘယ်လောက်ခံစားနေရတယ်ဆိုတာ နင်



www.burmeseclassic.com

www.burmeseclassic.com



နားလည်သဘောပေါက်ပါတယ်နော်”

မျက်ရည်ကျဆင်းမှ အသံမာမာနှင့် ပြောနိုင်သော နန်းကြွေနွယ်ကို သူချီးကျူးမိသည်။ သူမသာ ရုပ်ရှင်မင်းသမီး ဖြစ်လျှင် သိပ်ကို အောင်မြင်ကျော်ကြားသော မင်းသမီး ဖြစ်နိုင်သည်ဟု သူ ယုံကြည်မိသည်။

“ကိုယ် စိတ်မကောင်းပါဘူး၊ နန်းနွယ် မျက်စိပြန်မြင်ဖို့အရေး အစွမ်းကုန် ကြိုးစားပေးပါ့မယ်”

“ဒါတွေ မလိုပါဘူး၊ ငါလိုအပ်တာက နင် ငါ့နားမှာ အမြဲရှိနေရမယ်၊ နင် အလုပ်မလုပ်ရတော့ဘူး၊ နင့်ကြောင့် ဘဝပျက်သွားတဲ့ ငါ့ကိုပဲ နင်ကုပေးရမယ်”

“ကုပေးမှာပေါ့”

“ငါ မျက်စိပြန်မြင်ရင် ရုပ်ရှင်မင်းသမီး လုပ်မယ်၊ အဲ. . . နင်ဟာ ငါ့ခင်ပွန်းအဖြစ် ငါ့ဘဝကို ဂုဏ်သိက္ခာရှိရှိ စောင့်ရှောက်ကာကွယ်ပေးနေရဦးမှာပဲ”

“ဒါပေါ့လေ. . . ဘဝခရီးဖော်ပဲ၊ တစ်သက်တာအတွက် စောင့်ရှောက်တာဝန်ယူသွားရမှာပေါ့၊ စိတ်ချပါ. . . နင်ပေးတဲ့ပြစ်ဒဏ် ကြီးမားလွန်းလို့ ငါ့အတွက် မထမ်းဆောင်နိုင်မှာတောင် စိုးရတယ်”

“ခနဲ့တာလား”

“မခနဲ့ပါဘူး. . . အမှန်ပြောနေတာ၊ ကိုင်း. . . နန်းနွယ် မင်း ကြည့်ရတာ သိပ်ပင်ပန်းနေပုံရတယ်. . . အိပ်တော့နော်”

“ငါ မအိပ်ချင်သေးဘူး၊ ငါ့ရဲ့အောင်မြင်မှုအတွက် ငါခံစားချင်သေးတယ်”

“နင့်ရဲ့ အောင်မြင်မှုအတွက် ဟုတ်လား”





“ဟုတ်တယ်လေ. . . နင့်ကို ငါ လွယ်လင့်တကူ သိမ်းသွင်းယူနိုင်တဲ့ အောင်မြင်မှုအတွက်ပေါ့”

ထွဋ်ဘုန်းဇော် ပြုံးလိုက်မိသည်။ သနားစရာကောင်းသော ချစ်သူကို မြတ်နိုးစွာ ကြည့်ရင်း. . .

“ကောင်းပြီ. . . ဒါဖြင့် ငါသွားအိပ်တော့မယ်၊ အဲ. . . ငါ မအိပ်ခင် နင် ပိုမိုပျော်ရွှင်ခံစားနိုင်စေမယ့် အိပ်ရာဝင် နှုတ်ဆက်စကားလေး ငါပြောခဲ့မယ် နန်းနွယ်”

နန်းကြွေနွယ် ကြောင်စီစီလေး ဖြစ်သွားသည်။ သူမ၏ စိတ်ကူးယဉ် စိမ်ကိန်း၌ ထိုကဲ့သို့သော တုံ့ပြန်မှုတွေ ပါမလာခဲ့ပါချေ။

“အဲဒါ ဘာလဲဆိုတော့ နင့်နားမှာ ငါနေရတာ သိပ်ကို စိတ်ပင်ပန်းလာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိပ်လှတဲ့နင့်ကို ငါ နမ်းမိမှာ စိုးရိမ်တဲ့အတွက်ကြောင့်ပဲလို့လေ၊ ဂွတ်နိုက်. . . အိပ်မက်လှလှ မက်ပါစေ”

နန်းကြွေနွယ် နှုတ်ခမ်းနှစ်လွှာ တဆတ်ဆတ် တုန်ခါကျန်ရစ်ခဲ့လေသည်။

သူမ၌ ပြောစရာစကားတို့ ရုတ်တရက် ရှာဖွေမတွေ့ရှိဘဲ ဒေါသစိတ်တို့သာ ကြီးစိုးလျက် ကျန်ရစ်ခဲ့လေသည်။

ထွဋ်ဘုန်းဇော်သည် သူမကို ကျောခိုင်းထွက်ခွာခဲ့ရသော်လည်း သူ့ရင်၌ နင့်နင့်သီးသီး နာကျင်ခံစားနေရကြောင်းကိုတော့ အိပ်မက်လိုပါပဲ။

အင်မတန်မှ အံ့သြဖွယ်ရာ ချောက်ချားစရာ အကောင်းဆုံးသော အိပ်မက်တစ်ခုသာ ဖြစ်သည်။

“ဘိုဘို”

“ဘာလဲ နန်းနွယ်”



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကိုမုန်းတယ်ဆိုတာ နင့်ခေါင်းထဲမှာ စွဲစွဲမြဲမြဲ ထည့်ထားလိုက်နော်"

"သံမှိုနဲ့ ရိုက်နှက်စွဲထားပါတယ် နန်းနွယ်"

"ကောင်းပြီ. . . မနက်ဖြန် စောစောထ၊ ငါ့ကို ရွှေတိဂုံဘုရား လိုက်ပို့ပေး၊ ဘုရားရဲ့ဆည်းလည်းသံလေးတွေ မကြားရတာကြာပြီ"

"အိုကေ. . . စိတ်ချ"

"ဩော်. . . နင့်ကို လူတွေရှေ့မှာ ငါ ကိုထွန်းလို့ ခေါ်မယ်"

"မောင်လို့ ခေါ်ရင် ပိုပြီး ယုတ္တိမရှိဘူးလား"

"နင့်ပါးစပ် ပိတ်ထား"

"ဩော်. . . ငါ့ကို ခွေးချီးနိုင်သလို နိုင်နေပါလားနော်"

"ဘိုဘို"

သူက ဒေါသနှင့်အော်သည်ကို သူက ရယ်မောလိုက်သည်။ သူ၏ရယ်သံသည် ခြောက်ကပ်နေကြောင်းကိုတော့. . .







[၂၆]

"နင် ငါ့လက်ကို တွဲခိုမလား၊ တစ်ခုခုတော့ နင်ရွေးချယ်ရလိမ့်မယ်နော်"

နန်းကြွေနွယ် နှုတ်ခမ်းနှစ်လွှာသည် မပွင့်တပွင့်နှင့် ငုံဖူးနေသော နှင်းဆီဖူးငုံလေးနှင့် တူလှသည်။ အနည်းငယ်သော စက္ကန့်အစိတ်အပိုင်းလေးအကြာ၌. . .

"ငါတွဲမယ်"

"အိုကေ. . . အက်စ်ကယ်လေတာနဲ့ တက်တဲ့အခါတော့ ကိုယ်က မင်းကို တွဲရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အက်စ်ကယ်လေတာ"

"ဟုတ်တယ်. . . စက်လှေကားနဲ့ တက်မယ်၊ ကိုယ်တွဲခေါ်ပါ့မယ်"

"နွယ်ကြောက်တယ်"

"မကြောက်နဲ့. . . ကိုယ်က လှမ်းဆိုတဲ့အချိန် လှမ်းလိုက်ပေါ့၊ ကိုယ်တွဲမှာပါ"

နန်းဏ္ဍနွယ်က သက်ပြင်းချလိုက်သည်။ ကမ္ဘာဦးအစကတည်းက မိန်းမသားများသည် မှီခိုသူအဖြစ် အဘယ်ကြောင့်များ သဘာဝတရားက ဖန်တီးပေးလိုက်ပါသနည်း။

သူမ မကျေမနပ် ဖြစ်လာသည်။ ဒုက္ခိတ ဘဝကသာ လွတ်မြောက်ပါလျှင် သူ့အား ယောင်၍မျှပင် တွဲလိမ့်မည် မဟုတ်ပါ။

'လှမ်းလိုက်' ဟု ပြောပြောဆိုဆိုနှင့် သူမခါးကို သိုင်းဖက်ကာ စက်လှေကားပေါ် တက်စေလိုက်သည်။

ပန်းပွင့်လေးနှယ် နူးညံ့သိမ်မွေ့နေသော မိန်းမချော မိန်းမလှလေးကို ရင်ဝယ် ထွေးပိုက်ထားရသည့် အနေအထားသည် သူ၏ရင်ကို ခပ်ရှိုင်းရှိုင်း ခုန်စေသည်။ သို့သော် ထိုရင်ခုန်မှုကို အကြင်နာမေတ္တာနှင့် ရောဖက် ခံစားလိုက်သောအခါ၌ သူ့ရင်သည် အချစ်သံစဉ်ရိုင်းလေးမျှသာ လှုပ်ရှားလာသည်။

"လှမ်းမယ်"

"အို. . ."

သူ၏ပွေ့မ,မှုဝယ် နန်းဏ္ဍနွယ် ရင်ထဲ လှိုင်းခတ်သွားသည်။ ဘာမှမမြင်ရသော အနေအထားပေါ်တွင် စက်လှေကားသည်လည်း အသည်းထိတ်စရာ မဟုတ်ဟု ထင်ပါသည်။

"နောက်တစ်ထစ် တက်ရဦးမယ်"





"ဟင်. . . ဘယ်နှစ်ဆစ်ချိုးတောင်လဲ"

"သုံးချိုးပါ. . . အနောက်ဘက်မုခ်မှာပဲ ရှိတယ်"

လူ့လောကဝန်းကျင်နှင့် အဆက်အသွယ်ပြတ်ကာ ကျဉ်းမြောင်းသော အိမ်အတွင်း၌သာ အချိန်ကုန်ဆုံးခဲ့ရခြင်းအပေါ်တွင် နှမြောတသ,သကဲ့သို့ ဖြစ်နေသည်။

သို့သော် ထိုကာလများကို ဂီတသံစဉ်လေးများ ရှာဖွေကာ လက်မှန်းဆဖြင့် ပတ္တလား၊ စန္ဒရားတို့ကိုတောင် ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်စွမ်းရှိအောင် လေ့ကျင့်ရင်းဖြင့် အချိန်တို့သည် ကုန်မှန်းမသိ ကုန်ခဲ့ရလေသည်။

ထိုကြားကာလ၌ ဒေါက်တာဘုန်းဇော်၏ပြောင်းရွှေ့ရာ နေရာများကို စုံစမ်းစေပြီး မောင်စိုးဝင်း ပြောသမျှတို့ကို နားထောင်ရင်း စိမ်ကိန်း ချရင်းဖြင့် ရည်မှန်းချက် အောင်မြင်ရေးကို ကြိုတင်မှန်းဆကာ အသက်ရှင်ခဲ့ရသည်။

အသက်ရှင်ခြင်း၏သင်္ကေတတွင် ရည်မှန်းချက် ရှိခြင်းသည် အဓိကဖြစ်သည်။

"နန်းနွယ်. . . လှမ်းလိုက်"

သူ၏ဖေးမမှုဖြင့် ရွှေတိဂုံဘုရား ရင်ပြင်တော်သို့ ချောမောစွာ ရောက်ခဲ့လေသည်။ ဈေးသည်၊ ပန်းသည်တို့နှင့် ပန်းရနံ့သည် သူမ၏နှာခေါင်းကို ဆီးကြို နှုတ်ဆက်လေသည်။

လူသံသူသံများအကြားမှ ဖောက်ထွင်း ထွက်လာသော ခည်းလည်းသံတို့၏သာယာမှုသည် မှောင်မိုက်နေသည့်အာရုံကို ခင်းလင်းစေသည်။

ခိုညည်းသံနှင့်အတူ အတောင်ခတ်သံတို့ကို ကြားရသောအခါ. . .

www.burmeseclassic.com



"ဘာသံလဲ ကိုထွန်း"

"ခိုလေးတွေကို ဘုရားဖူးတွေက အစာကျွေးနေတာလေ"

"ဟုတ်လား. . . အများကြီး ထင်တယ်"

"ဟုတ်တယ်. . . အများကြီး၊ ခိုဖြူ ခိုပြာ ခိုနက်တွေ အစုံအလင်နဲ့ ထောင်နဲ့ချီပြီး ရှိတယ် နန်းနွယ်၊ အဲဒီကြားမှာ ကလေးနဲ့အမေကို ခိုစာကျွေးခိုင်းပြီး အဖေလုပ်သူက ဓာတ်ပုံရိုက်နေတယ်"

"ကြော်. . ."

"သိပ်ချမ်းမြေ့စရာကောင်းတဲ့ အိမ်ထောင်စုလေးပဲ"

"ပြည့်စုံမှာပေါ့လေ. . . မိန်းမလုပ်သူကို မျက်မမြင်ဘဝရောက်အောင် လုပ်တဲ့သူမှ မရှိတဲ"

"ဝဋ်ကြွေးရှိရင် ပြေလည်ပါလို့ ဘုရားမှာ ဆုတောင်းလိုက်နန်းနွယ်"

"ပြောစရာ မလိုပါဘူး. . . အမြဲဆုတောင်းနေတာပဲ"

"စနေထောင့်မှာ ရှိခိုးမယ်နော်"

"ဘယ်မှာ ရှိခိုးခိုး ရွှေတိဂုံဘုရားဟာ ရွှေတိဂုံဘုရားပါပဲ"

"ဒါပေမယ့် စနေထောင့်မှာတော့ ရေလှူရအောင်"

"မမြင်မကန်းနဲ့ ချော်လဲအောင်လားဟင်"

"မင်းရဲ့အပါးက ကျေးကျွန်ကြီးကို မေ့နေပြီလား"

"နင်ဘာပြောလိုက်တာလဲ"

"မဟုတ်ဘူးလား နန်းနွယ်၊ မင်းကို အလုပ်အကျွေးပြုဖို့အတွက် ကိုယ့်ကို သိမ်းသွင်းယူထားတာ မဟုတ်ဘူးလား"

"သိမ်းသွင်းယူတယ်ဆိုတာ တစ်ဖက်သူရဲ့ဆန္ဒ မပါဘဲ သွေးဆောင်ဖြားယောင်းယူခြင်းကို ခေါ်ဆိုတာ၊ ခုဟာက ကိုထွန်းဆန္ဒအရ တောင်းဆိုမှုအပေါ် နွယ်က လိုက်လျောခြင်းပဲ၊ နွယ်





ကိုထွန်းကို သိမ်းသွင်းယူခဲ့တာ မဟုတ်ဘူး၊ နောက်ကို အဲဒီစကားမဆိုမိပါစေနဲ့"

"ကောင်းပြီ. . . နန်းနွယ် စိတ်ချမ်းသာစေရမယ်၊ ကဲ. . . ဒီတန်ဆောင်းလေးပေါ် တက်မယ်၊ လှေကားသုံးထစ် ရှိတယ်နော်"

မသိသူများကတော့ သူတို့နှစ်ဦးအား အမြင်ကတ်နေမည်လား၊ အားကျနေမည်လားကိုတော့ မသိနိုင်။ သို့သော် သူ၏ယုယကြင်နာမှုကိုတော့ အကြောင်းမသိသူ အမျိုးသမီးထုက အားကျနေပေလိမ့်မည်။

"ကျွန်မ ဘုရားဝတ်ပြုရင် ကြာတတ်တယ်၊ ရှင် လျှောက်သွားချင်တဲ့ဆီ လျှောက်သွားနိုင်တယ်"

"ရပါတယ်. . . ကိုယ် ဘယ်မှ မသွားပါဘူး"

"ဒါဖြင့်ရင်လဲ မလောနဲ့နော်"

"ကိုယ့်ရဲ့ဘုရင်မကို လောရဲပ့်မလား"

နန်းကွန္တာနွယ်က မကြားဟန်ပြုလိုက်သည်။ ထိခြင်းငါးပါးနှင့် ဝပ်တွားဦးချလျက် ရှိချေတော့သည်။

သူလည်း ဦးသုံးကြိမ်ချကာ ရှိခိုးလိုက်သည်နှင့် သူမအားစိတ်ကြည့်နေမိတော့သည်။

သူ စိတ်ထင်၍လား မသိ။ သူမ မျက်ဝန်း၌ မျက်ရည်စများသွဲ့ဝေလာလျက် ရှိချေသည်။

အနိုင်ယူလိုက်နိုင်ခြင်း၏အပေါ်တွင် သူမသည် ကျေနပ်အားရမှု ရှိနိုင်ပါ့မည်လား။

အနိုင်ယူလိုသူသည် အနိုင်ရပြီးသော်လည်း မျက်ဝန်း၌မျက်ရည်စများ စွန်းထေးနေခြင်းကိုတော့ သူ နားမလည်နိုင်အောင်ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်မည်ဆိုလျှင် သူမ ပျော်ရွှင်ချမ်းမြေ့စေချင်ပါသည်။

သူမဘဝ အလင်းရောင်ရရေးအတွက် ဖြစ်နိုင်မည်ဆိုလျှင် သူ၏မျက်ဝန်းကို အစားထိုးကာ လဲလှယ်ပေးလိုက်ချင်စိတ်ပင်လျှင် ဖြစ်ပေါ်လာတော့သည်။

ထိုမျှအထိ နန်းကြွနှာနွယ်ကို သူချစ်မိလေပြီ။









## [၂၇]

ချစ်မိမှတော့ အနှံ့အတာခံရတော့မည်ပင်။

"နန်းနွယ်. . . နိုးပြီလား"

"နင် အစောကြီး နိုးနေတယ်"

"ဟုတ်တယ်. . . နင်စောစောထတတ်တော့ ကိုယ်လဲ စောစောထရမှာပေါ့၊ ကိုယ် ဆိတ်ဖလူးပန်းကြွေလေးတွေတောင် ကောက်ထားပြီးပြီ"

"ဟင်. . . ငါကောက်ရမှာကို နင်ကောက်တော့ ငါ ဘာအလုပ်ရှိတော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပန်း သွားကပ်ပေါ့ နန်းနွယ်"

နန်းကြက္ခာနွယ်သည် ငြိမ်သက်စွာ ရပ်နေသည်။ တွေဝေစဉ်းစားနေခြင်းလား။

အဒေါ်နှစ်ဦးစလုံး ပြန်သွားပြီဖြစ်သဖြင့် နန်းကြက္ခာနွယ်၏ ကိစ္စအဝဝသည် သူ၏တာဝန်ဖြစ်ကြောင်း နားလည်ပါသည်။

"ဘုရားရှိခိုးပြီးရင် လမ်းလျှောက်ဦးမလား"

"အင်း"

နန်းကြက္ခာနွယ်အပါး၌ သူ အခစား ဝင်လျက်ရှိသည်။ ထွဋ်ဘုန်းဇော်စိတ်၌ သရဖီကိုကျောင်းပို့ရန် သတိရလိုက်သည်။ ဘုရားရှိခိုးပြီးပြီဖြစ်သော သူမအား. . .

"ဒီနေ့ ဖိဖိ့ကို ကျူရှင်သွားပို့ပေးရမယ်၊ ကိုယ်သွားရမလား"

နန်းကြက္ခာနွယ် စဉ်းစားရပြန်သည်။ သရဖီဘုန်းဇော်တို့ မိသားစုကို ငဲ့ညှာရမည်လား၊ ထွဋ်ဘုန်းဇော်ကို ဘာကြောင့် သူ လက်ထပ်ခဲ့သနည်း။

"မလိုပါဘူး. . . နင်ဟာ ငါ့အတွက်ပဲ လူဖြစ်နေစေရမယ်"

ထွဋ်ဘုန်းဇော်ရင်ထဲ မျက်ခနဲ ဖြစ်သွားသည်။ သို့သော် မျက်နှာလှလှပေါ်မှ မျက်ဝန်းငြိမ်ငြိမ်ကလေးကို တွေ့မြင်လိုက်ရသောအခါ သူ့ရင်ထဲ လျှပ်တစ်ပြက် ဖြတ်သန်းသွားသည့် အမျက်ဒေါသလေး ကျေပျက်သွားရသည်။

အနုပညာ တေးဂီတကို ခံစားကာ ဖန်တီးတတ်သူ မိန်းသားတစ်ဦး၏နှလုံးသားမှ ဟုတ်ပါလေစဟု သူ သံသယ ဖြစ်သည်။

"ခြံထဲ ဆင်းမလား"

"ဟင့်အင်း. . . စောင်းတီးချင်တယ်"





"ဟောဗျာ. . . ညတီးမှ ဈာန်ဝင်တယ်ဆို"

"ဟုတ်တယ်လေ. . . ဒါ တမင်သက်သက် ပြောတာပဲ"

"ဘာဖြစ်လို့လဲ"

"ညတီးမှ သရဖီအတွက် အကြိုတော်ထောက် လာမယ်၊ အကြိုတော်ထောက်သူထဲမှာ နင်လဲပါလာနိုင်တာကိုး"

"သြော်. . . ကြိုတင်ဖန်တီး လီဆယ်မှုတွေပေါ့"

"ဒါပေါ့. . . ရယူလိုမှုတစ်ခုအတွက် လီဆယ်မှု ဆိုတာလဲ ရှိချင်ရှိမှာပဲ"

"ဒါဖြင့် ရယူလိုမှုအတွက် နန်းကြက္ခာနွယ် ကြိုးပမ်းမှုက အောင်မြင်ပါပြီတဲ့လေ၊ မင်းမှာ ပျော်ရွှင်မှုတွေ ရနေသလား နန်းနွယ်"

စောင်းကို ရင်ခွင်ပိုက်ကာ တီးခတ်ရန် တာစူလိုက်သည့် နန်းကြက္ခာနွယ်သည် ကျောက်ဆစ်ရုပ်ကလေး ဖြစ်သွားသည်။

မိမိ ပျော်ရွှင်နေပါသလား။

ထွဋ်ဘုန်းဇော်ကို ရယူပြီး ပညာသားပါပါ နှိပ်စက်မှုလည်း အောင်မြင်သည်ဟု ဆိုနိုင်ပါမည်လား။

ထွဋ်ဘုန်းဇော်သည် သူ့နှိပ်စက်မှုကို သည်းခံခွင့်လွှတ်ပြီး ခပ်ပျော်ပျော်ပင် ရှိနေသည့်အတွက် နန်းကြက္ခာနွယ် အံ့သြရသည်။

စောင်းကို ပြန်ချကာ ထိုင်ရာမှ ထလိုက်သည်။

"ငါ ကော်ဖီသောက်ချင်တယ်"

"အိုကေ. . . ကိုယ်ဖျော်ပေးမယ်"

"မလိုဘူး. . . ခင်ထွေး ဖျော်ပါစေ၊ နင်သွားပြောပေး"

ထွဋ်ဘုန်းဇော်က ခြောက်ကပ်စွာ ရယ်မောလျက်. . .

"ပြောမနေတော့ဘူး. . . ကိုယ့်ချစ်ဇနီးအတွက် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖျော်ပေးမယ်"

နန်းကြွေနွယ် ရင်ထဲသို့ ထိမှန်သွားပြန်သည်။

"ဘိုဘို"

"ဆို"

"ငါ့ကို အချစ်တို့ မေတ္တာတို့နဲ့ သံယောဇဉ် ဖွဲ့နှောင်စေတတ်သော စကားမျိုး ဘယ်တော့မှ မပြောနဲ့"

"စကားဟာ လေပါပဲလို့ သတ်မှတ်လိုက်ရင် နန်းနွယ် ဘာမှခံစားစရာ မလိုပါဘူး"

"ဘာဖြစ်လို့ ငါက ခံစားရမှာလဲ"

"မသိနိုင်ဘူးလေ. . . နန်းနွယ် ခံစားရလို့ ဒီစကားပြောတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဟုတ်ပါတယ်လို့ ကိုယ်မစွပ်စွဲတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အနိုင်ယူသူကို အရှုံးပေးဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေတော့ နန်းနွယ် စိတ်ချမ်းသာစေရပါ့မယ်၊ ကိုင်း. . . လာ၊ အောက်ထပ်ဆင်းမလား"

"ကိုယ့်ဟာကိုယ် ဆင်းမယ်. . . ဆင်းနေကျပဲ၊ နင်ရောက်လာလို့ ငါ့ဘဝမှာ ဘာမှထူးခြားမလာဘူး"

"အစေအပါးတစ်ယောက် တိုးလာရုံတော့ သိမှာပေါ့"

"ဘိုဘို. . . နင့်ပါးစပ် ပိတ်ထားရင် ငါစိတ်ချမ်းသာမှာပဲ"

"ကောင်းပြီ"

သူ လှေကားပေါ်မှ ဆင်းပြေးခဲ့သည်။ အားနွဲ့သော မိန်းမသားတစ်ဦးကို သူ အနိုင်မယူလိုပါ။ အထူးသဖြင့် ချစ်သော မိန်းမလေး၏အပေါ်၌ ပို၍ပင် အရှုံးပေးချင်သေးသည်။





"ကိုကို"

"ဟော. . . ဖိုဖို၊ နင် ကျူရှင်မသွားဘူးလား"

"မသွားတော့ဘူး. . . ဖေဖေက အိမ်မှာပဲ ခေါ်သင်ဖို့ စီစဉ်နေတယ်"

သူ စိတ်မကောင်းဖြစ်သွားသည်။ အကယ်၍သာ သူသာ မှန်မှန်လိုက်ပို့ပေးပါလျှင် ဤသို့ သရဖီအတွက် အပြောင်းအလဲဖြစ်စရာ မလိုအပ်တော့ချေ။

"အခု ဘာလာလုပ်တာလဲ"

"မေမေ မုန့်ဟင်းခါး ပို့ခိုင်းလိုက်လို့. . . မမနွယ်ကော"

"ဆင်းလာလိမ့်မယ်"

"ဟင်. . . ကိုကိုက တွဲမလာဘူးလား"

"နင့်မမနွယ်အကြောင်းလဲ သိရဲ့သားနဲ့၊ သူ့အား သူကိုးချင်တဲ့မိန်းမ"

"ဒါဖြင့် ဖိုဖို တက်သွားမယ်နော်"

"နင့်သဘောပေါ့"

သရဖီဘုန်းဇော်က အပေါ်ထပ်သို့ ပြေးတက်သွားသည်။ နန်းကြွေနွယ် ကြိုက်ပါ့မလား ဟူသောအတွေးဖြင့် စိုးထင့် သွားသော်လည်း သရဖီဘုန်းဇော်သည် ထွန်းရှိဘုန်းဇော် မဟုတ်ခြင်းကိုတော့ သူမ-နားလည်ပေမည်။

"ထွေးခင်"

"ရှင်. . . ဆရာလေး"

"ငါ ကော်ဖီဖျော်မယ်"

"ဖျော်ပြီးပြီလေ ဆရာလေး"

"ဘာဖြစ်လို့ ဖျော်ထားရတာလဲ၊ သောက်ခါနီးမှ ဖျော်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆိုရင် နို့ဆီ ကော်ဖီမှုန့်ပုလင်း သကြားပုလင်းနဲ့ ခါတ်ဘူးသာ ချထားပေး. . . ကြားလား"

"ဟုတ်. . ဟုတ်ကဲ့"

"နောက်ပြီး မနက်ဆိုရင် သူ ဘာစားတတ်သလဲ"

"မုန့်ဟင်းခါးနဲ့ ငါးဖယ်ကြော်"

"ဝယ်ပြီးပြီလား"

"မနေ့ကတည်းက သရဖီ လာပို့မယ်ဆိုလို့ ဒီနေ့ဝယ်မထားတော့ဘူး"

"ဟုတ်ပြီ. . . နေ့လယ်အားရင် နင် မေမေ့ဆီ သွားပြီး မုန့်ဟင်းခါးချက်နည်းသင်ထား၊ ဆိုင်မုန့်ဟင်းခါးတွေ သိပ်မစားစေချင်ဘူး၊ ဆေးသကြားတို့ ဘာတို့နဲ့ အများအတွက် အိုးကြီးချက်တာဆိုတော့ သန့်ရှင်းမှု မရှိနိုင်ဘူး"

"ဟုတ်. . ဟုတ်ကဲ့ ဆရာ"

ထွေးခင်သည် ခေါင်းတညိတ်ညိတ်နှင့်ရှိနေသည်။ သူ့အား ပစိပစပ်များသော ယောကျာ်းတစ်ဦးအဖြစ် မြင်ကောင်းမြင်ပေလိမ့်မည်။

"မေမေ့ကို ပြောပါ. . . ဒုက္ခမရှာပါနဲ့လို့"

"ဒုက္ခမရောက်ပါဘူး မမနွယ်၊ ဖေဖေကလဲ စားတတ်တယ်လေ၊ ဒါကြောင့် မေမေက အိုးသေးနဲ့ အမြဲချက်နေကျ ဆိုတော့ အပန်းမကြီးပါဘူး၊ ကိုကိုကတော့ မစားတတ်ဘူး၊ လက်ဖက်ရည်နဲ့ ပေါင်မုန့်ကြက်ဥကြော်ပဲ စားတတ်တယ်"

"ဟုတ်လား. . . ကြည့်စမ်း၊ မမနွယ် မေ့နေတာ၊ မောင့်အကြိုက်တွေ မေးမထားမိဘူး၊ ထွေးခင်. . ."

"ရှင်"





"စိုးဝင်းကို ချက်ချင်းသွားခိုင်းလိုက်၊ စံပြပေါင်မုန့်ကောင်းကောင်း သွားဝယ်ခဲ့လို့"

"ဟုတ်"

"နေပါစေ ထွေးခင်. . နေ. . နေ၊ ငါ မုန့်ဟင်းခါးပဲ စားမယ်"

မိန်းမသားများ၏မာယာလက်နက်သည် ကြောက်မက်ဖွယ်ကောင်းလွန်းလှသည်။ ထိုဟန်ဆောင်မှုကို သူ ရွံ့မုန်းသည်။ သို့သော် သူ အချစ်ဆုံးသူ၏မာယာလက်နက်ကိုတော့ သူ မမုန်းနိုင်တော့ပါလား။ လူ့စိတ်သည် ဆန်းကြယ်လွန်းလှသည်။

"သွားဝယ် ထွေးခင်"

"ဟုတ်"

ထွေးခင်သည် လှစ်ခနဲ ပြေးထွက်သွားသည်။ နန်းကြွနွယ်သည် သူတို့၏အရှင်သခင် ဖြစ်သည်ပဲ။ ထို့ကြောင့် သူမ၏စကားကိုသာ နာခံပေမည်။

"မမနွယ် စားတော့မလား"

"ကောင်းသားပဲ. . ပူတုန်းလေး၊ ညီမကော"

"စားပြီးပြီ. . . မမနွယ်ကို ထည့်ပေး. . . "

"ဟိုး. . . စာသွားကျက်တော့ ခွေးဖီမလေး၊ ကိုကို့မိန်းမကို ကိုကို့ကိုယ်တိုင် ထည့်ပေးမယ် ဟုတ်လား၊ ကဲ. . . သွား"

သရဖီဘုန်းဇော်က ပခုံးတွန့်ကာ ခစ်ခနဲ ရယ်လိုက်သည်။

"ကိုကို မယကကြီးပေါ့"

"မယက မဟုတ်ဘူး၊ မယခ ပါကွာ"

နန်းကြွနွယ်က တစ်ခွန်းမှဝင်မပြောဘဲ ပြုံးနေသည်။

"ညရောက်ရင် ညီမလာခဲ့မယ်နော် မမ"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ ညီမရယ်၊ မနေ့ကတောင် မမ မျှော်နေသေးတာ၊ အပြန်ကျရင် ဖေဖေတို့ကို လာမကြိုခိုင်းနဲ့တော့၊ မမတို့ ပြန်ပို့ပေးမယ်"

"ဟုတ်ကဲ့. . . သွားမယ်နော် မမနွယ်"

သရဖီဘုန်းဇော်က နန်းကြွနှာနွယ်ပါးကို ရွှတ်ခနဲ နမ်းပြီး ချိုင့်ဆွဲကာ ပြေးထွက်သွားလေသည်။

ဟော့ပလိတ်ပေါ်၌ တင်ထားသော အိုးထဲမှ ဟင်းရည်ကို ခပ်ထည့်ပေးပြီး သူမရှေ့သို့ ချပေးလိုက်သည်။

"နန်းနွယ်. . . နည်းနည်းထည့်ပေးမယ်၊ ပူပူလေး စားရအောင်၊ အချဉ်ညှစ်မလား"

"ဟင့်အင်း"

"နံ့နံ့ပင်"

"မကြိုက်ဘူး"

"ငရုတ်သီးမှုန့်ကော"

"ဟင့်အင်း"

"ဩော်. . . ကိုယ်မေ့နေလို့၊ နေနေ အဲဒီပန်းကန် မစားနဲ့ ပေးပေး. . . ကိုယ်စားလိုက်မယ်၊ နန်းနွယ်က ငါးဖယ်ကြော်နဲ့ပဲ စားတတ်တာပဲ၊ ငါးဖယ်ကြော် ရှိတယ်မှတ်လား"

"ရှိတယ်. . . ကြောင်အိမ်ထဲမှာ"

သူနှင့်ဆိုလျှင် မျက်နှာထားတင်းတင်း နေတတ်သော နန်းကြွနှာနွယ်ကို ပြုံးလာအောင် သူဖန်တီးချင်လာသည်။

"ခါးနဲ့ စဉ်းတီတုံးကော"

"ဘာလုပ်ဖို့လဲ"

"ငါးဖယ်လှီးဖို့လေ"





"ဟင်း. . ဟင်း. . ကတ်ကြေးနဲ့ ညှပ်ပါလားလို့"

"ဟုတ်လား. . . ကတ်ကြေးက ဘယ်မှာလဲ"

သူ ကတ်ကြေးရှာရပြန်သည်။ ပင်ပန်းသောအလုပ် မဟုတ်သဖြင့် ချစ်သူအတွက် အလုပ်ရှုပ်ရခြင်းကိုပင် ကျေနပ်ပျော်ရွှင်နေမိသည်။

"ရှိုးကေ့စ်ထဲမှာလေ"

ပန်းကန်များ အပြည့်ထည့်ထားသော ရှိုးကေ့စ်ထဲရှိ ကတ်ကြေးကို ယူလိုက်ရပြန်သည်။

"ညှပ်တတ်ရဲ့လား"

"မိုင်နာပါ. . . ပတ်တီးတို့ ပလာစတာတို့ ဖြတ်နေကျ"

"ဟင်. . . ဒါဖြင့် ပေးပေး၊ အခုမှ သတိရတယ်၊ နင့်လက်တွေဟာ လူနာကို ကိုင်တွယ်စမ်းသပ်နေတဲ့ လက်တွေပဲ၊ အဲဒီလက်နဲ့ ငါ့ကို လုပ်မပေးနဲ့"

"ဟောဗျာ. . . တရားမရှိပါလား၊ ကပ်နေလို့လား၊ ဘယ်လက်ကကော အညစ်အကြေးနဲ့ ကင်းနိုင်လို့လဲ၊ ဖယ်ကွာ. . . မင်းလက် ညှပ်မိသွားမယ်"

မလိုအပ်သော မှားယွင်းမှု အယူအဆနှင့် ဇီဇာကြောင်မှု သူ မလိုက်လျောနိုင်ချေ။ မိန်းမကိုချစ်၍ အလိုလိုက်အကြိုက်ဆောင်ခြင်းအပေါ်တွင် လွဲမှားသော ရိုင်းပျမှုမျိုး ရှိလာပါက သူ သည်းခံခြင်းတို့ ပျောက်ကွယ်သွားလိမ့်မည်။

သူ့လက်ကို စမ်းကိုင်လာသော သူမလက်ကို အသာဖယ်ကာ သူကိုယ်တိုင်မင် ငါးဖယ်နှစ်ချပ်ကို မုန့်ဖတ်ထည့်ထားသော ပန်းကန်ထဲသို့ ညှပ်ထည့်ပေးလိုက်သည်။

ဟင်းချိုကို သီးသန့် ဟင်းသောက်ပန်းကန်နှင့် ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မွှေနှောက်ကာ ဘဲဥဖတ်လေးများ ပါအောင် ခပ်ထည့်ပေးလိုက်သည်။

"ကိုင်း. . . စားလေ နန်းနွယ်၊ အဆင်သင့်ပဲ"

"နင်က မုန့်ဟင်းခါး မကြိုက်ဘူးဆို၊ ခုနပန်းကန်က. . "

"ဘူးသီးကြော် ထည့်ထားမိလို့ ကိုယ်စားလိုက်မယ်၊ နန်းနွယ်ကို ပြင်ဆင်ပေးရင်း ကိုယ်လဲ စားချင်လာလို့ပါကွာ"

နန်းကြွန္ဒာနွယ် သက်ပြင်းချလိုက်ပြီး ကျင့်သားရနေဟန်တူသော သူမ့က ကျွမ်းကျင်စွာပင် ခပ်၍ စားသောက်လေသည်။

"ရရဲ့လား. . . ကိုယ် ခွံ့ကျွေးရမလား"

"အပိုတွေ လာပြောမနေနဲ့၊ လက်တွေခြေတွေ အကောင်းချည်းပဲ၊ မလိုအပ်ဘဲ သူတစ်ပါးအကူအညီကို ဘယ်တော့မှ မယူဘူး"

"ကောင်းပြီ. . . ကိုယ်က ကိုယ့်ကို အားနာမှာစိုးလို့ ပြောတာပါ၊ အားမနာနဲ့နော်. . . ကိုယ့်ယောကျ်ား အရင်းခေါက်ခေါက်ကြီးပဲ"

"ဘိုဘို"

"ဟင်. . . ဘာလိုလို့လဲ၊ ကော်ဖီလား၊ သောက်ခါနီးမှ ထည့်ပေးမယ်လေ"

"မလိုအပ်ဘဲ အပိုစကားတွေ ငါ့ကို ပြောစရာမလိုဘူးလို့ ပြောထားတယ်မှတ်လား"

"ဟား. . . ဆောရီး၊ ကိုယ်မေ့သွားလို့"

ထွန်းဘုန်းဇော်က သဘောကျစွာ ပြုံးလိုက်မိသည်။

ထို့နောက် သူမ၏မျက်နှာအလှကို စူးစူးစိုက်စိုက်ကြည့်ရင်း မုန့်ဟင်းခါးကို စားလိုက်ရာ တစ်ပန်းကန်သည် တစ်ခဏ အတွင်း





ချင်း ကုန်သွားသည်။ သူမအတွက် ကော်ဖီချပေးပြီး ထွေးခင် ဝင်လာသဖြင့် သူ ထမင်းစားခန်းမှ ထွက်ခဲ့သည်။

ဘာလုပ်ရမည်နည်း။ ယောင်ချာချာနှင့် သူ ဧည့်ခန်း၌ လမ်းလျှောက်နေမိသည်။ ဒီနေ့ ကားတစ်စီးကို ရောင်းစရာရှိသည်။ သူ အပြင်ထွက်ရမည်။ နန်းကြွန္ဒာနွယ်က ဘာပြောဦးမည်ကို သူ မခန့်မှန်းတတ်။

တယ်လီဖုန်းဆက်ကာ သူနှင့်အတူတွဲလုပ်နေကျ သူငယ်ချင်းကိုသာ တာဝန်လွှဲပေးလိုက်သည်။

"ဘိုဘို"

သူ မထူးဘဲ နေလိုက်သည်။

"ဘိုဘို"

သူမက အသံအနည်းငယ် ထပ်မြှင့်လိုက်သည်။ သူမက မျက်မှောင်တွန့်ကာ စူးစမ်းပြီး သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာသောအခါ သူကလည်း ရှောင်ကွင်းကာ ထောင့်တစ်နေရာ၌ ရပ်လိုက်သည်။

"ဘိုဘို. . . နင်မညစ်နဲ့၊ ငါခေါ်နေတာ ထူးလေ"

သူပြုံးကာ သူမလှုပ်ရှားမှုကိုသာ တိတ်တဆိတ် ကြည့်နေမိသည်။

"ဘိုဘို. . . နင်ရှိနေတာ ငါသိတယ်၊ ဘာလို့ မထူးသလဲ"

ထွေးခင်ကပင်လျှင် အသံကြားသဖြင့် ဧည့်ခန်းသို့ ထွက်လာရာ သူကလှမ်း၍ နှုတ်ခမ်းသို့ လက်ညှိုးနှင့်ကပ်ပြကာ ဟန့်တားလိုက်သည်။ ထွေးခင် ပြန်လှည့်သွားသည်။

ဒေါသကြောင့်လေလား မသိ၊ နန်းကြွန္ဒာနွယ်သည် ထွေးခင်သာခြင်းကိုပင် သတိမပြုမိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုဘို. . . နင့်ရဲ့အနံ့ ငါရနေတယ်၊ နင်. . နင်. . ငါ့ကို စိတ်ကောက်နေတာလား"

နန်းကြူနွာနွယ်သည် အမှန်တော့ အဖော်လိုနေသည် ထင်ပါသည်။ အမှောင်ထု၌ တစ်ယောက်တည်း ကြီးပြင်းရခြင်းအပေါ်၌ ပုံမှန်မဟုတ်သော အတွေးအခေါ် အယူအဆတို့ဖြင့် စိတ်ထင်တိုင်း ကျဲနေပုံရသည်။

"မျက်မမြင်ဒုက္ခိတအပေါ် အနိုင်ရခြင်းအတွက် နင် ကျေနပ်သွားပြီလား"

သူ့ထံသို့ လျှောက်လာသည့် နန်းကြူနွာနွယ်ကို သူ ရှောင်ရှားရန် မကြိုးစားတော့ပါချေ။

စိတ်လှုပ်ရှားခြင်း၊ ရင်ခုန်ခြင်းနှင့်အတူ သူ့နား၌ ရပ်လာသော မိန်းမလှလေးကို စိုက်ကြည့်ရင်းမှ သူ၏စိတ်ရိုင်းကို ချွန်းအုပ်သည့်အနေဖြင့် နောက်သို့ လှည့်ပစ်လိုက်ရသည်။

ဤမျှ ချောမောလှပတောင့်တင်းသော အပျိုစင် မိန်းမသားတစ်ဦးကို တရားဝင်ပိုင်ဆိုင်ခွင့် ရထားပြီး အလှကြည့်နေရသော ယောကျ်ားတစ်ဦး၏စိတ်တို့ အဘယ်မျှ ထိန်းချုပ်ထားရသည်ကို သူမ ကြိုသိနေလေသလား။

"ဘိုဘို"

သူ၏ပခုံးထက်သို့ နုထွေးညံ့သက်သော လက်ကလေးတစ်ဖက် ကျရောက်လာသည်။ ဆတ်ခနဲ သူ တုန်လှုပ်သွားသည်။

"ငါ ခရီးထွက်ချင်တယ်"

သူ ဘာမှ ပြောမနေတော့။ သူမဘက် လှည့်ကာ ပွေ့ဖက်ပြီး နှင်းဆီငုံဖူးလေးကို တအားမွှေးကြူမိသောအခါ. . .

"လွှတ်"





"ဖြန်း"

မယုံကြည်နိုင်စရာ ကောင်းလောက်အောင် သူမသည် မြန်ဆန်လှသည်။ သူ့အနမ်းမှ မဆုံးခင် သူမသည် ဆောင့်ရုန်းကာ သူ၏ပါးပြင်သို့ လွှဲချပြီး ဖြစ်သွားသည်။

"နင့်ကို ဒုက္ခိတအပေါ် အနိုင်ယူရဲတဲ့ ယောကျ်ားတစ်ဦး ဖြစ်လိမ့်မယ်လို့ ငါမထင်မှတ်ခဲ့ဘူး. . . တောက်၊ ငါလေ နင့်ကို မုန်းတယ်၊ အရမ်းမုန်းတယ်. . . တောက်"

ဒေါသတကြီးဟစ်ကာ သူမ ပြေးထွက်သွားသည်။

ဒေါသနှင့် ယှဉ်လာသော သူမ၏လှုပ်ရှားမှုက သတိတရားကို ကင်းစင်စေသည်။ ပရိဘောဂများ၏ထားသိုရာနေရာကို မေ့လျော့သွားဟန် တူသည်။ ကွပ်ပျစ်နှင့် ထိမိကာ ခွေလဲသွားသည်။

"နန်းနွယ်"

သူ မမီလိုက်ပါ။ ခွေခွေကလေး လဲနေသော သူမကို ထူမ သောအခါ ထူမသောလက်ကို ရိုက်ပုတ်ထုတ်လိုက်သည်။

ညာခြေမလေးသည် ကွပ်ပျစ်ခြေထောက်နှင့် ထိကာ ပွန်းသွားပုံရသည်။ သွေးများ သီးလျက်ရှိသည်။

"ခြေမထိပ် ကွဲသွားပြီ"

"ကွဲပါစေ. . . နင် ငါ့အသားကို မထိနဲ့"

သူ နားထောင်မနေတဲ့. . .

ဗီရိုထဲမှ သူ၏ဆေးပစ္စည်းများ ထည့်ထားရာ အတက်စ်ချိုကော့စ်ကို ယူကာ သူမအနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

မျက်ရည်များ ရစ်ဝဲနေသော သူမ၏မျက်ဝန်းအစုံသည် သူ့အား မှန်းဆကြည့်လေသည်။

"ငယ်ငယ်တုန်းက ငါက ဆရာဝန်၊ နင်က လူနာလုပ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ကစားတာ မှတ်မိသေးလားဟင်၊ ငါက ဖေဖွေ့ပတ်တီးတွေကို ခိုးပြီး နင့်ခြေထောက်ကို ပတ်ပေးတာလေ"

နန်းကြူနွာနွယ်သည် ငြိမ်သက်သွားသည်။ ငယ်စဉ်က ပျော်ရွှင်စွာ ဆော့ကစားခဲ့သော အတိတ်ပုံရိပ်တို့သည် သူ၏အမှောင်ထုအတွင်း၌ သက်ဝင်လှုပ်ရှား ထင်ဟပ်နေပုံရသည်။

ထွဋ်ဘုန်းဇော် အားတက်သွားသည်။ သူမခြေမကို အရက်ပြန်နှင့် ဆေးကြောပြီး ဆေးထည့်ကာ ပတ်တီးလေးနှင့် စီးပေးနေစဉ် သူ၏လက်ခုံပေါ်၌ ပူနွေးစိုစွတ်သွားသည်။

သူမ၏မျက်ရည်စက်ကလေးများပင်။

လောက၏အပြုံးဖွဲ့မှုကို နာကြည်းခါးသီးစွာ ခံနေရသော မိန်းမသားတစ်ဦး၏မျက်ရည်များသာ ဖြစ်ချေမည်ထင်။

"နန်းနွယ်ရယ်"

သူ့ရင်တွင်း ပွင့်ထွက်လာသော ကရုဏာဖြင့် ညည်းတွားလိုက်မိလေသည်။







(၂၈)

"နန်းနွယ်. . . နန်းနွယ်"

သူ၏ဝမ်းသာအားရခေါ်သံကို တုံ့ပြန်မှုမပေးဘဲ တိတ်ဆိတ်ငြိမ်သက်နေသော အပေါ်ထပ်သို့ လှေကားထစ်များကို ခုန်ကျော်လွှားကာ သူပြေးတက်ခဲ့သည်။

"နန်းနွယ်"

ပွဲခ ရလာသောငွေတို့ကို နန်းကြူနွာနွယ်၏လက်ထဲသို့ အပ်ချင်သည်က တစ်ကြောင်း၊ ဖခင်ပေးလိုက်သော သတင်းထူးကို ပြိုးဖျားဖျား ပေးချင်သည်ကတစ်ကြောင်းကြောင့် သူမကို လိုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်နေသည်။

"နန်းနွယ်"

သူမ၏အိပ်ခန်းကို တွန်းဖွင့်လိုက်သည်။

ရေချိုးခန်းဆီမှ ရေကျသံကို ကြားရပြီး ချက်ချင်းပင် ပျောက်ကွယ်သွားကာ တံခါးဖွင့်သံကို ကြားလိုက်ရသည်။

ရင်ရှားနှင့် ထွက်လာသော သူမ၏ခန္ဓာကိုယ် ဝါနစ်နစ် ပေါ်၌ ရေစက်ရေပေါက်ကလေးများ တွဲခိုနေမှုမှာ အသည်းယား ရာ ကောင်းလှသည်။ ရေစက်ရေပေါက်လေးများကိုပင် သူ မနာလို ဖြစ်လာသည်။

စိုနေသော ဆံပင်ထွေးကြီးကြောင့် သူမ ခေါင်းလျှော်ထား ကြောင်း သူသိလိုက်ရသည်။

တဒင်္ဂတော့ သူ လာရင်းကိစ္စကို မေ့လျော့ကာ မှင်သက် နေမိသည်။

သူမသည် ကိုယ်မှ ရေစက်လေးများကို အရင်သုတ်လိုက် ပြီးနောက် ဆံပင်ကို သုတ်ရင်း ပလပ်၌ တပ်ထားသော ဟဲဒရိုင်ယာ ဆီသို့ လျှောက်ခဲ့သည်။ ထို့နောက် ခလုတ်ကို ဖွင့်ရန် လက်လှမ်း လိုက်သောအခါ. . .

"နန်းနွယ်"

"ဟင်. . . နင်. . . နင် ဘာဝင်လုပ်တာလဲ"

လေးညို့သံကြားသော သားကောင်၏တုန်လှုပ်မှုမျိုးဖြင့် သူမ တုန်လှုပ်သွားပြီး မျက်နှာသုတ်ပဝါကို ချြလိုက်သည်။

"ဟဲဒရိုင်ယာကို နန်းနွယ်ဘာသာ နန်းနွယ် အသုံးပြုတာ လား"

"ဟင့်အင်း. . . အရင်တုန်းက အန်တီလုပ်ပေးတယ်





ကိုအပတ်က ထွေးခင်ကို ခိုင်းတယ်၊ အခု သူ မအားတော့. . "

"ကိုယ့်ကို ဘာဖြစ်လို့ မပြောသလဲ"

"နင်ပဲ ဆေးရုံသွားမယ်ဆို"

"ဆေးရုံက ပြန်လာမှ ခေါင်းလျှော်လဲ ရပါတယ် နန်းနွယ်၊ ဘာလဲ. . . ကိုယ့်ကို ကြောက်လို့လား"

"မဆိုင်တာတွေ မပြောနဲ့"

"မီးခလုတ်တွေ ပလပ်ပေါက်တွေကို လုံးဝမကိုင်ချင်နဲ့ နန်းနွယ်၊ ပေး. . ကိုယ်လုပ်ပေးမယ်၊ ဓါတ်လိုက်သွားမှာ မစိုးရိမ်ဘူး လား"

နန်းက္ကန္ဒာနွယ်၏မျက်နှာပြင်တစ်ခုလုံး နီရဲလျက်ရှိသည်။

"နင် သွားတော့ ဘိုဘို"

"ဘာဖြစ်လို့လဲ"

"ငါ အကျႌဝတ်ပြီးမှ နင် ဟဲဒရိုင်ယာနဲ့ မှုတ်ပေး"

"ဘာဖြစ်လို့လဲ. . . ကိုယ့်ကို မယုံလို့လား၊ မင်းကိုယ်မင်း မယုံလို့လား"

"ဘာ. . . ငါက ငါ့ကိုယ်ငါ ဘာဖြစ်လို့ မယုံကြည်ရမှာလဲ"

"ဪ. . . ကိုယ်နဲ့ နီးစပ်မှု၊ ယုယမှုအပေါ် မှာများ သာ ယာပြီး ရင်ခုန်နေမလားလို့လေ"

"ဘိုဘို. . . နင့်ပါးစပ်ကို ပိတ်ထားစမ်း"

"ဒါဖြင့် ကိုယ်အရင်မှုတ်ပေးမယ်၊ မင်းကို ကိုယ်ပြောစရာ တွေ ရှိနေတယ် နန်းနွယ်"

နေသားတကျ ရှိနေပြီဖြစ်သောကြောင့် နန်းက္ကန္ဒာနွယ်နှင့် ဆက်၍ စိတ်ကို ထိန်းချုပ်နိုင်သောစွမ်းအား ရကာ အလေ့အ ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နန်းကြက္ကာနွယ်၏ဆံပင်ရှည်ကြီးများ ခြောက်စေရေးအ တွက် တယုတယ ကိုင်တွယ်၍ ဟဲဒရိုင်ယာဖြင့် မှုတ်ပေးသည်၊

"ပြောလေ"

"အင်း. . . နင်နဲ့ တွေ့လိုက်ရင် ငါ အရာရာကို မေ့သွားစေတယ် နန်းနွယ်. . . နင်သိပ်လှတယ်"

"ဘိုဘို. . : နင့်ကို ငါက အခွင့်အရေးသမား မဟုတ်ဘူးလို့ ယူဆထားတယ်နော်"

"ကျေးဇူးတင်ပါတယ်. . . နွားလို့ မယူဆရင် တော်ပါပြီ လူကတော့ စိတ်ချရပါတယ်၊ စိတ်နဲ့ကတော့ အမြဲပစ်မှားနေတာ ငါ စိတ်တွေ လှုပ်ရှားလောက်အောင်လဲ နင်က အရမ်းလှနေတာ နန်းနွယ်"

နန်းကြက္ကာနွယ် ကျောချမ်းသွားသည်။ ကြက်သီးမွေးညှင်းကလေးများ ထောင်ထသွားသည်အထိ ခံစားလိုက်ရသည်။ ရက်ခြင်းကြောင့် ထူပူသွားသည်။ ရင်ဘတ်ပေါ်မှ မျက်နှာသုတ်ပဝါ ဆွဲစေ့လိုက်သည်။ မလုံမလဲနှင့် ရှက်စိတ်တို့ဖြင့် ရင်ဖိုနေရှာ မိန်းမလှလေးကို ကရုဏာနှင့် ယှဉ်သည့် မြတ်နိုးမှုဖြင့် သူပြုံး သည်။ ပိတုန်းရောင် ဆံရင်းအောက်မှ ဦးရေစိမ်းစိမ်းကလေး သူမ၏အသားအရည် ဖြူဖွေးကြောင်းကို ပြသနေသကဲ့သို့ သည်။

"စိတ်ချပါနန်းနွယ်၊ မင်းဆန္ဒမပါသရွေ့ ငါ့ကိုယ်ငါ ချုပ်ဆုံးမထားပါတယ်"

"အပိုတွေမပြောနဲ့. . . နင်ပြောစရာရှိတာ မြန်မြန် လေ"

"ပြောရမယ့်အချက်တွေထဲမှာ အရေးအကြီးဆုံးက





တွက်ပဲ"

"ငါ့အတွက်"

"ဟုတ်တယ်. . . နန်းနွယ်အတွက် ဒီနေ့ ငါ့ကို ဖေဖေခေါ် သွားတာက သူ့ရဲ့သူငယ်ချင်း မျက်စိအထူးကု ဆရာဝန်ဆီပဲ၊ သူက နင့်ရဲ့မျက်စိကု မှတ်တမ်းစာရွက်တွေပေါ်က ဆရာဝန်တွေရဲ့စစ် ဆေးတွေ့ရှိချက်ကို ကောက်ချက်ချလိုက်တာက နင့်မျက်လုံးကို သူကုပေးနိုင်မယ်တဲ့၊ ပိုသေချာအောင် နင့်ကို သန်ဘက်ခါ ခေါ်ခဲ့ဖို့ မှာလိုက်တယ်"

"နဖူးတွေ နားထင်တွေမှာ ဒဏ်ရာဒဏ်ချက်တွေ ပြည့်နေစေတဲ့ ခွဲစိတ်စမ်းသပ်မှုမျိုးလား"

"မဟုတ်ဘူး. . . မျက်ကြည်လွှာ အစားထိုး ကုသမှု ရမရ ဆိုတာပဲ စမ်းသပ်မှာ၊ ကိုယ်က အလှူကြိုက်တဲ့ မင်းအလှကို မပျက်စီး တဲ့ ခွဲစိတ်မှုမျိုးပဲ လိုချင်တယ်လို့ ပြောပြပြီးသားပါ၊ ဆရာကြီးက တောင် ရယ်သေးတယ်၊ လောကကြီးမှာ အသက်ရှင် နေထိုင်ခြင်းအ တွက် အမြင်အာရုံဟာ အဓိကဆိုတာ သူသိအောင် မရှင်းပြနိုင်တာ မင်းသိပ်ညံ့တယ်လို့တောင် အပြောခံရတယ်လေ၊ အဟင်းဟင်း. . ကိုယ် ဘယ်လောက်ညံ့တယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ သိရင် ဘယ်လောက်များ ရှုံ့ချကြမလဲ မသိဘူး"

နန်းကြက္ကာနွယ် ငြိမ်သက်သွားသည်။ စိတ်လှုပ်ရှားသွား ရှာလေသည်။

"နောက်တစ်ချက်က. : . ရော့. . . နန်းနွယ်"

သူမ၏လက်ထဲသို့ ငါးထောင်တန်နှစ်အုပ် ထည့်လိုက် သည်။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"နန်းနွယ်နဲ့လက်ထပ်ပြီး နောက်နေ့မှာ ဝယ်ထားတဲ့ ကား တစ်စီးကို တစ်လအတွင်း ဝယ်ရောင်းလုပ်လိုက်တာ အမြတ်ငွေ လေ၊ သူငယ်ချင်းနဲ့ တစ်ယောက်တစ်ဝက် ခွဲယူတာ၊ ကိုယ့်မယား လက်ကို ကိုယ့်ဝင်ငွေ အပ်တာလေ"

"အို. . . မလိုချင်ဘူး"

"ဟောဗျာ. . . မင်းကကိုယ့်ကို အိမ်ပေါ်အလကား တင် ကျွေးထားနိုင်တယ် ဟုတ်လား. . . အံ့သြစရာပဲ"

ခြောက်သွေ့သွားပြီဖြစ်သော ဆံပင်လေးများကို ဝက်မှင် ဘီးဖြင့် ဖီးပေးရင်း. . .

"မင်း ကိုယ့်အပေါ် ဒီလောက်စေတနာထားတာ မယုံ ကြည်နိုင်လောက်အောင်ပါလား နန်းနွယ်"

"ဘိုဘို. . . နှင်ပြောစရာ ဒါ အကုန်ပဲလား"

"မဟုတ်သေးဘူး"

နန်းကန္တာနွယ်က ငွေကို စားပွဲပေါ် လှမ်းတင်လိုက်သည်။ အဒေါ်များ၏ကောင်းမှုဖြင့် သူမသည် မတောင့်မတ မကြောင့်မကြ နေနိုင်သည်။ အိမ်ထောင်ကျပြီးမှ အိမ်စရိတ်များကို အဒေါ်တွေထံ မှ တောင်းရမည်ဆိုလျှင် သဘာဝမကျဟု ယခုမှ သူမတွေးမိလေ သည်။

"နောက်တစ်ချက်က ကိုယ် အနောက်ပိုင်း ဆေးရုံကြီးမှာ ပိုစတင်ကျတယ်"

"ဟင်"

"ဒီအတွက်တော့ ကိုယ့်ကိုခွင့်လွှတ်ပါ။ ကိုယ့်ပညာနဲ့ လူနာ တွေကို ကုသခွင့်ပေးရမယ်"





နန်းကန္တာနွယ် တွေဝေသွားသည်။ မိမိ၏အတိတ်မှ အကု သိုလ်ဝဋ်ကြွေးကြောင့် ယခုဘဝ၌ မလှမပ ဖြစ်နေရသည်။ ယခုထပ် မံ၍ ထွန်းဘုန်းဇော်ကို ဒုက္ခပေးရုံသက်သက်ဖြင့် တားဆီး'ပိတ်ပင် မှုမျိုး လုပ်လိုက်ပါက အကုသိုလ်များ ထပ်ဆင့်ဖိတ်ခေါ်သလို ဖြစ် နေမှာကို သူမ စိုးရိမ်ပြန်သည်။ သို့သော်. . .

"ငါက ခွင့်မပြုဘူး ဆိုရင်ကော"

"ကိုယ်တောင်းပန်ပါတယ်"

ထွန်းဘုန်းဇော် လိုက်လှဲစွာ တောင်းပန်လိုက်သည်။ မြတ်နိုး ရသူပေါ် ဒေါသမဖြစ်မိသော်လည်း ကရုဏာဒေါသောလေးတော့ ဖြစ်မိသည်။ သုဘဒ္ဒါလို အငြိုးကြီးသောမိန်းမလှလေးကို ဆွဲကိုင် လှုပ်ရမ်းချင်စိတ်ကို ထိန်းထားကာ. . .

"ကိုယ် ရန်ကုန်မှာပဲပြန်ရဖို့ မကြိုးစားခဲ့ဘူး နန်းနွယ်၊ ဒါပေ မယ့် ပါရဂူဘွဲ့တော့ ယူဖို့အတွက် ရန်ကုန်မြေမှာပဲနေပြီး ကြိုးစား ချင်တဲ့ဆန္ဒတော့ ရှိနေတယ်၊ ကိုယ် လူသားတွေရဲ့အသက်ကို ဒီထက်မက ကယ်တင်ချင်တယ်၊ ဆေးပညာနဲ့ ပတ်သက်ပြီး ကိုယ် အမြဲကြိုးစားနေချင်တယ်"

"အနံကယ့်ဆေးခန်းတောင် ကုမထိုင်တဲ့လူကများ"

"ဆေးခန်းက ငွေအတွက် ထိုင်တာလေ၊ ဒါမျိုးကို ဝါသနာ မပါဘူး၊ ကိုယ် နန်းနွယ်ကို အခြားဖက်စပ်လုပ်ငန်း၊ ဝယ်ရောင်းလုပ် ငန်းတွေက ရတဲ့ဝင်ငွေနဲ့ ရွှေပေါ်မြတင် ထားနိုင်ပါတယ်၊ ဆေးခန်း တော့ မဖွင့်ဘူးလို့ ဆုံးဖြတ်ထားတယ်"

"ဆေးခန်းကိုဖွင့်မှ ရောဂါတွေနဲ့ အမြဲတမ်း ထိတွေ့လေ့ လာနေခွင့်ရတယ် မဟုတ်ဘူးလား၊ စမ်းသပ်ခ မယူဘဲ ဆေးဖိုး လောက်ပဲ ယူပြီး ပညာမှုမတက်အောင်ရယ်၊ လေ့လာခွင့်စမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ကြုံအောင် ဖွင့်ထားသင့်တယ်လို့ ငါထင်တယ်"

"အိုး . . . ဒီလိုစိတ်ထားရှိလျက်နဲ့ နင် ငါ့ကို ရက်စက်နိုင်တယ်နော် ပုံပုံ"

"ငါက ရက်စက်တာလား၊ နင်က ရက်စက်ခဲ့တာလားဆိုတာ နင်ပြန်စဉ်းစားပြီးမှပြော"

သူငယ်ချင်းပြောနှင့်ပြောကာ ကြည်သာမှုရှိသော နန်းက္ကန္ဒာနွယ်ကြောင့် သူအားတက်လာသည်။

"နင် အင်္ကျီဝတ်လိုက်ဦး၊ သနပ်ခါး မလိမ်းဘူးလားဟင်၊ ထွေးခင်က သွေးမထားဘူးလား၊ ငါသွေးလိုက်ဦးမယ်"

သူသည် တစ်ခါတစ်ရံ မိခင်အား သနပ်ခါး သွေးပေးနေကျဖြစ်သဖြင့် နန်းက္ကန္ဒာနွယ်အတွက် သနပ်ခါး သွေးပေးခြင်းသည် သိက္ခာကျစေသောအလုပ် မဟုတ်ဟု ယူဆကာ သနပ်ခါးကို အားရပါးရ သွေးပေးလိုက်သည်။

နန်းက္ကန္ဒာနွယ် အံ့အားသင့်သွားသည်။ သူမ မျှော်လင့်ခဲ့သည်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေသော ထွဋ်ဘုန်းဇော်ကြောင့် သူမစိတ်တို့သည် လှုပ်ရှားရသည်၊ တွေဝေရသည်။

"နံ့သာဖြူကော လူးဦးမလား"

"ဟင့်အင်း . . . ပူတယ်"

သူ၏အကြင်နာအပေါ် သာယာမှု မဖြစ်စေရန် သူမစိတ်ကို သူမဆုံးမနေရသည်။

"ကိုင်း . . . သနပ်ခါးလူးလိုက်ဦး၊ အင်္ကျီထုတ်ပြီးပြီလား"

"အင်း"

သူ သူမ၏အပျိုစင်အခန်းမှ ထွက်ခဲ့လေသည်။ သူ့ရင်ထဲ၌ အောင်မြင်မှုလမ်းစများ နင်းမိနေပြီဟု သူယုံကြည်ချင်လာလေပြီ။





မျှော်လင့်ချက်တို့သည် သူ့အပါးသို့ ရောက်ရှိလေပြီ။

လေသာဆောင်၌ ရပ်ရင်း စိမ်းလန်းစိုပြည်နေသော ခြံဝန်းကို ငေးမောကြည့်နေမိသည်။

လူ့လောကကြီးနှင့် အဆက်အသွယ်ပြတ်ပြီး နန်းက္ကန္ဒာနွယ်ထံပါး၌ အစေခံဝင်နေသည်မှာ တစ်လကြာလေပြီ။ သူသည် ငြီးငွေ့ခြင်း၊ ပျင်းရိခြင်းတို့တော့ မဖြစ်မိပါ။

ဆေးရုံ၌ အလုပ်ဝင်လျှင် သူမများ ဒုက္ခရောက်နေမည်လား။

မေမေ့ကိုတော့ အားသည့်အခါ နန်းက္ကန္ဒာနွယ်ကို ကြည့်ရှုပေးရန်တော့ မှာကြားရပေမည်။

ရှင်မတောင် သနပ်ခါးရနံ့ကလေး သူ့နှာဝသို့ တိုးဝင်လာသောအခါ သူလှည့်ကြည့်လိုက်သည်။

လှပကြော့ရှင်းသော မြတ်နိုးရသူလေးသည် သူ၏နောက်ပါး၌ ရောက်နေသည်။

သူ့ရင်ထဲ ခံရခက်သော ဝေဒနာရပ်က တလှပ်လှပ် ဖြစ်လာသည်။ သူမ၏အလှကျက်သရေ၌ သူသည် ကြည်မွေ့နစ်မျောလျက် ရှိနေရာမှ သူမစကားကြောင့် သူ ထခုန်မတတ် ပျော်ရွှင်သွားသည်။

"ဘိုဘို"

"အင်း"

"နင် အနောက်ပိုင်း ဆေးရုံကြီးမှာ ပိုစတင်ကျတယ် ဆိုတော့လဲ လုပ်ချင်လုပ်လေ၊ ဒါပေမယ့် ဆရာဝန်မချောချော ဆရာမချောချောလေးတွေနဲ့ ဘာဘာညာညာ အသံကြားရင် နင်မလွယ်ဘူးမှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ."

ဝန်တိုခြင်းကင်းလျှင် အချစ်စစ်မဟုတ်ဘူးဟု ဆိုလျှင် နန်းကြာနွှာနွယ်သည် သူ့ကို. . .။









[၂၉]

"မမနွယ်"

"ဘာလဲ ညီမ"

"ချစ်သမျှကို တက်ချင်တယ်"

"အဟင်း. . . ညီမက သစ္စာတိုင်တည်ရမယ့် အရွယ် မဟုတ်သေးဘူးလေ"

"ဂီတအနုပညာအပေါ် ခံစားမှုတစ်ရပ်၊ မြတ်နိုးမှုတစ်ရပ် အနေနဲ့သာ ခေတ်အဆက်ဆက်မရိုးနိုင်ဘဲ ထာဝရဆန်းသစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းကြီးတစ်ပုဒ်ဖြစ်လို့ ဖိုဖို အတွက်သင်ချင်တာပါ မမနွယ်"

ထွန်းဘုန်းဇော် ဖတ်လက်စ စာအုပ်ကို အသာပိတ်ပြီး သမီးယောင်းမနှစ်ဦးထံသို့ လှမ်းကြည့်ပြီး အာရုံစိုက်လိုက်သည်။

"မောင်နှမ နှစ်ယောက်စလုံး စကားတတ်တယ်၊ မမနွယ်ကပဲ အရှုံးပေးပါတယ်"

ချစ်သမျှကို သံစဉ်များကို ရှာဖွေလိုက်သည်။

ထွန်းဘုန်းဇော် စိတ်ပါလာသည်။ သူ့ဘဝတစ်ခုလုံးကို ပြောင်းလဲစေခဲ့သော 'ချစ်သမျှကို' ပတ်ပျိုးကို သူ သီဆိုချင်လာသည်။

"ဖိုဖိုတို့ စကားဘယ်လောက်တတ်တတ် မမနွယ်နဲ့ကျရင် အရှုံးပေးရတာချည်းပါပဲနော်"

"အံမယ်. . . သရဖီ ထင်လို့ပါနော်၊ မင်းကိုကို ဘယ်လောက် စကားတတ်တယ်ဆိုတာ မမနွယ် မျက်လုံးခွဲစိတ်ကုသမှု ခံယူဖို့ သဘောတူလိုက်တာသာ သာဓကအနေနဲ့ ကြည့်လေ"

သရဖီဘုန်းဇော်နှင့် စကားပြောနေသော နန်းကြွန္တာနွယ်၏ အပြုံးသည် တောက်ပလွန်းလှသည်။

"မမနွယ် စကားစိမ်းပန်း မပန်တော့ဘူးနော်"

"ဟုတ်တယ်. . . ပန်စရာမလိုတော့ဘူး၊ စကားစိမ်းစိမ်းလေးတွေကို နှုတ်ကဆွတ်ခြွေနေရလို့လေ၊ ဟင်း. . . ဟင်း. . . ဟင်း"

သူက ပခုံးတွန့်ကာ ရယ်ကျဲကျဲနှင့်ပြောပြီး မီးဖိုဖက် ထွက်ခဲ့သည်။

ချစ်သမျှကို သံစဉ်ထွက်ပေါ်လာသည်။

"ထွေးခင်"





"ဘာဖျော်ပေးရမလဲ ဆရာ"

"နင့်ကို ငါမေးစရာရှိလို့. . . ထိုင်"

ထမင်းစား စားပွဲမှ ကုလားထိုင်တစ်လုံးကို ညွှန်ပြပြီး. . .

"နင် နန်းနွယ်တို့အိမ်ကို ဘယ်အရွယ်ကတည်းက ရောက်သလဲ"

"မမနွယ် ဆယ့်လေးနှစ်သမီးလောက်ကတည်းက ရောက်တာပါ"

"စိုးဝင်းနဲ့ နင်နဲ့က မောင်နှမဆို"

"ဟုတ်ကဲ့. . . အရင်းပါ"

"နင်တို့ကို မမနွယ်က ငါနဲ့ပတ်သက်ပြီး ဘာဖြစ်လို့ စုံစမ်းခိုင်းရတာလဲ"

"ကျွန်မတို့ မမနွယ်ကို ပြန်မမေးရဲပါဘူး"

"အန်တီတို့ကကော သူစုံစမ်းခိုင်းတာတွေ မသိဘူးလား"

"မသိပါဘူး. . . ကြီးကြီးတို့က အေးပါတယ်"

"စိုးဝင်းက ခရီးတွေဘာတွေ ထွက်ပြီး စုံစမ်းတယ်ဆိုတာ အန်တီတို့က မသိဘဲ နေမလား"

"မသိပါဘူး. . . မမနွယ်က မော်လမြိုင်ဘက်မှ ဒူးရင်းသီး စားချင်တယ်တို့၊ ပုသိမ် ပုစွန်ခြောက် စားချင်လို့နဲ့ ဉာဏ်အမျိုးမျိုးနဲ့ လှည့်ပတ်ခိုင်းပြီး လွှတ်လေ့ရှိပါတယ်"

နန်းကြွန္တာနွယ် ဉာဏ်များခြင်းကို သူကိုယ်တိုင် လက်တွေ့ကျကျ ခံစားနေရပြီ ဖြစ်ခြင်းကြောင့် ထွေးခင် စကားကို သူလက်ခံပါသည်။ မယုံကြည်နိုင်စရာ မရှိ။

"ကျွန်မတို့မောင်နှမက မမနွယ်အတွက် အလုပ်လုပ်ပေးဖို့ သက်သက် အန်တီတို့က မွေးခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိဘဆွေမျိုးတွေ မရှိကြဘူးလား"

"စိုးဝင်း မွေးပြီးပြီးချင်း အမေသေတယ်၊ အဖေ နောက်အိမ်ထောင်ပြုတယ်၊ မိထွေးက ကျွန်မတို့ကို နှိပ်စက်လို့ စိတ်ညစ်နေတုန်း ကြီးကြီးတို့ဆီက လူလွှတ်ရှာခိုင်းတာနဲ့ ရောက်လာတာပါ။ အဖေလဲ တမြန်နှစ်ကပဲ ဆုံးသွားတယ်"

"သြော်. . . အေးလေ၊ ငါတို့ကိုပဲ မိဘ အစ်မအရာထားပြီး သစ္စာရှိရှိ နေသွားကြပေါ့၊ နင်တို့ဘဝရှေ့ရေး ငါလဲ တာဝန်ယူတယ် . . . နားလည်လား"

"ဟုတ်. . ဟုတ်ကဲ့၊ နားလည်ပါတယ် ဆရာ"

"အေး. . . အေး. . . စိုးဝင်းကိုလဲ ပြောထား၊ နင်တို့ မမနွယ် ငါဆေးရုံသွားတုန်း ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာကအစ ဖုန်းဆက်ဖို့ မမေ့နဲ့၊ ဂရုလဲ စိုက်ကြ. . . ကြားလား"

"ဟုတ်"

"ဒါပဲ. . . မာတိုဘာ ဖော်ပြီး သွားပို့ပေးလိုက်၊ သရဖီပြန်ရင် နင်လိုက်ပို့လိုက်၊ ငါအိပ်ချင်ပြီ. . . တံခါးတွေသေသေချာချာ ပိတ်နော်"

"ဟုတ်"

"သြော်. . . နင့်မမနွယ် မေးရင် ငါနေမကောင်းလို့ သွားအိပ်တယ်လို့သာ ပြောလိုက်"

"ဟုတ်ကဲ့"

သူ ထမင်းစားခန်းမှ ပြန်ထွက်ခဲ့သည်။ အပေါ်ထပ်သို့ တက်ခဲ့ပြီး သူ့လသာဆောင်၌ ထိုင်နေမိသည်။

လရောင်၏အလှတရားသည် ခြံထောင့်ဆီမှ ဝါးရုံပင် ထိပ်ဖျား၌ တွဲခိုကာ ရှိုးတိုးရိပ်တိတ် လှုပ်ရှားနေသည်။





ချစ်သမျှကို မြင်းမိုရ်ရွှေတောင် လုံးသာပလေး။ လေးဆူဒီပါ. . . သီတာရေမြေဆုံးစေတော့လေး. . .

ထိုအပိုဒ်ကိုသာလျှင် ထပ်ခါတလဲလဲ တက်နေသဖြင့် သူ နား၌ ယဉ်ပါးသွားလေသည်။

စာဆို၏တင်စားချက်တို့သည် လွန်အံ့မထင်။ အမှန်တကယ်ပင် အချစ်၏ကြီးမားသော စွမ်းပကားများသည် တင်စား၍ မကုန်နိုင်အောင် များပြားကျယ်ဝန်းလှသည်။

နာရီချိန်သီးမှ ဆယ်နာရီသံ အချက်ပေးသောအခါ သူ့စိတ်တို့သည် ဂနာမငြိမ်ဘဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာသည်။

မိနစ်ပိုင်းအတွင်း၌ပင် လရောင်ဆမ်းထားသော လမ်းကလေး၌ ထွေးခင်၊ သရဖီနှင့် နန်းကြူနွယ်တို့သုံးဦး လျှောက်သွားကြသည်။

သရဖီက နန်းကြူနွယ်ကို တယုတယ တွဲလိုက်သည်။ စိုးဝင်းက မလှမ်းမကမ်းမှ စောင့်ရှောက်လျက်ရှိသည်။

သူ အသက်ရှူရန်ပင် မေ့လျော့လျက်ရှိသည်။

သူ့ရင်ထဲ၌ ထင်းလင်းနေသော အချစ်လမင်းသည် မြူခိုးတို့၏ရစ်သိုင်းနှောင်ဖွဲ့မှုကြောင့် ရှင်းလင်းစွာ မသာယာနိုင်ပါတကား။

သရဖီဘုန်းဇော်အား ခင်ထွေးက သူ အိမ်အထိ လိုက်ပို့သောအခါ နန်းကြူနွယ်သည် တစ်ယောက်တည်း ရပ်၍ ကျန်ရစ်ခဲ့လေသည်။

သူ့ဘာသူ လျှောက်သွားနေလျှင် ဖြစ်ပါလျက် ဘာဖြစ်၍များ ရပ်နေရသနည်း။

လရောင်၏ အလှတရားတို့ကို သူမ မြင်တွေ့ခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘဲလျက်။

သူ့ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားသည်။ ချက်ချင်းပြေးသွားပြီး သူမအား တွဲခေါ်လိုစိတ်ကို မျိုသိပ်လိုက်ရသည်။

ရယူလိုမှုအတွက် သည်းခံနိုင်သော ထိန်းချုပ်မှု စွမ်းအင် ရှိရပေမည်။









## (၃၀)

မှုန်ပြာရီလဲ့ရဲသော ပြာလဲ့လဲ့ မီးရောင်အောက်၌ သူမသည် သျှောက်လှမ်းလာပါသည်။ ထွေးခင်၏ အကူအညီ မပါချေ။ သူမ စယောက်တည်းသာ တက်လာသည်။

သူမအခန်းဆီသို့ တန်းမသွားဘဲ သူ၏အိပ်ခန်းဝ၌ ရပ် လိုက်သည်။ စေ့ထားသောတံခါးကို တွန်းလိုက်သည်။ သို့သော် သူမ ဝင်းမဝင်ဘဲ. . .

"ဘိုဘို"



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်လေသံနှင့် အသံပြုသည်။

သူ့ရင်တွေ ခုန်လာသည်။ ဂီတာကို တဗျဉ်းဗျဉ်း တဖြန်းဖြန်း ခေါက်ကာ သီချင်းတစ်ပုဒ်ကို အော်ဟစ်ဆိုချင်စိတ်ပင် ပေါ်လာသည်။

"ဘိုဘို"

သူမ တံခါးကို ပြန်ပိတ်လိုက်သည်။ သူအိပ်ပျော်နေသည်ဟု ထင်မှတ်သွားပုံရသည်။

ဆက်လက်၍ သူမ အိပ်ခန်းသို့ မသွားဘဲ လသာဆောင်ဘက် ထွက်လာသောအခါ သူ၏သွေးကြော လှုပ်ပတ်မှုသည် ပုံမှန်မဟုတ်တော့။

"ဟင်. . . ဘိုဘို"

သူ တစ်ကွက်မှားသွားလေပြီ။ လသာဆောင် ထွက်သော တံခါးကို ဖွင့်ထားမိခြင်းသည် သူ၏အမှားဖြစ်သည်။

နန်းကြူနွှာနွယ်က အနံ့ အထိအတွေ့ အရသာအာရုံ သူတို့ထက် ပို၍ကောင်းသည်ကို မေ့လျော့နေခဲ့သည်။

လသာဆောင်တံခါးမှ လေ၏တိုးဝင်မှုကြောင့် တံခါး ကြည့်စရာမလိုဘဲ သူမသိကာ တောက်လျှောက်ပင် လာခဲ့ပြီး ရပ်လိုက်သည်။

သူ ဒရင်းဘက်ပေါ်၌ ငြိမ်သက်စွာဖြင့် နေလိုက်မိသည်။

"ဘိုဘို"

အိပ်ချင်ဟန်ဆောင်နေသူသည် နှိုးရခက်ကြောင်း သူ သတိပြုရန် မေ့လျော့နေဟန်တူ၏။

"ဘိုဘို"

သူမသည် သူရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။





"ဘိုဘို"

ဆောင်းဦးလေပြည်၏ကျီစယ်မှုကြောင့် သူ၏အသားတို့သည် အေးစက်နေသည်။

သူမ အသာဒူးထောက် ထိုင်လိုက်ပြီး သူ့အား လှမ်း၍ နမ်းသပ်လိုက်သည်။

"ဘိုဘို"

အမှန်းအဆ တော်ပါသည်။ သူ၏ပခုံးကို လှုပ်နှိုးသည်။

"အင်"

မျက်မမြင်အပေါ်၌ လိမ်လည်ရခြင်းသည် အင်မတန် ရယ်ကူသည်။

"ဟင်. . နန်းနွယ်. . ကိုယ်. . ကိုယ် အိပ်ပျော်သွားတယ်"

"နေမကောင်းဘူးဆို. . . ဖျားတာလား"

နန်းကြူနွှာနွယ်က ကြွေရွှေရစွာဖြင့် ပြန်ထလိုက်သည်။ သူမ အမေးက တည်တည်ငြိမ်ငြိမ်ပင် ရှိသည်။

"ခေါင်းကိုက်တာ. . . ချွေးငုပ်နေတယ်"

"အဲဒါ အခန်းထဲမှာ နွေးနွေးထွေးထွေး မအိပ်ဘဲနဲ့ အပြင် ထွက်နေရသလား"

မိခင်က သားငယ်ကို ကရုဏာဒေါသော ဆူခြင်းနှင့်ပင် နေသည်။

"လသာနေတယ်လေ နန်းနွယ်၊ သူက ကိုယ့်ကို အိပ်ခန်းထဲ အိပ်ပြီးမနေချင်အောင် ဖန်တီးနေတယ်၊ ထိုင်ပါဦး နန်းနွယ်၊ ကမ္ဘာမင်းကို လရောင်ရဲ့သာယာပုံကို ပြောပြချင်တယ်"

"ငါအိပ်တော့မယ်. . . ငါမမြင်တွေ့နိုင်တဲ့ အလှတရား



www.burmeseclassic.com

www.burmeseclassic.com



တွေအကြောင်း ငါမကြားချင်တော့ဘူး၊ နင်လဲ အိပ်တော့”

ခပ်ပြတ်ပြတ် ပြောဆိုပြီး လှည့်သွားဟန်အပြင်၌ သူ့စိ တို့သည် ကင်းကွာသွားပြန်သည်။ လရောင်၏ဖမ်းစားမှု လှည့်ဖြား အားပေးမှုများကြောင့် သူ့ရင်ထဲမှာ လမင်းကို ဖွတ်အတင်းပ ရင်ခွင်ထဲ ထွေးပိုက် နမ်းရှုပ်လိုက်မိပြန်သည်။

“လွတ်. . . လူယုတ်မာ၊ နင် ဒုက္ခိတမို့အနိုင်ယူတာလာ နင့်ကို ငါမုန်းတယ်. . . မုန်းတယ်”

ရုန်းတော့ ရုန်းသည်။ ယခင်ကလိုတော့ အားမပါခေ သို့သော် သူက အနမ်းကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

အားနွဲ့နေသူ၊ မပြည့်စုံသူအပေါ်၌ သူအနိုင်မယူလို သို့သော် အသာသိုင်းဖက်ထားလျက်. . .

“ဆောရီးလို့ မတောင်းပန်တော့ဘူးနော်၊ ကိုယ်ထိန်းချုပ် တဲ့ကြားက လွတ်ထွက်သွားတယ်၊ မရုန်းနဲ့ နန်းနွယ်၊ ဟိုဘက်အိမ် လသာဆောင်မှာ နန်းနွယ် ယောက္ခမကြီးတွေ ရှိနေတယ်၊ လရော ရဲ့အလှတရားကို ဘဝခရီးဖော် ချစ်သူနဲ့အတူ ခံစားနေကြတ ကိုယ်တို့ကိုလည်း လှမ်းကြည့်နေတယ်၊ တော်သေးတာပေါ့ နန်းနွ ရယ်၊ မင်း ကိုယ့်ကိုမရိုက်လိုက်လို့”

“ငါလဲ သူတို့ရှိနေမယ်ထင်လို့ မရိုက်တာ၊ သိရဲ့ အယုတ်တမာ၊ ကဲ. . . ဝင်မယ်၊ အသားယူမနေနဲ့. . . သနတ

“အဟင်း. . . ဟင်း. . . ဆနလက်စနဲ့ဆိုရင်တော့ မ ဘူး၊ ကိုယ် ပိုင်ပိုင်နိုင်နိုင် ချစ်ချင်တယ်”

“တောက်. . . နင် ခွေးစကားမပြောနဲ့”

နန်းကြွေနွယ် ဖွင့်ရုန်းကာ ပြေးထွက်သွားသည်။ ထပ်ချုပ်မကွာ လိုက်ဝင်သည်။





“အချစ်စကားဟာ အင်မတန်မှ အဖိုးတန်တဲ့စကားပါ နန်းနွယ်၊ ကမ္ဘာဦးအစကတည်းက လူတွေ ပြောလာတဲ့စကား၊ အဲ့ဒီ ကနေ လူပေါင်းများစွာ ပေါက်ပွားလာကြတယ်၊ ဒီတော့ မျိုးဆက် သစ်ကို ဖြန့်ဖြူးဖို့အတွက် ကိုယ်ပြောတဲ့ ချစ်စကားဟာ. . .”

“ဖြန်း”

သူ အငိုက်ခံလိုက်ရပြန်သည်။

“နင့်ကို ငါမုန်းတယ်၊ ငါ့အချစ် ငါ့ခန္ဓာကို နင်ဘယ်တော့မှ မရဘူးမှတ်”

သူမအိပ်ခန်းဘက်သို့ တောက်လျှောက် ပြေးပင်ကာ တံခါးပိတ်လိုက်သည်။

သူ ခြေဖွဖွနင်းကာ သူမ၏အိပ်ခန်းတံခါးဝ၌ နားနှင့် ကပ်ကာ နားထောင်လိုက်သည်။

ကြိတ်၍ရှိုက်ငိုသောအသံသည် သူမ၏အသည်းသို့ ထိုး ဖောက်ဝင်ရောက် ကလိလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





နှင့်ကို

## ၃၁

"ဆရာ. . . တယ်လီဖုန်း လာနေပါတယ်"

သူနာပြုဆရာမလေးက သူ့အား လှမ်းပြောလိုက်သဖြင့် သူသည် လူနာစမ်းသပ်ပြီး လက်ဆေးနေရာမှ ကမန်းကတန်း လက်သုတ်ပြီး ရုံးခန်းသို့ လှမ်းလိုက်ရသည်။

"ဟဲလို"

"ဘိုဘို. . . စောစောက ဖုန်းကိုင်တာ ဘယ်သူလဲ"

"နပ်စ်ပါ. . . ဘာဖြစ်လို့လဲ"





"ချောသလား"

"ဟင့်အင်း"

"အသံကတော့ အတော်သာယာတာပဲ၊ သူက နင်နဲ့တွဲပြီး အလုပ်လုပ်ရသလား"

"မဟုတ်ဘူး. . . ကိုယ်နဲ့ တာဝန်ကျတာ အဘွားကြီး၊ ပင်စင်တောင် ယူခါနီးနေပြီ"

နန်းက္ကန္ဒာနွယ်အပေါ် သူနားမလည်နိုင်တော့။ ဝန်တိုခြင်းတို့ကလည်း ရှိနေသည်။ သို့သော် သူမက ဝန်မခံ။ 'ရှုပ်ရှုပ်ယှက်ယှက် မကြိုက်ဘူး၊ အခြားမိန်းမတွေနဲ့ သာယာမှု မရှာရဘူး၊ နင်ဟာ ငါ့ရဲ့အကျဉ်းသားပဲ' ဟု ရင့်ရင့်သီးသီး ပြောလေ့ရှိသည်။

"ဒါဖြင့် ဟိုမိန်းမက ဘာလာလုပ်တာလဲ"

"ရုံးခန်းတာဝန်ခံလေ"

"ဒါပဲနော်. . . ငါ့မှာမျက်စိမရှိပေမယ့် နားရှိတယ်ဆိုတာ နင် နားလည်ထား"

"ဂျလောက်"

သူ ပခုံးတွန့်လိုက်သည်။ အိမ်ထောင်သည်ဘဝ၏ အရသာများက ပျောက်ဆုံးနေသော သူ့ဘဝသည် သဲကန္တာရ၌ လျှောက်လှမ်းနေရသူနှင့်ပင် တူနေသည်။

"ဆရာ. . . ဆရာကြီးခေါ်နေတယ်"

"အေး. . . အေး"

သူတွေးနေဖို့ အချိန်မရတော့ပေ။ ခွဲစိတ်ဆရာဝန်ကြီးက သူ့အား အကူအညီတောင်းသဖြင့် သူ ခွဲစိတ်ခန်းသို့ ဝိုင်းဝန်းခွဲပေးနေလေသည်။

သူ၏တာဝန်ချိန်များထက် ကျော်လွန်သွားလေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ လေးလံသွားသည်။ ခွဲစိတ်ခန်းက ထွက်လာပြီး ဆရာဝန်များနားနေခန်းသို့ ရောက်သည်နှင့်. . .

"ဆရာ့ဆီ တယ်လီဖုန်း လာတာ ခဏခဏပဲ"

"ခွဲခန်းဝင်တယ်လို့ မပြောလိုက်ဘူးလား"

"ပြောပါတယ် ဆရာ၊ ပြီးတာနဲ့ ချက်ချင်းပြန်ခဲ့တဲ့၊ ဆရာ့ဇနီးက မှာတယ်လို့ ပြောလိုက်ပါတဲ့"

"အိုကေ. . . ကိစ္စရှိလို့နဲ့ တူတယ်"

သူ ဖုန်းပြန်မဆက်တော့ဘဲ တန်းပြန်ခဲ့လေသည်။ သူနာပြုဆရာမလေး၏အကြည့်၌ စူးစမ်းသောအကြည့် ပါသည်။ အလုပ်ဝင်ပြီး သုံးရက်မြောက်နေ့သာ ရှိသေးသည်။ သူ၏အကြောင်းကို ဆေးရုံတစ်ခုလုံး သိကာ ဟာသအနေဖြင့် ရယ်ပွဲဖွဲ့စရာ ဖြစ်တော့မည်ထင်ပါသည်။

အတုံ့အလှည့်ရှိလျှင် ကျေပါစေတော့ဟုသာ ဘုရားရှင်ထံပါး ဆုတောင်းမိသည်မှအပ သူ မည်သို့ တတ်နိုင်ပါမည်နည်း။

"ဆရာရေ. . . အိမ်ထဲမှာတော့ ပွက်လောရိုက်နေပြီ"

စိုးဝင်းက သူ၏ကားတံခါးကို ပြေးဖွင့်ပေးရင်း သတင်းပို့လိုက်သည်။

"ဟုတ်လား. . . ဘာဖြစ်လို့တဲ့လဲ"

"ဆရာပြန်လာချိန်ထက် နှစ်နာရီ နောက်ကျသွားလို့တဲ့လေ"

"အေးလေကွာ. . . ကိစ္စရှိတော့လဲ ဘယ်လိုတတ်နိုင်မလဲ"

သူ အိမ်ထဲသို့ ပြေးဝင်ခဲ့သည်။

"နန်းနွယ်"

"အိပ်ခန်းထဲမှာ ဆရာ"





သူ အပန်းမဖြေအားဘဲ အပေါ်ထပ်သို့ ပြေးတက်ခဲ့ရပြန်သည်။

အပေါ်ထပ် ရောက်ပြန်တော့လည်း အမောဆို့ရပြန်သည်။ သူမက အိပ်ခန်းတံခါးကို ပိတ်ထားသည်။

"နန်းနွယ်. . . ဆရာဝန်ကြီးရဲ့တွဲဖက်ဆရာဝန်က ချော်လဲပြီး လက်ထိသွားလို့ ကိုယ့်ကိုတာဝန်ပေးတာနဲ့ ခွဲစိတ်ခန်းမှာ ဝိုင်းကူနေရလို့ပါကွာ၊ ကိုယ့်ကို ခွင့်လွှတ်ပါ"

တုံ့ပြန်သံ မကြားရ။

"ကိုယ့်ကိုလေ ဆရာကြီးချီးကျူးတယ်၊ မင်း ကိုယ့်လို ထူးချွန်တဲ့ ပါရဂူကောင်းတော့ ဖြစ်ဦးမှာပဲလို့တောင် ဟာသနှောလိုက်သေးတယ် သိလား"

တိတ်ဆိတ်နေသေးသည်။ တစ်ခါတစ်ရံ တိတ်ဆိတ်ခြင်းကပင်လျှင် ဝန်ခံရာရောက်သည်ဟု သူ ဖြေတတ်အောင် ဖြေပြီးအားတက်စွာပင်. . .

"နန်းနွယ်ကိုတောင် ကိုယ်က ကျေးဇူးတင်နေရသေးတယ် သိလား၊ ကိုယ် ပညာတွေ တိုးလို့ပေါ့၊ ဒီနေ့ ကေ့စ်က ပိုစိတ်ဝင်စားစရာကောင်းတယ် သိလား၊ မျက်စိခွဲတာလေ၊ အတွင်းတိမ်ကို ခွဲထုတ်တာ၊ ကိုယ်လေ နန်းနွယ်ကို သတိရစိတ်ကို ဖျောက်ဖျက်ပြီး အလုပ်လုပ်ရတာ ပင်ပန်းလိုက်တာ နန်းနွယ်ရာ၊ ကိုယ် မနက်စာ မစားဖြစ်လိုက်ဘူး၊ ရေချိုးပြီး တစ်ရေးအိပ်လိုက်ဦးမယ်နော်၊ နိုးလာမှပဲ မနက်စာနဲ့ ညနေစာ ပေါင်းစားတော့မယ်"

သူမကို အမျက်တော် ပြေစေရေးအတွက် အမြှုပ်ထွက်အောင် ပြောဆိုပြီး သူ့အိပ်ခန်းဘက်သို့ ကူးခဲ့လေသည်။

ရေပန်းဖွင့်ကာ ရေချိုးပြီး ကိုယ်မှ ရေစက်များကို သုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မှ အိပ်ချင်လာသဖြင့် ညအိပ်အကျႌကို လှမ်းဆွဲဝတ်ပြီး အိပ်ချလိုက်သည်။

သူ အိပ်မက်,မက်သည်။ အိပ်မက်ထဲ၌ နန်းကြွေနှာနွယ်၏ မျက်လုံးကို သူကိုယ်တိုင် ခွဲစိတ်နေရသည်။ ခွဲပြီးနောက် နန်းနွယ်က ယနေ့ နာမည်ကျော်ကြား လူကြိုက်များနေသော ရုပ်ရှင်မင်းသားတစ်ဦးနှင့် လက်ထပ်သွားသည်။ သူ ငိုရင်းကျန်ရစ်ခဲ့သည်ဟု. . .။

"ဟင်. . . ဘိုဘို၊ ကိုယ်တွေ ပူနေပါလား"

နူထွေးအိဖတ်နေသော လက်ကလေး၏အတွေ့အထိသည် နဖူးမှတဆင့် သူ့နှလုံးသားတွင်းသို့ ထိုးထွင်းဝင်ရောက်လျက်ရှိလေသည်။

အဖျားဝေဒနာ အနည်းငယ်တို့သည် ကင်းစင်လွင့်ပါးသွားလေပြီ။ သို့သော် သူမ၏စိတ်ကို သိလိုသဖြင့်. . .

"ကျွတ်. . ကျွတ်. . အား. . . နန်းနွယ်၊ ကိုယ်. . . ကိုယ့်ခေါင်း. . . အား. . ."

"အို. . မထနဲ့လေ. . အိပ်နေ၊ ထွေးခင်ကိုလွှတ်ပြီး မေမေ့ကို ပြောခိုင်းလိုက်မယ်"

"နေ. . နေ၊ ဆေး. . ဆေးသေတ္တာသာ ယူခိုင်းလိုက်"

သူက အသံကို မနည်းလျှော့ထားရသည်။ ပူပန်မှု အရေးအကြောင်းတို့ ယှက်သန်းနေသော သူမမျက်နှာကို အကဲခတ်ရင်း. . .

"အား. . . ကျွတ်. . . ကျွတ်"

မူရာမာယာ များနေသော သူ့အသွင်ကို နန်းကြွေနှာနွယ်သာ မြင်ပါက ရိပ်မိသိရှိနိုင်မည်လား။

"ခဏနော် ဘိုဘို၊ ထွေးခင်ကို သွားခေါ်လိုက်ဦးမယ်"





သူ့ကို ထားခဲ့ရမှာ စိတ်မချသည့်အလား ရှိနေသည်။

"အား. . . မြန်မြန်လုပ်ပါ နန်းနွယ်၊ ကိုယ့်ခေါင်းအုံကြီးပွင့်ထွက်တော့မယ်"

"ခဏလေးပါ"

နန်းကြွေနှာနွယ်က လှစ်ခနဲ ထွက်သွားသည်။

"ထွေးခင်ရေ. . . ထွေးခင်"

". . . . ."

"ဆေးသေတ္တာ ယူခဲ့. . . မြန်မြန်လာ"

သူမအသံသည် ပဲ့တင်ထပ်မျှ ထွက်ပေါ်လာသည်။

စိုးရိမ်ခြင်းသည် ဘယ်က ပေါက်ဖွားလာသနည်း။ ဤသည်ကို နန်းကြွေနှာသိပုံမရ။ သူမသည် စိတ်အာရုံ အစွဲအလမ်းတစ်ခုမှလွဲ၍ အပျိုစင်အရိုင်းသက်သက်သာ ဖြစ်သည်။

သူမ၏ကိုယ်သင်းရနံ့လေးသည် သူ့အား မြူဆွယ်နေသည်။

"ဟင်. . . ဘိုဘို"

သတိလစ်နေသလားဟူသော စိုးထိတ်မှုမျိုးဖြင့် သူမက သူ့အပါး ချဉ်းကပ်ကာ မျက်နှာသို့ စမ်းသပ်လာသောအခါ မျက်ခွံတံခါးကို လျင်မြန်စွာ ပိတ်လိုက်ရသည်။

"ဘိုဘို"

လက်ကလေးက တလှုပ်လှုပ်နှင့် သူ့မျက်နှာသို့ ဖွဖွလေး ထိတွေ့လာသောအခါ သူ အသက်ရှူရန်ပင် မေ့လျော့သွားသည်။

"ဟင်. . . ဘိုဘို. . ဘိုဘို"

သူမက သူ၏မေးကိုကိုင်၍ လှုပ်ယမ်းသောအခါမှ သူမနေသာဘဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"အား. . . ပုံပုံ၊ ချမ်းတယ်ဟာ"

"ဟင်. . . နင် ညအိပ်အင်္ကျီ ကြယ်သီးမတပ်ဘဲ အိပ်နေတာကိုး နင် စောစောက အိပ်နေတာလား"

"အင်း. . . ခေါင်းကိုက်တယ်"

သူဟာ သူ့ရင်ဘတ်မှ အင်္ကျီစကို ဆွဲဖုံးပေးသည်။

"မမနွယ်. . . ဝင်ခဲ့ရမလား"

"အင်း. . . ဝင်ခဲ့လေ၊ ကြာလိုက်တာ၊ ဆေးထိုးမှာလား. . မာတ်ဘူးနဲ့ဇလုံ သွားယူခဲ့ဦး"

"ဟုတ်. . . ဟုတ်ကဲ့"

ပျာလောင်ခတ်နေသော နန်းကြာနွယ်ကို နားမလည်နိုင်သော မျက်လုံးနှင့် ကြည့်ကာ ဆေးသေတ္တာ သူ့အားပေးလိုက်သည်။

"ငါ့ကို ပေးပါလား၊ ဘာဖြစ်လို့ လူနာကို သွားပေးတာလဲ၊ ကဲကို ကဲတယ်. . . မြန်မြန်သွား၊ ရေနွေးကို အရင်လာပို့၊ ပြီးရင် တစ်ခုခုဖျော်ခဲ့"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ နောက်ထား၊ မြန်မြန်သွား"

ထွေးခင်က ခေါင်းကုတ်ရင်း သုတ်ခြေတင် ပြန်ထွက်သွားလေသည်။ သို့သော်. . .

"နန်းနွယ်. . . ကိုယ့်ကို ချည်ထည် ရှပ်တစ်ထည်လောက် ထုတ်ပေးပါလား"

"အင်း"

ဗီရိုဆီသို့ သူမ တန်းသွားနိုင်သည်။ ရှပ်အင်္ကျီထပ်သို့ တန်းခနဲ လက်လှမ်းနိုင်သည်။ လက်လေးနှင့် အသာထိတွေ့ပြီး ချည်ထည်ရှပ်ကို အသာပင့်ကာ ဆွဲထုတ်ယူခဲ့လေသည်။





မည်သည့်အချိန်ကများ ဤအခန်း အနေအထားများနှင့် အကျွမ်းတဝင် ထိတွေ့နေပါလိမ့်။ ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲ၌ ပျော်ရွှင်ကျေနပ်နေမိသည်။ အဖျားသွေးဝင်ခြင်းကိုပင် ကျေးဇူးတင်နေမိသည်။

"ရော့. . . ဘိုဘို၊ ငါ ဝိုင်းလုပ်ပေးရမလား"

"ရပါတယ်"

သူ ညအိပ်အင်္ကျီ ချွတ်ပြီးစဉ် သူမကစမ်းကာ ညအိပ်အင်္ကျီကိုယူပြီး ချိတ်၌သွားချိတ်သည်။

"လုံချည်ကော ယူဦးမလား"

"ရတယ်. . . ချွေးမထွက်သေးဘူး၊ ချမ်းနေတယ် နန်းနွယ်၊ ခေါင်းလဲ တအားကိုက်တာပဲ"

"အနွေးထည် ထပ်ဝတ်ပါလား၊ ဟင်. . . စောင်လဲ မခြုံဘူး"

"နေဦး. . . ဆေးထိုးရဦးမယ်"

"ဘယ်သူထိုးပေးမှာလဲ"

"ကိုယ့်ဟာကိုယ် ထိုးရမှာပေါ့"

"ဪ. . . ငါ ဘာလုပ်ပေးရမလဲ. . . နှိပ်ပေးရမလား"

"နှိပ်ပေးနိုင်ရင်တော့ ကောင်းတာပေါ့၊ ဒါပေမယ့် နန်းနွယ်ကို မခိုင်းရက်ဘူး၊ ထွေးခင်ကို. . ."

"ဘာ. . . ထွေးခင်က နင့်မိန်းမမို့လို့လား၊ နင့်မိန်းမက ငါဟဲ့. . . ငါနှိပ်ပေးမယ်"

သူမ၏စကား ကြမ်းပါသည်။ သို့သော် ထိုကြမ်းတမ်းမှုတွင် ဝန်တိုမှုပါနေသည်။ ထိုဝန်တိုမှုသည် ချစ်ခြင်းကြောင့်ဟု သူ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် နန်းနွယ်၊ ကိုယ်အနှိပ်မခံရက်ပါဘူး၊ ဆေးထိုးဆေးသောက်ပြီးရင် သက်သာသွားမှာပါ၊ မှောင်တောင်မှောင်နေပြီနော် နန်းနွယ်၊ ထမင်းစားပြီးပြီးလား. . . သွားစားလေ"

"ဘိုဘို. . . နင် ငါ့ကို နှင်နေတာလား"

"မဟုတ်ပါဘူး. . . ငါ့အတွက် နင် ပင်ပန်းမှာစိုးရိမ်လို့"

"မစိုးရိမ်နဲ့. . . ငါဘာမှ မဖြစ်နိုင်ဘူး၊ ခုဖြစ်နေတာက နင်၊ နင့်ကိုဝိုင်းကူဖို့ ငါ့မှာဝတ္တရားရှိတယ်၊ ထွေးခင်ကလည်း ကြာလိုက်တာ"

"လာပြီ မမ"

"စားပွဲပေါ်တင်ခဲ့၊ အိုဗာတင်း သွားဖျော်ခဲ့"

"ဟုတ်ကဲ့"

သူက ရေနွေးနှင့် အပ်ပြွန်တို့ကို ဆေးကြောပြီး ဆေးစင်ကာ သူ၏တင်ပါးသို့ သူပြန်ထိုးရသည်။

"ငါလေ. . . ဆရာဝန်တွေက ကိုယ့်ကိုယ်ကို ဆေးထိုးလိမ့်မယ်လို့ တစ်ခါမှမတွေးခဲ့မိဘူး. . . ပြီးပြီးလား"

"အင်း"

"ဒါဖြင့် အိပ်လေ. . . နင် ဘာလုပ်နေတာလဲ"

"အပ်ပြန်သိမ်းနေတာလေ. . . နောက် သောက်ဆေးထုတ်နေတာ"

"ငါကလဲ ဒုက္ခပါပဲ၊ နင့်ကို ဘာမှ အကူအညီ မပေးနိုင်ဘူးထားလိုက်လေ. . . ည သရဖီ လာမှ သိမ်းခိုင်းလိုက်မယ်၊ နင် လှဲနေတော့၊ ငါ စောင်ခြုံပေးမယ်"

နန်းကြက္ခနွယ်စကားကို သူနားထောင်လိုက်သည်။

သူ ယနေ့ မေးခွန်းတစ်ခု မေးလိုက်ချင်သည်။ မေးလိုက်





လျှင် သူမ စိတ်ဆိုးသွားမှာလည်း စိုးရိမ်သည်။

လှဲလျောင်းလိုက်သော သူ့အား သူမက စောင်ခြုံပေးသည်။ သူမ၏အယုအယအောက်၌ သူကြည်မွေ့နေမိသည်။

"နန်းနွယ် ကိုယ့်ကို မုန်းတယ်ဆို. . . ဘာဖြစ်လို့ ဂရုစိုက်နေတာလဲ. . . ပစ်ထားလိုက်ပါလား"

ဟု ပြောလိုက်လျှင် သူမက. . .

"ငါ့ကို အလုပ်အကျွေးပြုမယ့် လူတစ်ယောက် လျော့သွားမှာစိုးလို့တဲ့"

ဟု ရန်စွယ်ငေါငေါ ပြောလိုက်လေသည်။

သူ ရင်ထဲ အောင့်တက်သွားသည်။

"အား. . . ကျွတ်ကျွတ် ခေါင်းကိုက်လိုက်တာ၊ မမေ. . . မမေ့ကို ခေါ်ပေးပါလား"

"ဘာလုပ်မလို့လဲ"

"မမေက နှိပ်ပေးတတ်တယ်"

"ငါလဲ နှိပ်တတ်ပါတယ်. . . ငါနှိပ်ပေးမယ်"

သူမ၏လက်ကလေးက ဖွဖွကလေး စမ်းလာပြီး သူ၏ဘေးထင်စပ်သို့ လက်မနှင့် လက်ခလယ်ချောင်းလေး ညှပ်ကာ နှိပ်ပေးလာသောအခါ သူက သူမလက်ကို ဆွဲယူလျက် နမ်းရှိုက်ပြီး. .

"ကျေးဇူးပြုပြီး နင် ငါနဲ့ ဝေးဝေးနေပါလား နန်းနွယ်၊ ငါစိတ်မထိန်းနိုင်ရင် ခက်ကုန်လိမ့်မယ်"

"ဟင်"

သူမက အလန့်တကြား ထကာ နောက်ဆုတ်လိုက်သည်။ သူက ခြောက်ကပ်စွာ ရယ်မောရင်း. . .

"ယောက်ျားဆိုတာ ကျားနဲ့အတူတူပဲ နန်းနွယ်၊ ငါ သွား



www.burmeseclassic.com

www.burmeseclassic.com



မပဟုတ်ဘူး၊ ဒါပေမယ့် နွားကျခံနေတာ ဘာဖြစ်လို့ နင်ထင်သလဲ”

“မသိဘူး. . . မသိဘူး၊ နင် ငါ့အလိုမတူဘဲ ရယူကြည့်ပါလား၊ ဒီမှာကြည့်. . . သေပေမယ့် အသွားထက်တယ်. . . လေးတယ်၊ လည်ချောင်းထဲ စိုက်ဝင်သွားရင် သေသွားနိုင်တယ်”

အဖုံးအပိတ် ပါသော နှစ်လက်မခွဲခန့် ဂျပန်စတီးလ်ဓားလေးသည် သူမ၏အတွင်းအင်္ကျီအိတ်ကပ်မှ ထွက်လာသည်။

“ဟင်း. . . ဟင်း. . . နင့်ကို သတ်ဖို့ မဟုတ်ဘူး၊ ငါ့ကိုယ်ငါ သတ်ဖို့ သိလား၊ သေမထူးဘဝက လွတ်မြောက်ဖို့ရာ ငါ ဘာကို အကြောက်အလန့် မရှိဘူးဆိုတာ နင်သိလား”

“အေးလေ. . . နင်ခြိမ်းခြောက်စရာ မလိုဘူး၊ မခြိမ်းခြောက်လဲ ငါက နင်အလိုမတူဘဲ ဘာကိုမှမယူဘူး၊ ဆန္ဒမပါဘဲ နမ်းရတာ စက္ကူပန်းကို နမ်းရသလိုပဲ. . ဖီလင်မလာဘူး. . ဟတ်ဟား၊ နင် ငါ့ကို ချစ်လာမယ့်နေ့ကို ငါစောင့်နေပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို သိပ်ချစ်လို့ လိုက်လျောတာ၊ နင့်ဆန္ဒနဲ့ မဆန့်ကျင်ချင်လို့၊ ဒါပေမယ့် သွေးသားဆန္ဒရဲ့ပေါက်ကွဲမှုဟာ အသိတရားကို ချိုးဖောက်လွတ်မြောက်သွားရင်တော့. . .”

“အေးလေ. . . အဲဒီအခါ ငါ့အလောင်းကို နင် သင်္ဂြိုဟ်ရကြုံသွားမှာပေါ့”

“နန်းနွယ်ရာ”

သူ သက်ပြင်းချကာ စောင်ကို ခေါင်းမြီးခြုံ အိပ်လိုက်သည်။

နန်းကုန္ဒာနွယ်က ကျောက်ဆစ်ရုပ်သဖွယ် ရပ်လျက်. . .

“ဟင်. . . ဆရာ. . ဆရာ ဘာဖြစ်. .”

“သေပြီ”





ဟု ပြောပြီး နန်းကုန္ဒာနွယ် အခန်းတွင်းမှ ထွက်သွားလေသည်။

ထွန်းဘုန်းဇော်က စောင်ကို ဆွဲကာ ခြောက်ကပ်စွာ ရယ်မောလျက် ကျန်ရစ်ခဲ့သည်။

သူ့ရင်ထဲ၌ ရှုပ်ထွေးလျက် ရှိနေချေပြီ။





www.burmeseclassic.com

www.burmeseclassic.com





## ။၃၂။

"နန်းနွယ်. . ကိုယ် ဆေးရုံသွားတော့မယ်"

"ဟင်. . . မနေ့ကတော့ သေတော့မလို ဖျားနာနေတဲ့[illegible]က အခု ဆေးရုံသွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ. . အလုပ်ဝင်တာ တစ်ပတ်တော[illegible] ပြည့်သေးတဲ့သူက ခွင့်ယူလို့ ကောင်းပါ့မလားဆိုတာ နန်းနွယ် [illegible]စားကြည့်လေ၊ အဖျားကလဲ နိုင်တီနိုင်းလောက်သာ ရှိတော့တာ[illegible]

"မလိုချင်ဘူး. . . နင်မသွားနဲ့"

"ခက်ပါလား နန်းနွယ်ရယ်၊ ကိုယ်က ပြည်သူ့ဝန်ထ[illegible]





ပြည်သူ့ဝန်ထမ်းဆိုတာ ကိုယ်ရေးကိုယ်တာထက် တာဝန်ဝတ္တရားကို လေးစားလိုက်နာရတယ်၊ နိုင်တီနိုင်း အဖျားလောက်ဟာ သွားလာရင်းနဲ့တင် ပျောက်သွားနိုင်တယ်၊ ပြီးတော့ ပြင်ပလူနာဆောင်မှာ တာဝန်ကျနေတာဆိုတော့ ပိုဆိုးပြန်တာပေါ့၊ လူနာတွေ စောင့်နေမှာ နန်းနွယ် မသနားဘူးလား"

"အံမယ်. . . လူနာက တော်တော်ပါ၊ ဆရာဝန်တွေ ဆရာမ ချောချောလေးတွေ စောင့်နေမှာစိုးလို့ သွားချင် သွားချင်တယ် ပေါ့"

နန်းကြွှာနွယ်၏ငယ်ရုပ်အသွင်သဏ္ဍာန် ပေါ်လာသည်ဟု သူသတိပြုမိလိုက်လေသည်။ ငယ်စဉ်က ပုံ့ပုံ့ကလေးကဲ့သို့ပင် ရန်စွယ်နှင့်ငေါငေါ ရှိလေသည်။

"ဟင်း. . ဟင်း. . ဟင်း. . နန်းနွယ်ရယ်၊ ကိုယ့်လို အိမ်ထောင်သည်ကို သူတို့က ဒုဿနသော အဖြစ်ခံပြီး စိတ်ဝင်စားပါ့မလားဆိုတာ စဉ်းစားကြည့်စမ်း"

"ပြောနိုင်မလား. . . နင်က ရုပ်ကလဲချော၊ အပြောကလဲ ကောင်းနဲ့ မိန်းမတွေကျလောက်တဲ့ အရည်အချင်းတွေ နင့်မှာ အပြည့်ရှိတယ်၊ စိတ်ချလို့ ရမလား၊ အလုပ်လုပ်ခိုင်းမိတာ မှားပါတယ်"

သူ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ငါ့ကို ချောမှန်း၊ မိန်းမတွေ ကျလောက်တဲ့ အရည်အချင်း[illegible]မှန်း၊ နင်က ဘယ်လိုလုပ်သိသလဲ၊ နင်ကိုယ်တိုင် ခံစားသိနဲ့သိ[illegible]တာ ထင်တယ်. . . ဟုတ်လား၊ နင် ငါ့ကို ကျနေပြီလား၊ မရှက်နဲ့နော်[illegible]န်းနွယ်၊ မင်းနဲ့ကိုယ်ဟာ လင်မယားပဲ၊ လင့်မယား အရှက်ကွန်တဲ့[illegible]န်ခံလိုက်ပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုဘို. . . နင်သွားတော့၊ ငါ. . ငါ လုပ်မိလိမ့်မယ်"

နန်းဣန္ဒာနွယ်က တစ်ခုခုနှင့် ပစ်ပေါက်ရန် စားပွဲသို့ စမ်းသည်။ စားပွဲပေါ်၌ သူတင်ထားခဲ့သော မဂ္ဂဇင်းစာအုပ်နှင့် ထိမိသွားပြီး သူ့အား လှမ်း၍ ပစ်ပေါက်လိုက်သည်။

သူမနောက်သို့ ရောက်သွားပြီဖြစ်နေသော သူက ရယ်ကာ သူမခေါင်းကို ပုတ်ပြီး. . .

"သွားပြီနော်. . . နန်းနွယ်နဲ့ ပန်းနုရောင်လေးနဲ့ သိပ်လှတာပဲ သိလား၊ အသားနဲ့ ဟပ်နေတာပဲ"

"ဟင်"

"မဟင်နဲ့. . . နင့်ဗီရိုထဲက အစိမ်းရောင်မှန်သမျှကို ငါ ဖယ်ရှားပြီး ရောင်စုံအဝတ်အထည်လေးတွေ လွှဲပြောင်းထားပေးတယ်၊ တော့တာ. . . ပြန်လာမှ ဆက်ရန်ဖြစ်မယ်"

"ဘိုဘို. . . နင်မသွားရဘူး"

သူမ၏ငိုသံပါနှင့် ဟစ်အော်မှုကို သူ ဥပေက္ခာပြုလိုက်သည်။ ရက်စက်မှု ကြေကွဲမည့်အဖြစ်မျိုးနှင့် ကြုံလျှင်လည်း သူမ၏ မျက်ရည်လက်နက်များကို ကြံ့ခိုင်မှုဟူသော ဒိုင်းနှင့် အကာအကွယ်ပြုထားရပေတော့မည်။ သူ စိတ်မကောင်းပါ။

သို့သော် သူသည် နန်းနွယ်၏ဘဝ ရှင်သန်လှုပ်ရှားနိုင်အောင် ကြိုးပမ်းရပေမည်။ နှလုံးသားတော့ နာကျင်ပေမည်ပေါ့။

သူ သက်ပြင်းချလိုက်မိသည်။ သူ့အပါး၌ အမြဲထာဝရနေချင်သည်မှာ ချစ်သူတိုင်း၏ ဆန္ဒပင်ဖြစ်သည် ထင်ပါ၏။







# [၃၃]

"ဟာ. . . အန်တီ ရောက်နေတယ်"

"ဟုတ်တယ် သားရေ၊ မင်းဖေဖေ ဖုန်းဆက်ခေါ်တာနဲ့ ရောက်လာတာ"

"ဟုတ်လား. . . ဘာကိစ္စရှိလို့ပါလိမ့်၊ သားကိုတောင် ဘာမှ မပြောပါလား"

"မပြောဆို မင်းကကော သူတို့အိမ်ဘက်တောင် ရောက်လို့လား၊ အိမ်ချင်းက ဝေးတော့ မကူးဖြစ်ဘူး ထင်တယ်"

သူက သဘောကျစွာ ရယ်မောလိုက်ပြီး နန်းဣန္ဒာနွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဖြင့် ရှာဖွေနေမိသည်။

"အပေါ်ထပ်မှာ ထင်တယ်၊ ခွဲစိတ်ဖို့အတွက် အဆင်သင့် ရှိနေဖို့ လိုတယ်တဲ့"

"ဟုတ်လား. . . မျက်လုံးရပြီလား"

"အင်း. . . ဆိုပါတော့၊ နောက်ဆုံးအချိန်ကို စောင့်နေတဲ့ ကာလ ရောက်နေပြီ ဆိုပါတော့"

"ဩော်"

သူ့ရင်ထဲ၌ တစ်မျိုးဖြစ်သွားသည်။

"အဲဒါ သားဖေဖေက သမီးခွဲစိတ်တုန်း အန်တီတို့ တစ်ယောက်ယောက်တော့ ရှိနေစေချင်တယ်နဲ့ တူတယ်၊ အန်တီ့ကို ဖုန်းဆက်ခေါ်တယ်၊ ကဲ. . သွား. . သွား၊ မင်းမိန်းမဆီ သွားတွေ့လိုက်ပါဦး"

"ဟုတ်ကဲ့"

သူ ဟန်မဆောင်နိုင်ဘဲ ဒေါ်တင်တင်ကြီးရှေ့မှ ခါးကိုင်းပြီး အိမ်အပေါ်ထပ်ဆီသို့ ပြေးတက်ခဲ့သည်။

"နန်းနွယ်. . . နန်းနွယ်"

သူက အသံလှမ်းပြုလိုက်သည်။ သူမက တိတ်ဆိတ်လျက် ရှိသည်။ ဧည့်ခန်း၊ လေသာဆောင်၊ သူမ၏အိပ်ခန်း၊ ဘုရားခန်းနားက အိပ်ခန်းတစ်ခန်းပြီးတစ်ခန်း သူရှာဖွေသည်၊ မရှိ။

"နန်းနွယ်"

သူ ထူပူသွားသည်။ သူတို့၏နှစ်ယောက်အိပ်ခန်း၏ လိုက်ကာအပွင့်၌ မှန်တင်ခုံရှေ့တွင် ယိုင်နေသော ပန်းပုရုပ်ကလေးနှင့် တူသည့်အရာကို တွေ့လိုက်ရသောကြောင့်ပင်။

"နန်းနွယ်"





သူက ညင်သာစွာ လျှောက်လှမ်းပြီး တိုးတိတ်စွာ ခေါ်လိုက်သည်။

"ဟင်း"

မှန်ထဲတွင် ပေါ်နေသော သူမ၏မျက်ဝန်းတွင် မျက်ရည်စီးကြောင်းတို့သည် ပါးမို့လွှင်ပြင်ကို ဖြတ်သန်းစီးဆင်းလာလေသည်။ လက်ထဲတွင် သူ သိမ်းဆည်းထားသော ဂျပန်ရုပ်ကလေး ကိုင်လျက်ရှိသည်။

"နန်းနွယ်"

". . . . . . ."

သူမအား ပခုံးနှစ်ဖက်ကို ကိုင်ကာ ဆွဲထူလိုက်သည်။

"ဘိုဘို"

"နန်းနွယ်"

သူမ ရှိုက်ကြီးတငင်နှင့် ငိုချလိုက်သည်။

သူ စိတ်မထိန်းနိုင်တော့ဘဲ သူမကို ပွေ့ပိုက်ချော့မြူ နှစ်သိမ့်လိုက်သည်။

"နန်းနွယ်ရယ်. . . ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေရတာလဲ၊ ကိုယ်တောင်းပန်ပါတယ်၊ ဒီနေ့ ခွဲစိတ်ခန်း ဝင်ရပြန်တယ်၊ ကိုယ်လေ. . စဉ်းစားထားတယ်၊ နန်းနွယ် ခွဲရင်လဲ ပိုင်းကူပေးဖို့ အတွက် ဖေဖေ့ကို တောင်းဆိုရမယ်လို့. . . သိလား"

သူ၏ပွေ့ပိုက်မှု၌ ငြိမ်သက်နေသော သူမကို သူတအံ့တဩ ဖြစ်မိသည်နှင့်အမျှ ရင်၌ ကြည်နူးလှိုက်ဖိုလာသည်။

"နန်းနွယ်. . . မကြောက်ပါနဲ့၊ နန်းနွယ် မျက်လုံးပြန် မြင်ရမှာပါ"

"ငါ. . ငါ. . နင့်ကို မုန်းတယ် ဘိုဘို"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရုတ်တရက် သူ့ရင်ခွင်ထဲမှ ရုန်းထွက်ကာ ခပ်လှမ်းလှမ်း၌ သွားရပ်သည်။

"မုန်းပါ နန်းနွယ်၊ မင်း ကိုယ့်ကို မုန်းထိုက်သူလို့ မြင်နေရင်လဲ မင်း မုန်းနိုင်တယ်"

"ဟုတ်တယ်. . . နင်ဟာ ငါအမုန်းသင့်ဆုံးလူသားပဲ၊ နင်ဟာ ငါခံစားနေရသလို ခံစားနေရမယ်"

"ဘယ်လိုခံစားရမှာလဲ"

"နင် အရွဲ့တိုက်တဲ့မေးခွန်းမျိုး ငါ့ကိုမမေးနဲ့၊ ဘဝမှာ ရှင်လျက်နဲ့ သေသူတစ်ဦးရဲ့ခံစားမှုမျိုး နင်ပြန်ခံစားစေရမယ်၊ နင်. . နင် စိတ်မဆင်းရဲဘူးလား ဘိုဘို"

"စိတ်ဆင်းရဲတယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ နန်းနွယ်"

"ဟင်"

"ငါငယ်ငယ်တုန်းကတော့ အရမ်းငိုကြွေးခံစားခဲ့ရဖူးတယ်၊ တက်မတတ် ချက်မတတ်ပါပဲ၊ ထမင်းမစား ဟင်းမစားနဲ့၊ နောက်တော့လဲ ငိုရင်း အိပ်ပျော်သွားတယ်၊ နိုးလာတော့ ဗိုက်ဆာလာတယ်၊ ဘေးနားမှာ အသင့်ရှိနေတဲ့ အစားအစာတွေစား၊ အားပြည့်တော့ ပြန်ငို၊ ငိုရင်းအိပ်၊ ပြီး. . ကစားနဲ့ နောက်တော့ မောပြီး မငိုတော့ဘူး၊ အဲဒီလိုတော့ ခံစားခဲ့ဖူးတယ်လေ၊ အဲဒါ ဘယ်တုန်းကလို့ နန်းနွယ်ထင်သလဲ"

မျက်ရည်များကို အသာအယာ သုတ်ပေးရာ သူမက သူ၏လက်အား ပုတ်ထုတ်လိုက်သည်။

"ပုံ့ပုံ့ဆိုတဲ့ ကောင်မလေး ဆေးရုံတင်ထားရတဲ့အချိန်၊ ငါတို့ပြောင်းလာရတဲ့အချိန်တွေမှာပေါ့ နန်းနွယ်"

"ငါမယုံဘူး. . . နင် ငါ့လိုပဲ ခံစားစေချင်တယ်၊ ငါ နင့်ကို





အနိုင်ယူချင်တယ်"

"ဟောဗျာ. . . ခုလဲ နင်အနိုင်ရနေတယ်မှတ်လား"

"မဟုတ်ဘူး. . . နင့်ကို ငါမနိုင်ဘူး၊ နင့်ကြည့်ရတာ စိတ်ထိခိုက်ပုံလဲ မရှိဘူး. . . အမြဲပျော်နေတာပဲ"

"နန်းနွယ်ရယ်. . . ဒါကတော့ ကိုယ့်ရဲ့ဗီဇကိုး"

"နင့်စားပွဲပေါ်က ဖိုတိုစတင်းလေးဟာ ဘယ်သူ့ပုံလဲ"

"နန်းနွယ် အလင်းရတဲ့အခါ ကြည့်လေ၊ အခုနေ ကိုယ်ပြောရင် သက်သက်မဲ့ လီဆယ်နေတယ်လို့ ထင်သွားနိုင်တယ်၊ အားနည်းချက် ရှိတဲ့သူရဲ့အပေါ်မှာ ကိုယ်မဆွဲဆောင်ချင်ဘူး၊ မသိမ်းသွင်းချင်ဘူး၊ ကဲပါ နန်းနွယ်ရယ်၊ စိတ်ချမ်းသာအောင် နေပါ။ မနက်ဖြန် ဖြစ်ချင်လဲ ဖြစ်နိုင်တယ်၊ ဒီကြားထဲ စိတ်ချမ်းသာအောင် နေပါ နန်းနွယ်၊ ကိုယ် နန်းနွယ် စိတ်ချမ်းသာဖို့အတွက် အကုန်လိုက်လျှော့ပေးမယ်. . . ကျေနပ်ရဲ့လား"

"နင် ငါ့ကို ကွာပေးမှ ငါစိတ်ချမ်းသာမယ် ဆိုရင်ကော"

"ဟင်း"

သူ့ရင်ထဲ ဆို့နစ်သွားသည်။ သူမ အတည်ပြောနေတာလား။

"ဖြေလေ"

"နန်းနွယ် စိတ်ချမ်းသာမယ်ဆိုရင် ကိုယ်လိုက်လျှော့ပေးမယ်"

"ဟင်. . . ဒါကြောင့် နင် ငါပေးသမျှ အပြစ်ဒဏ်ကို အပြုံးမပျက် ခံယူနိုင်တာကိုး"

"ဘာ. . ဘာ. . ဘယ်လိုပြောလိုက်တယ် နန်းနွယ်၊ ဟား. . . နင် ငါ့ကို အထင်လွဲနေပြီကိုး၊ ငါ့လိုက်လျှော့မှုတွေဟာလေ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့အတွက်၊ နင်စိတ်ချမ်းသာဖို့အတွက် ငါ့ရင်ကို ရှားခဲမီး အတင်ခံပြီး လိုက်လျောရတာပါ နန်းနွယ်၊ နင် မျက်စိနှစ်ကွင်း အလင်းရလာရင်လေ. . . ငါ့ရဲ့ခံစားချက်ကို နင်အရင်မြင်အောင် ကြည့်ပေါ့ ဟုတ်လား၊ အဲဒီအခါမှ နင်ကြိုက်သလို ဆုံးဖြတ်ပါ၊ အမှောင်ထုကိုသာ အဖော်ပြုနေတဲ့အခါနဲ့ အလင်းရောင် ရလာတဲ့အခါအမြင်ချင်း ဘယ်နည်းမှ မတူညီနိုင်ဘူး၊ ကဲပါ နန်းနွယ်၊ ခွဲစိတ်ခါနီးကာလမှာ စိတ်ဆင်းရဲစရာတွေ တွေးမနေနဲ့၊ စိတ်ချမ်းသာစရာတွေ ကောင်းမှုကုသိုလ် ပြုခဲ့တာတွေကိုသာ ရှာကြံပြီးတွေး. . ဟုတ်လား၊ ပညာဉာဏ်နဲ့ယှဉ်တဲ့ ကုသိုလ်တွေကိုသာ ပွားများ အားထုတ်ပါ နန်းနွယ်၊ အကုသိုလ်ဖြစ်မယ့်အကြောင်းတွေ၊ အမျက်ဒေါသနဲ့ ယှဉ်တဲ့အကြောင်းတွေ မတွေးနဲ့ ဟုတ်လား၊ ကိုယ်ပြောတာ သဘောပေါက်တယ်နော်၊ မျက်ရည်တွေ သုတ်လိုက်မယ်နော်"

သူမကို ခွင့်တောင်းလိုက်သည်။

ငြိမ်သက်နေသဖြင့် မျက်ရည်ကို အသာအယာ သုတ်ပေးလိုက်သည်။

"နန်းနွယ် ထမင်းစားပြီးပြီလား"

"ဟင့်အင်း"

"ဒါဖြင့် ခဏစောင့်၊ ကိုယ်ရေချိုးပြီး အတူဆင်းမယ်"

"ဘာဖြစ်လို့ ရေချိုးရမှာလဲ၊ နင် မနေ့ကပဲ ဖျားထားတယ်မှတ်လား"

"ခွဲစိတ်ခန်း ဝင်လာရတာ ညည်းစီစီကြီး၊ ခဏပါ. . . တစ်ခွက်နှစ်ခွက် လောင်းရုံတင်ပါ၊ ကိုယ့်အတွက် အကျီထုတ်ထားပေးလေ"

"အံမယ်. . . နင့်မယားမို့လို့လား"





သူမက ရုတ်တရက် စွာတူးလန်လိုက်သည်။ ချက်ချင်းပင် သတိရကာ သူမပါးစပ်ကို သူမပြန်ပိတ်လိုက်သေးသည်။

"အေးလေ. . . ကိုယ့်ဇနီးမယားမို့လို့ ကိုယ်ခိုင်းမိတာပဲ"

"တစ်သက်လုံး မထုတ်ပေးဘူး"

ဟု ပြောပြီး ထွက်သွားလေသည်။

သူက ရယ်မောကာ ရေချိုးခန်းတံခါး ဖွင့်လိုက်သောအခါ သူမက အိပ်ခန်းဝမှ လှမ်းအော်လိုက်လေသည်။

"မြန်မြန်ချိုးနော်. . . ငါ ထမင်းဆာပြီ"

"စိတ်ချ"

ဩော်. . . ငိုခြင်းရယ်ခြင်းဟူသော ဘဝနှစ်ခုကြားဝယ် လူသားတို့သည် ဖြတ်သန်းနေကြရပါလား။



www.burmeseclassic.com

www.burmeseclassic.com





[၃၄]

"နန်းနွယ်. . . ထမင်းစားရအောင်နော်"

"အင်း. . . နင်ကော"

"နောက်မှ စားမှာပေါ့၊ နန်းနွယ်ကို ကျွေးပြီးမှ"

"ရပါတယ်. . . ငါ့ဖာသာငါ စားနိုင်တာပဲ"

"ဖေဖေက ဘာပြောထားသလဲ၊ ဘာကိုမှ လှုပ်လှုပ်ရှားရှား မလုပ်ရဘူးဆိုတာလေ၊ အာရုံကြောကို ထိခိုက်စေမယ့်အတွေးတွေ လှုပ်ရှားမှုတွေ မလုပ်မှ ဆေးရုံက ဆင်းခွင့်ပေးမယ်ဆိုတာလေ"





"အင်းလေ. . . ခုကော ငါဘာလုပ်လို့လဲ"

ထွန်းဘုန်းဇော် နန်းကြွေနွယ်အိပ်ခန်းသို့ ဝင်လာသည်နှင့် နှစ်ယောက်သည် အပြင်ရှောင်ထွက်သွားတတ်သည်။

"ကိုယ့်ဟာကိုယ် စားမယ်ဆိုလို့"

"မစားတော့ပါဘူး. . . ပြောရတာနဲ့ တရားနာရနဲ့ မကာမိ အောင်ပါပဲလား"

မျက်စိအထူးကုဆရာဝန်ကြီးသည် ဒေါက်တာဘုန်းဇော် ဖြစ်ခြင်းကြောင့် ခွဲစိတ်ပြီး သုံးရက်အကြာ၌ နန်းကြွေနွယ်သည် အိမ်၌ နားနေခွင့် ရသွားသည်။ ပတ်တီးဖြေခွင့်ကတော့ နှစ်ပတ်ကြာ လိမ့်မည်။ ဒီကြားထဲ လှုပ်ရှားမှု သိပ်မလုပ်စေဘဲဆေးမှန်မှန်သောက် မှန်မှန်အိပ်ကာ နားနေစေလေသည်။

"ဟာ. : နန်းနွယ်"

ထမင်းကို သူကိုယ်တိုင် ဂရုတစိုက် ကျွေးသည်။

"ကြက်ကုန်းဘောင်ကြီးကြော်တဲ့လေ. . . အန်တီက အရိုး လုံးဝမပါစေတဲ့ဟင်းတွေ စီမံပေးထားတာ"

"နင် ဆေးရုံမသွားဘူးလား"

"ဒီနေ့ အော့ဖ်လေ"

ဆေးရုံတက်စဉ်ကာလ၌ ခွင့်သုံးရက် ယူခဲ့သည်မှအပ နောက်ပိုင်း သူသည် ဆေးရုံသို့ ပုံမှန်အတိုင်း တက်ခဲ့သည်။ ညနေ ဘက်ဆိုလျှင် နန်းကြွေနွယ်ကို သူကိုယ်တိုင် ထမင်းကျွေးခြင်း၊ စာဖတ်ပြခြင်း၊ ဆေးတိုက်ခြင်းတို့ကို ပြုလုပ်ပေးရင်း အနားမှ မခွာ ပေ။

သို့သော် ညအိပ်လျှင်တော့ သူတို့နှစ်ယောက် အိပ်ခန်းသို့ ပြန်အိပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လက်သန့်စင်မှု၊ အညစ်အကြေး စွန့်မှုတို့ကိုတော့ နာ့စ်များကိုသာ နန်းကြွေ့ ဘွယ်က လုပ်ကိုင်စေသည်။ အတူလည်း မအိပ်ခြင်းများ နှစ်ဘက်မိဘတို့သည် နှစ်ဦး၏အခြေအနေကို လုံးဝ မသိရှိခဲ့ပါ။

"ဟာ. . . ကိုကို့ကိုယ်တိုင် ကျွေးနေတာ ပေါ့. . . တယ် ဟုတ်ပါလား၊ ကိုကိုက ဆရာဝန်ကောင်းဖြစ်သလို နာ့စ်ကောင်းလဲ ဖြစ်တာကိုး"

"ဒါပေါ့ ခွေးဖိ၊ အကြင်နာမေတ္တာ ပါရင် ဘယ်အရာမဆို ကောင်းတာပေါ့၊ နင်လာတာနဲ့ အတော်ပဲ. . . ပန်းသီးခွာပေးစမ်း"

"အိုကေ. . . ဒါထက် မမနွယ်၊ ဖိဖိ ချစ်သမျှကို ကောင်း ကောင်းညက်သွားပြီ သိလား"

"ဟုတ်လား. . . ဒီလိုဆို ထမင်းစားပြီးရင် မမကို တီးပြ လေ"

"ဟုတ်ကဲ့. . . ဩော်. . . မေမေက ပူတင်းပေါင်း ပေး လိုက်သေးတယ်"

"ညရောက်မှ စားတော့မယ်လေ"

"ဖေဖေက မှာတယ်၊ ချောင်းဆိုးစေမယ့် အစားအစာတွေ မကျွေးမိစေနဲ့တဲ့၊ စကားလဲ သိပ်မပြောစေနဲ့တဲ့"

"အင်းပါ. . . ကိုကိုသိပါတယ်၊ ဒါကြောင့် ကိုကိုကပဲ စကား တွေ ပြောနေတာ၊ အစာပျော့ပျော့လေးတွေပဲ စီစဉ်ပေးနေရတာ"

"ရပါတယ်. . . မောင်တို့ မိသားစုက အရမ်းဂရုစိုက်တော့ နွယ်တောင် မနေတတ်တော့ဘူး"

"မနေတတ်လဲ နေရမှာပဲ သမီးရေ၊ သမီးအတွက် မေမေ တို့က အရမ်းမျှော်လင့်နေတာ"





"ဟော. . . မေမေ ထိုင်လေ"

"ရတယ် သား. . . မထိုင်တော့ဘူး၊ ဒီမှာလေ. . . လိမ္မော် သီး ရှားရှားပါးပါး ရလာလို့ လာပို့တာ"

"ဒုက္ခရှာလို့ မေမေရယ်"

နန်းကြွေ့ ဘွယ်သည် မမြင်ရသောလူများကြား၌ မျက်နှာ အထားရခက်စွာဖြင့် ပြုံးနေလိုက်သည်။

သူမရင်တွင်း၌ အတွေးပေါင်းစုံ ဝင်ရောက်ဖြစ်ပေါ်နေ မလားဟူသော စိုးရိမ်စိတ်ဖြင့်. . .

"မျက်စိဖြေပြီးရင် ပေလီဘက် ဟန်းနီးမွန်း ထွက်ဖို့ဆိုပြီး မင်းအဖေက လေယာဉ်လက်မှတ် စုံစမ်းနေတယ်လေ၊ ကောင်း ကောင်းချင်း အနားယူ အပန်းဖြေခရီးတစ်ခု ထွက်စေချင်နေတယ်၊ ဘယ့်နှယ့်လဲ သား. . . ခွင့်ယူနိုင်ရဲ့လား"

"ရပါတယ်. . . သားက သူ့ဂျူတီရယ် ကိုယ့်ဂျူတီရယ် မခွဲ ခြားထားတော့ သားအလှည့်ရောက်ရင်လဲ ကူညီမယ့်သူတွေ အမြဲ ရှိနေတယ် မေမေ၊ နွယ် ခွဲတုန်းကတောင် ခွင့်မဖြစ်အောင် နိုက် ဂျူတီ သူငယ်ချင်းက လဲပေးလိုက်လို့ အဆင်ပြေသွားတယ်"

နန်းကြွေ့ ဘွယ် ငြိမ်သက်တွေဝေသွားသည်။

"တော်ပြီ"

"နည်းလှချည်လား. . . တစ်ဇွန်း နှစ်ဇွန်းတော့ ထပ်စားပါ ဦး"

"ဟင့်အင်း"

"ဘာတွေများ စားထားလို့လဲ၊ ရင်များ ပြည့်နေသလား မသိဘူး"

နန်းကြွေ့ ဘွယ်က ခေါင်းခါလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"မဆာလို့ပါ"

"ဒါဖြင့် ပန်းသီးလေး စားလိုက်ဦး မမနွယ်"

သရဖီက နန်းကြန္ဒာနွယ်လက်ထဲသို့ ပန်းသီးစိတ်ကလေး ထည့်ပေးလိုက်သည်။

နန်းကြန္ဒာနွယ်က နှုတ်ခမ်းသားလေး တဆတ်ဆတ် တုန်လာသည်။

"နန်းနွယ်. . . ဘာဖြစ်သလဲ"

သူ စိုးထိတ်သွားသည်။ သူမ ငိုမှာကို အရမ်းစိုးရိမ်သည်။

"ကျေးဇူးတင်ပါတယ် သရဖီ"

"ဟော့တော်. . . မမနွယ်ကလဲ ဖီဖီကိုများ လူလူသူသူ ပန်းသီးလေး ခွာကျွေးတာကိုများ ကျေးဇူးတင်နေရတယ်လို့၊ ဖီဖီကို ဆုရအောင် သင်ပေးတဲ့ မမနွယ်ကိုတောင် ဖီဖီက ကန်တော့ရဦးမှာ"

"သရဖီ ဆုရတယ်"

"ဟုတ်တယ်လေ. . . နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ ဆိုကရေးတီးပြိုင်ပွဲမှာ သရဖီ အဆိုမှာ ပထမဆုရခဲ့တယ်၊ အဲဒါ ဖေဖေက ချက်ချင်းမပြောနဲ့၊ ဝမ်းသာဝမ်းနည်း သိပ်မဖြစ်ပေါ် စေနဲ့ဆိုလို့ ဒီနေ့မှ ပြောရတာ"

"ဩော်. . . ဝမ်းသာပါတယ် ညီမလေးရယ်၊ ညီမ သိပ်တော်တာပဲ"

"ညီမ တော်တာ မဟုတ်ဘူး၊ မမ တော်လို့ သိလား၊ နောင်နှစ်ခါဆိုရင် အဆိုကော အတီးပါ ပြိုင်နိုင်အောင် ကြိုးစားမယ် သိလား မမနွယ်"

"အေး. . အေး. . မမနွယ် ဝိုင်းကြိုးစားပေးမယ်"





"ဟင့်အင်း. . . ကြိုးစားရုံ သင်ပေးရုံသက်သက်နဲ့ မရဘူး၊ နောင်နှစ်ခါ ပြိုင်ပွဲမှာ ဝါသနာရှင်အဆင့်မှာ မမ ဝင်ပြိုင်ရမယ်"

"အို"

"မေမေ ဖီဖီကို ပြန်ခေါ်သွားတော့၊ နန်းနွယ် အနားမရဘဲ တွေးစရာတွေ လာပြောသလို ဖြစ်နေတယ်"

"အေး. . . ဟုတ်တယ်၊ ပြန်မယ် ဖီဖီ၊ သမီးနွယ်. . . ဘာကိုမှ မတွေးနဲ့၊ အေးအေးဆေးဆေး နား. . ဟုတ်လား၊ သား. . သိမ္ဘော်သီး ခွာကျွေးလိုက်ဦးလေ"

"ဟုတ်ကဲ့. . . တစ်အောင့်နေမှ ကျွေးမယ်. . . အစားစုံနေမှာစိုးလို့"

"ဒီပန်းကန်တွေ ပြီးပြီလား၊ ဖီဖီ သယ်သွားမယ်နော် ကိုကို"

"အေး. . . အေး"

"သွားမယ် မမနွယ်၊ ညရောက်ရင် ချစ်သမျှကို လာတီးဆိုမယ်နော်"

"အေး. . . အေး"

"သွားမယ် သမီး. . . တစ်ရေးအိပ်လိုက်ဦးနော်"

"ဟုတ်ကဲ့ပါ မေမေ"

ပန်းသီးလေးကို ကိုက်ရင်း ငြိမ်သက်နေသော နန်းကြန္ဒာနွယ်အား သူအကဲခတ်ရင်း. . .

"နန်းနွယ်"

". . . . . ."

"ဘာတွေ တွေးနေတာလဲ"

"ဩော်. . . လက်ထပ်ခြင်းဆိုတာ နှစ်ဦးနှစ်ယောက်သာ ပေါင်းစပ်ခြင်း မဟုတ်ဘဲ မိသားစုနှစ်စု ပေါင်းစပ်ခြင်းပါလားလို့



www.burmeseclassic.com

www.burmeseclassic.com



တွေးနေမိလို့ပါ"

"ဘာမှ တွေးမနေနဲ့ နန်းနွယ်၊ စိတ်ချမ်းသာအောင် နေပါ ဖြစ်ချင်တာတွေအားလုံး ဖြစ်စေရမယ်"

ဟင်းခန်း သက်ပြင်းချသံလေး ထွက်လာပြီး သူ့အား ပန်း သီးကို လှမ်းပေးလိုက်သည်။

"တော်ပြီလား"

"အင်း"

"ရေနဲ့ ဆေးသောက်လိုက်ဦးနော်"

သူမ ခေါင်းညိတ်သည်။ လက်ဖဝါးထဲသို့ ဆေးထည့်ပေးပြီး ရေကျက်အေး ဖန်ခွက်လေး ကိုင်ထားကာ. . .

"သောက်လိုက်လေ"

ထွဋ်ဘုန်းဇော် သတိပြုမိလိုက်သည်။ နန်းဣန္ဒာနွယ်သည် အတွေးများနှင့် နပန်းသတ်နေသည်ဟု. . .

"ရော့. . . ရေ၊ နေ. . . ကိုယ်တိုက်မယ်"

လေးလံနေသော သူမကို အားမရသဖြင့် သူကိုယ်တိုင် ဖေးမကာ ရေတိုက်လိုက်သည်။ သူ့လက်ပေါ် အုပ်မိုးကိုင်လာသော လက်ကလေး၏နူးညံ့မှုသည် သူ့နှလုံးသားကို နွေးထွေးစေသည်။

ပေးဆပ်ခြင်းများနှင့် ချစ်ခဲ့ရသော ချစ်သူအပေါ် ဘာ သောအခါမှ မုန်းစိတ်ဝင်လိမ့်မည် မဟုတ်ပါချေ။

"နန်းနွယ်"

"ဆို"

"နန်းနွယ် မေမေကို ခေါ်ပေးရမလား"

"မခေါ်နဲ့. . . သားသမီးတွေ မြေးတွေနဲ့ ဆယ့်နှစ်နာ မအားတာ၊ ကိစ္စမရှိဘူး. . . အားတဲ့အချိန် လာလိမ့်မယ်"





"ဒါဖြင့် ကိုယ် ဘာအကူအညီပေးရဦးမလဲ"

"ဘာမှမလိုပါဘူး. . . အားလုံးပြည့်စုံပါတယ်၊ ကျေးဇူးတင် ပါတယ်၊ နွယ် အိပ်ချင်ပြီ ဘိုဘို"

သူမနှုတ်ခမ်းမှ စိုစွတ်နေသော ရေစများကို သူ သုတ်ပေး ပြီးမှ သူမအား တွဲကာ ခေါင်းအုံးပေါ်သို့ လှဲလျောင်းစေသည်။

"ကိုယ် စာဖတ်ပြရမလား နန်းနွယ်"

"အင်း"

"ဓမ္မပဒက ကိုယ်ကြိုက်လို့ ကူးထားတဲ့ စာတန်းလေးတွေ ဖတ်ပြမယ်နော်"

"အင်း"

"မကောင်းမှု ပြုလုပ်သူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏၊ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန် တမလွန်ဘဝနှစ်တန် ၌လည်း စိုးရိမ်ရ၏တဲ့၊ ဒါကြောင့်လေ ကိုယ်ငယ်ငယ်ကတည်းက မကောင်းတာဆို ဘာမှမလုပ်ဘူး"

"အံမယ်. . . ရည်းစားများပြီးတော့များ"

"ရည်းစားများတာ မကောင်းမှု လုပ်တာမှ မဟုတ်ဘဲ၊ လောကအလှကို ချစ်ခြင်းနဲ့ ဖန်တီးနေတာ"

"ပေါက်ပေါက်ရှာရှာ"

"အလကား စတာပါ၊ သူများ သားပျို သမီးပျိုကို မဖျက် ဆီးပါဘူး နန်းနွယ်၊ ကဲ. . . ဆက်ဖတ်ပြမယ်နော်၊ တရားတည်းဟူ သောအမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်းကြည်လင် သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏တဲ့၊ နောက်တစ်ခုက ရာဂနှင့် တူသော မီးမရှိ၊ ဒေါသနှင့်တူသော အပြစ်မရှိ၊ ခန္ဓာနှင့်တူသော ဆင်းရဲ၊ နိဗ္ဗာန်နှင့်တူသောချမ်းသာ မရှိတဲ့လေ၊ အိပ်တော့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ဖတ်ပါဦး"

"အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏။ မကောင်းသောသဘော ရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏တဲ့"

"ငါ့ကို စောင်းဖတ်တာလား"

"ဟောဗျာ. . . ကျိန်ဆိုရင် ကျိန်ရပါတယ် နန်းနွယ်ရှာ ရှုး. . . အန်တီ တက်လာပြီ၊ မောင် ဆက်ဖတ်ပြမယ်နော်၊ ကိုယ်တွင်း ကိလေသာကို တစ်ကြိမ်အောင်နိုင်သော ထိုသူသည်သာ စစ်အောင်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏တဲ့"






www.burmeseclassic.com

www.burmeseclassic.com





## (၃၅)

"ဘိုဘိုကော"

နန်းကုန္တာနွယ်၏အသံကို သူ ဦးစွာ ကြားလိုက်ရသည်။

"ဒီနေ့ ခွဲစိတ်ခန်းဝင်ရတယ် ထင်တယ်၊ ပြန်မရောက်သေးဘူး သမီး"

ဖခင်၏အသံ ထွက်ပေါ်လာသည်။

"ကောင်းကောင်းမြင်ရပြီနော် သမီး"

"ဟုတ်. . ဟုတ်ကဲ့"

"မငိုရဘူးလေ သမီး"





သူမအပါး၌ အားလုံးရှိနေသည်။ ဒီနေ့မှ ထွန်းဘုန်းဇော် မရှိခြင်းအတွက်များ သူမစိတ်ဆိုးနေသလားဟု သူတွေးလိုက်မိသည်။

"အရိပ်တွေ ထင်သေးသလား. . . မှုန်သလား"

"မှုန်တယ် ကြည်တယ်ဆိုတာ ဘာလဲ ဖေဖေ၊ သမီး အားလုံးကို မြင်နေရတယ်"

"ဟုတ်ပြီ. . ကဲ. . မြင်ရတယ်ဆိုပြီး အရမ်းအားမစိုက်နဲ့၊ မျက်လုံးပြန်မှိတ်၊ ဟုတ်ပြီ. . . ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် နားလိုက်ဦး၊ ပြီးရင်လဲ အရမ်းမကြည့်နဲ့၊ နားလိုက် ပြန်ကြည့်လိုက် လုပ်ရမယ်နော်"

"ဟုတ်ကဲ့ ဖေဖေ၊ သမီး ဖေဖေ့ကို ကန်တော့ချင်လိုက်တာ"

"နောက်နေ့မှ သမီးယောကျ်ားနဲ့ တူတူလာကန်တော့တော့၊ အခုတော့ နားဦး၊ ကိုင်း. . လာ. . ပြန်ကြမယ်၊ သမီး နားပါစေ"

"သွားမယ် သမီး"

ဒေါ်တင်တင်ကြီးနှင့်အတူ သူ၏မိဘနှစ်ပါး ပြန်ထွက်လာသည်။ အိပ်ခန်းဝ ရောက်တော့ ရပ်နေသောသူနှင့် ဆုံစည်းမိကြသည်။

"နားပါစေ. . . တစ်အောင့်နေမှ သွားတွေ့"

သူခေါင်းညိတ်လိုက်သည်။ ဝမ်းသာလုံး ဆို့နင့်နေသဖြင့် သူ စကားပင် မပြောနိုင်ချေ။

သူမအတွက် ကံကောင်းခြင်းကို ပိုင်ဆိုင်သွားလေပြီ။ သူ့အတွက်တော့ ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား မသိသော အကြောင်းအရာနှစ်ခုအနက် တစ်ခုခုကို ပိုင်ဆိုင်ရပေတော့သည်။

ခြေသံကြားရသဖြင့် သူသည် နှစ်ယောက်အိပ်ခန်းထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ခြေသံသည် ပို၍နီးကပ်လာသဖြင့် ဗီရိုနံဘေး၌ သူပုန်းလိုက်သည်။

နှစ်ယောက်အိပ်ခန်းသို့ သူမ ဝင်လာသည်။

ညင်သာစွာ လှမ်းလာပုံက နန်းဆန်လှသည်။

ဩော်. . . ဖခင်စကားကို နားမထောင်ဘဲ ဘာတွေများ အလောတကြီး ဖြစ်ပေါ်လာရသနည်း။ သူ ရင်ဖိုလာသည်။

"ဟင်. . ."

သူ၏စားပွဲပေါ်မှ ဂျပန်မအရုပ်ကလေးနှင့် ငယ်စဉ်ကလေးဘဝက သူတို့နှစ်ဦး ဖက်တွဲလျက် ရိုက်ထားသောပုံကို ခဲပန်းချီနှင့် ပန်းချီဆရာတစ်ဦးထံ အပ်နှံပြီး ဖိုတိုစတင်းလေးဖြင့် ထောင်ထားသော ပုံလေးကို သူမ လာရောက်ကြည့်သည်ကိုး။

"နန်းနွယ်"

မျက်ရည်စနှင့် သူမ ဆတ်ကနဲ တုန်လှုပ်သွားသည်။

"ဟင်. . . နင် ရှိနေတယ်"

"ငါ စောစောကပဲ ရောက်တယ်၊ မငိုနဲ့လေ. . . နားလိုက်ဦး၊ အခုအချိန်မှာ မငိုရဘူးနန်းနွယ်၊ ကဲ. . ကဲ. . မျက်စိမှိတ်ပြီး ခဏနား"

"ငါသိတယ်. . . ဆရာလာမလုပ်နဲ့၊ ငါ့အခန်းမှာ ငါသွားနားမယ်၊ ပတ်တီးဖြေတာတောင် အနားမှာ မရှိတဲ့လူကများ၊ အပိုတွေ လာလုပ်မနေနဲ့"

"ဟောဗျာ. . . ဒါက"

"ဘာမှ ဖြေရှင်းဖို့ မကြိုးစားနဲ့. . . အပိုပဲ၊ နင်နဲ့ငါ နောက်မှ စာရင်းရှင်းမယ်"





"အဆင်သင့်ပဲ နွယ်"

"ဘာ"

ထွန့်ဘုန်းဇော် ပြုံးပြလိုက်သည်။

"ဆောရီး. . . နားလိုက်ပါ နန်းနွယ်ရာ၊ ကိုယ် တောင်းပန်ပါတယ်၊ နောက်မှ အေးအေးဆေးဆေး စကားပြောရအောင်ပါ"

"သိတယ်. . . သိတယ်၊ နင် အထုပ်အပိုးသာ ပြင်ထား"

အဘယ်မျှ ယောကျ်ားသိက္ခာကို ကျစေသော စကားနည်း။ သို့သော် ယနေ့အတွက်တော့ သူ သည်းခံလိုက်သည်။ သူမမျက်လုံး စိတ်ချရသော အနေအထား ရောက်လျှင်တော့. . .

သူ လေချွန်လိုက်သည်။

အမှန်တကယ်ပင် ရင်ထဲ၌ လိုက်ဖိုပျော်ရွှင်နေမိသည်။ နန်းကြွေနွယ်၏ရင်တွင်းအမြုတေကို သူတွေ့မြင်နေပြီး ဖြစ်သည်။

"ဘာလေချွန်တာလဲ. . . တော်တော်ပျော်နေတယ်ပေါ့ ဟုတ်လား"

"ဒေါသမဖြစ်နဲ့လေ နန်းနွယ်၊ မင်းမျက်လုံးကို မင်းစိတ်တိုင်းကျ အနာရွတ် မထင်ဘဲ ရလိုက်တဲ့အတွက် ကိုယ်ပျော်မြူးမိတာ အမှန်ပဲ၊ ဒီအတွက် နန်းနွယ် စိတ်ဆိုးစရာအကြောင်း မရှိဘူးထင်ပါတယ်"

"နင့်ကို ငါက ကွာခိုင်းမယ်ဆိုရင်ကော"

"အလွန်တရာ ဝမ်းနည်းကြေကွဲသွားမှာ အမှန်ပဲ"

"ဒီလိုဆို နင့်ကို ငါ ကွာပေးမယ်"

"ဆောရီးပဲ"

"ဘာဆောရီးလဲ"

"ကိုယ် အခုအချိန်မှာ ဘာမှမပြောချင်သေးဘူး၊ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲဆိုတော့ နှစ်,နှစ်ဆယ်နီးပါး မင်းခံစားနေရတဲ့ ဝေဒနာက ယခုမှ ပျောက်ကင်းကာစဆိုတော့ စိတ်မချရသေးဘူး၊ ကိုင်း. . . နားလိုက်ပါဆို ပုံ့ပုံ့ရာ. . . သွားပါ”

“နင် ငါ့ကို နှင်စရာမလိုဘူး၊ ငါသွားချင်မှ သွားမယ်၊ နေချင် နေမယ်”

“ဟား. . . နင် ဒီအခန်းနေမယ်ဆိုရင် ကိုယ်သိပ်ပျော်သွားတာပေါ့၊ နန်းနွယ် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသား ဖြစ်သွားမယ်၊ ကိုယ်ဘာလုပ်ရမလဲ ကျွမ်းထိုးပစ်ရမလား”

“ရူးသလိုလို ပေါသလိုလိုနဲ့ နင့်ကို ဒါကြောင့် မုန်းတာ. . . ဟင်း”

မာန်မဲကာ ထွက်သွားသည်။ သူ ကျောက်ရုပ်သဖွယ် ကျန်ရစ်ခဲ့သည်။

အမှန်တကယ်တော့ နန်းက္ကန္ဒာနွယ်သည် ကလေးဆန်ခြင်းသာဖြစ်သည်။ ရုပ်ရှင်မင်းသမီး လုပ်လိုသော သူမသည် အမူအရာ အမျိုးမျိုး ကျင့်ခြင်းအတွက် သူသည် အစမ်းသပ်ခံ ဖြစ်နေလေရော့သလား။

သူ မှန်ထဲမှ သူ့ပုံကို ကြည့်ကာ ပြုံး၍ ပခုံးတွန့်လိုက်သည်။ သူ့ကို လျှော့တွက်ထားခြင်းသည် နန်းက္ကန္ဒာနွယ်၏အမှားအယွင်း ဖြစ်ပေတော့မည်။

သူ လေချွန်လိုက်ရင်း ရေချိုးခန်းသို့ ဝင်လိုက်သည်။









**[၃၆]**

“သြော်. . . မောင်ပြန်လာပြီလား၊ အတော်ပဲ မောင်၊ မောင့်ကိုစောင့်နေကြတာ”

ဧည့်ခန်းအတွင်း၌ လှလှပပ ကြွကြွရွရွလေး ထိုင်နေသော နန်းက္ကန္ဒာနွယ်၏အလှသည် မြင်ရသူတို့၏ရင်ကို ကြည်မွေ့စေအောင် လှပနေသည်။

ထိုမိန်းမသားသည် ယောက်ျားကြီးလေးဦးနှင့် အလှဆုံးပြုံးကာ စကားလက်ဆုံကျနေခြင်းကို သူ့ရင်ထဲ၌ ဘယ်နည်းနှင့်မှ



www.burmeseclassic.com

www.burmeseclassic.com



မကြည်သာနိုင်။

သို့သော် 'သြော်. . မောင်ပြန်လာပြီလား' ဟု အစချီပြီး သူ့ထံသို့ လျှောက်လာပြီး အတက်ချ်ချိုကေ့စ်ကို လှမ်းယူလိုက်ခြင်းအတွက် ရင်ထဲမှ အစိုင်အခဲသည် ကျေပျက်သွားသည်။

တစ်ဖက်ကလည်း သူ့လက်ကို တွဲခိုလျက်. . .

"ကြည့်ပါဦး. . . နွယ့်ခင်ပွန်းကတော့ မင်းသားဖြစ်နိုင်တဲ့ ရုပ်ရည်မျိုး အပြည်အဝနဲ့ဆိုတာ ယုံပြီလားလို့"

"ဟုတ်ကဲ့. . . ဓာတ်ပုံတွေ ကြည့်ပြီးထဲက ကျွန်တော်တို့ သဘောပေါက်ပါတယ်"

"ထိုင်ပါဦး မောင်၊ မိတ်ဆက်ပေးရအောင်၊ သူက. . ." ဟု အစချီပြီး တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ဒါရိုက်တာ၊ ကင်မရာမင်း၊ ထုတ်လုပ်သူနှင့် မင်းသားတစ်ဦးတို့ဖြစ်သည်။ သူ့မှာ လက်ဆွဲနှုတ်ဆက်ရသဖြင့် လက်ပင် ညောင်းသွားသည်။ ဟန်လုပ်အပြုံးနှင့်. . .

"ရောက်နေတာ ကြာသွားပြီလား၊ ကျွန်တော်က အလုပ်များတယ်. . . အားနာလိုက်တာဗျာ" ဟူသောစကားကိုလည်း ထွဋ်ဘုန်းဇော်ကပင် ပြောလိုက်သည်။

"ဟုတ်ကဲ့. . . ကြာနေပြီ၊ မင်းသမီးက ခင်ဗျားပြန်အလာကို စောင့်ပါဦးဆိုလို့"

"အေးဗျာ. . . အားနာလိုက်တာ၊ ကိစ္စတွေကော ပြောပြီးဆိုပြီးကြပြီလား"

စကားတွေ ရွှန်းရွှန်းဝေနေသော ယောကျ်ားကိုကြည့်ပြီး နန်းကြက္ကနွယ်စိတ်ထဲ အမျက်ဒေါကလေး ဖြစ်ထွန်းလာသည်။

ငယ်စဉ်ကတည်းက ဘိုဘိုဆိုသော လူသားလေးသည်





သူ့ဘဝကို အနိုင်ယူသွားနိုင်ခဲ့သည်။ ယခုလည်းပဲ. . .

"ဓာတ်ပုံ အပျော်တမ်း လျှောက်ရိုက်ဦးမယ်၊ ပြီးရင် မင်းသမီးက တေးသရုပ်ဖော်တွေနဲ့ တစ်ခွေလောက် ဖြန်းကြည့်မယ်တဲ့၊ ဖြစ်ထွန်းနိုင်မယ့် အလားအလာ ရှိရင် တစ်ခါထဲ ဗွီဒီယို လေးငါးကား တစ်ဆက်တည်း ရိုက်ပစ်လိုက်မယ်လို့ စီစဉ်ထားတယ်လေ"

ထွဋ်ဘုန်းဇော်က အားတက်သရော. . .

"အဆင့်ဆင့်တောင် စမ်းသပ်နေဖို့ မလိုတော့ဘူး ထင်တယ်၊ ကျွန်တော့်ဇနီးက အနုပညာအရည်အသွေး အပြည့်အဝ ရှိပြီးသားခင်ဗျာ၊ သူများ စောင်းတီးပြီး သီချင်းဆိုလိုက်ရင် ကျွန်တော်ဆိုရင် လုပ်လက်စ အလုပ်တွေကို ရပ်တန့်ထားပြီး သူ့ရဲ့ဖမ်းစားမှုအောက်မှာကို လိုက်ပါသွားတော့တာပဲ"

"ဟုတ်လား. . . ဒေါ်နန်းကြက္ကနွယ်က စောင်းလဲ တီးတတ်တယ်လား"

"ဟုတ်ကဲ့"

နန်းကြက္ကနွယ်က မချိပြုံးလေးနှင့် ဟုတ်ကဲ့ဟု မပွင့်တပွင့်ပြောသည်။

ထွဋ်ဘုန်းဇော်ကတော့. . .

"ဟာ. . . စောင်းတင် ဘယ်ကမလဲ၊ ပတ္တလား၊ စန္ဒရားတစ်ဖက်ကမ်းခတ်လို့တောင် ဆိုရမယ်"

"ကောင်းလိုက်လေဗျာ. . . လုပ်ပါဦး၊ မင်းသမီး အခုလိုမြန်မာ့ယဉ်ကျေးမှု အနုပညာတွေ ပြန်လည်ဆန်းသစ်နေတဲ့ ကာလမှာ ခုလို တတ်ထားတော့ သိပ်ကို အဖိုးတန်တာပေါ့ ခင်ဗျာ၊ လုပ်ပါဦး သီချင်းလေးတစ်ပုဒ်လောက်"

"အချိန်ရလို့လား"



www.burmeseclassic.com

www.burmeseclassic.com



နန်းကြ္ကန္ဒာနွယ်က မဆိုချင်။ သို့သော် ဒါရိုက်တာက အနုပညာသမားပီပီ. . .

"မရလဲ ရ,ရမှာပဲ မင်းသမီး၊ လုပ်ပါဦး. . . ခုခေတ် မင်းသမီးတွေဟာ သိပ်မလှကြပေမယ့် အနုပညာ အရည်အသွေး ကောင်းမွန်တော့ ထူးချွန်သွားကြတာပဲ၊ မင်းသမီးတို့လို အချင်းရော အဆင်းပါ ပြည့်စုံတဲ့လူမျိုးကို မြှင့်တင်ပေးချင်တယ်ဗျာ. . . လုပ်ပါ"

"ဟုတ်သားပဲနွယ်ရယ်. . . လုပ်ပါ"

ထွဋ်ဘုန်းဇော်က သွက်လက်စွာထပြီး ရှိုးကေ့စ်ပေါ်၌ တမြတ်တနိုး တင်ထားသော စောင်းကောက်ကို ယူကာ နန်းကြ္ကန္ဒာနွယ် ရင်ခွင်ထဲသို့ ထည့်ပေးလိုက်သည်။

နန်းကြ္ကန္ဒာနွယ်က သူ၏လက်ကို ဘယ်သူမှ မမြင်နိုင်အောင် ဆွဲဆိတ်လိုက်လေသည်။ မျက်နှာကတော့ အပြုံးမပျက်ချေ။

"ကျွန်တော်တော့ဗျာ. . . စိတ်ထဲမှာ ဒေါက်တာ့ ကြည့်ရတာတောင် ပိုကြည့်ကောင်းနေတယ်၊ မင်းသားတွေ ရှားပါးတဲ့ ခေတ်မှာ မင်းသားသစ် တစ်လက်သာ တင်လိုက်ရရင်. . ."

"အိုး. . ဟိုးဟိုး. . သည်းခံပါခင်ဗျာ၊ ဆေးထိုးအပ်ကိုပဲ ကိုင်ပါရစေ၊ မီးရောင်စုံအောက်မှာ ချွေးမပြန်ပါရစေနဲ့၊ ပြီးတော့ ကျွန်တော်က ကိုယ့်ဇနီးကလွဲရင် ဘယ်သူ့ကိုမှ ဖက်ချင်. . အဲ. . စိတ်ဝင်စားတာ မဟုတ်တော့ ခက်ကုန်လိမ့်မယ်"

"ဟတ်. . ဟား. . ဟား. . , စံပါပဲ"

ယောက်ျားသား ငါးဦး၏အလယ်၌ နန်းကြ္ကန္ဒာနွယ်က စောင်းကြိုးကို ညှိလျက်. . .

"ဘာတီးရမလဲ"

"ချစ်သမျှကိုလေ. . . ဆရာတို့ကော ဘာများ တီးစေချင်





ပါသလဲ"

"ချစ်သမျှကိုပဲ ကောင်းပါတယ်"

"ဒီလိုလုပ်. . . နွယ်ကတီး၊ မောင်က ဆိုမယ်"

"ဟင်. . . မောင်က ဆိုတတ်လို့လား"

"စမ်းကြည့်လေ"

နန်းကြ္ကန္ဒာနွယ် အံ့အားသင့်သွားရသည်။ ဘယ်အချိန်က များ တတ်မြောက်နေပါလိမ့်။

*ချစ်သမျှကို xxx မြင်းမိုရ်ရွှေတောင်လုံးသာပလေ၊ လေးဆူဒီပါ xxx သီတာရေမြေ ဆုံးစေတော့လေး xxx*

အောင်မြင်သောအသံဝါကြီးက အဆွဲအငင်များနှင့်အတူ စောင်းသံနှင့် လိုက်ဖက်ညီစွာ ပေါ်ထွက်လာလေသည်။

နန်းကြ္ကန္ဒာနွယ်သည် ထွဋ်ဘုန်းဇော်အား တအံ့တသြ ကြည့်ရင်း တီးကွက်များကို မမှားစေရန် ဂရုစိုက်နေရသည်။

*xxx ချစ်ချင်းငယ်ပြိုင် xxx မြစ်မင်းပိုင် အဏ္ဏဝါက xxx ပြန်မသာဘဲ xxx ယွင်းစေဝသုန် xxx ငွေဝန်းသော်တာယုန်သို့ ကမ္ဘာကုန်ကျယ်သရွေ့ကို xxx ဘယ်မေ့လိမ့်မလဲxxx*



www.burmeseclassic.com

www.burmeseclassic.com





# [၃၇]

"ဘိုဘို"

"အား. . . ပင်ပန်းလိုက်တာ၊ ခဏနော်. . . ကိုယ်ရေချိုး
ပြီးမှ ရန်ဖြစ်မယ်"

ဧည့်သည်များ၏ကား ခြံပြင်ပင် မရောက်တတ်သေး။ နန်း
ကြွေနွယ် ဒေါသတကြီး လှမ်းခေါ်မှုကို သူ တောင်းပန်လိုက်ပြီး
အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။

"ဘိုဘို. . . ခု ပြန်ဆင်းခဲ့ဆို ဆင်းခဲ့နော်"

ထွန့်ဘုန်းဇော်က လုံးဝ ဥပေက္ခာပြုလိုက်သည်။ သူနေ





သော နှစ်ယောက်အိပ်ခန်းသို့ ဝင်ကာ ရေချိုးခန်း ဝင်ခဲ့သည်။

သူ၏အချစ်ကို စော်ကားလွန်းသော သူမကို ပြတ်ပြတ်
သားသား ရင်ဆိုင်ရတော့မည်။ ချစ်၍အလိုလိုက်ခြင်းအပေါ်၌
နွားကျခံသောယောက်ျားအဖြစ် သူမကမှတ်ယူနေခြင်းအပေါ် သူ
သည်းခံနိုင်စိတ် ကုန်ဆုံးသွားပြီ။

သူမ၏မျက်လုံးသည် လုံးဝစိတ်ချရသော အနေအထားသို့
ရောက်ရှိသွားပြီဟု ဖခင်ကလည်း ပြောသည်ဆိုတော့ သူ့အနေဖြင့်
အလျှော့ပေးစရာ မလိုတော့ချေ။

ရေချိုးခန်းတံခါးကိုများ ထုရိုက်လေမလားဟု နားတစွင့်
စွင့်နှင့် ရေချိုးရလေသည်။ သို့သော် တိတ်ဆိတ်ခြင်းက ကြီးစိုးနေ
သည်။ ရေချိုးပြီး အဝတ်အစား ကမန်းကတန်း လဲကာ အောက်ထပ်
သို့ ပြေးဆင်းခဲ့သည်။

ဧည့်ခန်း၌လည်း သူမ မရှိ။ ထမင်းစားခန်း၊ မီးဖိုချောင်၌
လည်း မရှိ။

"နန်းကြွေနွယ်ကော ထွေးခင်"

"အပြင်ဘက် ထွက်သွားတယ်"

"ဘယ်အပြင်လဲ. . . ဘယ်သူနဲ့လဲ"

"ခြံထဲမှာပါ. . . လမ်းလျှောက်နေတာ ထင်တယ်"

'ဟင်းခနဲ' သက်ပြင်းချပြီး ခြံထဲသို့ ဆင်းခဲ့ရသည်။

ခြံထဲ စကားဝါပင်ကြီးအောက်၌ ထိုင်နေသော နန်းကြွေ
နွယ်၏မျက်ဝန်း၌ မျက်ရည်စများ တွဲလွဲခိုလျက်ရှိသည်။

"နန်းနွယ်"

"နင် ငါ့ကို ကွာပေးတော့"

"ဆောရီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆောရီးလဲ"

"ကွာမပေးနိုင်ပါဘူးဆိုတဲ့ အဖြေပဲပေါ့ နန်းနွယ်"

သူမဘေးသို့ သူဝင်ထိုင်လိုက်သည်။

"ငါ ဒွိဒီယို ရုပ်ရှင်မင်းသမီး လုပ်တော့မယ်၊ နင် သဘောတူသလား"

"ငါ့စိတ်ထဲ ရှိတာကို ပြောရမလား နန်းနွယ်"

"အင်း"

"ဘယ်ယောကျ်ားကမှ ကိုယ့်မိန်းမဟာ အခြားယောကျ်ားတွေရဲ့ရင်ခွင်မှာ ဝင်ရောက်ပြီး သဏ္ဍာန်လုပ် သရုပ်ဆောင်နေတဲ့ မြင်ကွင်းကို ကြည့်နိုင်မှာ မဟုတ်ဘူး၊ အနုပညာမျက်စိ မရှိတဲ့ ငါက ပိုပြီးတောင် ကြည့်တတ်မှာ မဟုတ်ဘူး၊ ငါ့စိတ်ထဲမှာ လုံးဝသဘောမတူဘူး၊ ဒါပေမယ့် နင် စိတ်ချမ်းသာမယ်ဆိုရင်တော့ နင့်သဘောပဲလို့ ငါ ဆုံးဖြတ်ထားတဲ့အတွက် ငါလိုက်လျောခြင်းပဲ"

BURMESE CLASSIC

"နင် ဘာဖြစ်လို့ ငါ့ကို ကွာမပေးသလဲ"

"ရှင်းနေတာပဲ. . . နင့်ကို ငါချစ်လို့ပေါ့၊ နင့်အချစ်ကို ငါအမြဲမျှော်လင့်နေတယ်"

"ဟုတ်လား. . . ငါဝမ်းသာသွားပြီ"

နန်းကြွေနွယ်က ကွပ်ပျစ်ကလေးပေါ်မှ ထလိုက်သည်။ မျက်ရည်စများမှာ မခမ်းခြောက်သေးမီ ရွှန်းလက် ပြုံးယောင်သန်းသွားသော မျက်ဝန်းကြောင့် သောက်ရှုးကြယ်ညီနောင်အလားတောက်ပနေသည့် မျက်ဝန်းကို သူ တအံ့တဩ ငေးစိုက်ကြည့်မိသည်။

"ဝါ နင့်ကို ကွာမပေးတော့ဘူး၊ ပြီးတော့လည်း မင်းသမီးဖြစ်အောင် လုပ်မယ်၊ မနက်ဖြန် ငါ့ကို အိမ်မှာ ဓာတ်ပုံရိုက်ကြလိမ့်





မယ်၊ ဟယ်. . . ငါမေ့သွားတယ်၊ နင်ရှိတဲ့နေ့ ချိန်းရမှာ"

"နန်းနွယ်"

"ဘာလဲ"

"နင် ဘာဖြစ်လို့ ငါမကြိုက်တာတွေ လုပ်နေရတာလဲ"

"အဲတော့. . . . နင်မသိဘူးလား"

"ဘယ်သိနိုင်ပါ့မလဲ"

"ဘာဖြစ်လို့ အဲဒီလို လုပ်သလဲဆိုတော့ နင့်ကို ငါ မုန်းလို့ နင့်ကို ဒုက္ခပေးချင်လို့ပဲ၊ နင် စိတ်ဒုက္ခရောက်မယ့်အလုပ်ကိုပဲ ငါလုပ်ချင်နေတယ်"

"အပြိုးကြီးလှချည်လား နန်းနွယ်၊ ကိုယ့်လက်နဲ့လဲ မထိဘဲ မင်းဟာသာမင်း လောဘဒေါသနဲ့ ဖြစ်သွားတဲ့ ဝေဒနာအတွက် တရားခံဟာ ကိုယ်ဖြစ်တယ်လို့စွပ်စွဲပြီး အငြိုးတကြီး ထားတယ်၊ ဒါကို ကိုယ်ခွင့်လွှတ်ပါတယ်၊ ဒါရိုက်မဟုတ်ပေမယ့် အင်ဒါရိုက်ပဲဆိုပြီး ကိုယ်အလိုလိုက် ခွင့်လွှတ်ခဲ့တယ်၊ အခု မင်းက ဒီလို မဟုတ်ပြန်ဘူး၊ မျက်စိပြန်ကောင်းလဲ ကိုယ့်အပေါ် ရန်ညှိုးထားနေတယ် ဆိုရင်တော့ မင်းစိတ်ဟာ နော်မယ် မဟုတ်တော့ဘူး၊ စိတ်ရောဂါအထူးကု ပါရဂူနဲ့ပြဖို့ လိုအပ်နေပြီ"

"ဘာ. . ဘာပြောတယ်. . နင် မစော်ကားနဲ့နော်"

"စော်ကားတာက ငါမဟုတ်ဘူး. . . နင်. . နင်၊ ငါလဲ စိတ်နဲ့လူပဲ၊ နင့်ကို သည်းခံနိုင်တဲ့ အတိုင်းအတာ လွန်လာပြီနော်"

"ဒီတော့ နင်ဘာလုပ်ချင်သလဲ. . . ပြော"

ထွင့်ဘုန်းဇော်ကို ခါးထောက်၍ ပမာမခန့် မျက်နှာလေးနှင့် မေးချီ မေးလိုက်သော နန်းကြွေနွယ်ကို ကြည့်ကာ. . .

"တောက်. . . ဒီလောက်အမြင်ကတ်စရာကောင်းတဲ့ နင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ငါဆိုတဲ့ကောင်က ဘာဖြစ်လို့များ နွားကျခံပြီး ချစ်နေရတာလဲ မသိဘူး၊ တောက်. . . ငါ့ကိုယ်ငါပဲ လုပ်ချင်တယ်"

"ဒုန်း"

ကွပ်ပျစ်ကို လက်သီးနှင့်ထိုးပြီး သူ ချာခနဲ ကျောခိုင်းထွက်ခဲ့လိုက်သည်။

နန်းကြက္ကနာနွယ်က ခါးထောက်ကာ ရယ်မောကျန်ရစ်ခဲ့သည်။ သူ၏သတိလက်လွတ် ဒေါသတကြီး ဖြစ်သွားရသော မြင်ကွင်းအတွက် သူမ ကျေနပ်နေမိသည်။

BURMESE CLASSIC

"မမနွယ်"

"ဟင်"

သရဖီဘုန်းဇော် ရောက်လာသည်။ ထွဋ်ဘုန်းဇော်က ကားကို တရကြမ်း မောင်းထွက်သွားသည်။

"ကိုကို ဘာဖြစ်သွားတာလဲ"

"မမနွယ်ကို စိတ်ဆိုးသွားတာ"

"ဘာဖြစ်လို့ စိတ်ဆိုးရတာလဲ၊ ကိုကိုက စိတ်ဆိုးခဲပါတယ်"

"မမနွယ် မင်းသမီးလုပ်မယ်ဆိုလို့လေ"

"ဒါတော့ ကိုကို သက်သက် သဝန်တိုတာပဲ၊ မမနွယ်က ဒီလောက်လှ. . ဒီလောက် ဝါသနာပါနေတဲ့ဟာကို. . . ခွင့်လွှတ်ရမှာပေါ့"

"အင်းလေ. . . အနုပညာကို မခံစားတတ်တဲ့သူဆိုတော့ ဒီလိုပဲ"

နန်းကြက္ကနာနွယ်က မျက်နှာကြောများကို အကုန်လျှော့ကာ သရဖီဘုန်းဇော်နှင့်အတူ ခြံဝန်းအတွင်း လမ်းလျှောက်ရင်း ပြောလိုက်သည်။





"ဒါတော့ မဟုတ်ဘူး မမနွယ်၊ ကိုကိုကလေ. . . မမနွယ် သီချင်းဆိုတာ ကက်ဆက်ထဲမှာ သွင်းပြီး အဆိုလေ့ကျင့်နေခဲ့တာ မမနွယ် သိလား"

"ဟင့်အင်း"

နန်းကြက္ကနာနွယ် မျက်မှောင်ချီလိုက်သည်။ စောစောက ဒည့်သည်များရှေ့တွင် အထစ်အငေါ့ မရှိဘဲ ဆိုပြသွားနိုင်ခြင်းကို သတိရလိုက်ပြီး. . .

"ညီမဆီမှာ သင်သေးလို့လား"

"ဟင့်အင်း. . . ခွဲစိတ်ခန်း ဝင်ရတယ်ဆိုပြီး စန္ဒရားဆရာတစ်ဦးဆီမှာ ဝင်သင်နေတာ မမရဲ့"

"အို. . ."

"ကိုကိုက ပြောတယ်၊ သူတီးရင် ငါဆိုနိုင်အောင်တဲ့၊ သူဆိုရင် ငါတီးနိုင်အောင်တဲ့ လေ့ကျင့်ရဦးမယ်၊ ပါရဂူဘွဲ့ ယူဖို့လဲ စာကျက်နဲ့၊ မမယောက်ျားလဲ ဂရုစိုက်ဦး၊ ဖြစ်ချင်တာတွေ များလို့ ဂေါက်ကြောင်သွားဦးမယ်"

နန်းကြက္ကနာနွယ် ပြုံးလိုက်သည်။

"ကိုကိုက မမနွယ်ကို သိပ်ချစ်တာ၊ ဟိုဂျပန်မရုပ်ကလေးကို ညီမကိုတောင် လုံးဝပေးမကိုင်ဘူး၊ သူ့ဗီရိုထဲမှာ အမြဲသိမ်းထားတာကြည့်၊ မမနွယ်ကို ပုံ့ပုံ့မှန်း မသိခင်ကတည်းက သူ့ရင်ထဲမှာ ချစ်ခဲ့တာ၊ ပုံ့ပုံ့မှန်းလဲသိရော လက်ထပ်မယ်ဖြစ်ရော"

"သူ မမနွယ်ကို တကယ်ချစ်တာ ဟုတ်ရဲ့လား၊ သနားလို့ လက်ထပ်တာ မဟုတ်ဘူးလား"

"နှစ်မျိုးစလုံးဖြစ်မှာပေါ့ မမနွယ်၊ ဖီဖီလဲ ဘယ်ပြောတတ်မလဲ၊ အားလုံးကတော့ ကိုကိုက မမနွယ်ကို သိပ်ချစ်တာပဲလို့ မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အန်တီကတောင် ပြောသွားသေးတယ်၊ ငါ့တူမကတော့ သား ကိုရတာ ကံအရမ်းကောင်းတာပဲ၊ ခုမှပဲ နောက်ကြောင်းအေးသွား တော့တယ်တဲ့လေ”

နန်းက္ကန္ဒာနွယ် ခြေလှမ်းတို့သည် တုန့်နှေးသွားသည်။

“ဩော်. . . စကားကောင်းနေတာနဲ့ ဟင်းလာပို့တာ တောင် မေ့သွားတယ်၊ ကိုကို့အကြိုက် ဝက်သားယောင် ကြက်ဟင်း ခါးသီး အစုံးလိုက် ချက်တဲ့ ဆီပြန်ဟင်းလေ မမနွယ်”

“ဟုတ်လား”

“ညီမ စာကျက်ချိန်ရောက်ပြီ. . . သွားတော့မယ်၊ မမနွယ် ယူထားလိုက်တော့နော်”

“အေး. . . ပေးပေး”

နန်းက္ကန္ဒာနွယ်သည် သရဖီဘုန်းဇော်၏နောက်ကျောကို ငေးရင်း ကျန်ရစ်ခဲ့သည်။

သူမရင်ထဲ တစ်မျိုးကြီး ဖြစ်နေသည်။

ဝေခွဲမရစိတ်ဖြင့် ခံစားရ ခက်နေသည်။ မျက်ရည်ပွင့်လေး များ ကြွေကျလာသည်။









[၃၈]

“ဘိုဘို”

“ဘာလဲ”

“ခု နင်ဘာလာလုပ်တာလဲ”

“အိမ်ပြန်လာတာပေါ့”

“ဩော်. . . အိမ်မှန်းတော့ နင်သိတယ်လား၊ ဟင်း. . . ဟင်း. . . အိမ်မှန်းသိရင် အချိန်တန်ရင် ပြန်ရမယ်၊ သာလာယံရှုပ် မဟုတ်ဘူး၊ လာချင်လာ၊ နားချင်နား၊ သွားချင်သွားလို့ မရဘူး”

“ငါသဘောပါ”



www.burmeseclassic.com

www.burmeseclassic.com



အတက်ချိကျေ့စ်ကို ဗီရိုပေါ်သို့ သွားတင်ပြီး ရေခဲသေတ္တာဘက်သို့ ထွန်ရှဘုန်းဇော် လျှောက်သွားလိုက်သည်။

"အိမ်ဟာအိမ်နဲ့တူမှ အချိန်တန် အိမ်ပြန်နိုင်မယ်၊ မတူရင်တော့ ငါနေချင်တဲ့ဆီသွားနေဖို့ ဆုံးဖြတ်ပြီးသား"

"အိမ်ဟာ အိမ်နဲ့မတူလို့ ဘာနဲ့တူနေလို့လဲ"

"ဇရပ်နဲ့ တူနေတယ်လေ၊ မိန်းမကလဲ သူ့ဝါသနာပါတဲ့အလုပ်ကိုလုပ်၊ ယောက်ျားကလဲ သူ့ဝါသနာပါရာအလုပ်ကို လုပ်မယ်၊ ညှိနှိုင်းလို့မှမရဘူး၊ စိတ်ချမ်းသာသလိုနေကြတာ အကောင်းဆုံးပဲ မှတ်လား"

"နှင် ငါ့ကို ဘာမှမပြောဘဲ သုံးရက်တိတိ ပျောက်နေတယ်၊ အခုလဲ ဘယ်နှစ်နာရီ ရှိပြီလဲ"

"ယောက်ျားပဲ. . . မင်းတောင် နောက်ဆိုရင် ရှုတင်ရှိရင် ငါ့ကို ထားသွားရဦးမှာပဲ၊ အခုထဲက ငါလဲ နေတတ်အောင် လေ့ကျင့်နေတာ"

သူမ အမေးကို မဖြေဘဲ နာရီကို မော့ကြည့်ပြီး သူပြောချင်ရာကို ပြောလိုက်သည် နာရီလက်တန်က ဆယ့်တစ်နာရီ ဆယ်မိနစ်ကို ညွှန်ပြနေလေပြီ။

"ဘာလဲ. . . နှင်က အိုးရှဲ့ကိုစလောင်းရှဲ့နဲ့ ဖုံးပြဖို့ ကြိုးစားနေတာလား"

"နှင့်ကိုယ်နှင် အိုးရှဲ့မှန်း သိတယ်ပေါ့ ပုံ့ပုံ့"

"နှင်နဲ့စကားနိုင်လုဖို့ ငါစောင့်နေတာ မဟုတ်ဘူး"

ထွန်ရှဘုန်းဇော် ရင်ထဲ လှိုက်ဖိုသွားသည်။

"ဟင်. . . နှင် ငါ့ကို စောင့်နေတယ် ဟုတ်လား၊ ဘာလုပ်ဖို့စောင့်တာလဲ"





နန်းကြက္ကနွာနွယ်၏မျက်ဝန်းကို သူ ရင်ဆိုင်ကြည့်လိုက်သည်။ သူမ၏အတွင်းစိတ်ကတော့ အကဲခတ်ရ ခက်လေသည်။ သို့သော် ရှိုးကေ့စ်ထဲ၌ ဂျပန်မရုပ်ကလေး ထည့်သွင်းထားခြင်းကို တွေ့လိုက်ရသောအခါ ရင်ထဲ၌ မျှော်လင့်ချက်တို့ ဖြစ်ထွန်းလာသည်။

"ဘာဖြစ်လို့ စောင့်ရမှာလဲ၊ နှင်နဲ့ငါ လက်ထပ်ပြီးကတည်းက ညနေစာကို ဘယ်တုန်းက ထမင်းခွဲစားဖူးသလဲ"

"စားဖူးတယ်လေ. . . နှင် ဆေးရုံတက်တုန်းကနဲ့ မျက်စိခွဲထားတုန်း အိပ်ရာပေါ်မှာပဲ နေနေတုန်းက"

"နှင် လှတောသား လုပ်မနေနဲ့၊ ငါ ညစာထမင်းငတ်တာ သုံးရက်ရှိပြီ"

"ဟင်. . . နှင် ငါ့ကို ထမင်းစား စောင့်နေတယ်ဟုတ်လား"

သူသည် နန်းကြက္ကနွာနွယ်၏ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"အေးလေ. . . ဝတ္တရားရှိတယ်၊ နှင်နဲ့ငါ ရန်မဖြစ်ချင်ဘူး၊ သွား. . . ရေချိုး၊ ငါ ထမင်းပြင်ထားလိုက်မယ်"

"ငါ ရေချိုးခဲ့ပြီ၊ ထမင်းပဲ စားတော့မယ်"

ရသမျှ အခွင့်အရေးလေး လက်လွှတ်မှာစိုးသဖြင့် စားခဲ့ပြီးသော်လည်း မစားရသေးဟန် ဆောင်လိုက်သည်။

"ဒါဖြင့်. . လာ"

သူမက ပခုံးပေါ်မှ သူ့လက်ကို ဖြုတ်ချပြီး ထွက်သွားလေသည်။

သူက နောက်မှ လိုက်ရင်း. . .

"ဆေးရုံကို ဖုန်းဆက်သေးတယ်ဆို"

"ဟုတ်တယ်. . . ခွင့်တင်သွားတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ညာခိုင်းထားတာ"

"ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲ . . . ဘယ်သွားနေသလဲ"

နန်းကြက္ခာနွယ်သည် ထမင်းပွဲကို သူမကိုယ်တိုင် ပြင်နေသောအခါ သူ မနေသာဘဲ ဝိုင်းပြင်ပေးရင်း . . .

"ထွေးခင် ဘယ်ရောက်သွားလို့လဲ"

"အိပ်ရောပေါ့ . . . မေးတာ ဖြေဦးလေ"

"ဩော် . . . ကိုယ့်စိတ်ကို ဆုံးမတဲ့အနေနဲ့ ဘုန်းကြီးကျောင်းမှာ သွားနေပြီး တရားထိုင်ပြီး စိတ်ကို ဆုံးမနေတာလေ၊ ဒါမှ နှလုံးသားရဲ့တောင်းဆိုချက် ပေါက်ကွဲချင်စိတ်တွေကို စိတ်က ဆုံးမထိန်းချုပ်နိုင်မယ် ထင်လို့လေ၊ ကိုယ် အဲဒီလိုမှမလုပ်ရင် နန်းနွယ်ဆိုတဲ့ မိန်းမနားကပ်ဖို့ မလွယ်လှဘူး"

"တော်တော် သမာဓိနိုင်မာလာပြီပေါ့"

"ပါရမီ ပါမလာဘူးလေ၊ ကပ္ပိယအဖြစ်နဲ့ ညနေစာ ဟင်းလေး စားဖူးခဲ့တာပဲ အဖတ်တင်တယ်"

"အဟင်း . . ဟင်း . . ဟင်း . . ဝမ်းသာတယ်"

"ကိုယ်လဲ ဝမ်းသာပါတယ်၊ မင်းက ကိုယ့်ကို ဒုက္ခရောက်တာ မြင်ရမှ ကျေနပ်တယ် ဆိုလို့ပါ၊ ကိုယ်သွားနေပေးရဦးမှာလား"

"သဘောလေ"

"ဒီတစ်ညတော့ အိပ်ခွင့်ပေးပါ အိမ်ကြီးရှင် အိမ်ရှင်မကြီးရယ်၊ လိုအပ်တဲ့စာအုပ်ကလေးတော့ ယူခွင့်ပေးပါဦး"

"ကောင်းပြီလေ"

"ဟင် . . . ကြက်ဟင်းခါးသီး ဝက်သားယောင်ချက်ပါလား မေမေတို့ လာပို့ထားတယ် ထင်တယ်"

"အင်း . . . လာပို့တာက စိတ်ဆိုးပြီး ထွက်သွားတဲ့နေ့က





ဒါပေမယ့် နောက်နေ့တိုင်း အဲဒီဟင်းရှိတယ်"

"ဘာ . . ဘယ်လို"

"ဘယ်လိုရမှာလဲ . . . နှင်ကြိုက်တယ်ဆိုလို့ ငါ မေမေ့ဆီမှာ သွားသင်ပြီး ချက်ထားတာပေါ့"

"ဟာ . . နန်းနွယ် . . တကယ်"

သူသည် ဝမ်းသာအားရ နန်းကြက္ခာနွယ်ရဲ့ပခုံးကို ဆုပ်ကိုင်လိုက်သည်။

မျက်ဝန်းချင်း ဆုံစည်းမှုတွင် သူလိုချင်သော အရိပ်အယောင်များကို ရှာဖွေတွေ့ရှိသဖြင့် . . .

"မင်း ကိုယ့်ကို ချစ်တတ်လာပြီလား"

"မသိဘူး"

"ဟာကွာ"

"ဟုတ်တယ် . . . ငါ နှင့်ကို မုန်းဖို့ပဲသိတယ်၊ ချစ်ဖို့မှ မရည်ရွယ်ခဲ့တော့ ငါ အချစ်ကို မသိဘူး၊ နှင့်ဘာသာ ခွဲခြမ်းစိတ်ဖြာကြည့်တော့"

"ဟောဗျာ"

"ထမင်းဆာပြီဟာ"

သူ့ရင်၌ အလိုလိုပြည့်နေပြီ။ သို့သော် ထမင်းပွဲ၌ ထိုင်ကာ ဇွန်းနှင့်ခက်ရင်း ကောက်ကိုင်လိုက်သည်။

"နင်က ငါ့အတွက် ထွေးခင်ကို သင်ခိုင်းပြီး မုန့်ဟင်းခါးကို ပါးစပ်နဲ့ ချက်ကျွေးခဲ့ပေမယ့် ငါက နင့်အကြိုက်ကို ကိုယ်တိုင်ချက်ကျွေးပါတယ်နော်၊ အဲဒါ နင့်ကို ငါချစ်လို့လားလို့ ငါတွေးမိနေတာ"

"တွေးမနေနဲ့ . . . ဧကန်မုချအမှန်ပဲ၊ ဟာ . . . ဘယ်ကောင်းတာပဲ၊ မေမေ့လက်ရာထက်တောင် ကောင်းသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နန်းနွယ်ကို ကိုယ် ဆုချချင်လိုက်တာကွာ"

"ဘာဆုလဲ"

"အနမ်းဆုလေ"

"မယုတ်နဲ့နော်"

"ချစ်ခြင်းရဲ့သင်္ကေတက အနမ်းတဲ့ နန်းနွယ်၊ အဲဒါ ယုတ်တာမဟုတ်ဘူး၊ ချစ်စရာ သိမ်မွေ့နူးညံ့တဲ့ အလှတရားတစ်ခုပဲ"

"ဟုတ်ကဲ့. . . ကျွန်မ မသိလို့ပါ"

"ဒါထက် နန်းနွယ် တစ်နေ့က ခေတ်ပုံရိုက်ဖြစ်သေးသလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ. . . ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တဲ့ အလုပ်ကို ဘာဖြစ်လို့ စိတ်မပါတော့တာလဲ"

"မသိဘူး. . . နင်မကြိုက်ဘူး မဟုတ်လား"

"ဟုတ်တယ်. . . သဝန်တိုတယ်၊ သဘောထား သေးတယ် ပြောပြော၊ သူစိမ်းယောကျာ်းတစ်ဦးက မင်းကို စေ့စေ့ကြည့်တာတောင် ခံချင်တာ မဟုတ်ဘူး၊ ဟိုနေ့တုန်းက မင်းကို အနုပညာမျက်စိဆိုတဲ့ ပါဝါတစ်သိန်းအားတွေနဲ့ ကြည့်နေကတည်းက ငါ့ရင်ထဲမှာ ကျွဲခတ်နေပြီ၊ ဒါကြောင့် အဲဒီနေ့မှာ ပေါက်ကွဲပြီး ပဋိပက္ခ ကြီးထွားသွားမှာစိုးလို့ ကိုယ်ရှောင်ထွက်သွားတာပါ နန်းနွယ်၊ ကိုယ်လေ. . . သုံးရက်ကို သုံးကမ္ဘာလောက် ကြာသွားသလိုပဲ. . . မနေတတ်ဘူးကွာ"

"ခွဲလိုက်တာဟယ်. . . ငါပြောတာ့များ နားထောင်ပါဦးလား"

"ပြော"





"နင်မကြိုက်တဲ့အလုပ်ကို ငါမလုပ်ချင်ဘူး၊ ငါ ပျော်မှာလဲမဟုတ်ဘူး"

"ဟင်း"

"နင့်ကို ငါငယ်ငယ်ကတည်းက ဒုက္ခပေးချင်စိတ်နဲ့ အမှတ်တရရှိပြီး နင့်နဲ့ ပတ်သက်ချင်ရခြင်းရဲ့အပေါ်မှာ ငါခွဲခြမ်းစိတ်ဖြာတတ်ပေမယ့် နင့်ကိုငါ အနိုင်ယူချင်တယ်. . . ဒုက္ခပေးချင်တယ်၊ ဒါပေမယ့် နင်မရှိတော့လဲ ငါမနေတတ်ဘူး၊ နင်နဲ့ ပတ်သက်ရင် ဝန်တိုချင်တယ်၊ အဲ့ဒါတွေဟာ ဘာကြောင့်လဲဟင်"

"ဟာ. . . နန်းနွယ်ရယ်"

သူ ဝမ်းသာအားရဖြင့် ဖွန်းကိုင်နေသော နန်းကြွနွာနွယ်၏ ညာလက်ကို ဆွဲယူကာ သူ၏နှာခေါင်းနှင့် မွေ့လိုက်သည်။

"အို"

"အဲ့ဒါ အချစ်ကြောင့်ပေါ့ နန်းနွယ်ရယ်"

"ဟုတ်လား. . . ဖြစ်နိုင်တယ်၊ နင့်ကို ဒုက္ခပေးမယ်ဆိုတဲ့ ငါကလေ၊ နင်မကြိုက်မှန်းသိတဲ့ ငါဝါသနာပါတဲ့အလုပ်ကို စွန့်ပစ်လိုက်ပြီ၊ နင် ကျေနပ်ပြီလားဟင်"

"နန်းနွယ်ရယ်"

"နေဦး. . . ငါ့စကားမဆုံးသေးဘူး၊ နင့်ကို ငါဒုက္ခပေးတယ်၊ နင်က ဟန်ဆောင်ကောင်းကောင်းနဲ့ ဒုက္ခကို သုခအမှတ်နဲ့နေလေ ငါ့ရင်ထဲမှာ မကျေမချမ်းဖြစ်လေ အသည်းယားလေပဲ၊ အမှန်တော့ ငါရှုံးခဲ့တာ၊ နင့်ကို စွဲလမ်းခြင်းနဲ့ ရှာဖွေခြင်းသက်သက်ဖြစ်နေတာကို ငါ တဖြည်းဖြည်း ရိပ်မိခဲ့တယ်၊ အမှန်တော့ နင့်ကို ငါမုန်းတာမဟုတ်ဘူး. . . စွဲလမ်းနေတာ၊ စွဲလမ်းခြင်းဟာ အချစ်ပဲပေါ့. . . ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ကိုယ် အရမ်းပျော်သွားပြီ နန်းနွယ်၊ ချစ်ခြင်းမေတ္တာရဲ့အပြန်အလှန် သက်ရောက်မှုကိုလဲ ကိုယ် ယုံကြည်သွားပြီကွာ"

နန်းကဿာနွယ်၏လက်ကို ဒုတိယအကြိမ် ဆွဲယူ နမ်းရှိုက်လိုက်သောအခါ နန်းကဿာနွယ်က ရှန်းရင်း. . .

"ထမင်းကောင်းကောင်း မစားရဘူး၊ နားထောင် ကြည့်စမ်း ဘိုဘို. . . ဘယ်သူဆိုနေပါလိမ့်"

"ဖေဖေနဲ့မေမေလေ. . . ဖိဖိ ပတ္တလားတီးတာကို သူငယ်ပြန်နေကြတာ ဖြစ်မှာပေါ့"

*ချစ်ခြင်းငယ်ပြိုင် xxx မြစ်မင်းပိုင် အဏ္ဏဝါက xxx ပြန်မသာဘဲ xxx ယွင်းစေဝသုန် xxx ငွေဝန်းသော်တာယုန်သို့ xxx ကမ္ဘာကုန်ကျယ် သရွေ့ ငယ်ကို xxx ဘယ်မေ့လိမ့်လဲ xxx*

နန်းကဿာနွယ်၏နှလုံးသား၌ အချစ်၏အရိပ်အယောင်များ ယှက်နွယ်အမြစ်တွယ်နေမှုကို သိရှိသွားသော ထွင့်ဘုန်းဇော်သည်. . .။

မြပုလဲခင်

အောင်မြင်စာပေ

www.burmeseclassic.com